# ရှား

## မြူခိုးလွင့်ပြင်အဆုံး

(ဒုတိယ)အကြိမ်

# …ရှား

## မြူခိုးလွှင်ပြင်အဆုံး

…မှုခွင့်ပြုချက်အမှတ် - ၅၀၀၆၈၅၀၆၀၇

…က်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၀၀၁၀၀၇


၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

…က်ခဝသူ … ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

…သူ … ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား တုံ့ရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်


- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




# ရှုး




စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ






အပိုင်း(ခ)

## အခန်း(၁)

လမ်းမီးရောင်ကင်းမဲ့၊ လရောင်ကိုလည်း အားကိုးမရသော လဆုတ်ရက် တစ်ရက်၏ညသည် ပိန်းပိတ်မတတ် မှောင်မိုက်နေ၏။ မြို့တွင်းမှာတော့ ဈေးဆိုင်များနှင့် အိမ်များမှ လျှပ်စစ်မီးရောင်ကြောင့် အလင်းရောင် ကောင်းကောင်းရလိမ့်မည်။ ဒါတောင် အေးစိမ့်နေသော ဆောင်းညမို့ မြို့ထဲမှာ သိပ်ပြီး လူစည်ကားမည်မထင်ပါ။ ဆေးရုံတစ်ဝိုက်မှာ လျှပ်စစ်မီးရှိပြီး ဆေးရုံနှင့် အတော်လှမ်းသေးသော မြို့ဘက်အသွား ကတ္တရာလမ်းမှာတော့ မီးရောင်လုံးဝမရှိချေ။ လက်နှိပ်ဓာတ်မီးကိုသာ အားကိုးရသည်။ ဘယ်လက်ချောင်းများကို သက္ကလတ်ကုတ်အကျႌအိတ်ထဲ ထည့်ထားသည့်အတွက် အတော်အတန် နွေးနေသော်လည်း လက်နှိပ်ဓာတ်မီးကိုင်ထားသော ညာလက်ကတော့ သွေးခဲသွားမတတ် အေးစက်နေ၏။ တောင်ပေါ်ဆောင်း၏ အရသာကို ခုမှပင် ခံစားဖူးရတော့သည်။ တကယ့်ကို အပြင်းအထန်ပါလား။

ကားမီးရောင်တွေလည်း သည်ဘက် အလာကျဲပါးသွားပြီ။ လက်နှိပ်ဓာတ်မီးဖြင့် ကတ္တရာလမ်းတစ်လျှောက် ဟိုဟိုသည်သည် ထိုးကြည့်မိ၏။ ဖုန်မှုန့်တွေ ကပ်နေသည်ကြောင့်



မြေနီရောင်ပေါက်နေသော ချုံနွယ်ပင်များသာ လမ်းတစ်ဖက်တစ်ချက်မှာ မြင်ရ၏။ လ,မထွက်သေးပေပဲ ကြယ်များကတော့ ကောင်းကင်မှာ စုညီနေပြီ။ ဒေါက်တာထင်လင်းသည် လမ်းလျှောက်ရင်း တစ်ခါတစ်ရံလည်း ကောင်းကင်ပေါ် မော့ကြည့်မိ၏။ တစ်ခါတစ်ရံလည်း ဘေးဘီဝဲယာ လှည့်ကြည့်မိ၏။ ကတ္တရာလမ်းပေါ်မှာ သားရေရှူးဖိနပ်ခွာသံ တဒေါက်ဒေါက် ထွက်ပေါ်နေသည်။ မြို့လယ်ရောက်ဖို့ တစ်မိုင်ခွဲလောက်တော့ဖြင့် လမ်းလျှောက်ရမည်။ ပြီးတော့ တယ်လီဖုန်းအိပ်ချိန်းရုံး ရောက်သည်အထိ ဆက်လျှောက်ရဦးမည်။ ဆေးရုံမှာ တယ်လီဖုန်းရှိသော်လည်း အဝေးပြောမရ။ လိုင်းခွဲတွေ သွယ်ထားသေးသည်။ အိမ်ကို ဖုန်းဆက်ရန် နှစ်မိုင်ခန့် ခရီးကို လမ်းလျှောက်သွားရလေ့ရှိ၏။ ရာသီက သိပ်မဆိုးလျှင်ဖြင့် ညဘက် အေးအေးဆေးဆေး တစ်ယောက်တည်း လမ်းလျှောက်မျော်ပါသည်။ ခုတော့ဖြင့် ရာသီက ရေခဲမှတ်နား ရောက်လုနီးနီး အေးစိမ့်နေသည်။ စီးကရက်မီးညှိဖို့ ကြိုးစားကြည့်၏။ ဘယ်ဘက်လက်ကို အိတ်ထဲမှ ထုတ်ရမည်။ နွေးလက်စ လက်ချောင်းတွေ ပြန်အေးစက်ဦးမည်။ ညာလက်ဖြင့်ပဲ ကုတ်အကျႌ အတွင်းအိတ်ထဲမှ စီးကရက်ဘူးကို ဆွဲထုတ်လိုက်သည်။

ကားသံတွေ ကြားလာရပြီ၊ သည်မြို့ကလေးက တောင်ပေါ်သားများသည် ကားမောင်းလည်း အတော်ကြမ်း၏။ အတင့်ရဲလွန်းသည်။ သို့ကြောင့်လည်း မကြာခဏ ယာဉ်တိုက်မှု ဖြစ်သည်။ ကားမှောက်သည်။ အသက်ပေါင်းများစွာ သေကြသည်။ တစ်ယောက်တည်း သက်ပြင်းရှိုက်ရင်း စီးကရက်တစ်လိပ် ရှုတ်

ခမ်းမှာတော့သည်။ စီးကရက်ဘူးကို အိတ်ထဲပြန်ထည့်ပြီး ဂက်စ်မီးခြစ်ကို ဆွဲယူသည်။ လက်နှိပ်ဓာတ်မီးကိုလည်း ထိန်းကိုင်ရင်း လက်မဖြင့် ဘီးကိုလှည့်သည်။ မီးတောက်ကလေး တက်လာ၏။ စီးကရက်မီးခိုးငွေ့တွေကို ရှိုက်လိုက်မိတော့ အနည်းငယ် နွေးထွေးသွားသလိုပင်။ ဆေးလိပ်၏ ဆိုးကျိုးတွေကို ခြေခြေမြစ်မြစ် သိသော်လည်း ဒေါက်တာထင်လင်း တစ်ယောက် ခုထိ ဆေးလိပ်မဖြတ်နိုင်။ ကိုယ့်ကိုယ်ကိုယ်တော့ တမင်အရွဲ့တိုက်နေတာဟု ဖြေတွေး၏။ ဟိုက်ဝေးလမ်းမပေါ်မှာ သူတစ်ယောက်တည်း လမ်းလျှောက်နေသည်။ လူတွေက ဆေးရုံဘက်ကိုတော့ တော်ရုံတန်ရုံ မလာချင်ကြဘူးထင်၏။ တောင်ကုန်းပေါ်မှာရှိသော ဆေးရုံမှာ တခြားအနိမ့်ပိုင်းတွေထက် ပိုပြီး အေး၏။ သည်တော့ လူနာတွေ ခမျာ အတော်သနားစရာ ကောင်း၏။ ပြီးတော့ သည်ဘက်ပိုင်းမှာ ငှက်ဖျားရောဂါလည်း အဖြစ်များသည်။ ထို့ကြောင့်ပဲ မိသားစုကိုခေါ်ဖို့ တွန့်ဆုတ်ဆုတ် ဖြစ်နေမိခြင်းဖြစ်သည်။ သူ့ကလေးတွေက အပူပိုင်းဒေသမှာသာ ကြီးပြင်းခဲ့ရသည်မို့ အအေးကြောက်သည်။ ပြီးတော့ နှစ်လယ်ပိုင်းမို့ ကျောင်းတွေကလည်း တစ်ပိုင်းတန်းလန်း။ မြို့ထဲရောက်တော့ သူထင်သလို မဟုတ်ဘဲ လူစည်ကားနေဆဲ။ ညဈေးတန်းကလည်း ခုမှသိမ်းဖို့ ဟန်ပြင်တုန်း။ သူနည်းနည်း စိတ်အေးသွားသည်။

ဒီအချိန်ဆိုလျှင်တော့ တယ်လီဖုန်းရုံးမှာ ကြာကြာမစောင့်ရဘူး ထင်ပါရဲ့။

♥ ❋ ♥



သံရှည် တယ်လီဖုန်းသံ လေးငါးခါ အပြီးမှာမှ တယ်လီဖုန်းခွက် မ,ယူလိုက်သံကြားသည်။ အိမ်မှာတယ်လီဖုန်းကိုင်မည့်သူက သက်နှင့် သားအကြီးကောင်သာ ရှိသည်မို့ အသံကြားသည်နှင့် သေချာပြီးသား ဖြစ်မည်။

"အမိန့်ရှိပါရှင်"

"သက်"

"မောင်လား"

"ဟုတ်တယ်၊ ခု မောင် မြို့ထဲ အိပ်ချိန်းရုံးက ဆက်နေတာ၊ မောင် ပြောတဲ့အသံ ကောင်းကောင်းကြားရလား"

"ကြားရတယ် မောင်"

"ကလေးတွေ နေကောင်းကြရဲ့လား"

အေးဆေးသော ဒေါက်တာထင်လင်း၏ ဇနီးသည် မေသက်ပန်ကတော့ သူမေးသမျှ မေးခွန်းများကိုသာ ဖြေပြီး သတိရပါတယ် တစ်ခွန်းဖြင့် နှစ်သိမ့်လိမ့်မည် ထင်သည်။ သည်အချိန် ကလေးတွေ အိပ်နေကြရောပေါ့။

"နေကောင်းပါတယ် မောင်"

"သက်တို့မိသားစု လိုက်လာဖို့ မောင် အားလုံးစီစဉ်ထားတယ်၊ ဒီမှာ အေးတော့ အေးတယ်၊ ဒါပေမဲ့ မီးဖိုရှိရင် ဖြစ်ပါတယ်"

"နေဦး မောင်၊ သက် ပြောစရာရှိလို့"

"ပြောဗျာ"

သူ စိတ်ရှည်လက်ရှည် စောင့်လိုက်သည်။

"သူ ... သေသွားပြီ"

သက်ပြင်းရှိုက်လျက် ...

"ဘယ်သူလဲ၊ ဘယ်က သူလဲ"

ဟု ထပ်မေး၏။

"မဟာန်နီလေ"

"ဟင် ... ဘာဖြစ်လို့လဲ"

"သူ ဘိန်းဖြူသုံးရင်း သေသွားတာတဲ့"

"ဟုတ်လား"

"မောင် ဘယ်လိုမှ မနေဘူးလား"

သူ ခြောက်ကပ်ကပ် ရယ်လိုက်မိသည်။ မသေက်ပန်၏ စကားသံတွေထဲမှာ စိုးရိမ်တကြီး အရိပ်အယောင်တွေ ထျော်ဝင်နေ၏။

"မောင်တို့နဲ့ မဆိုင်တဲ့ကိစ္စပဲ သက်ရယ်၊ မောင် စိတ်မဝင်စားပါဘူး"

"မောင်ကလည်း ..."

သူ့အေးစက်စက် လေသံကို အလိုမကျသော်လည်း သက်က ဘာမှထပ်မပြောတော့။ စကားပြောချင်စိတ်လည်း သိပ်မရှိလှတော့ဘဲ ...

"သက် အမြန်ဆုံး လိုက်လာခဲ့တော့"



ဟုသာ နောက်ဆုံး ပြောဖြစ်သည်။ "ဟုတ်ကဲ့"ဟု သက် မပြော ...

"မောင် လာခေါ်လို့ရရင် လာခေါ်ပါ"

ဟုသာ ပြောသည်။ တယ်လီဖုန်းဆက်ဖို့ လာရကျိုး မနပ်ဟု စိတ်ထဲ မကြည်မလင် တွေးမိ၏။ ရင်ခုန်နှုန်းတွေ မြန်နေတာကို သတိထားမိသည်။

♥ ❋ ♥

## အခန်း(၂)

စားပွဲပေါ်မှာ အဖြူအမည်း ခွာတ်ပုံတွေ ပြန့်ကျဲနေသည်။ မျက်နှာကို ဆံပင်ရှည်တွေ ဖုံးအုပ်နေပြီး ခပ်ကွေးကွေး အနေအထား တစောင်း လဲကျနေသည့် ကိုယ်လုံးပေါ်ပုံကိုကြည့်ရင်း ရန်မိုးက စီးကရက်မီးခိုးငွေ့များကြား မျက်စိအရသာ ခံနေသလား မသိ။ စားပွဲပေါ် ခြေထောက်နှစ်ချောင်းလုံး ပစ်တင်ထားပြီး ကြိမ်ကုလားထိုင်ပေါ်မှာ ခပ်လျော့လျော့ မှီအပ်နေသော ရန်မိုးကို ဘသော်က မလိုတမာကြည့်လျက် ...

"မင်းလက်ထဲက ဓာတ်ပုံကို ချသင့်ပြီလို့ ငါထင်တယ်"

ဟု ပီကော ဝါးနေသံဖြင့် လှမ်းပြော၏။

"မင်းကလည်း ဘယ်လိုများ ဖြစ်နေရတာလဲ"

"ငါ စကားပြောဖို့ မင်းကို စောင့်နေရတာ ကြာလှပြီ"

"ပြောပါတော့လားကွာ"

"မင်းစိတ်ကူးတွေက တခြားရောက်နေတာကိုး"

တစ်ခါတစ်ရံမှာ ဘသော်က သည်လိုပဲ ကလေးဆန်တတ်သည်။ ရန်မိုးက ဓာတ်ပုံကို စားပွဲပေါ် ဖတ်ခနဲ ပစ်တင်လျက် ...



"ကဲ ... ပြော၊ ဘာလဲ"

ဟု မေးရင်း ခြေထောက်ကို စားပွဲပေါ်မှ ရုပ်ပြီး ထရပ်သည်။ ပြီးတော့ ဆေးလိပ်အစီခံတွေ ပြည့်နေသည့် ဆေးလိပ်ခွက်ထဲ ဆေးပေါ့လိပ်တိုတစ်လိပ် ရှိလိုရှိငြား ရှာဖွေနေပြန်၏။ ဘသော်က ခုံတန်းရှည်ပေါ်မှာ လှဲအိပ်ရင်း အစီရင်ခံစာ ဖိုင်တွဲတွေကို ဖတ်နေသည်၊ ဘသော်မှာ အာရုံစူးစိုက်တတ်သော ဦးနှောက်များ ရှိသလောက် သူ့ကိုယ်ခန္ဓာ ကြီးထွားမှုက နေရာတကာမှာ နေးကွေးလေးလံလှသည်ဟု ထင်ချင်စရာ ဖြစ်သည်။ နောက်ပြီး သူ့မျက်ဝန်းများကလည်း အမြဲအိပ်ငိုက်နေသည်ဟု ထင်ချင်စရာ မျက်တောင်စင်းစင်းရှည်ရှည်၊ မျက်ခွံတွဲတွဲနှင့်ဖြစ်သည်။ ခုလည်း ခုံရှည်ပေါ်မှာ စာရွက်တွေ ကိုင်ထားသည်မို့သာ သူ စာဖတ်နေမှန်း သိရ၏။ အကြောင်းမသိသူ ဆိုလျှင်တော့ အိပ်ငိုက်နေသည်ဟု ထင်ချင်စရာ ...။

"ပြောလေ ... မင်း ဒီအမှုအကြောင်းပဲ ပြောမလို့ မဟုတ်လား"

"အေးလေ ... ဒါပဲ ရှိတာပဲ"

"ဒီအမှု ရောက်လာကတည်းက တို့မှာ ကောင်းကောင်း မအိပ်ရ၊ ကောင်းကောင်း မစားရ၊ ဒီလိုကောင်မလေးမျိုး အသတ်ခံရတော့ ဘယ်ကောင်ကို အချုပ်ထဲ ဆွဲထည့်မလဲ၊ သူ့ဘာသာသူ ဆေးထိုးရင်း သေတယ်ဆိုလည်း ပြီးတာပဲ"

"အဲလို မဟုတ်တာတော့ သေချာတယ်လေ၊ သူက ဘိန်းဖြူစွဲနေတဲ့ မိန်းကလေးမှ မဟုတ်ဘဲ၊ ဖြစ်ချင်းဖြစ်ရင် သတ်တဲ့သူကသာ ဘိန်းဖြူသုံးနေတဲ့သူ ဖြစ်ရမယ်"

"သူနဲ့ ညအိပ်ဖူးတဲ့ကောင်တွေ အကုန်ခေါ်စစ်၊ အချုပ်ထဲ ထည့်ပစ်၊ ဒါပဲ ရှိတယ်"

"မင်းဟာလေ ... ပြောလိုက်ရင် လွယ်လွယ်ပဲ"

ရန်မိုးက ပခုံးတွန့်ပြီး ရယ်သည်။ နှယ်နှယ်ရရအမှုတော့မဟုတ်။ သေဆုံးသူ မိန်းကလေးသည် အကျင့်စာရိတ္တ ယိုယွင်းနေသည်ဟု ပြောရမည့် အထက်တန်းလွှာ သားသမီး။ သူမ တစ်ဦးတည်း နေထိုင်သော တိုက်ခန်းမှာ အသက်ခံရသည် ထင်နိုင်လောက်စရာ အထောက်အထားများဖြင့် သေဆုံးနေသည်ကို နှစ်ရက်ကြာပြီးမှ တွေ့ခဲ့ရသည်။ ထို့ကြောင့်လည်း သူတို့ဘက်က အချိန်နောက်ကျပြီး သိရခြင်းအတွက် လျင်မြန်သင့်သလောက် လျင်မြန်စွာ မဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

"ဒီရက်အတွင်း ဘယ်ဘက်မျက်ခုံး လှုပ်တယ်လို့ သတိထားမိနေကတည်းက ထင်တော့ ထင်သား၊ တစ်ခုခုတော့ ဖြစ်တော့မယ်လို့"

"အပျင်းပြေတာပေါ့ကွာ"

ဘသော်က မခန့်လေးစား ပြုံးရင်းပြောသည်။ အလျင်ဆို သည်အချိန် ရိပ်သာကို ပြန်မရောက်သေးဘဲ မြို့ထဲမှာ ခြေတိုအောင် လည်နေတတ်သော နှစ်ယောက်သား ခုတော့လည်း ခြေငြိမ်နေပြန်သည်။ ရန်မိုးကတော့ စခန်းဝင်းထဲ ငြိမ်ကုပ်နေရသည်ကို ပျင်းချင်ချင်။ ဘသော်ကတော့ ဦးနှောက်စားစရာ အကြောင်းအရာတစ်ခု ရသွားပြီမို့ အဖြေမရမချင်း ငြိမ်သက် စဉ်းစားနေတော့မည်။

စ,စချင်း သိရသလောက်ကတော့ လူသေမှု။



သေသူက အသက်နှစ်ဆယ့်ခြောက် ပတ်ဝန်းကျင် မိန်းကလေး တစ်ယောက်။

မူးယစ်ဆေးသုံးစွဲရင်း ဆေးထိုးလွန်ပြီး အပ်တန်းလန်းနှင့် သေသည်ဟု အကြမ်းဖျင်း မှတ်ချက်ချသည်။ သို့ပေမဲ့ သေချာစစ်ဆေးကြည့်တော့ စဉ်းစားစရာတွေ ဖြစ်လာသည်။ ဆေးထိုးအပ်မှာ လက်ဗွေရာတစ်ခုမှ မတွေ့။ ပြီးတော့ သေသူ မိန်းကလေးမှာလည်း နဂိုက မူးယစ်ဆေးဝါး သုံးစွဲတတ်သူ မဟုတ်မှန်း မှုခင်းဆရာဝန်၏ မှတ်ချက်အရ သိရသည်။ မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်းလား၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်၏ ပယောဂလား။

အလောင်းကို တွေ့ရှိပြီး ငါးရက် အကြာမှာမှ လူသတ်မှုဟု မှတ်ချက်ချနိုင်သည်။ အဆင့်ဆင့် စီရီဆောင်ရွက်ရမှုတွေကလည်း အများသား။

"ခုလောက်ဆို ဟိုကောင်က ကောင်းကောင်း ခြေရာဖျောက်သွားနိုင်ပြီ"

ဘသော်က မကျေမချမ်း ရေရွတ်သည်။

"ဟေ့ကောင် ... ဒီကောင်မလေးနဲ့ ညဈေးတန်းမှာတွေ့တဲ့ ကောင်မလေးနဲ့ ဘယ်သူက ပိုတောင့်မယ် ထင်သလဲ"

ဘသော်က ရန်မိုးကို မျက်မှောင်ကြုတ်လျက် ကြည့်ရင်း ကျွတ်ခနဲ စုတ်သပ်သည်။

"သူကတော့ ပိုတောင့်မှာ သေချာတယ်၊ သေပြီးတာ နှစ်ရက်ရှိလို့မှ မတောင့်ရင် ..."

"ဟာ ... မင်း ကြီးတော်ကြီး"

ဘသော်က ခပ်ညစ်ညစ် ရယ်မောလေသည်။ ရန်မိုး တစ်ယောက် စိတ်ပျက်လက်ပျက်ဖြင့် စားပွဲအံဆွဲကို ဖွင့်၏။ ကံကောင်းထောက်မစွာ ဆေးပေါ့လိပ် အသစ်စက်စက် တစ်လိပ် တွေ့သည်။ ပြတင်းပေါက်ဆီ လျှောက်သွားရင်း ယမ်းမီးခြစ်ဖြင့် ဆေးပေါ့လိပ်ကို မီးညှိသည်။ ညမှောင်မှောင်ထဲ လျှပ်စစ်မီးရောင် တွေ ခပ်ဝေးဝေးမှာ မြင်၏။ အုန်းလက်တွေကြားက ကောင်းကင် ယံသည် ကျဉ်းကျပ်နေသလိုလို။ ကမ္ဘာလောကကြီး တစ်ခုလုံး အိပ်မောကျနေသလားဟု ထင်ရလောက်အောင် တိတ်ဆိတ်နေ၏။ ပေတစ်ရာ လမ်းမကြီးဆီမှာတော့ ကုန်တင်ကားကြီးများ အင်ဂျင် သံကို ရံဖန်ရံခါ ကြားရသည်။ ခုလိုအချိန်မျိုးမှာ လှုပ်ရှားနေသူ တွေလည်း ရှိကြမည်ပေါ့။ ကိုယ့်မိသားစု စားဝတ်နေရေးအတွက် လူ့အသိုက်အဝန်းကို အကျည်းတန် အရုပ်ဆိုးစေလောက်အောင် သက်စွန့်ဆံဖျား အညွန့်ခူးစားနေသူတွေ။

ဒါဟာ လူ့လောကကြီးထဲမှာ ဘယ်တော့မှ မပျောက် နိုင်တော့တဲ့ အစွန်းအထင်းတွေလား။

အကောင်းတွေချည်း ရှိမနေဘူးဆိုတာ နားလည်ပေမဲ့ အကောင်းဆုံး ဆိုတာကို မျှော်လင့်ချင်သည်။ သည်လိုဆိုတော့ လည်း ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ဦးမှ။

ပြတင်းပေါက်တံခါးကိုပိတ်ပြီး ရန်မိုး အခန်းတွင်း ပြန်လှည့်သည်။ ဘသော်သည် ခုံတန်းရှည်ပေါ်မှာ ဓာတ်ပုံတွေကို ရင်ဘတ်ပေါ်တင်လျက် စန့်စန့်ကြီး အိပ်ပျော်နေ၏။

အိပ်မက်လှလှတော့ မက်ဦးမည်။

♥ ❋ ♥



သက်တမ်း သိပ်မရှိလှသေးသော လူနေတိုက်ခန်း၏ လှေကားသည် ကျဉ်းမြောင်းပြီး အလင်းရောင် မဝင်ဘဲ မှောင်မိုက် နေ၏။ အုတ်လှေကားထစ်တွေကလည်း ခြေတစ်ဝါးသာသာရှိ သည်။ အချို့နေရာတွေမှာ အင်္ဂတေကွာပြီး ပေါက်ပြဲနေပြီ။ တိုက်ခန်းများမှာ လေးထပ်အထိရှိပြီး အမိုးနိမ့်သော အခန်းကျဉ်း များသာ ဖြစ်သည်။ အပေါ်ဆုံးထပ်သို့ တက်သွားသော သူတို့နှစ် ယောက်ကို အောက်ထပ်အခန်းတွေက အကဲခတ် ကြည့်ကြသည်။ အချို့ကလည်း တံခါးအကွယ်မှ ချောင်းမြောင်းကြည့်ကြ၏။ အပေါ်ဆုံးထပ် ဘယ်ဘက်အခန်းကို သော့ခလောက်ကြီးကြီး ခတ်ထားပြီး တံခါးမျက်နှာစာမှာ စာရွက်တစ်ရွက် ကပ်ထားသည်။ ရန်မိုးက တံခါးသော့ကိုဖွင့်ပြီး တံခါးကို တွန်းကြည့်သည်။ အသုံးမပြုဘဲ ရက်ကြာနေသည့်အတွက် တံခါးရွက်က အနည်းငယ် ကျပ်နေသည်။ အဆောက်အအုံ ဆောက်ကတည်းက စကေးမကိုက် အံမကျသည်လည်း ဖြစ်မည်။ တံခါးရွက်ကို ခြေနှင့် ခပ်ဆတ်ဆတ် ကန်ပစ်လိုက်တော့မှ တံခါး ဝုန်းခနဲ ပွင့်သွား၏။ ရက်ပေါင်းများစွာ ပိတ်လှောင်နေသော ဖုန်နံ့ ထောင်းခနဲ ထွက်လာသည်။ အခန်းက မျက်နှာစာကျဉ်းပြီး နောက်ဘက်ကိုတော့ အတော်ပင် ရှည်လျား၏။ ဧည့်ခန်းထဲမှာ ဆိုဖာဆက်တီတစ်စုံ။ တစ်စုံဆိုသော်

လည်း စားပွဲမပါဘဲ နံရံမှာကပ်လျက်ခင်းထားသော နှစ်ယောက်ထိုင် ဆက်တီရှည်၊ တစ်ယောက်ထိုင် နှစ်လုံးသာရှိသည်။ မိန်းကလေးသည် ညှိခန်း နှစ်ယောက်ထိုင် ဆက်တီပေါ်မှ လိမ့်ကျပြီး ဆက်တီရှေ့ဘက်မှာပဲ ခပ်ကွေးကွေး အနေအထားဖြင့် သေဆုံးနေခဲ့၏။ လက်ဖျံမှာ ဆေးထိုးအပ်တန်းလန်းနှင့် ဖြစ်သည်။ မှတ်သားထားသော အမှတ်အသားတွေ ခုထိကျန်ရစ်ဆဲ။ ဝရန်တာဘက် နံရံထောင့်မှာ ထိုင်းဖြစ် တီဗီစတန်းပေါ် ဆယ့်ကိုးလက်မ တီဗီတစ်လုံး၊ ဗီဒီယိုပြစက်နှင့် တိတ်ခွေတချို့ရှိ၏။ ပြီးတော့ မတ်ရပ်လေးထောင့်ပန်ကာတစ်ခုလည်း ရှိသည်။ နံရံကပ် မှန်ဗီရိုထဲမှာ ကက်ဆက်တစ်လုံးနှင့် အင်္ဂလိပ်သီချင်း တိတ်ခွေတွေသာရှိသည်။ ဓာတ်ပုံတော့ တစ်ပုံတလေပင် ရှိမနေ။ နံရံများကို အစိမ်းရောင်ဖျော့ဖျော့ သုတ်ထားပြီး ခြစ်ရာ စင်းရာ မထင်အဲ ရှင်းလင်းနေ၏။ ကြမ်းပြင်ပေါ်မှာ မီးခိုးရောင် ဖယောင်းပုဆိုး ခင်းထားပြီး ဖုန်များပြည့်သိပ်လျက် ကြမ်းရှနေသည်။ ပြတင်းပေါက်များကတော့ တရုတ်ကတ်မှန်များ တပ်ထားပြီး ပိတ်လျက်သားရှိ၏။

ပထမနေ့ကတည်းက ပြတင်းပေါက်များကို ပိတ်လျက်သား တွေ့ရသည်။ မိန်းကလေး သေဆုံးပြီးမှ တစ်စုံတစ်ယောက် အခန်းထဲ ရောက်လာခဲ့သလား ဆိုတာ မသေချာပါ။ ရန်မိုးက နှာခေါင်းကို လက်ကိုင်ပဝါဖြင့်ပိတ်ပြီး မှန်တရုတ်ကတ်တံခါးနှင့် ဝရန်တာရှေ့ဘက် မှန်တံခါးကို တွန်းဖွင့်လိုက်သည်။

"လှောင်လိုက်တာ"

"ဘယ်လိုလဲ ရန်မိုး၊ ဒီအမျိုးသမီးမှာ ပါတနာ ဘယ်နှယောက် ရှိတယ်ဆိုတာ မင်း စုံစမ်းလို့ ရပြီလား"



ဘသော်က လက်နှိပ်ဓာတ်မီး သေးသေးကလေးကို ဖွင့်ရင်း မေးသည်။

"အထင်မသေးနဲ့ ကိုဖိုးလူ၊ ငါ့ထက်တောင် နံပါတ်စဉ် များဦးမယ်"

"မတွေ့လိုက်ရတာ နာတယ်လို့ မထင်ဘူးလား"

"မှား ... မလုပ်လိုက်ပါနဲ့၊ တော်ကြာ တရားခံစာရင်းထဲ ငါပါ ပါနေဦးမယ်"

ရန်မိုးက ပြောပြောဆိုဆို အခန်းအတွင်းဘက်ဆီ လျှောက်သွား၏။ ကြမ်းပြင်ပေါ် လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုသည်သည် ထိုးကြည့်ရင်း ဘသော် တစ်ယောက်တည်း အလုပ်ရှုပ်ကျန်ရစ်သည်။

မူယာမာယာတွေ ... ပိုလွန်းတယ် ...
ဟန်ဆောင်တာတွေကို ... လျှော့ဦးကွယ် ...
လူသူတကာပေါ်မှာ ... ချိုသာလွန်းတယ် ...
ကလေးမရယ် ... ဒီလိုဆို မချစ်ဘူးကွယ် ...

သီချင်းညည်းရင်း ရန်မိုး မီးဖိုခန်းထဲ ရောက်သွားသည်။ ဘောစင်အထက်မှာ တပ်ထားသော မှန်ရှေ့မှာ ရပ်၏။ တို့ပြီးထောင်နေသော ဆံပင်တွေကို လက်နှစ်ဖက်ဖြင့် သပ်သည်။ မီးဖိုခန်းသည် အနံ့အသက် မရှိဘဲ သန့်ပြန့်နေ၏။ အိမ်ခန်းရှင် မိန်းကလေးသည် မီးဖိုချောင်ကို အသုံးပြုဖို့ စိတ်ကူးမရခဲ့ဘူးထင်၏။ သို့ပေမဲ့ ကြက်သွန် ငရုတ်သီးတွေတော့ နံရံကပ် ကြောင်အိမ်ကလေးထဲမှာ တွေ့သည်။

"ရန်မိုးရေ"

"ဝေ"

"မင်းအတွက် စိတ်ဝင်စားစရာ တွေ့ပြီလား"

"လုံးဝ"

ဘသော်က မီးဖိုခန်းထဲ လေကသွေးချွန်ပြီး ဝင်လာသည်။ စာရွက်ဖြူပေါ်မှာ ဆံပင်ချည် သုံးလေးမျှင်ကို ကွဲရှတတ်သည့် အဖိုးတန်ပစ္စည်းလို သတိထားပြီး ကိုင်လာသည်။

"တွေ့လား"

"အင်း ... ဆံပင်ချည်တွေ"

ရန်မိုး နှာခေါင်းရှုံ့သွားသည်။

"ဒီထဲမှာ တစ်ခုခုတော့ ရနိုင်တယ်လေ၊ လူနှစ်ယောက်ရဲ့ ဆံပင်ချည်တွေ၊ တစ်ယောက်ကတော့ ဟန်နီဖြစ်မှာပဲ၊ ခက်တာက သူ့ဆံပင်ကလည်း ယောကျ်ားလေးဆံပင်လို တိုတိုနဲ့ကြမ်းကြမ်းတွေ"

"ဓာတ်ခွဲခန်း ပို့လိုက်ပေါ့ကွာ"

"တော်ပါပေရဲ့ ဉာဏ်ကြီးရှင်"

"အိပ်ခန်းထဲမှာ ရှိသမျှပစ္စည်းတွေလည်း စစ်ပြီးသွားပြီ၊ ဘာမှတော့ ထူးခြားတာ မတွေ့ဘူး၊ ရည်းစားစာ တစ်စောင်တလေတောင် မတွေ့ဘူး"

နှစ်ယောက်သား အိပ်ခန်းဝ ရောက်လာပြန်သည်။ ကန်ထရိုက်တိုက်ခန်းများ၏ ထုံးစံအတိုင်း အိပ်ခန်းသည်လည်း ခပ်ကျဉ်းကျဉ်းပင် ဖြစ်သည်။ အိပ်ခန်းထဲမှာ ပစ္စည်းပစ္စယများသည်ကြောင့် ပိုမှောင်နေ၏။ ဗီရိုတစ်လုံးရှိသည်၊ မှန်တင်ခုံရှိသည်၊ အဝတ်လှန်းစင်ရှိသည်။



"ရန်မိုး ... ရေမွှေးနံ့ သတိထားမိလား"

"အေး ... တော်တော် ဈေးကြီးမယ်ထင်တယ်၊ အနံ့စွဲနေတာ ခုထိမပျောက်ဘူး၊ သူ အမြဲသုံးပုံရတယ်၊ ဘာရေမွှေးလဲ မသိဘူး"

"ငါတို့က ဘိုင်ကောင်တွေပဲကွာ၊ ဘယ်လိုလုပ် သိမှာလဲ"

ရေမွှေးရနံ့ တစ်ခုမှန်းတော့ သိသာသည်။ သို့ပေမဲ့ ရူးရူးရှရှ မဟုတ်။ ခပ်ပျပျလေး သင်းနေရုံသာဖြစ်ပြီး သတိထားရှိက်မိလျှင်မှ မွှေးနေသည်ဟု သိသည်။ သူတို့တွေက ချွေးနံ့ကိုသာ ရင်းနှီးလျှင် ရင်းနှီးမည် ရေမွှေးနံ့ကိုတော့ လုံးဝမခွဲခြားတတ်။

"အခန်းက မွှေးနေတာ ဟုတ်ပါတယ်နော်၊ သရဲများလာခြောက်သလား မသိ"

ရန်မိုးမှာ ပခုံးတွန့်ရင်း ရယ်ပြော ပြော၏။

"ဟန်နီရေ ... အနံ့တော့ မပေးနဲ့၊ လူချင်းတွေ့ရရင်တော့ ဟုတ်သား"

"သေပြီးတဲ့ သူကိုတောင် ချမ်းသာမပေးဘူး၊ ရန်မိုး ... မင်းကတော့"

"မိုက်တယ်ကွ၊ ကောင်မလေးက"

"မိုက်ရင် သူ့နောက် လိုက်သွားပါလား"

"လာခေါ်လှည့် ... လာခေါ်လှည့် ... ချစ်သူရေ ..."

"မင်းအမေကလွှား"

ဘသော်က ရန်မိုးကို ကျိန်ဆဲရင်း နံရံပေါ်က ခလုတ်ဖြူကို ဖိလိုက်သည်။ ဖန်မီးချောင်းရောင် ဖျတ်ခနဲ လင်းလက်သွား၏။ အိပ်ရာခင်း ခေါင်းအုံးများ နေသားတကျ သပ်သပ်

ရပ်ရပ် ရှိသည်။ အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်သည် ပန်းရောင်ပန်းခက်၊ ပန်းနွယ်များ ဆင်တူဖြစ်၏။

“သပ်သပ်ရပ်ရပ်တော့ နေတတ်ပုံရတယ်”

“ဟာ ... ဘသော်”

ရန်မိုးက ခေါင်းအုံးတစ်လုံးကို မ,ယူပြီး ခပ်ညစ်ညစ် အစွမ်းကွက် တစ်ကွက်ကို ထောက်ပြသည်။

“သွေးကွက်ပဲ၊ နှာခေါင်းသွေးယိုတာ”

“မဟန်နီ ဒီအခန်းထဲမှာ သေခဲ့တာ ဖြစ်နိုင်တာပေါ့၊ သတ်တဲ့ကောင်က စိမ်ပြေနပြေ ပြင်ဆင်ဖို့ကို အချိန်ရနေခဲ့တာလေ၊ အဲတော့ အိပ်ရာပြင်ခင်းဖို့လည်း သူ အချိန်ကောင်းကောင်း ရမှာပေါ့”

“ရန်မိုး ... ဒါ ဘာလဲ”

ရန်မိုးက ခပ်ပွပွ အမျှင်အစလေးတွေကို လျော့ရဲရဲ ကိုင်ကြည့်သည်။

“သိုးမွေးလို ချည်ခင်မျိုးက ထွက်တဲ့ အမျှင်တွေပဲ”

“ကောဇီစီလေးကတော့ သိုးမွေးအင်္ကျီ ဝတ်မထားပါဘူး”

“သေတဲ့နေ့က ပါတိတ်ဝမ်းဆက် ခရမ်းရောင်နဲ့လေ၊ အပြင်က ပြန်လာပြီးမှ အသတ်ခံရပုံပဲ”

စက္ကူအိတ်ကလေးထဲ သိုးမွေးစ အမျှင်ကလေးတွေကို ထည့်သည်။ ကျွီခနဲ တံခါးတွန်းဖွင့်သံ ကြား၏။ ရန်မိုး အိမ်ရှေ့ခန်းဆီ ပြေးလွှားသွားသည်။ ခြေထောက်နှစ်ဖက်ကို ချဲရပ်ပြီး တံခါးကို ဆွဲဖွင့်၏။

“အမေ့”



“ဪ”

ဘသော် အိပ်ခန်းထဲမှ ထွက်ပြီး အိမ်ရှေ့ခန်းမှ အခြေအနေကို အကဲခတ်ကြည့်သည်။ ရန်မိုးက အခန်းတံခါးကို အဆုံးထိဖွင့်ရင်း ...

“ဘာကိတ်”

ဟု လှမ်းမေး၏။

“ဘာမှ မဟုတ်ပါဘူး”

မိန်းကလေးသံ ...

“ဒီအခန်းက ချိတ်ပိတ်ထားတာလေ၊ အဲဒါ အစ်ကိုတို့က ...”

“ပြဿနာပဲ၊ ဘသော်ရေ ... တို့ ဝန်ထမ်းကတ်တွေ ထုတ်ပြလိုက်ပါဦး”

ရန်မိုးက ဘသော်ကို လှမ်းကြည့်ရင်း မျက်စိတစ်ဖက် မှိတ်ပြသည်။

“မဟုတ်ပါဘူး၊ ရဲတပ်ဖွဲ့ကလားလို့ မေးမလို့ပါ”

“ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ မှုခင်းတပ်ဖွဲ့ကပါ၊ ဘာများ စစ်ဆေးစရာ ရှိပါသလဲ”

“မရှိပါဘူး၊ လာစပ်စုတာ”

“နင် မကြောက်ဘူးလား၊ ဘယ်ကလဲ”

“ဟိုဘက်ခန်းက၊ ကြောက်တော့ ကြောက်တာပေါ့၊ ဒါပေမဲ့ ပြောချင်တာတွေလည်း ရှိလို့”

“ဟာ ... တယ်ဟုတ်ပါလား”

ဘသော်က နှစ်ယောက်ထိုင် ဆက်တီပေါ်မှာ ပစ်ထိုင်ချရင်း ဂျာကင်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။

"သမီးတို့အခန်းကို လိုက်ခဲ့ပါလား၊ မေမေတို့လည်း ရှိတယ်"

"အိုကေ ... ဘသော်"

"သွားတော့၊ ငါ ဒီမှာ စောင့်မယ်"

ကောင်မလေးက အခန်းထဲ မျက်လုံးဝေ့ကြည့်သည်။ ဆက်တီပေါ် ကားရားကြီး ထိုင်နေသည့် ဘသော်ကိုမြင်တော့ မျက်ခုံးကလေး ရှုံ့သွား၏။ မျက်နှာပြည့်ပြည့်၊ နှုတ်ခမ်းပါးပါး၊ မျက်လုံးလှလှနှင့် ကောင်မလေး။ ဆံပင်စင်းစင်းပါးပါးက ကျောပေါ်မှာ ဖြာကျနေသည်။

အတော်ရဲတင်းသွက်လက်သော ကလေးမလေး။

"ခေတ်ကာလ သားသမီးများ မလွယ်ပါဘူး"

ဟု ရွှေဘိုမှာ ကျန်ရစ်သော အဘွား၏ ညည်းနေကျ စကားသံကို ပြန်ကြားယောင်လာသည်။

ဒါက ဘသော်တို့ ညီအစ်ကိုတစ်တွေကို ဆုံးမ မရတိုင်း ပြောနေကျစကား။

ခုလည်း ...

မလွယ်ပါဘူး။

♥ ❋ ♥



"ဟိုဘက်ခန်းမှာ ဖုန်းမရှိတော့ သမီးတို့ အခန်းကို လာလာပြီး ဖုန်းဆက်တယ်"

အစိမ်းရောင် တယ်လီဖုန်း အခန်းထောင့်ခုံတွေကြားမှာ လေးထောင့်စားပွဲနှင့် တင်ထားသည်ကို မြင်သည်။

"သူ ဘာစီးပွားရေး လုပ်သလဲ"

"စီးပွားရေးအကြောင်း ဘာမှပြောသံ မကြားဘူး"

ကောင်မလေး၏ မိခင်က အေးဆေးပုံရသည်။ ဘာတစ်ခွန်းမှတော့ ဝင်မပြော။ သမီးပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံ၏။

"သူ စကားပြောရင် တိုးတိုးလေး၊ ဘာသံမှ မကြားဘူး၊ ဟိုလေ ... သမီးအထင်တော့ သူ့မိတ်ဆွေ ..."

"ကိစ္စမရှိပါဘူး၊ ရဲရဲသာ ပြောပါ၊ အမျိုးသားမိတ်ဆွေတွေလား"

"ဟုတ်ကဲ့ ... အဲလို ထင်ပါတယ်၊ သမီးတို့လည်း အားနာတော့ သူ့ကို မပြောဘူး၊ ဖုန်းနဲ့ဆက်ပြီး ချိန်းတယ်ထင်တယ်၊ ပြီးတော့ ညအိပ်ညနေ ဧည့်သည်လာတယ်"

"ယောက်ျားတွေပဲလား"

"ဟုတ် ... ဟုတ်ကဲ့"

"ဘယ်သူတွေလဲ၊ မှတ်မိလား"

"မမှတ်မိဘူး"

"ဘယ်လိုပုံစံတွေလဲ၊ စီးပွားရေးသမားတွေလား၊ ဒါမှမဟုတ် သူခိုးကြမ်းပိုး ပုံစံလား"

"ဟင့်အင်း ... မဟုတ်ဘူး၊ သန့်သန့်ပြန့်ပြန့်တွေပဲ၊ ပိုက်ဆံချမ်းသာတဲ့သူတွေ ဖြစ်မယ်ထင်တယ်၊ တစ်ခါတလေလည်း ကက်ဆက်အကျယ်ကြီးဖွင့်ပြီး က,ကြတယ်"

"ကက်ဆက်ဖွင့်သံကို ဒီက ကြားရလား"

"တံခါးပိတ်ထားရင်တော့ သိပ်အကျယ်ကြီး မကြားရဘူး၊ တံခါးဖွင့်လိုက်ရင်တော့ ကြားရတယ်"

"အဲဒီ အင်္ဂါနေ့ကရော ဆူဆူညံညံ အသံကြားသလား၊ ကက်ဆက်သံပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် စကားပြောတဲ့အသံ၊ အော်လိုက်တဲ့အသံ"

"ကက်ဆက်သံတွေတော့ ကြားတယ်"

"လူဝင်လူထွက်ရော သတိထားမိသလား"

ကောင်မလေးက ရန်မိုး မေးသမျှကို စိတ်ရှည်လက်ရှည် ဖြေသည်။ သူမတို့ အခန်းကလေးက ပစ္စည်းပစ္စယများများစားစား မရှိလှ။ အခန်းခေါင်းရင်း နံရံမှာ ခရစ်တော် ရုပ်ပုံပန်းချီကား ချိတ်ထားပြီး ကျမ်းစာမှ စာကြောင်း နှစ်ကြောင်း သုံးကြောင်း ကပ်ထားသည်ကို မြင်ရ၏။ ဟန်နီ၏ ဧည့်သည်များကို သူတို့မိသားစုမှ စိတ်ရှည်သည်းခံနိုင်မည် ဆိုတာတော့ သေချာလှသည်။

"များလွန်းတော့ သတိမထားမိဘူး၊ သူကိုယ်တိုင်လည်း အိမ်မှာမြဲတယ်လို့မှ မရှိတာ၊ ဟိုးတလောကတော့ သူ တယ်လီဖုန်းထဲကနေ ရန်တွေ့သံ ကြားတယ်"



"ဟုတ်လား"

ရန်မိုးက စိတ်ဝင်တစား အရေးကြီးဟန်ပြပြီး မေးလိုက်တော့ ကောင်မလေးက ကမ္ဘာကျော် စုံထောက်ကြီး အိုက်တင်ဖြင့် မျက်တောင်မေးပြီး စဉ်းစားနေ၏။

"သူကချည်းပဲ ရန်တွေ့နေတာပါပဲ၊ ဘယ်သူမှန်းတော့ မသိဘူး"

"အမျိုးသားလား၊ အမျိုးသမီးလား"

"အမျိုးသမီး ဖြစ်မယ်ထင်တယ်"

"ဟိုဘက်ကအသံ ကြားရသလား"

"ကြားတော့ မကြားရဘူး၊ ဒါပေမဲ့ ဖုန်းချလိုက်တော့ တော်တော်လျှာရှည်တဲ့မိန်းမလို့ သူ ဒေါသတကြီး ပြောလိုက်တာ သမီး ကြားတယ်"

"ခုထိ သူ့ရဲ့ဆွေမျိုးသားချင်းတွေ လာစုံစမ်းတာ မရှိသေးဘူးလား၊ သူရှိနေတုန်းက လာပြီး မေးဖူးသလား"

"တစ်ယောက်မှ လာမမေးဖူးဘူး"

"သူ့ကို သိနေတာ ကြာပြီလား"

"ဒီအခန်းကို ပြောင်းလာပြီး သိပ်မကြာဘူး သိတာပဲ၊ လွန်ခဲ့တဲ့ ခြောက်လလောက်ကပေါ့၊ ဒါပေမဲ့ သိပ်တော့ အပြောအဆို မရှိဘူး၊ မရင်းနှီးဘူး ဆိုပါတော့"

"သူ ဘိန်းဖြူထိုးပြီး သေတာ ဟုတ်လား၊ တချို့ကလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေတာဆို၊ အန်တီတို့က နေ့ခင်းဆို သားအမိနှစ်ယောက်တည်း နေတာဆိုတော့ ကြောက်တယ်"

"ကျွန်တော်တို့လည်း စုံစမ်းနေတုန်းပါပဲ"

ကောင်မလေး၏ မိခင်က တကယ့်ကို စိုးရိမ်တကြီး ဟန်ဖြင့် ပြောသည်။ မျက်နှာချင်းဆိုင်အခန်းမို့ ကြောက်တတ်သူတွေအဖို့လည်း ကြောက်စရာ။ ပြီးတော့လည်း သေဆုံးသူ မိန်းကလေးက သည်သားအမိနှင့်သာ အဆက်အဆံ ရှိပုံရသည်။ အောက်ထပ်အခန်းတွေကတော့ မြင်ဖူးရုံသာရှိပြီး ရင်းရင်းနှီးနှီး စကားပြောဆိုဖူးသည် မရှိလှ။ သို့ပေမဲ့ ဒီလိုအမှုအခင်းမျိုး မကြုံရဖူးသည်မို့ အားလုံးက ထိတ်လန့်တကြား။ အိမ်ပိုင်ရှင်ကိုယ်တိုင်လည်း မျက်စိပျက် မျက်နှာပျက် ဖြစ်လို့နေသည်။

"အန်တီတို့ အနေနဲ့ ကျွန်တော်တို့ကို ခုလိုကူညီတာ အများကြီး ကျေးဇူးတင်ပါတယ်၊ လိုအပ်ခဲ့ရင်လည်း နောက်ထပ်မေးမြန်းခွင့်ပြုပါ"

"ဟုတ်ကဲ့၊ အန်တီကတော့ သိပ်မသိဘူး၊ သမီးသာမေးကြည့်ပါ"

"ညီမလေးကိုလည်း ကျေးဇူးပါပဲ၊ ထူးခြားတာများ ရှိရင် ကိုယ်တို့ကို ချက်ချင်း အကြောင်းကြားပေးပါ၊ ဖုန်းနံပါတ်ပေးထားခဲ့မယ်၊ ဒီကဖုန်းနံပါတ်လည်း မှတ်သွားပါရစေ"

"ဟုတ်ကဲ့၊ မှတ်သွားပါ"

ဟိုဘက်ခန်းမှ ချောင်းဟန့်သံ ကြားသည်။ တကယ်တော့ အချက်အလက် အတော်များများက သူတို့သိထားပြီးသား အကြောင်းအရာများသာ ဖြစ်သည်။ သည်ဘက်အိမ်ခန်းကိုလည်း အလောင်းစတွေ့သည့်နေ့က အဖွဲ့ဝင်များ စစ်ဆေးမေးမြန်းပြီးသား ဖြစ်သည်။ သို့ပေမဲ့ လူသတ်မှုဟု မသေချာခင်ကတော့ မေးခွန်းများ၏ ဦးတည်ရာ တစ်မျိုးဖြစ်မည်။



"ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့၊ ဟိုအစ်ကိုကြီးတော့ အိပ်ပျော်နေတော့မယ်ထင်တယ်"

"အိပ်မပျော်ပါဘူး၊ သူက လူတွေနဲ့ သိပ်စကားမပြောတတ်လို့"

"ဟောတော် ... ဒါဆို ဘာတွေနဲ့ စကားပြောလဲ"

ဆိုတော့ ကောင်မလေး မျက်လုံးပြူးသွားပြီး ...

"ဟာဗျာ ... ကြောက်ပါတယ်ဆိုမှ အစ်ကိုကလည်း"

ဟု တကယ့်ကို ကြောက်လန့်ဟန်ဖြင့် ပြော၏။ အမျိုးသမီးကြီးကို နှုတ်ဆက်ပြီး တံခါးဝမှာရပ်လျက် ဘသော်ကို လေချွန်သံဖြင့် လှမ်းခေါ်၏။

"အဲဒီ အစ်ကိုကြီးက နာမည် ဘယ်လိုခေါ်သလဲဟင်"

တစ်ဖက်ခန်းမှ ခြေသံကြားရသည်။

"သူလား"

ကောင်မလေးက မျက်လုံးဝိုင်းကလေးဖြင့် ရန်မိုးကို မော့ကြည့်သည်။

"ဘသော် ... တဲ့"

"ဟာ ... မိုက်တယ်"

ရန်မိုး မျက်ခုံးတွန့်သွားမိစဉ်မှာ ...

"မိပေါက်"

ဟု ခေါ်သံကို ကြားရသည်။ ကောင်မလေး ချာခနဲ လှည့်ပြေးသွား၏။

♥ ❋ ♥

"ဟား ဟား ... မျက်ခွက်ကြီးက အီးမှန်ထားတဲ့ အတိုင်းပဲ"

ဘသော်က နှုတ်ခမ်းလှုပ်ရုံ ကျိန်ဆဲသည်။ မိန်းကလေးများနှင့် ပတ်သက်ပြီး စ,တိုင်း နောက်တိုင်း ဘသော်က မျက်နှာကြီး နီရဲပြီး ရှက်တတ်သည်။ ရန်မိုးက နေ့ခင်းတုန်းက ကောင်မလေးအကြောင်း ပြောတော့ ဘသော် ရှက်ရမ်း ရမ်းပြီး ရန်မိုးကို ကောင်းကောင်း ကျိန်ဆဲတော့သည်။ အခင်ဆုံး သူငယ်ချင်း၊ လိုက်ဖက်အညီဆုံး တွဲဖော်များဖြစ်ပေမဲ့ သူတို့နှစ်ယောက် စရိုက်ဝါသနာ၊ ပုံစံအားလုံး တခြားစီပင် ဖြစ်သည်။ အားလုံးက သူတို့နှစ်ယောက်ကိုကြည့်ပြီး အံ့သြတတ်ကြသည်။

"တော်စမ်းပါ ရန်မိုးရာ၊ မိန်းမအကြောင်း မပါရင် မင်း စကားမပြောတတ်ဘူးလား"

"မဟုတ်ပါဘူး၊ ငါ အကောင်းပြောတာပါ၊ ကောင်မလေး မင်းကို ကြွေသွားတာတော့ အသေအချာပဲ၊ ဘယ်လိုလဲ"

"သေပါလား ... ဘယ်လိုမှ မလဲဘူး"

ရောင်စုံမီးပွင့်များ လင်းလက်နေသည်။ ကက်ဆက်ဆောင်းဘောက်စ်က လမ်းမကြီးဘက် လှည့်ထား၍သာ တော်တော့သည်။ လက်ဖက်ရည်ဆိုင်မှာ သည်အချိန် လူစည်တတ်စမြဲ။



လက်ဖက်ရည် ကြိုက်တတ်သူချင်း တူသော်လည်း ဘသော်က မျက်စိရှုပ် နားရှုပ်သည်ကို မကြိုက်။ သို့ပေမဲ့လည်း မတတ်နိုင်။ သူတို့အတွက် ရုံးအားချိန်၊ အလုပ်ပါးချိန်ကလည်း သည်လို လူရှုပ်ရှုပ် အချိန်များသာ ဖြစ်နေတတ်သည်။ ဘသော် သည်းမခံနိုင်သည့် နောက်ထပ် အချိန်တစ်ခုကတော့ မြို့ထဲ လမ်းလျှောက်ရင်း ရန်မိုး ကောင်မလေးတချို့နှင့် ဆုံရသည့် အချိန်မျိုးဖြစ်သည်။ ဘသော်သည် မိန်းကလေးများကို ချည့်ခံစကားပြောဖို့ လုံးဝကို စိတ်မရှည်တတ်သူဖြစ်၏။ ရန်မိုးကတော့ ခေတ်လူငယ်တစ်ဦးပီသစွာ ပေါ့ပေါ့ပါးပါး စတိုင်လ်ရှိသည်။ လိုက်လျောညီထွေ နေတတ်သည်။ အခွင့်အရေး ရသလိုလည်း အသုံးချတတ်သည်။ မိန်းကလေး အပေါင်းအသင်းများပြီး အလှအပကို ခုံမင်တတ်သည်။ သူ့ကိုယ်သူလည်း အမြဲ သပ်ရပ်အောင် ပြုပြင်နေတတ်သူဖြစ်သည်။ ထို့ကြောင့်လည်း နှာတံပေါ်လွင်ပြီး လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းရဲရဲများရှိသော ရန်မိုးကို မိန်းကလေးများက သဘောကျတတ်သည်ပဲ ဖြစ်မည်။

ဘသော်ကတော့ ခေါင်းတုံးဆံတောက်လိုလို ဘဲမြီးလိုလို ဆံပင်တိုနှင့် မျက်ခုံးနက်နက်၊ မျက်ရည်ထူပြီး ကျဉ်းသောရှည်သော မျက်လုံးအစုံရှိသည်။ နှာတံထိပ်များမှာ အနည်းငယ်ဖုလျက် လုံးဝန်းပြီး ခပ်ညိုညိုနှုတ်ခမ်းပါးများရှိ၏။ အမြဲပဲ ဖြစ်သလိုနေတတ်ပြီး အိပ်ပုတ်ကြီးတတ်သည့် အကျင့်ဆိုးလေးလည်းရှိ၏။

ဂျင်းန်ဘောင်းဘီ ကြိုက်တတ်သူချင်းတောင် ဘသော်က အနက်ရောင် ဂျင်းန်ဘောင်းဘီကိုသာ စွဲစွဲမြဲမြဲ ဝတ်တတ်သူဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ရန်မိုးနှင့် ဘသော်သည် ဘယ်လိုမှ

ခွဲမရနိုင်သော အခင်ဆုံး သူငယ်ချင်းများ ဖြစ်သည် ဆိုတာကို တော့ အားလုံးက လက်ခံထားရသည်။

"နာမည်က မိပေါက်တဲ့ကွ"

"လာပြန်ပြီ"

"မင်းကလည်းကွာ၊ သူ့ဘက်ကတောင် ပေါ်တင်လှုပ်ရှား လာသေးတာပဲ"

"အဲဒီ ငချွတ်လေးကို ငါက ဘာလုပ်ရမှာလဲ"

"ဟဲ ... ဘာလုပ်ရမယ်ဆိုတာ မင်း မသိရင် ..."

"တော်စမ်း ရန်မိုး၊ ငါ သီချင်းနားထောင်နေတာ"

"ဟာ ... ငါ့သူငယ်ချင်း အနုပညာကို ခံစားတတ်လာပြီ"

စားပွဲထိုးကလေး အနားရောက်လာတော့မှ ရန်မိုး တစ်ယောက် ပါးစပ်ပိတ်သွားသည်။ မျက်လွှာပင့်ကြည့်သော ဘသော်ကို ...

"အစ်ကို့အတွက် ပေါ့ကျ"

ဟု စားပွဲပေါ် အငွေ့တက်နေသော လက်ဖက်ရည် ခွက် ချရင်း ကောင်လေးက ပြောသည်။

"အစ်ကို့အတွက်က ချိုစိမ့်ရှယ်"

"ဟော့ကောင် ... လပ်ကီးတစ်ပွဲ လုပ်ဦးလေ"

"ငါ့အတွက် ရှမ်းခေါက်ဆွဲ ဟော့ကောင်"

"ရမယ် အစ်ကို"

"ဟေ့ ... ပြီးတော့ ဒီသီချင်းကြီး ပိတ်လိုက်စမ်းပါကွာ၊ ကိုတိုးဖြစ်ဖြစ်၊ ကိုထီးဖြစ်ဖြစ်"

"**အားလုံး အဆင်ပြေသွားမှာပါ၊ ခဏစောင့် အစ်ကို**"



ညနေတိုင်း မြင်နေကျ မျက်နှာတွေမို့ ကောင်လေး က အရမ်းကို ကျိုးနွံနေသည်။ ရန်မိုးကတော့ လက်ဖက်ရည်ဆိုင် ရှေ့မှ ကားဂိတ်ဆီ ဖြတ်သွားသော ကောင်မလေးတွေဆီမှာသာ မျက်လုံးရောက်နေ၏။ တာဝန်ချိန် ပြီးတော့လည်း ခဏတဖြုတ် ဦးနှောက် အနားပေးဖို့ရာ ခုလို အချိန်မျိုးလေးတွေ မရှိမဖြစ် လို အပ်သည်။

"ဒီနေ့ ဟိုကောင့်ကို မင်းကိုင်တာဆို၊ ပြောစမ်းပါဦး"

"နေပါဦးကွာ မင်းကလည်း၊ ဖင်အထိုင် ကျပါစေဦး"

ရန်မိုး စိတ်တိုသွားပြီး မျက်နှာရှုံ့မဲ့ပြောသည်။

"ဒါမျိုးဆိုရင် မျက်ခွက်က တစ်မျိုး"

"အဲဒီကောင်ကလည်း ခေသူမဟုတ်ဘူးကွ၊ မေးရစမ်းရတာ တော်တော်အကျပ်ရိုက်တယ်၊ ဖြေတာကလည်း ဝေ့လည် ကြောင်ပတ်နဲ့၊ ငါက သိပ်စိတ်မရှည်ချင်ဘူး၊ အမှန်က အဲဒီနေ့ညမှာ အဲဒီကောင်မလေး အခန်းကို သူ လာတာ၊ ကောင်မလေးက ကြေးစားတော့ မဟုတ်ဘူးကွ၊ အခန်း တံခါး ပွင့်နေတာကို သတိထားမိတာ၊ သူတစ်ယောက် တည်းပဲ ဖြစ်မယ် ထင်ရတယ်၊ အခန်းတံခါးကို တွန်းကြည့် တော့ ပွင့်သွားတယ်၊ အဲတော့ သူ အခန်းထဲဝင်ဖို့ ပြင် တယ်၊ တံခါးကိုဟပြီး အတွင်းထဲ ဝင်ကြည့်တော့မှ ကောင်မလေး လဲနေတာကို မြင်တာ၊ ပထမတော့ မေ့လဲ နေတာထင်လို့၊ နောက်မှ ရွှေဆားထိုးအပ်ကို မြင်တယ်၊ အဲတာနဲ့ အမှုပတ်မှာစိုးပြီး လုံးဝမထိတော့ဘဲ ရဲစခန်းကို ဖုန်းဆက်တယ်"

"သူ့ကိုရော ဆေးစစ်ပြီးပြီလား"

"အေး ... သူကတော့ အောလ်ကလီးယားပဲ၊ သူပြောတော့ ကောင်မလေးနဲ့ သူက သမီးရည်းစားလိုလို လင်မယားလိုလို နေလာတာ ကြာပြီတဲ့၊ နောက်တော့ ကောင်မလေးကစပြီး အဆက်အသွယ် ဖြတ်သွားတာတဲ့၊ ခြောက်လလောက် ကြာပြီးမှ ပြန်တွေ့တယ်၊ အဲတော့ ကောင်မလေးက ကြည်ကြည်ဖြူဖြူ ဖြစ်ပြန်ရောတဲ့"

"အင်း ..."

ခင်မောင်တိုး၏ မငြိမ်းသောမီး သီချင်းကို စကြားပေမဲ့ နှစ်ဦးစလုံး အာရုံမရောက်နိုင်တော့။

"အဲတာနဲ့ သူတို့ဇာတ်လမ်း ပြန်စပြီး သိပ်မကြာခင်ဘဲ အဲလို ဖြစ်တာပဲတဲ့"

"သူ့နာမည်က ဘယ်သူ"

"မျိုးမင်း"

♥ ❋ ♥



"ကျွန်တော် ပြောခဲ့တာ အားလုံး အမှန်တွေချည်းပါပဲ၊ ခင်ဗျားတို့ မယုံလည်း မတတ်နိုင်ဘူး"

မျိုးမင်း ဆိုသူက စိတ်ပျက်လက်ပျက် ပြောသည်။ ခဏ ခဏ စစ်မေးခံနေရခြင်းအတွက် သူ့မှာ စိတ်အနှောင့်အယှက် ဖြစ်နေပုံရ၏။ သူ့ကို ကိုယ်ချင်းစာမိသော်လည်း သူက သည်အမှုမှာ အရေးပါသူတစ်ယောက် ဖြစ်နေပြန်သည်။ ထို့ကြောင့်လည်း သူ့ကိုမျက်ခြည်ပြတ်ခံ၍မရ။ မကြာခဏခေါ်မေး၊ တစ်ခါနှင့်တစ်ခါ ပြောခဲ့သည့် အချက်များ မှန်ကန်မှု ရှိ၊မရှိ ထပ်မံစစ်ဆေး။

"ကျွန်တော်တို့ မယုံလို့ မဟုတ်ပါဘူး အစ်ကို၊ ပိုပြီး တိကျသေချာသွားအောင်ပါ"

ကိုမျိုးမင်း၏ ဥပဓိရုပ်ကတော့ဖြင့် သိပ်မဆိုး။ လူသတ်ရလောက်အောင် ရက်စက်တတ်မည့် မျက်ဝန်းမျိုး မရှိပါ။ အသားဖြူဖြူ၊ အရပ် မနိမ့်မမြင့်၊ နှာခေါင်းချွန်ချွန်နှင့် ကြည့်ကောင်းသူတစ်ယောက် ဖြစ်သည်။ အဆင်အပြင်ကို ကြည့်ခြင်းအားဖြင့်လည်း အဆင့်အတန်းမြင့်မြင့် နေတတ်ပြီး ငွေရလွယ်သူတစ်ယောက်ဖြစ်မှန်း သိသာနေ၏။ ကယ်လ်ဗင်ကလိန်း ရှပ်လက်ရှည် နုသာရောင်နှင့် ဓမ်းတွင်းချည်ချောပုဆိုးကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ အင်္ကျီအိတ်ထဲမှာ အသော်တို့ အမျိုးအစားမသိ

နိုင်သည့် နေကာမျက်မှန်တစ်လက် ချိတ်ထား၏။ အလုပ်အကိုင်ကိုတော့ ကိုယ်ပိုင်စီးပွားရေးဟုသာ ပြထားသည်။ သူ့စကားပြောသံသည် အနည်းငယ် ဝဲသယောင်ရှိ၏။ အောက်ဘက်ပိုင်း တိုင်းရင်းသားများထဲက ဖြစ်နိုင်သည်ဟု သူ့လေသံကို မှန်းဆနိုင်သည်။

"သေသူ အမျိုးသမီးကို အစ်ကို ဘယ်တုန်းက စ,သိခဲ့တာလဲ"

"လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက"

"အဲဒီတုန်းကရော အစ်ကို အကဲခတ်သလောက်ပေါ့လေ၊ သူ့မှာ မူးယစ်ဆေး သုံးစွဲတတ်တဲ့ အရိပ်အယောင် တွေ့သလား"

"ဟင့်အင်း ... သူ ဆေးလိပ်တောင် မသောက်တတ်ပါဘူး၊ သူက အဲလို ပျက်စီးတာမျိုးတော့ မဟုတ်ဘူး"

"ဒါဆို သူ့မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်တဲ့ အကြောင်းအချက်များရော ရှိသလား၊ အစ်ကို့ကို ပြောပြဖူးသလား"

"ဟင့်အင်း ... သူက အမြဲပျော်နေတတ်တဲ့သူပဲ၊ သူ့မှာ စိတ်ညစ်စရာဆိုတာ သိပ်မရှိလှဘူး ထင်တယ်၊ ပြီးတော့ သူက သေရမှာ သိပ်ကြောက်တာ၊ သူ့ဘဝကိုသူ သိပ်ခင်တွယ်တာ၊ ဘယ်လိုပဲဖြစ်ဖြစ် သတ်သေဖို့အထိတော့ သူ စဉ်းစားမှာ မဟုတ်ဘူး"

ပညာတတ်တစ်ယောက်မို့ ပြောရဆိုရ သိပ်တော့မဆိုးလှ။ တချို့အချက်တွေမှာတော့ သူက ဆင်ဖွေ့ရန်ရှောင် ပြောတတ်သည်။ သူ့ဘက် မြားဦးလှည့်လာမှာကို ကြိုသိနေသလိုလို။



စကားပြော ကျွမ်းကျင်လိမ္မာခြင်းကြောင့်လည်း ရန်မိုးက စိတ်မရှည်နိုင်ခြင်း ဖြစ်မည်။

"အဲဒီအမျိုးသမီးရဲ့ ဆွေမျိုးသားချင်းတွေကရော"

"နယ်မှာလို့ ပြောတယ်"

"ဘယ်နယ်မှာပါလိမ့်"

"အဲတာတော့ သေချာမပြောဘူး၊ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်ကလည်း သူ့ကို လက်ထပ်ဖို့ဆိုပြီး ရည်ရွယ်ထားတာ မဟုတ်တော့ သူ့ရဲ့အမျိုးအဆွေ ဇာတိဇာစ်မြစ်တွေကို စိတ်မဝင်စားမိဘူးလေ၊ သူက နိုင်ငံခြားထွက်ဖို့ ရည်ရွယ်ချက် ရှိတယ်တဲ့၊ အဲဒါကြောင့် ရန်ကုန်မှာ တစ်ယောက်တည်းနေပြီး ထွက်ဖို့ကြိုးစားနေတာတဲ့"

"ဩော် ... ဩော် ... သူ့ရဲ့ဆွေမျိုးတွေအကြောင်းလည်း ပြောသံ ဆိုသံ တစ်ခါမှ မကြားမိဘူးပေါ့"

"ဟင့်အင်း ... မပြောဖူးဘူး"

"အစ်ကိုနဲ့ သူ့အကြောင်း နောက်တစ်ခါလောက် ထပ်ပြောပါဦး"

သူ ဟင်းခနဲ သက်ပြင်းရှိုက်သည်။ တကယ်တော့လည်း စိတ်မရှည်ချင်စရာ။ လူသတ်တရားခံတစ်ယောက် ဆိုလျှင်ဖြင့် သည်လောက်ထိ စိတ်အေးလက်အေးနှင့် ထွက်ချက်ပေးနိုင်မှာ မဟုတ်ဘူးဟု ဘသော် စိတ်ထဲ မှတ်ချက်ချမိသည်။ သည်နေ့အထိတော့ဖြင့် သူ့ထွက်ဆိုချက်တွေထဲမှာ အမှားအယွင်းတစ်စုံတစ်ရာ မတွေ့ရသေး။ ရှေ့နောက် ကွဲလွဲချက်တွေလည်းမရှိ။ နောက်ပြီး ရဲစခန်းကို သူကိုယ်တိုင် သတင်းပေးခဲ့သည်က

လည်း သူ့ဘက်က လိပ်ပြာသန့်နိုင်ခြင်းကို ဖော်ပြနေသည်။ သို့ပေမဲ့ သူ့ထွက်ဆိုချက်တွေထဲမှာ ကွင်းဆက်တစ်ခုတလေမှ ထွက်မလာသည်ကိုပဲ စိတ်ထဲ မကျေမနပ် ဖြစ်နေရသည်။

"ကျွန်တော်နဲ့ သူ စတွေ့တာ ရက်စ်တောရင့် တစ်ခုမှာပဲ၊ သူက သူ့အဖော်တွေနဲ့တစ်ဝိုင်း၊ ကျွန်တော်တို့ အပေါင်းအသင်းတွေက တစ်ဝိုင်း၊ ကျွန်တော်တို့ကလည်း ခပ်ထွေထွေ ဖြစ်လာတဲ့အချိန်ဆိုတော့ တစ်ဖက်ဝိုင်းက မိန်းကလေးတွေကို စကြ နောက်ကြတာပေါ့၊ သူတို့ထဲမှာ ကြေးကြီးသမား တစ်ယောက် နှစ်ယောက်ပါမယ်၊ ကျန်တာတွေကတော့ မိဘက ပိုက်ဆံတတ်နိုင်တဲ့ အရှိန်အဝါနဲ့ ပိုက်ဆံဖြုန်းနေတဲ့ မိန်းကလေးတွေချည်းပဲ၊ အဲဒီလိုနဲ့ သူနဲ့ ကျွန်တော် မျက်မှန်းတန်းမိသွားတာ၊ အပြန်ကျတော့ သူက ကျွန်တော့်ဖုန်းနံပါတ် တောင်းတယ်၊ ကျွန်တော် ပေးလိုက်တယ်၊ နောက် သူက ကျွန်တော့်ဆီ ဖုန်းဆက်တယ်၊ သူ့အိမ်ခန်းကို ကျွန်တော် ရောက်သွားတယ်ပေါ့"

"အခုနေတဲ့ တိုက်ခန်းလား"

"မဟုတ်သေးဘူးဗျ၊ အဲဒီတုန်းက သူနေတာ မြို့ထဲမှာ၊ သုံးဆယ့်သုံးလမ်းမှာ"

ဘသော်က ရက်စွဲအဟောင်းနှင့် စစ်ချက်ကို ပြန်ကြည့်သည်။ သုံးဆယ့်သုံးလမ်း၊ တိုက်နံပါတ်(...)၊ အခန်းနံပါတ် (...)။

"အဲလိုနဲ့ပဲ သူနဲ့ ကျွန်တော် ငြိသွားတယ်၊ တစ်ခါတလေ သူ့အခန်း ကျွန်တော် သွားအိပ်တယ်၊ သူက ကြေးစား



မဟုတ်တာတော့ အသေအချာပဲ၊ ရိုင်းရိုင်း ပြောရရင် သူ့ဝါသနာအရပဲလို့ ကျွန်တော် ထင်ဟာယ်၊ တွဲနေပြီး သုံးလလောက်ကြာတော့ ကျွန်တော်တို့ အဆက်အသွယ် ပြတ်သွားတယ်"

"အဲဒါ ဘာကြောင့်များလဲ မသိဘူး"

"ရှင်းပါတယ်ဗျာ၊ သူ့အခန်းကို ကျွန်တော် သွားတော့ သူ့ကို အဖော်သစ်တစ်ယောက်နဲ့ တွေ့တယ်၊ အဲတော့ ကျွန်တော်လည်း သဘောပေါက်သွားတယ်လေ၊ သူ့ဆီ မသွားတော့ဘူးပေါ့၊ သူကိုယ်တိုင်ကလည်း ကျွန်တော့်ကို ပြောတယ် ...

"သူ တကယ်ချစ်တဲ့သူ တွေ့ပြီတဲ့၊ ကျွန်တော့်ကို သူ စိတ်မဝင်စားတော့ဘူးပေါ့ဗျာ၊ ကျွန်တော်လည်း စိတ်ထဲမှာ ဘယ်လိုမှ မရှိပါဘူး၊ သူ စွဲလမ်းနေရင်တောင် ကျွန်တော့်အတွက် အနှောင့်အယှက် ဖြစ်နေဦးမယ်၊ သူက တစ်မျိုးဗျ၊ တစ်ယောက်ယောက်ကို စွဲလမ်းမိရင် အရူးအမူးပဲ။ ကြောက်စရာကောင်းတယ်"

"ဪ ... သူက လူတိုင်းကို စွဲလမ်းတတ်တယ်ပေါ့"

"အဲလိုလည်း မဟုတ်ပါဘူး"

နီးစပ်မလိုလိုနှင့် ဝေးသွားပြန်သည်။ ဘယ်သူ့ကို စွဲလမ်းသည်ဟု မပြော၊ ဘာကြောင့်ဟု မပြော။ သူ့ကို စွဲလမ်းခဲ့ဖူးသလား ဆိုတာတော့ မသိ။ သို့ပေမဲ့ စွဲလမ်းခြင်းဆိုသည့် စကားတစ်ခွန်းက အဓိပ္ပာယ်အမျိုးမျိုး ဖွားယူနိုင်ပြီး ကြောက်လန့်စရာလည်း ကောင်းသည်လေ။

"စွဲလမ်းတယ် ဆိုတာက ဘယ်လိုလဲ"

"လူတစ်ယောက်ယောက်ကို သဘောကျသွားတာပေါ့ဗျ၊ အဲဒါဆိုရင်တော့ သူ အဲဒီလူနောက်ကို သွားလေရာ တကောက်ကောက် လိုက်နေတော့တာပဲ၊ အဲဒီလူက သူ့ကို စိတ်ဝင်စားမလာမချင်း သူကစပြီး အဆက်အသွယ်လုပ်၊ နည်းမျိုးစုံနဲ့ အဲဒီလူ သူ့ဆီရောက်လာအောင် စည်းရုံးတော့တာပဲ၊ အဲဒီလို ရောက်သွားပြန်တော့လည်း သူက ကြာရင် စိတ်ပျက် စိတ်ကုန်လာပြန်ရောဗျ၊ အဲဒီအခါကျရင် သူက အမှိုက်တွေ အမှိုက်ပုံးထဲ လွှင့်ပစ်သလို အဲဒီလူကို လွှင့်ပစ်လိုက်တာပဲ"

"ကိုမျိုးမင်း ကိုယ်တိုင်ရော သူ စွဲလမ်းခဲ့ဖူးတဲ့ သူတွေထဲမှာ အပါအဝင်လား"

ကိုမျိုးမင်းက စားပွဲပေါ်က ရွှေရောင်ငါးသုံးလုံး စီးကရက်ဘူးထဲက စီးကရက်တစ်လိပ်ကို ဆွဲယူရင်း ...

"ကျွန်တော်တော့ မထင်ဘူး"

ဟု အေးစက်စက်လေသံဖြင့် ပြောသည်။

"ကျွန်တော့်ကို သူ သိပ်မဆွဲဆောင်လိုက်ရပါဘူး၊ နောက်ပြီး ခဏနဲ့ စိတ်ကုန်သွားတာပဲ၊ ကျွန်တော်လည်း ကြာတော့ သူ့ကို ငြီးငွေ့လာတယ်၊ မေတ္တာတရား မပါတော့လည်း ဘယ်မှာအဓိပ္ပာယ်ရှိပါ့မလဲဗျာ"

ဂျင်န်ဘောင်းဘီ အိတ်ထဲက ဂက်စ်မီးခြစ်ကိုထုတ်ပြီး သူ့နှုတ်ခမ်းမှာ တေ့ထားသော စီးကရက်ကို မီးညှိပေးသည်။ ကျေးဇူးဟု အင်္ဂလိပ်လို ပြော၏။ စကားအပြောအဆို ရည်မွန်ပြီး



ပညာတတ်မိသားစုမှ ပေါက်ဖွားသူတစ်ယောက် ဖြစ်ကြောင်း သူ့ယဉ်ကျေးမှုက ဖော်ပြနေသည်။ သို့ပေမဲ့ အခွင့်အရေး ယူတတ်သည့် ဉာဉ်ဆိုးကလေးကတော့ ယောကျ်ားတစ်ယောက်မို့ပဲ ထင်ပါရဲ့။ ဘာသော်သည် အဲသည်တစ်ချက်နှင့်ပဲ သူ့ကို အထင်ကြီးမရအောင် ဖြစ်နေ၏။

"ဒါနဲ့ ... အဲဒီအမျိုးသမီးရဲ့ အဖော်သစ်ကို အစ်ကိုသိလား၊ မြင်ဖူးသလား"

စီးကရက်မီးခိုးငွေ့များကြားမှာ နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း သူ ခေါင်းညိတ်၏။

"ကျွန်တော် မြင်ဖူးတယ်၊ ဒါပေမဲ့ သိတော့ မသိဘူး"

"ဘယ်လိုပုံစံလဲ"

"လူရည်သန့်ပဲ၊ ခပ်ချောချော အရပ်မြင့်မြင့်နဲ့ဗျ၊ သူ သဘောကျမယ်ဆိုလည်း ကျလောက်ပါတယ်၊ မိန်းကလေးတိုင်း သဘောကျတတ်တဲ့ ရုပ်မျိုးပဲ၊ ဒါပေမဲ့ အတော့်ကို အေးစက်စက် နိုင်တဲ့သူဗျ၊ ကျွန်တော် ဟန်နီ့ အခန်းကို ရောက်သွားတော့ သူ တံခါးလာဖွင့်ပေးတယ်၊ ကျွန်တော်နဲ့ ဟန်နီ စကားပြောနေတော့ သူ တစ်ချက်မှ လှည့်မကြည့်ဘူး၊ ဆက်တီမှာထိုင်ပြီး စီးကရက်သောက်နေတယ်၊ ပညာတတ် တစ်ယောက်ပဲ ထင်ပါရဲ့၊ နောက် ... ဟန်နီ သဘောကျတဲ့သူ အားလုံးဟာ မျိုးရိုးသန့် ပညာတတ်တွေထဲကပဲတဲ့၊ ဒါကတော့ သူ့ကို သိနေတဲ့လူတွေရဲ့ အပြောပဲ"

"သူ့ကို ပြန်မြင်ရင် အစ်ကို ကောင်းကောင်း မှတ်မိပါ့မလား"

"ဟာ ... သိပ်မှတ်မိတာပေါ့၊ မမှတ်မိနိုင်စရာ မရှိဘူး၊ ဂျိမ်းဒင်းတို့လို ပုံစံမျိုးပဲ"

"ဘယ်သူဆိုတာတော့ မသိဘူးပေါ့"

"ဒါတော့ ကျွန်တော်လည်း မစပ်စုမိဘူးဗျာ"

သူက ခပ်ငေါ့ငေါ့ပြောသည်။

ဟန်နီ ဆိုသည့် မိန်းကလေးက စွဲလမ်းခဲ့သူ။

အရပ်မြင့်မြင့် ခပ်ချောချော။

"ကိုမျိုးမင်းနဲ့ နောက်တစ်ခါက် ပြန်တွေ့တော့ အဲဒီလူကို တွေ့သေးလား"

"မတွေ့တော့ဘူးဗျ၊ ဒါပေမဲ့ သူ နာနာကြည်းကြည်း ပြောတတ်လာတာတော့ ရှိတယ်၊ အချစ်ဆိုတာ အလကားတဲ့၊ ယုံကြည်စရာ မကောင်းဘူးတဲ့၊ သူ တစ်ယောက်ယောက်ကိုတော့ ခံပြင်းနေပုံရတယ်၊ ဘယ်သူမှန်းတော့ ကျွန်တော် မသိဘူး၊ ကျွန်တော်နဲ့ ကွဲနေတုန်း သူ ဘယ်နှယောက် တွဲခဲ့တယ်ဆိုတာ ကျွန်တော် မသိဘူးလေ"

"အေးဗျာ ... ကွင်းဆက်တစ်ခု မြတ်သွားပြန်ပြီပေါ့"

"သူ့ကိုသတ်ရလောက်အောင်တော့ အငြိုးကြီးရမဲ့အကြောင်း အရာ ကျွန်တော် စဉ်းစားလို့ မရပါဘူးဗျာ၊ သူ့ဘာသာသူ မတော်တဆ သေသွားတာ မဖြစ်နိုင်ဘူးလားဗျာ"

ကိုမျိုးမင်းက ကုလားထိုင် နောက်မှီမှာ ခေါင်းမှီတင်ရင်း စီးကရက်ကို ခပ်ပြင်းပြင်း ရှိုက်သည်။

"မဖြစ်နိုင်ဘူးဗျ၊ ကျွန်တော်တို့ စစ်ဆေးပြီးပြီ၊ ပထမဆုံး သူ သေဆုံးနေတဲ့ အနေအထား၊ ဆက်တီပေါ်က ပြုတ်ကျ



သွားတာမျိုး ထင်ရအောင် လုပ်ထားပေမဲ့ သူက ဆက်တီကို ကျောပေးပြီး တစောင်းလဲကျနေတယ်၊ သတိလက်လွတ် ပြုတ်ကျနေတဲ့ လူတစ်ယောက်ရဲ့ အနေအထားမျိုး မဟုတ်ဘဲ အားလုံး သပ်သပ်ရပ်ရပ် ဖြစ်နေတယ်၊ ဒါက တော့ သံသယပေါ့ဗျာ၊ နောက်ပြီး ဆေးထိုးအပ်က ညာဘက်လက်ဖျံမှာ၊ မဟာန်နီဟာ ဘယ်သန်တစ်ယောက် မဟုတ်နိုင်ဘူးဆိုတာ သူထားသိုတဲ့ အသုံးအဆောင်တွေကိုကြည့်ပြီး သိနိုင်တယ်လေ၊ နောက်ပြီး အသုံးအဆောင်တွေမှာ ထင်နေတဲ့ လက်ဗွေတွေကိုလည်း စစ်ဆေးပြီးပြီ၊ ညာသန်တဲ့သူက ဘယ်လက်နဲ့ ဆေးထိုးအပ်ကိုင်ပြီး ညာလက်ကို ထိုးသွင်းဖို့ဆိုတာ မလွယ်ဘူး၊ နောက်ပြီး ဆေးထိုးအပ်မှာလည်း သူ့ရဲ့လက်ဗွေကို မတွေ့ရပြန်ဘူး ...

"တမင်ကို လက်ဗွေမကျန်ရစ်အောင် သတိထားကိုင်တွယ်ခဲ့ပုံရတယ်၊ ပြီးတော့ မဟာန်နီရဲ့ အလောင်းကို စစ်ကြည့်တော့ မူးယစ်ဆေး သုံးစွဲတတ်သူတစ်ယောက် မဟုတ်ဘူး ဆိုတာရယ်၊ အဆုတ်တွေ ပျက်စီးနေတာရယ် တွေ့ရတယ်၊ မျက်နှာ နှုတ်ခမ်းတွေလည်း ပြာနှမ်းနေတယ်၊ နာခေါင်းမှာလည်း သွေးစသွေးန တွေ့တယ်၊ သူ အသက်ရှူကျပ်ပြီး သေခဲ့တာလို့ ဆရာဝန်က မှတ်ချက်ချတယ် ...

ပြီးတော့လည်း သူ သေပြီးမှသာ နံပါတ်ဖိုးကို သူ့ကိုယ်ထဲ သွင်းပေးခဲ့တာပဲ၊ ကိုမျိုးမင်း တွေ့တဲ့အချိန်မှာ သူ သေပြီးတာ တစ်ရက် ကျော်ကျော်လောက်တောင်ရှိနေပြီ"

ကိုမျိုးမင်း မျက်နှာရှုံ့မဲ့နေသည်။

ဘသော် ဦးနှောက်ထဲမှာတော့ အစအန ပျောက်သွားသော ကွင်းဆက်တစ်ခုအတွက် မတင်မကျဖြစ်လျက် လက်လှမ်းမီသလောက် ပြေးလွှားရှာဖွေနေမိ၏။ သည့်ထက် အချိန်တွေကြာဖို့ မကောင်းမှန်း သိသည်။ တရားခံကို ခြေရာဖျောက်ဖို့ နောက်ထပ် အချိန်များများ မပေးနိုင်ပါ။ ခုတော့ အကြောင်းရင်းတစ်ခုကိုပင် သူတို့ မရှာဖွေနိုင်သေး။ သူမ ပိုင်ဆိုင်သမျှ အဖိုးတန်ပစ္စည်းတွေ ဘာမှ မပျောက်ပျက်ခြင်းက တမင်သက်သက် လူသတ်မှု ကျူးလွန်ဖို့သာ ကြံစည်ထားကြောင်း ထင်ရှားနေသည်။

"ဒီမှာ ကိုမျိုးမင်း၊ အဲဒီလူကိုရှာဖို့ ကျွန်တော်တို့ကို ကူညီစမ်းပါဦး"

"ကျွန်တော်က ဘယ်လိုရှာရမလဲ"

"ဓာတ်ပုံတွေထဲမှာ ကြည့်ပေးဖို့ပါ"

"ဪ ... ရပါတယ်၊ ကျွန်တော် ကြည့်ပေးမယ်"

"ခင်ဗျား ဒီရက်အတွင်း အိမ်ကနေ ဘယ်မှမသွားဖို့တော့ သတိပေးလိုက်ပါရစေနော်"

ကိုမျိုးမင်းက စီးကရက်တိုကို သမံတလင်းပေါ် ပစ်ချပြီး ဖိနပ်နှင့် နင်းခြေလိုက်သည်။ ပြီးတော့ ခပ်တိုးတိုးရယ်မောလျက် ...

"ကျွန်တော် သွားလည်း ခင်ဗျားတို့ စောင့်ကြည့်နေမှာ မဟုတ်လား"

ဟု ပြောသည်။

"ဟုတ်တယ်၊ ဒါ ကျွန်တော်တို့ တာဝန်ပဲလေ"



"ခင်ဗျားတို့ တကယ့်ကို တော်ပါပေတယ်ဗျာ၊ ကျွန်တော်တော့ ရှုးချင်သလိုလိုတောင် ဖြစ်နေပြီ"

"နောက်ဆို ကျွန်တော်တို့ မြင်တာနဲ့ အစ်ကို ထွက်ပြေးမှာပဲ"

"ဟာ ... အသေအချာပေါ့"

ကိုမျိုးမင်းသည် ခုမှပဲ အသက်ရှူချောင်သွားဟန်ဖြင့် ဟားခနဲ လေကိုရှိုက်သွင်းလိုက်၏။

♥ ✻ ♥

## အခန်း(၃)

မျက်စိထဲ ရောင်စုံပူဖောင်းတွေ ယိမ်းကနေသလိုသာ ထင်သည်။

လူတကာတွေ ထင်ချင်သလိုသာ ထင်ကြစမ်း ...
အို ... ကိုကို လိုချင်တာတွေ အကုန်ဖြည့်စမ်း ...
ကိုကိုရေ ... ရူးပြီ ...

ချောင်တစ်ချောင်မှာ ခပ်ကုပ်ကုပ်ထိုင်ရင်း မျက်စိရှေ့ မြင်နေရသည့် အနီ အပြာ အဝါ အစိမ်းတွေကို စေ့စေ့စပ်စပ် ကြည့်နေမိသည်။ တေးဂီတသံကလည်း မြူးမြူးကြွကြွ။ စည်းချက်အလိုက် လှုပ်ရှားယိမ်းကနေကြသည်ကလည်း ကြွကြွရွရွ လှလှပပ။

ကိုကို အချစ်မှာ တကယ်ရူးသွား ...
ကမ္ဘာကြီးတောင်းကာ ချာလည်မူးသွား ...
ရင်ထဲ အသည်းတွေ လှုပ်ယမ်း ...
ကိုယ့်နှလုံးသားတွေ ဆူပွက် ...
လျှပ်စီးတွေ တဖျပ်ဖျပ်လက်ကာ ...



အိုး ... မိုးကြိုးတွေပစ် ...
တကယ်ပါပဲ ...

လျှပ်စီးတွေ တကယ်လက်ပြီး မိုးကြိုးတွေ တကယ်ပဲ ပစ်ကုန်ပလား ထင်သည်။ ဘသော်သာ သည်နေမှာဆိုလျှင်တော့ မျက်နှာတွေ့ နီရဲပြီး ထပြေးမှာ မြင်ယောင်သည်။ အမျိုးကောင်းသမီးလေးတွေ လွတ်လပ်ပျော်ရွှင်နေလိုက်ကြတာ။ ဆံပင်ရှည်ရှည်၊ ဂျင်းန်ဘောင်းဘီကျပ်ကျပ်၊ တီရှပ်လက်ပြတ်နှင့်လည်းပါ၊ ဆံပင်ရှည်ရှည်၊ ဂျင်းန်ဘောင်းဘီကျပ်ကျပ်၊ တီရှပ်လက်ပြတ်နှင့်လည်းပါ၊ ဆံပင်တိုနန့်နန့်၊ မီနီစကတ်၊ လည်ဟိုက် လက်ရှည်စပို့ရှပ်နှင့်လည်းပါ။ လှသည်ဟု ဘယ်သူ့ကိုမှ မျက်နှာလိုက်ပြောနေစရာ မလိုတော့လောက်အောင် အားလုံးက သူ့အလှနှင့်သူ။ တကယ်တမ်းဆိုလျှင်တော့ ရန်မိုးတို့လို တစ်လ တစ်ခါမှ ထုတ်ရသည့် လစာလေးကို မျှော်ကိုးပြီး လက်ဖက်ရည်နှင့် ကျေနပ်နေရသူမျိုး သည်လိုပွဲမျိုးတွေ အနားပင် မသီနိုင်။ သည်လိုနေရာမျိုးက ဆူဖူကီးလို၊ ရာမဟာဒီတီလို ဆိုင်ကယ်မျိုး၊ လိပ်တက်၊ စူပါဆလွန်း၊ ဘကောလို ကားမျိုးတွေနှင့်သာ ဝင်လို့ရနိုင်သည့် ခြံကျယ်ဝင်းကျယ်ကြီးတွေထဲမှာ လာသမျှညည့်သည်တွေအားလုံးကလည်း သောင်းကျော်တန် နေကာမျက်မှန်မျိုး၊ Evening in Parris လို ရေမွှေးမျိုး သုံးနိုင်သည့် သူကောင်းသားတွေချည်း။

ရန်မိုးကတော့ ခြံတံခါးကို အသေပိတ်ပြီး ဘဏ်တားပြတိုက်သလိုမျိုး စိတ်ကူးထဲမှာ စုပေါင်းတာန်ဖိုးတွက်ကြည့်နေသည်။ စိတ်ကူးယဉ်ကြည့်တာလောက်နဲ့တော့ ငရဲမကြီးနိုင်ပါဘူး ထင်ပါရဲ့။

ရန်မိုးတောင် ခုတော့ သူငယ်ချင်း အပေါင်းအသင်းများ ကောင်းမှုနှင့် အတော်ကြီး သားနားနေသည်။ လေးထောင့်ရှည်မျောမျော ဂျာမနီကိုင်း နေကာမျက်မှန်နှင့်၊ သက္ကလတ်ဘောင်းဘီရှည်နှင့်၊ ပိုးသားနက်ခ်တိုင်နှင့်၊ မီချောင်းရှုပ် အဝါဖျော့ဖျော့ လက်ရှည်နှင့်။ ဘသော်က သူ့ကိုကြည့်ပြီး ...

"အိမ်သာလုပ်ငန်းပိုင်ရှင်ကြီး"

ဟု ခပ်ရွှတ်ရွှတ် အမည်ဖော့ပ်သည်။ ရန်မိုးကတော့ သူ့ကိုယ်သူ မှန်ထဲကြည့်ရင်း သဘောတွေ့ စွတ်ကျလို့။ ဝါညိုရောင် သူ့အသားအရေနှင့် သန့်ပြန့်သားနားမှုက သူ့ဘက်မှာ အရေးသာပြီးသား။ ခုလည်း သည်အဝန်းအဝိုင်းထဲမှာတော့ ရန်မိုးက သူများ မနာလိုဖြစ်ရလောက်အောင်ပင် ထင်ထင်ပေါ်ပေါ်ဖြစ်လို့နေသည်။ မိန်းကလေး အများစုကလည်း သူ့ကို သူတိထားမိကြပြီး၊ အထက်တန်းလွှာများ၏ စရိုက်ဟု သိသာစေဖို့ ရဲရဲတင်းတင်းဖင် မိတ်ဆက်စကား ဆိုတတ်ကြသည်။

ရန်မိုးတို့ကတော့ ဘဝမေ့လောက်စရာပါပဲ။

သို့ပေမဲ့ အမည်တစ်ခုကိုတော့ သတိရနေရသည်။

နန္ဒာ ...

သူ့မြင်ကွင်းထဲမှာ ရွှေအိုရောင် မိန်းကလေးတစ်ယောက် ရှိနေသည်။ နားရွက်အောက် ဆံပင်တိုတိုကလေးနှင့် ခေါင်းတစ်ချက် ဆတ်လိုက်တိုင်း ရွှေရောင် နားကွင်းကြီးကြီးက တလှုပ်လှုပ် ယမ်းသွားသည်။ ဖဲသားရောင် ပြောင်လက်နေသည့် မီနီစကတ်တိုလေးနှင့် စပို့ရှပ်လက်ပြတ် လည်ဟိုက် အနက်ရောင်ပေါ်မှာ နိုင်လွန်ဇာအကျီ ရွှေအိုရောင် လွှမ်းထားသည်။ ကြွေမိတ်



ကတ်တစ်မျိုး လိမ်းဆားဟန်တူ၏။ ကြွေရုပ်လို မျက်နှာဖောင်းဖောင်းလေးနှင့် ရွှေအိုရောင် နှုတ်ခမ်းဆိုးဆေး ထင်းထင်းဆိုးထားသည်ကလွဲပြီး မျက်နှာပြင်တစ်ခုလုံး ရှင်းလင်းလို့နေသည်။ သည်လို မိန်းကလေးနှင့် အတူတွဲကခွင့်ရလျှင် သည်ပွဲကို လာရကျိုးနပ်မည်လား။

"ရန်မိုး"

"ဆို"

"ဒီလိုပဲ ထိုင်နေတော့မလား၊ တစ်ယောက်ယောက်ကိုတော့ ရီကွက်စ်လုပ်လေ"

"ကိုယ်က ကြည့်ဖို့ပဲ ဝါသနာပါတာ"

အတူလာသည့် မိတ်ဆွေက ခပ်ထွေထွေ အသံဖြင့် လှမ်းပြောသည်။ နိုင်ငံခြားအရက်မျိုးစုံ တံဆိပ်မျိုးစုံ သည်နေရာမှာ အပြည့်။ သို့ပေမဲ့လည်း ရန်မိုးက အဲသည်လိုင်းကိုတော့ စိတ်မဝင်စားချင်။ မူးရီရီ အရသာကြီးကိုလည်း နှစ်သက်စရာဟု မထင်တတ်။ သီချင်းတစ်ပုဒ် ဆုံးသွားပြန်ပြီ။ ရယ်သံတွေ၊ လက်ခုပ်သံတွေ ရုတ်ခြည်းပေါ်လာပြန်၏။ စားပွဲဝိုင်းတွေမှာ ပြန်ထိုင်သူလည်း ထိုင်ကြသည်။ တချို့စုံတွဲတွေလည်း နောက်ထပ် သီချင်းတစ်ပုဒ် အလာကို စောင့်ဆဲ။ အနောက်တိုင်းဆန်ဖို့ ကြိုးစားနေခြင်းသာဖြစ်သည်။ အနောက်တိုင်း ယဉ်ကျေးမှုကို အထင်ကြီးခြင်းဖြင့် အတုခိုးနေကြခြင်းသာ ဖြစ်သည်။ ဘာကို အတုခိုးစရာ၊ အားကျစရာဟု ထင်သည်လည်း မပြောတတ်။

ဒီဖိုင်း၊ ဖက်ရှင်၊ ဂီတ ဒါတွေကိုလား။ သည်လိုဆိုလျှင်ဖြင့် အပြစ်မတင်သာပါ။ လူငယ်ဆိုတာ အသစ်အဆန်းကို

ခံမင်တတ်သည်။ တီထွင်ချင်သည့် စိတ်ကူးတွေလည်း ရှိတတ်သည်။ နောက်ပြီး စီးပွားရေး၊ နိုင်ငံရေး တိုးတက်သည့် အမြင်တွေ။ ဒါတွေကို အားကျသည် ဆိုလျှင်ဖြင့် လက်ခံရမည်။ အကျင့်စာရိတ္တ လော်လည်ခြင်းကတော့ ခေတ်မီခြင်း၊ ခေတ်ရေ့ပြေးခြင်းနှင့် ဘာမှမဆိုင်ဟု ထင်၏။ ကြည့်ပြန်တော့လည်း မရွှေအထက်တန်းစားတွေ။ မိဘမျိုးရိုး၊ ပညာ၊ မနဂုဏ်၊ မာနများနှင့်ပြည့်စုံသူတွေ။

ရန်မိုး တစ်ယောက်တည်း နာခေါင်းရှုံ့နေမိသည်။

နောက်ထပ် တီးလုံးတစ်ပုဒ် ပြန်စ,သည်။ ရွှေအိုရောင် မိန်းကလေးသည် သူမ၏အဖော်ကို နှုတ်ဆက်ပြီး စားပွဲဝိုင်းတွေ ချထားရာ မြက်ခင်းပြင်ဆီ လျှောက်လာနေ၏။ ရန်မိုးက အင်္ကျီအိတ်မှာ ချိတ်ထားသော မျက်မှန် အနက်ကို ယူတပ်လိုက်ပြီး ထိုင်ရာမှ ထသည်။ အသားကပ်ခြေအိတ် ဝတ်ထားသော ခပ်သွယ်သွယ် ခြေသလုံးသားဆီ အမှတ်မထင် အကြည့်ရောက်၏။ တစ်လက်မအမြင့် ဒေါက်ချွန်ချွန်ပေါ်မှ ခြေဖမိုးသည် အပြစ်ပြောစရာ မရှိလှအောင် ဖောင်းအိ ဝင်းမွတ်နေ၏။ ခြေသည်းရှည်ချွန်ချွန်တွေကိုတော့ အနီရဲရဲ ဆေးရောင်ဆိုးထားသည်။

"နန္ဒာ"

သူမသည် ကြောင်အမ်းသွားပြီး ဆတ်ခနဲ လှည့်ကြည့်သည်။ ရန်မိုးကိုမြင်တော့ သူမ နှုတ်ခမ်းတွေ နှင်းဆီဖူးပွင့် အာလာသလို လှုပ်ရှားလာ၏။

"နောက်တစ်ပုဒ် က,ဦးမှာလား"

"နန္ဒာ မောပြီလေ"



"ဒါဆို ကျွန်တော်နဲ့အတူ ဘီယာသောက်ဖို့ ဖိတ်ပါရစေ"

"ကျေးဇူးတင်ပါတယ်ရှင်"

သူမက သူ့စားပွဲရှိရာသို့ လှပစွာ လျှောက်လာသည်။ သူမနာမည်ကို သိနေခြင်းအတွက် အထူးအဆန်း ဖြစ်နေဟန် မတူပါ။ ဒါဟာလည်း ဂုဏ်ယူစရာ တစ်ခုပဲ ထင်ပါရဲ့။

♥ ✻ ♥

“ရန်မိုးက စကားပြော သိပ်ကောင်းတာပဲ၊ နန္ဒာ ရေရေ လည်လည် ကြွေသွားပြီ”

“ဒါတော့ မယုံဘူးဗျာ၊ ကျွန်တော့်လို အရေးမပါတဲ့ကောင်ကို နန္ဒာ့လို မင်းသမီးက ကြွေတယ်ဆိုတော့”

“အိုး ... ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဒီလောက် နှိမ်ချနေရတာလဲ၊ ဒီမှာ ... နန္ဒာ ပြောရဲတယ်၊ ဒီနေ့ ပါတီပွဲမှာ ရန်မိုးလောက်မိုက်တဲ့ guy တစ်ယောက်မှ မရှိဘူး၊ သေချာတယ်”

နန္ဒာ့ ဖန်သားလို မျက်လုံးတွေ ရီဝေဝေ ဖြစ်လာပြီး မျက်တောင်ကော့တွေ စင်းကျလာသည်။ ရောင်စုံမီးများ လင်းလက်လာပြီး နေရောင် ကျိုးတိုးကျဲတဲသာ ကျန်တော့၏။ မကြာခင်ဆို လုံးဝကို မှောင်သွားတော့မှာ။

“ကိုယ် နန္ဒာ့ကို အရင်တစ်ခါ ဆုံဖူးပြီးကတည်းက ပြန်ဆုံပါရစေလို့ ဆုတောင်းနေတာ”

“ဘယ်သူ့ပါတီမှာလဲ”

“မဟုတ်ဘူး၊ အိမ်ဖြူတော်မှာလေ၊ အဲဒီတုန်းက နန္ဒာနဲ့ ဟွဲတဲ့ အမျိုးသမီးကတစ်ဆင့် နန္ဒာဆိုတဲ့ နာမည်ကို သိခဲ့ရတာ”

“ဟန်နီလား”



“သိပ်ဟုတ်တာပေါ့ ဟန်နီ၊ နောက် သူလည်းပျောက်သွားတယ်၊ ကိုယ် နန္ဒာ့ အကြောင်းတွေ စုံစမ်းဖို့ သူ့ကိုရှာသေးတယ်”

“အို ... သူက သေပြီလေ ရန်မိုးရဲ့၊ သူ့အကြောင်း မပြောပါနဲ့ကွာ၊ နန္ဒာ ကြောက်လို့”

“ဟာ ... ဟုတ်လား”

နန္ဒာက သူ့လက်မောင်းကို နွေးထွေးသော လက်ချောင်းများဖြင့် အတင်းဖက်တွယ်ထား၏။

သည်စကားလမ်းကြောင်းက သွေဖြည်မသွားဖို့ကိုပဲ ကြိုးစားရတော့မည်။ ဘီယာက အနည်းငယ် ရီဝေစေသော်လည်း အသိစိတ် ကင်းမဲ့စေသည့် အတိုင်းအတာ တစ်ခုကိုဖြင့် မရောက်နိုင်သေးပါ။

“မဖြစ်နိုင်တာ နန္ဒာရယ်၊ ကိုယ်နဲ့တွေ့တာတောင် မကြာသေးဘူး”

“ဩော် ... ဟုတ်ပါတယ်ဆို၊ သူ သေပြီ ရန်မိုးရဲ့”

“ဘာဖြစ်လို့လဲ”

“လူသတ်ခံရသလိုလို ပြောတာပဲ”

“အားပါး ... ရက်စက်လှချည်လား”

“ဟန်နီက နည်းနည်း ကြောင်တယ်လို့ နန္ဒာတော့ ထင်တာပဲ၊ အစကတော့ နံပါတ်ဖိုးထိုးပြီး သေတယ်လို့ ကြားတယ်၊ နောက်တော့ လူသတ်ခံရတာတဲ့၊ အမျိုးမျိုးပဲ”

“ဘယ်လိုအကြောင်း ရှိလို့များ သတ်တဲ့အထိ ဖြစ်ရတာလဲ မသိဘူး”

"သူ့ပါတနာတွေကိစ္စပဲ ဖြစ်မှာပေါ့"

နန္ဒာသည် ခပ်ပေါ့ပေါ့ ပြောသည်။ နန္ဒာသည် သေသူကိုသာ ကြောက်တတ်ပြီး အသက်ရှင်နေသူတွေကိုတော့ ကြောက်ရကောင်းမှန်း သိဟန်မတူပါ။

"သူက မလည်ရှုပ် ထင်တယ်"

"နန္ဒာလည်း သေချာမသိပါဘူး။ သူ သေတဲ့အချိန်က နန္ဒာ ဒယ်ဒီနဲ့ စင်ကာပူ လိုက်သွားနေတာ ပြန်လာမှသိတယ်၊ အသတ်ခံရတာဆိုတော့ လန့်တောင်လန့်သွားတယ်၊ ဒါပေမဲ့ ပြောလို့တော့ မရဘူးလေ၊ ဟန်နီလို မိန်းမမျိုးကို အသေသတ်ပစ်ချင်လောက်အောင် မုန်းတဲ့သူလည်း ရှိချင်ရှိနေမှာ၊ သူက အပြောရိုင်းတယ်၊ ပိုးစိုးပက်စက် ပြောတတ်တယ်၊ လူတစ်ဖက်သားကို နာကျင်အောင် ပြောတတ်တယ် ...

"တစ်ခါက သူ အမျိုးသမီး တစ်ယောက်ကို ရန်တွေ့နေတာများလေ နန္ဒာတောင် ကြောက်တယ်"

နန္ဒာက နှုတ်ဆိတ်သွားပြန်လေသည်။ သူ မချင့်မရဲနှင့် နန္ဒာဆီသိအောင် စိတ်မောနေရ၏။ မြို့ပြ၏ ဆောင်းညသည် အေးသည်ဆိုရုံမျှသာ အေးနေ၏။ ချမ်းစိမ့်စိမ့် ဖြစ်လာသော်လည်း ခံနိုင်လောက်ရုံသာ ဖြစ်သည်။

"သူနဲ့ နန္ဒာ သိပ်တွဲတာပဲနော်"

"အင်း"

နန္ဒာက ဆွဲဆွဲငင်ငင် ညည်းညူရင်း စဉ်းစားဟန်ပြုနေလေသည်။ အမှန်တော့ သူ နန္ဒာ့ကို သည်နေ့မတိုင်ခင်



ဘယ်တုန်းကမှ မမြင်ဘူးခဲ့ပါ။ အိမ်ဖြူတော် ဆိုသည်မှာလည်း ဟန်နီ သွားတတ်သည့် နေရာတစ်ခုကို စိတ်အထင်နှင့် ရောယောင် ပြောလိုက်ခြင်းသာ ဖြစ်သည်။ ယုံဖို့လိုအပ်သည် မလိုအပ်ဘူးဆိုတာကတော့ နန္ဒာ့အပိုင်း။ ခုထိတော့ နန္ဒာ့မျက်လုံးများထဲ ရန်မိုးအပေါ် သံသယအရိပ်အယောင်တွေ မမြင်ရသေး။ ကံကြမ္မာက သူ့ဘက်မှာ ရှိနေခဲ့သည် ဆိုပါတော့။

"တော်တော်တွဲဖြစ်ခဲ့တယ်၊ နန္ဒာ စင်ကာပူ မသွားခင်အထိ၊ ဟန်နီ့ကို နန္ဒာ ခင်ပါတယ်၊ ဟန်နီက ပွင့်လင်းတယ်၊ မနာလိုစိတ် မရှိဘူး၊ တစ်ခုပဲ သူ့ဘွိုင်ဖရင့်န်တွေနဲ့ ခဏခဏ ပြဿနာတက်ရင် နန္ဒာက ကြားညပ်နေရော၊ အဲဒါတစ်ခုတော့ စိတ်ညစ်ဖို့ ကောင်းတယ်"

"နန္ဒာ လက်ထပ်ဖို့ မရည်ရွယ်သေးဘူးလား"

"လက်ထပ်ဖို့ ..."

နန္ဒာက သူ့ကို ခေါင်းကလေးငဲ့ကြည့်ပြီး ရယ်မောလေတော့သည်။ လှပသော မိန်းကလေးတစ်ယောက် ရယ်မောလိုက်ခြင်းက သူမ၏ အလှအပကို ပို၍ပြည့်စုံသွားစေသလိုပင်။ ချက်ချင်းဆိုသလိုပင် နန္ဒာက ရယ်မောခြင်းကို ရပ်ပစ်လိုက်သည်။ ပြီးတော့ သူ့ကို ခပ်စိုက်စိုက် ကြည့်ပြန်သည်။ မှုးယစ်သော၊ ရီဝေသော၊ ညှို့ငင်သော အကြည့်။ စိတ်အစဉ်ကို ယိမ်းယိုင်တွေပြားစေသောမျက်ဝန်း။ နှလုံးသားကို တဆတ်ဆတ် ခုန်လှုပ်စေသော နှုတ်ခမ်း။

"ရန်မိုး"

"အင်း"

"ယူက သိပ်ချစ်ဖို့ ကောင်းတာပဲ"

"ဟုတ်လား၊ ကျေးဇူးပါပဲ"

ရန်မိုး၏ အေးစက်စက် စတိုင်လ်ကို သူမက သဘောကျနေပြန်ပါသည်။

"နန္ဒာ လက်ထပ်ဖို့ ရည်ရွယ်ထားပါတယ်၊ သူက ချိဖ်မိတ်လေ၊ အခု ထိုင်ဝမ်မှာ။ သူက နန္ဒာ့ကို သိပ်ချစ်တာ သိလား၊ ဒါပေမဲ့လေ နန္ဒာက ... နန္ဒာက သူ့ကို မချစ်ဘူး"

ချည်ထည်အတွင်းဘက်ထိ အအေးဓာတ်က စိမ့်ဝင်လာသည်။ ဘီယာလက်ကျန်ဖန်ခွက်ကို တစ်ရှိန်ထိုး မော့လိုက်ပြီး သူ ထရပ်၏။ ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်လျက် ကိုယ်ကိုညွတ်ပြီး နန္ဒာ့ကို ...

"Good Night (ကောင်းသောညပါ)"

ဟု နှုတ်ဆက်သည်။

"ရန်မိုး"

နန္ဒာက သူ့ကို ပုစ္ဆာများစွာပါသော မျက်ဝန်းများဖြင့် မော့ကြည့်လေသည်။

"နောက်မှ ဆုံကြသေးတာပေါ့ နန္ဒာ"

မြက်ခင်းစားပွဲများကို ကျော်ခိုင်းပြီး ခြံဝင်းအဝင် မီးအိမ်ကလေးများ ရှိနေရာသို့ ဦးတည်လိုက်သည်။

"ရန်မိုး"

ခေါ်သံအဆုံးသတ်မှာ သူ ခဏရပ်သည်။

"ယူ့ကို နန္ဒာ ဖုန်းခေါ်မယ်လေ"



ရန်မိုး ကျောထဲ စိမ့်ခနဲ ဖြစ်သွား၏။ နန္ဒာက အပြေးတစ်ပိုင်း ရောက်လာသည်။

"ကိုယ်ခေါ်ပါ့မယ်၊ နန္ဒာ့ ဖုန်းနံပါတ် ..."

နန္ဒာက နှုတ်ခမ်းခပ်စူစူ ပြုံးသည်။ နန္ဒာနှင့် ပြန်တွေ့ကြရဦးမည်။ မဖြစ်မနေတော့ ပြန်တွေ့ရပါလိမ့်ဦးမည်။

♥ ✻ ♥

ဘသော်က စီးကရက်ဘူးခွံကို ဖိနပ်ဦးနှင့် ကန်ပစ်လိုက်သည်။ သိပ်မလှမ်းတော့သော အမှိုက်ပုံးအနားမှ ခွေးပိန်မတစ်ကောင်ကို ထောက်ခနဲ သွားမှန်၏။ ခွေးက ကိုယ်တစ်ချက်တွန့်သွားပြီးမှ ဟန်မပျက် အစားဆက်စားနေသည်။ နည်းနည်းပိန်လိန်ချင်သည့် နောက်ဆုံးစီးကရက်ကို နှုတ်ခမ်းမှာတော့ရင်း...

"အလုပ်က မစရသေးဘူး ဇာတ်လမ်းက ဖြစ်နေပြီ"

ဟု ဘသော်က ပြောသည်။

"မင်းကလည်း မပြောရသေးဘူး၊ နှိပ်ကွပ်တာက အရင်ပဲ"

ရန်မိုးက မကြည်မလင် ဖြစ်လာ၏။ ကွင်းပြင်ကို ဖြတ်လာသော လေပြည် သုတ်ခနဲလာပြီး ချက်ချင်းလို ပြန်ပျောက်သွားပြန်သည်။ လောကကြီးမှာ ခဏတည်ငြိမ်နေတာများ ဘာရှိသလဲ။ ဘသော် စိတ်ထဲ နောက်ကျိကျိ။ အလုပ်တွေ နှောင့်နှေးကြန့်ကြာသည်ဟု သည်နေ့ နှစ်ယောက်လုံး အဆူခံရသည်။ ရန်မိုးကတော့ ခပ်တည်တည်။ သူက ဘာကိုမှ အလေးအနက်ထားတတ်သူ မဟုတ်လေတော့ သူ့အတွက် ဘာမှလဲ အရေးမကြီးလှ။

"ထာလိုက်စမ်းပါကွာ၊ ကိုယ်လုပ်တဲ့ အလုပ်မှ မဟုတ်ဘဲ၊ ကိုယ်လုပ်တဲ့ အမှုဆိုလည်း ကိုယ့်ဘာသာ ပြန်ရှာလို့ရသေး



ရဲ့၊ အခု သူများဝင်နှိပ်သွားတဲ့ ကိစ္စကို တို့က အစသွားဆွဲရတာ၊ ဒီလောက်တော့ အချိန်ယူရမှာပေါ့"

တဲ့ ...။ ပြီးတော့ ရန်မိုးက အဆိုတော် စိန်လွင်၏ ယုဇနပင်နှင့် ဖဲကြိုးဝါ သီချင်းကို ခပ်တိုးတိုး ဆိုနေပြန်သည်။

"မြွေပဲ"

ဘသော်က မကျေမချမ်း ရေရွတ်သည်။ ပလက်ဖောင်းပေါ် ရှိနေသည့် ခလုတ်တံသင်း အမှိုက်သရိုက်တွေ ဘသော် ခြေထောက်ကို အတော်ကြောက်ရှာကြမည်။

"ဒီမှာ အဲဒီ နန္ဒာ ဆိုတဲ့ ကောင်မလေးကလေ ..."

"တော်တော့ ရန်မိုး"

"ငါပြောတာကို ဆုံးအောင် နားထောင်ပါဦး"

"မင်း ဖွန်ကြောင်တဲ့ အကြောင်းကို ငါက သည်းခံနားထောင်နေရမှာလား"

ရန်မိုး ကျွတ်ခနဲ စုတ်သပ်သည်။ လူဖြောင့်စိတ်တိုတော့ သည်တစ်ခါ အတော့်ကို ဒေါသထွက်နေပြီ။

"မင်းကို အတိုဆုံးနဲ့ အရှင်းဆုံးပြောမှ ဖြစ်တော့မယ်၊ နန္ဒာက ဟန်နီ မိန်းမတစ်ယောက်နဲ့ ကတောက်ကဆ ဖြစ်တဲ့အကြောင်း ထပ်ပြောပြန်ပြီ"

"ဒါပေမဲ့ သတ်တာက ယောကျ်ားပဲ"

"မင်းက ဘာဖြစ်လို့ ဒီလောက် သေချာနေရတာလဲ"

"မိန်းမတစ်ယောက် အင်အားသုံးပြီး လူသတ်ဖို့ဆိုတာ လွယ်ကူတာမှ မဟုတ်ဘဲ"

"မပြောနိုင်ဘူးလေ၊ အဖွဲ့နဲ့ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး"

ရန်မိုးက ရှိခနဲ လေချွန်လိုက်ပြီး ...

"ထင်တာတွေ ရမ်းပြောနေပြန်ပြီ"

ဆိုတော့ ဘသော် မျက်နှာ သွေးရောင်ကြောင့် ပြာနှမ်းသွားသည်။

"ငါ ဘယ်တုန်းက အရမ်းစွတ်ပြောဖူးလို့လဲ"

ပလက်ဖောင်းအောက်မှ ဖြတ်သွားသည့် မျက်မှန်နှင့် ပုဂ္ဂိုလ်က သူတို့နှစ်ယောက်ထံ အထိတ်တလန့် လှည့်ကြည့်သည်။ ရန်မိုး ပခုံးလေးတွန့်ပြီး ...

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

ဟု လေပြည်ထိုး၏။

"အခု ဘိုးတော်က ငါ့ကို ခိုင်းပြန်ပြီ"

"ဘာတဲ့လဲ"

"သံတွဲကို လိုက်ရပြန်ဦးမယ်တဲ့၊ အမျိုးအဆွေတွေကို အကြောင်းကြား၊ စစ်ချက်ယူဖို့"

"ဒါများကွာ"

"ဒါများ လုပ်မနေနဲ့၊ ရန်ကုန်မှာ သူ ခိုင်းထားတဲ့ကိစ္စတွေ မပြတ်သေးဘူး၊ ခု ထမ်းခိုင်းပြန်ပြီ၊ ငါက လူတွေနဲ့ ကောင်းကောင်း စကားပြောတတ်တာ မဟုတ်ဘူး"

ရန်မိုးက ဘသော်ကို ကြည့်ရင်း လှောင်ရယ် ရယ်၏။ ဆံပင်ကြမ်းတွေ လေအရှိန်ကြောင့် ထောင်နေပြီး မျက်ခုံးနက်နက်တွေကို အစွမ်းကုန် ရှုံ့ထားတော့ ဘသော် မျက်နှာက ကလေးဆိုးတစ်ယောက်လို ရယ်ချင်စရာ။ ဂျင်းန်ဘောင်းဘီအနက်



ရောင်ကလည်း ဒူးခေါင်းမှာ ပေါက်ပြဲနေသေးသည်။ တမင်စတန့်ထွင်တာတော့ မဟုတ်။ သင်တန်းကတည်းက အကြမ်းဝတ်လာသည့် ဘောင်းဘီမို့ ရိပြီးစုတ်ချာနေပြီ။

"အေးပေါ့၊ ကြမ်းပိုး သူခိုးတွေနဲ့ပဲ စကားပြောနေရတော့ လူကောင်းတွေနဲ့ စကားဘယ်ပြောတတ်ပါတော့မလဲ"

"အေးပါ၊ ငါမရှိရင် မင်းပဲ တစ်ယောက်တည်း ပင်ပန်းမှာ၊ ငါက ဟိုမှာ အလီဘိုင်ပြနေရုံပဲ"

"အင်း ... ဒါလည်း ဟုတ်တာပဲ"

သိပ်ပြီး တစ်တွဲတွဲနှင့် လူအမြင်ကတ်အောင် ချစ်ချင်သော သူတို့နှစ်ဦးကို အမှုတွဲတွေ တစ်သိကြီး နှစ်ယောက်ပေါင်း ချပေးထားတော့ မြို့ထဲမှာ လမ်းသလားဖို့ပင် အချိန်မရနိုင်တော့။ နေရာတကာ တက်ကြွမှု၊ တာဝန်သိတတ်မှုသည် တစ်ခါတစ်ရံတော့လည်း ခေါင်းရှောင်တတ်သော လူလည်များကြားမှာ တွက်ကတ်မှုအဖြစ် အသွင်ပြောင်းသွားတတ်၏။ ရန်မိုးနှင့် ဘသော်ကတော့ တာဝန်ကို လက်တစ်လုံးကြား လိမ့်ရှောင်တာမျိုး၊ ပေါ့လျော့ပေါ့ဆတာမျိုး ကိုယ်တိုင်လည်း မုန်းတီးသည်။ သူများကိုလည်း နှာခေါင်းရှုံ့သည်။

သို့ပေမဲ့ လောကကြီးထဲ လူကောင်းတွေချည်း ရှိနေတာမှ မဟုတ်ဘဲ။ ဒါကြောင့်လည်း သူတို့ အမြဲထာဝစဉ် အလုပ်ရှုပ်နေရသည်လေ။ သည်တော့ လောကကြီးကို လုံးဝဥဿုံပြည့်စုံခြင်း မရှိရကောင်းလားဟု ဒေါမနဿ ဖြစ်မနေချင်တော့။

"နေစမ်းပါဦး၊ သံတွဲဆိုတော့ သူ့ရဲ့ အဆွေအမျိုးတွေ ဘယ်သူဆိုတာ သိပြီပေါ့"

"မသိပါဘူး၊ ဟိုရောက်မှ မြို့နယ်စခန်းနဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ မေးမြန်းစုံစမ်းပြီး သွားရမှာ၊ သူ့အိမ်က တစ်ယောက်မှ လာမစုံစမ်းတာတော့ အဆန်းကွ၊ မှတ်ပုံတင်ကတော့ သံတွဲမှတ်ပုံတင်ပဲ"

"အင်း ... မှတ်ပုံတင်လေးတစ်ခု ရ,ထားပေလို့ပေါ့၊ မဟုတ်ရင် ဒီမိန်းမ ဒီထက်ရှုပ်လိုက်မဲ့ဖာတ်၊ တော်ပါသေးရဲ့ မဟန်နိုရယ်"

"လုပ်မနေနဲ့၊ မင်း ဒီကကိစ္စကို အပြတ်ဖြတ်၊ ဟိုမိန်းမ ဘယ်သူလဲဆိုတာ သိအောင်ဆက်လိုက်၊ သူတို့အချင်းချင်း ထဲကလား၊ ဒါမှမဟုတ် သူ့ပါတနာတွေနဲ့ ပတ်သက်တာလား၊ ဘယ်လိုကြောင့် ဖြစ်တာလဲဆိုတာ အရေးကြီးတယ် ..."

"ဩော် ... ပြီးတော့ သူနဲ့တွဲခဲ့တဲ့ ကောင်တွေ"

ဘသော်က စီးကရက်အစီခံကို ပလက်ဖောင်းဘေးရေမြောင်းထဲ တောက်ထုတ်ပစ်လိုက်သည်။

"ခက်တယ်ကွ၊ သူနဲ့ ပတ်သက်ခဲ့သမျှတွေကလည်း တကယ့်ခေါင်းကြီးပိုင်းတွေပဲ၊ စခန်းခေါ်ပြီး စစ်ရဖို့ အတော်ခက်တဲ့ဟာတွေ"

"ဟ ... ရမလားကွ၊ လိုအပ်ရင် စစ်ဆေးရမှာပဲ၊ ဒါမျိုးက မျက်နှာကြီးငယ် ရွေးလို့ရတာမှ မဟုတ်ဘဲ"

"ဟုတ်ပါပြီ အစ်ကိုရဲ့၊ ဒေါ်သရေ့ထား မှားမှာပေါ့"

ကဲ့ကော်ပင်အုပ်အုပ်နှင့် သီချင်းသံ ဆူဆူညံညံကြားရသော လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ပြိုင်တူ ခြေလှမ်းတုံ့သွားသည်။



"လက်ဖက်ရည် တစ်ခွက်သောက်တော့ ဝင်သောက်မှ ကောင်းမယ်ထင်တယ်"

ရန်မိုးက ညည်းညည်းညူညူလို ပြောသည်။ ဘသော်က အောက်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ရင်း ပြုံးလျက် ခေါင်းတစ်ချက် ဆတ်၏။

♥ ✻ ♥

"ရန်မိုးက နန္ဒာနဲ့တွေ့ဖို့ လာတာလား"

"ဟုတ်တယ်လေ"

"ဘာဖြစ်လို့ တွေ့ချင်ရတာလဲ၊ နန္ဒာ့ မျက်နှာကို အလှကြည့်ဖို့တော့ ဟုတ်မယ် မထင်ပါဘူး"

အထေ့အငေါ့ စကားဟု နားလည်သည်။ နန္ဒာက ဒီလို မထီတရိ မျက်နှာပေးနှင့် ဆိုတော့လည်း တစ်မျိုးလှပြန်တာပါပဲ။ မိန်းမလှလေးတွေ မျက်ဝန်းမှာ အဓိပ္ပာယ်တွေ အတွေးအထင်တွေ အမျိုးမျိုး ရှိတတ်ကြသည်။ အဲဒီမျက်ဝန်းတွေကို စာလုံးတွေ ဖတ်သလို ဖတ်ကြည့်ဖို့ ရန်မိုး ကြိုးစားကြည့်ဖူး၏။ အတော်များများ မှန်ကန်သည် ဆိုပေမဲ့နားမလည်နိုင်သည့် လှည့်စားမှုတွေ၊ သိုဝှက်မှုတွေလည်း ကျန်နေတတ်သည်။ နန္ဒာ့မျက်ဝန်းတွေကတော့ ကြည်မြဲရှင်းသည်။ နန္ဒာသည် သူမကိုယ်သူမ အထင်ကြီး၏။ သူတစ်ပါးကိုလည်း ယုံကြည်လွယ်၏။ ပြီးတော့ လိုက်လျောလွယ်သည်။ ပွင့်လင်းသည်။ ရိုးသားခြင်း ဆိုတာကတော့ တစ်ခါတစ်ရံမှသာ ရောက်လာတတ်သော ဧည့်သည်ဖြစ်မည်။

ခုပဲ ရန်မိုးကို သူမ စိတ်ဆိုးနေပြီ။

ဒါ သူမဘက်က မရိုးသားမှုကြောင့် တစ်ပိုင်းတစ်စ ဖြစ်နိုင်သည်။ သူမက သူမနှင့်တွေ့ပြီး ရန်မိုးကို ယစ်မူးရီဝေစေ



အောင် ညှို့ယူနိုင်သည် ဆိုတာကို ထင်ရှားစေချင်သည့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုကလေး ရောစွက်နေသည်။ တကယ်တမ်းမှာ ရန်မိုးက မေးခွန်းတွေချည်းသာ မေးနေတော့ နန္ဒာ နည်းနည်းလေး စိတ်တိုလာပြီ။

"သိပ်ဟုတ်တာပေါ့ နန္ဒာ၊ အသေအချာပါပဲ"

"ဒါဆို နန္ဒာနဲ့မဆိုင်တဲ့ မေးခွန်းတွေ ဘာဖြစ်လို့ လာမေးနေတာလဲ"

"သိချင်လို့ပေါ့"

"ဘာဖြစ်လို့ သိချင်ရတာလဲ၊ နန္ဒာ စိတ်မဝင်စားဘူး၊ နန္ဒာ့ကို နောက်ထပ် မမေးနဲ့တော့၊ နောက်ထပ် မေးခွန်းတွေ လာမယ်ဆိုရင်တော့ နန္ဒာ ပြန်မယ်"

"ဟုတ်တယ်၊ နန္ဒာ စကတည်းက ကိုယ့်နောက် လိုက်လာဖို့ မကောင်းဘူး"

"ဘာ"

နန္ဒာ မျက်ခုံးလေးတွန့်ပြီး မျက်လုံးတွေ ကျဉ်းမြောင်းသွားသည်။ အထင်သေးခြင်းဆိုသည့် အဓိပ္ပာယ်မျိုးဟု ရန်မိုးက နန္ဒာ့ အကြည့်ကို သဘောပေါက် နားလည်၏။ စိမ်းလဲ့နေသော ကန်ရေပြင်သည် မြကျောက်သားလိုပင် တည်ငြိမ်နေသည်။ လမ်းတစ်ဖက် ချိုင့်ထဲမှာ သစ်လုံးများ အစီအရီ ပုံထားသည်ကို လှမ်းမြင်ရသည်။ ဟိုးမိုးကုပ်စက်ဝိုင်းအထိရောက်သော လွင်ပြင်ကျယ်ကိုလည်း ဒီနေရာမှ ငေးမောနိုင်သည်။ အိမ်တန်းစုကလေးများသည် စကေးပုံစံ ငယ်တည်းက ပလတ်စတစ်တုံး အိမ်ကလေးတွေလိုပါပဲ။

"နန္ဒာနဲ့ ကိုယ်တွေ့တာ တစ်ရက်တောင် မပြည့်သေးဘူး၊ နာရီပိုင်းလောက်ကလေး၊ ကိုယ် ဘယ်သူ၊ ဘယ်ကဆိုတာလည်း မသိသေးဘူး၊ ကိုယ် ဖုန်းဆက်ပြီးခေါ်တော့ နန္ဒာ လိုက်လာတယ်၊ နန္ဒာ့အတွက် သိပ်အန္တရာယ်များတယ်၊ နန္ဒာဟာ မိကောင်းဖခင် သားသမီး၊ ပိုက်ဆံချမ်းသာတယ်၊ ဂုဏ်ရှိတယ်၊ မတော်တဆ ပြန်ပေးဆွဲဖို့ အကြံအစည်ရှိခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ဒါမှမဟုတ် သိုက်သမားနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ၊ မြန်မာမိန်းကလေး တစ်ယောက် အနေနဲ့ စောင့်စည်းသင့်တဲ့ တရားတွေရှိတယ်၊ နန္ဒာ့မိဘတွေကလည်း နန္ဒာ ခုလိုနေတာထိုင်တာကို ကြိုက်မှာမဟုတ်ဘူး၊ ပြီးတော့ နန္ဒာရဲ့ ခင်ပွန်းလောင်းကလည်း သဘောကျမှာ မဟုတ်ဘူး"

နန္ဒာက သူ့စကား ဆုံးသည်အထိ ပြုံးစိစိနှင့် သူ့ကို ငေးကြည့်လျက် ငြိမ်သက်နားထောင်နေပြီးမှ ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

"တော်တော် ဆရာလုပ်တဲ့ လူကြီးပါလား၊ ကြိုက်သွားပြီ"

"ဟာ ... ပြဿနာပဲ"

"နန္ဒာ့ကို ဆရာလုပ်နိုင်တဲ့သူ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ တော်ရုံတန်ရုံလည်း အထင်သေးပါ ရန်မိုးရယ်၊ နန္ဒာက နာရီပိုင်းလောက်ကလေး တွေ့ဖူးတဲ့ သူတစ်ယောက်ကို စိတ်ချယုံကြည်ပြီး ဘာမှန်း ညာမှန်း မသိဘဲ လိုက်လာခဲ့တာ မဟုတ်ပါဘူး၊ ရန်မိုး ဘာအတွက် နန္ဒာ့ဆီ ရောက်လာ



တယ်ဆိုတာ နန္ဒာ သိပြီးသား၊ ပါတီမှာ နန္ဒာ့ထက် ဗိုမိုက်တဲ့ ပါတီဂဲလ်တွေ တစ်ပုံကြီး ...

"ဟန်နီနဲ့အတူ နန္ဒာ့ကို တွေ့ဖူးတယ် ဆိုကတည်းက ရန်မိုးကို နန္ဒာ အကဲခတ်မိပြီးသား၊ ဟန်နီ့ ပါတနာတွေထဲမှာ ရန်မိုးကို တစ်ခါမှ နန္ဒာ မတွေ့ဖူးဘူး"

"ဒါက မရေရာတဲ့ အကြောင်းအရာပါ"

နန္ဒာက ဗင်နီကားနောက်ဖုံးကို ဖွင့်ပြီး တင်ပျဉ်ခွေထိုင်ချလိုက်သည်။ သီလိုသည့် အကြောင်းအရာ မရောက်မချင်းတော့ စိတ်ရှည်ရမည်ဟု သဘောပေါက်ထား၏။ ခုချိန်ဆိုလျှင်တော့ အသော် တစ်ယောက် သံတွဲသွားမည့် လေယာဉ်ပေါ် ရောက်နေလောက်ပြီ။

"ဒီမှာ ရန်မိုးရဲ့၊ ဟန်နီနဲ့ ရင်းနှီးမြီးမှတော့ နန္ဒာ့ဆီ ရောက်လာစရာ အကြောင်းမရှိဘူး၊ ဟန်နီက သူသဘောကျတဲ့ ယောက်ျားတစ်ယောက်ကို သူ့ဆီကလွဲချော်သွားအောင် ဘယ်တုန်းကမှ လွှျော့လျှော့ပေါ့ပေါ့ ကိုင်တွယ်ဖူးတာမဟုတ်ဘူး"

စကားလုံးတွေကလည်း ရင်ထိတ်စရာ။

"ရန်မိုးက ဟန်နီ့ အကြောင်းတွေ သိချင်လို့ နန္ဒာ့ဆီ ရောက်လာတာ မဟုတ်လား"

သူ ဝန်မခံချင်၍ မရတော့။ နန္ဒာ ဆိုသော မိန်းကလေးက ရန်မိုး ထင်ထားသည်ထက် အများကြီးပိုပြီး ပါးနပ်လိမ္မာသည်။ သူမရဲ့ ထက်မြက်မှုတွေကို သူမအတွက်၊ သူမမိသားစု အသိုက်အဝန်းအတွက် တိုင်းပြည်တွေက ကောင်းရာ ကောင်းကျိုး အသုံးချနိုင်လျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ သည်မိန်း

ကလေးအတွက် အဖိုးတန်ဆုံး၊ အကောင်းဆုံး၊ အတော်ဆုံးဆိုသည့် ဂုဏ်ထူးဝိသေသတွေသာ ပြည့်နှက်နေတော့မည်။ သို့ပေမဲ့ လောကကြီးမှာ အရာအားလုံး ပြည့်စုံခြင်းဆိုတာ ဖြစ်နိုင်ကောင်းသည်မှ မဟုတ်ဘဲလေ။

"ဒါဆို နန္ဒာက ဟန်နီ့အကြောင်းတွေ ကိုယ့်ကိုပြောပြမှာလား"

နန္ဒာက နှုတ်ခမ်းတစ်ဖက်တွန့်ရုံ ပြုံးသည်။

"အပေးအယူ ဆိုတာတော့ ရှိတာပေါ့၊ ရန်မိုး အကြောင်းတွေလည်း နန္ဒာ့ကို ပြောပြရမယ်လေ၊ ဘယ်လိုလဲ"

"အိုကေ ... ပြောပြမှာပေါ့"

"ရန်မိုးက ဘာကို သိချင်တာလဲ"

"နန္ဒာ သိထားသမျှ အကုန်လုံးပဲ"

ကားလမ်းအောက်ဘက် ကန်ရေပြင်ဆီ နန္ဒာ လှမ်းကြည့်သည်။ သစ်ပင်အုပ် စိမ်းစိမ်းတွေကြားက ကန်ရေပြင်ကို မြင်ရသည်မှာ ကျောက်ဖျာတစ်ချပ်နှင့်လည်း တူ၏။ တစ်ခါတစ်ရံမှာ အဲသည်ရေပြင်ပေါ် လမ်းလျှောက်သွား၍ ရနိုင်မည်ဟုပင် ထင်မိပြန်သည်။ ကွင်းပြင်ဘက်ဆီမှ လေခပ်ကြမ်းကြမ်း ဝှေ့လာလျှင် နန္ဒာ့ ဆံပင်တွေ မျက်နှာတစ်ခြမ်းကို အုပ်ကွယ်သွားရလောက်အောင် လွင့်သွားတတ်၏။ လည်တိုင်ကို ဆတ်ခနဲခါပြီး ဆံပင်အုပ်အုပ်တွေကို နေသားတကျရှိအောင် ပြန်ပြီးသိမ်းတတ်သည့် ဟန်လေးက သံပတ်ပေးထားသည့် အရုပ်ကလေး တစ်ရုပ်လိုပင် ချစ်စရာကောင်းသည်။ သူမကို ပိုင်ဆိုင်ခွင့်ရမည့်သူကတော့ အများမမြင်စေအောင် ရင်ခွင်ထဲမှာ ဖွက်ထားချင်မှာပဲ။



မြက်ခင်းပြင် စိမ်းစိမ်းလေးပေါ် ရန်မိုး ထိုင်ချလိုက်သည်။ ဆံပင်တိုတို လက်ချောင်းရှည်များဖြင့် သပ်တင်လိုက်ရင်း နန္ဒာ့ မျက်နှာကို မော့ကြည့်၏။ နန္ဒာက ခေါင်းငုံ့လျက် သူ့ကို ငေးမောကြည့်နေသည်။

"ဟန်နီနဲ့ နန္ဒာ သိတာ သိပ်မကြာသေးဘူး၊ ပါတီတစ်ခုမှာ စတွေ့တာပဲ၊ ဟန်နီက စကားပြောတဲ့ဟန်လေး သိပ်ခင်ချင်စရာကောင်းတယ်၊ မိန်းကလေး အချင်းချင်းတောင် ခင်ချင်စရာ ကောင်းတယ်ဆိုတော့ စဉ်းစားကြည့်ပေါ့၊ သူက ပွင့်လင်းတယ်၊ နန္ဒာ့ကိုလည်း သိပ်ခင်တော့ သူ့အကြောင်းတွေ နန္ဒာ့ကို ပြောပြပါတယ်၊ အားလုံးနီးပါးပဲဆိုပါတော့ ...

"သူ့ကို မိဘဆွေမျိုးတွေက စွန့်ပစ်ထားကြတယ်လို့ ပြောတယ်၊ အိမ်က သဘောမတူတဲ့ လူတစ်ယောက်နဲ့ သူက အိမ်ထောင်ကျတာကိုး၊ ဟန်နီက သိပ်စိတ်ကူးယဉ်တတ်တာ၊ အချစ်ကိုလည်း ကိုးကွယ်တတ်လွန်းတယ်၊ အဲတော့ သူ အသက်ဆယ့်ရှစ်နှစ်နဲ့ အိမ်ထောင်ကျတယ်တဲ့၊ သူ လက်ထပ်လိုက်တဲ့သူက တစ်နယ်တစ်ကျေးကတဲ့၊ အဲဒီလူမှာ သားသမီးတွေနဲ့ အိမ်ထောင်လက်ရှိနဲ့၊ အဲဒါကြောင့် သူတို့အိမ်က သူ့ကို စိတ်ဆိုးပြီး စွန့်ထားကြတာ...

"အဲဒီလူနဲ့ သူ ရန်ကုန်လိုက်လာတယ်၊ လေးငါးနှစ်လောက် ပေါင်းလိုက်ရတယ်၊ နောက်တော့ အိမ်ထောင်ရေး အဆင်မပြေတာနဲ့ လမ်းခွဲလိုက်ကြတယ် ...

"အဲဒီမှာတင် သူက စိတ်အစွဲအလမ်း တစ်ခုလို၊ စိတ်ရောဂါတစ်ခုလို ဒဏ်ရာရခဲ့တော့တာပဲ၊ တကယ်တော့ အဲဒီလူကို သူက သိပ်ချစ်တယ်လေ၊ သိပ်ချစ်လွန်းတော့ သဝန်တိုတယ်၊ သူ့သားသမီးတွေ သားမယားတွေဆီ မပြန် ရ၊ အဆက်အဆံ မလုပ်ရ၊ သိပ်ပြီး တင်းကျပ်လွန်းတော့ ဟိုလူလည်းမခံနိုင်ဖြစ်ပြီး သူ့ဆီက ထွက်သွားတော့တာပဲ၊ ဘယ်တော့မှ ပြန်မလာတော့ဘူးလို့လဲ ပြောသွားတယ်တဲ့"

ရုပ်ရှင်ကြည့်နေရသလို အာရုံထဲ မြင်ယောင်သည်။ ဘယ်သူကဆိုးပြီး ဘာကြောင့် အပြစ်ဖြစ်သည်ဆိုတာ ဝေခွဲမရနိုင်သေး။ "အချစ်"ဆိုတာ လူတစ်ဦးတစ်ယောက် ဘဝကို ယိမ်းယိုင်ပျက်စီးစေတတ်သည်ဆိုတာ ရန်မိုးကတော့ ခုတိုင် နားမလည်နိုင်သေးပါ။ နှလုံးသားဆိုတာ သွေးကြောတွေ ခုန်နေသည့် လည်ပတ်စေသည့် ကိရိယာတစ်ခုပဲ။

"အဲဒီမှာ သူ့စိတ်တွေ လေလွင့်ပြီး ဘာလုပ်ရမှန်းမသိဖြစ်တော့တာ၊ အဲဒီလူ ထားရစ်ခဲ့တဲ့ ပိုက်ဆံတွေ၊ သူ့အိမ်က ပါလာတဲ့ ပိုက်ဆံတွေစုပြီး နိုင်ငံခြားထွက်မယ် စိတ်ကူးတယ်၊ အဲဒါကြောင့် သူ့အတွက် အကူအညီရမယ်ထင်တဲ့ သူတွေကို ချဉ်းကပ်ရင်း နောက်ဆုံး တဝဲလည်လည် ဖြစ်နေတော့တာပဲလေ၊ ပိုက်ဆံလည်း ကောင်းကောင်းမရှာတတ်တော့ သူနဲ့တွဲတဲ့သူတွေဆီက ရသမျှယူပြီး ပိုင်းလုံးလို့ နာမည်ကြီးလာတာပေါ့၊ သူ့ကိုယ်သူလည်း မသိလို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီနွံထဲက သူ ရုန်းမထွက်နိုင်ဘူး ..."



"နန္ဒာနဲ့တွေ့တော့ နန္ဒာ့ဆီက အကူအညီ ရလိုရငြား ကပ်တာပဲ၊ နန္ဒာလည်း သူ့ကို ဟိုမှာအလုပ်ရဖို့တော့ဂရန်ဒီပေးပါတယ်၊ စင်ကာပူမှာ နန္ဒာ့ဖေဖေ ရှိတာပဲ၊ သူ့ဘာသာကို ဒီက မထွက်နိုင်သေးတာ"

"ကိုယ်မေးချင်နေတာ ရှိတယ်၊ တစ်နေ့က နန္ဒာပြောခဲ့တဲ့ အမျိုးသမီးတစ်ယောက်နဲ့ စကားများတယ်ဆိုတဲ့ ကိစ္စ"

"ဪ ... ဟုတ်တယ်၊ သူ ဒေါသထွက်ရင်လည်း သိပ်ကြောက်စရာကောင်းတာ၊ ဒါပေမဲ့ အဲဒီအမျိုးသမီးကို သူက စပြီးမိတ်ဆက်တာ၊ အမျိုးသမီးက သူ ဘယ်သူဆိုတာလဲ သိရော စကားလုံးဂမပြောဘဲ အဖက်မတန်သလို ထွက်သွားတယ်၊ အဲဒါကို သူက ခံပြင်းပြီး လိုက်ရန်တွေ့တာပဲ"

"ကိုယ်နားမလည်လို့ ..."

"နေပါဦး ဖြည်းဖြည်းပေါ့"

နန္ဒာက သူ့ အလောတကြီးနိုင်မှုကို ကြည့်ပြီး လှောင်ရယ် ရယ်သည်။ ရန်မိုးအတွက် အဲသည်အချက်အလက် တစ်ခုက ဘယ်အတိုင်းအတာအထိ အရေးကြီးနေသည်ဆိုတာ သူမ မသိ။ သူမအတွက်တော့ ဟန်နီ သေဆုံးရခြင်းသည် အိမ်မှာမွေးထားသည့် ကြောင်ကလေး တစ်ကောင် ပျောက်သွားသလောက်ပဲ အရေးစကားကြီး ဖြစ်နိုင်လိမ့်မည်။ နှုတ်ဖျားမှ ကိုယ်ချင်းစာတရား ဆိုတာကတော့ ဘယ်သူမဆို ရှိနိုင်သည်ပဲ။

"အဲဒီနေ့က ဗိုလ်ချုပ်ဈေးမှာ၊ နောက်ဘက်တန်းမှာ နန္ဒာ့ကား ရပ်လိုက်တော့ သူက ပျာပျာသလဲ ပြောဆော့တာပဲ"

♥ ❋ ♥

"နန္ဒာ ... ကိုယ် သိပ်တွေ့ချင်နေတဲ့ လူတစ်ယောက် ..."

"ဘယ်မှာလဲ"

"ကားနဲ့ အပြင် ပြန်ထွက်သွားပြီ"

"လိုက်မလို့လား"

ဗိုလ်ချုပ်လမ်းပေါ်အထိ ကားပြန်ထွက်ဖို့ ဆိုတာ မလွယ်လှမှန်း သိသော်လည်း ဝတ္တရားအရတော့ နန္ဒာပြောဖြစ်သည်။ သည်လို စနေနေ့မျိုး ဗိုလ်ချုပ်ဈေးထဲ ကားအဝင်အထွက်က နာရီဝက် တစ်နာရီ ကြာတတ်သည်။ ဟန်နီက စီတန်းနေသော ကားများကို မျှော်ကြည့်ရင်း ...

"မီမှာ မဟုတ်တော့ပါဘူး"

ဟု စိတ်ပျက်လက်ပျက် ပြော၏။

"ဒါဆိုလည်း နောက်မှ ရှာပေါ့ကွာ၊ သွားစို့"

"ခဏလေး နန္ဒာ၊ သူ့ကားပေါ်က အမျိုးသမီးနှစ်ယောက် ဆင်းသွားတာ တွေ့တယ်၊ သူ့မိန်းမ ဖြစ်မယ်ထင်တယ်၊ ကိုယ် သွားတွေ့လိုက်ဦးမယ်"

"ဩော် ... အေး၊ ဒါဆိုလည်း သွားလေ၊ ကိုယ် ဒီကပဲ စောင့်မယ်"

ဟန်နီ ကားတံခါးဖွင့် ဆင်းသွားသည်။ ကားကိုနေရာတကျရပ်ပြီး ကားတံခါး သော့ခတ်လျက် နန္ဒာက စိတ်အေး



လက်အေးပင် စောင့်သည်။ စနေနေ့ ဗိုလ်ချုပ်ဈေးသည် စည်ကားမြ၊ ရှုပ်ထွေးမြ။ ရန်ကုန်မြို့မှာ ကားတွေ အဝင်များလာတော့ ဗိုလ်ချုပ်ဈေးအတွက် ကားပတ်ခ်ကို ခုထက်တိုးချဲ့ပို့ ကောင်းပြီဟု နန္ဒာ တွေးမိသည်။ ဈေးလာသူတိုင်းလည်း သည်လိုပဲ တွေးမိကြမှာပါပဲ။

"ဒီမှာ ဒေါ်မေသက်ပန်၊ ကျွန်မကို မတူမတန် မဆက်ဆံစမ်းပါနဲ့၊ ရှင့်ရဲ့ အသုံးမကျမှုကို ဖုံးကွယ်ဖို့ ကျွန်မတစ်ယောက်တည်းကို အပြစ်ပုံချမနေနဲ့၊ ဒီကိစ္စမှာ ရှင့်အပြစ်တွေ အများကြီး ပါတယ်လို့ ရှင် မတွေးမိဘူးလား၊ နည်းနည်းလေးမှ မတွေးမိဘူးလား ...

"ရှင် အသုံးမကျလို့၊ ရှင်ညံ့ဖျင်းလို့၊ ကျွန်မဘက်ကတော့ အမြဲအဆင်သင့်ပဲ၊ အချိန်တိုင်း အဆင်သင့်ပဲ၊ ရှင် ဘာပြောချင်လဲ"

"မင်းမိုက်ရိုင်းလှချည်လား၊ မင်းဟာ အောက်တန်းစားမိန်းမပဲ"

"ရှင်နဲ့ ဘာဆိုင်လို့ ရှင်က ဝင်ပြောရတာလဲ။

ဟာ ... ပြဿနာ။

ဟန်နီ ဘာတွေ ဘယ်လိုလုပ်နေတာလဲ။

သူမနှင့် သိပ်မကွာလှမ်းလှသော ပန်းချီပစ္စည်းအရောင်းဆိုင်ရှေ့မှာ ရပ်နေသည့် ဟန်နီ့ထံ အကဲခတ် လှမ်းကြည့်သည်။ ဟန်နီက နန္ဒာ့ကို ကျောခိုင်းထားသည့်အတွက် မျက်နှာရိပ်ကို မမြင်ရပါ။ သို့ပေမဲ့ စကားသံတွေကတော့ စူးရှပြင်းထန်လှသည်။ နန္ဒာနှင့် မျက်နှာချင်းဆိုင်မှာတော့ တုန်လှုပ်ရှက်ရွံ့နေ

သော၊ ရှင်းသန့် ချောမွေ့သော မျက်နှာပိုင်ရှင် အမျိုးသမီးတစ်ဦးကို သေချာ မြင်နေရသည်။ သူမသည် ရုတ်တရက်မို့ ကြောင်အမ်းနေပုံရပြီး နဂိုဖြူသော မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းလျက် မျက်ဝန်းမျာလည်း မျက်ရည်ကြည်များ ရစ်ဝိုင်းနေသည်။ မိတ်ကပ်၊ သနပ်ခါး ဘာဆိုဘာမှ မရှိဘဲ ရှင်းလင်းသန့်ပြန့်နေသော မျက်နှာမှာ နက်မှောင်သော၊ ရှန်းတောက်သော မျက်လုံးဝိုင်းများနှင့် သွေးရောင်ကြောင့် နီစွေးစွေးရှိသော နှုတ်ခမ်းများက အလှပဆုံး ဖြစ်လိမ့်မည်။ အုပ်လုံးထူသော ဆံပင်ကို နဖူးပြင်ရှင်းလင်းနေအောင် နောက်လှန်ဖြီးပြီး နောက်ဘက်မှ ဆံထုံ ထုံးထားသည် ထင်၏။

ထိုအမျိုးသမီး၏ ပိုးသားလို ခပ်ပျော့ပျော့အထည်မျိုး စင်ကာပူရောက်စဉ်က နန္ဒာ မြင်ခဲ့ဖူးသည်။ မြန်မာပြည် ဗိုလ်ချုပ်ဈေးထဲမှာတော့ မမြင်ဖူးသေး။ ဘယ်လိုပဲဖြစ်ဖြစ် အဆင့်အတန်းမြင့်သော၊ သိပ်မွေ့ အေးဆေးသော အမျိုးသမီးတစ်ယောက် ဖြစ်သည် ဆိုတာတော့ သေချာလှသည်။ ဟန်နီ့လိုမိန်း ကလေးမျိုးက ...။

"မင်းက အရှက်မရှိပေမဲ့ တို့က သိက္ခာနဲ့ နေတာကွ၊ ရှက်တယ်"

"သေလိုက်ပေါ့"

ထိုအမျိုးသမီးက ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ သူမ၏နံဘေးမှာပါသော အဖော်နှင့် ဟန်နီ တစ်ယောက်တစ်ခွန်း စကားများနေကြသည်။

ရှက်စရာ ကောင်းလိုက်တာ။



လူအများရှေ့မှာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်ရသည်ကို ရှက်ရကောင်းမှန်းတော့ နန္ဒာ နားလည်သည်။ ကိုယ်တိုင်လည်း အဲလိုအဖြစ်မျိုးကို အရွံရှာဆုံး။

ရန်တွေ့ခံရသော အမျိုးသမီးသည် ရုတ်ခနဲလှည့်ပြီး ဈေးလမ်းမအတိုင်း ထွက်ပေါက်ဆီသို့ ပြေးထွက်သွား၏။ သူမ၏အဖော် အမျိုးသမီးလည်း နောက်မှ ပြေးလိုက်သွားသည် ထင်၏။ နန္ဒာလည်း ပြန်ရောက်လာမည့် ဟန်နီ့ကို မစောင့်တော့ဘဲ ဈေးထဲဝင်လာခဲ့တော့သည်။ ရင်ထဲမှာတော့ ဟန်နီ့မျက်နှာကို နောက်ထပ်မြင်ရမှာ ရွံသလိုလို ကြောက်သလိုလို။

တော်တော်အောက်တန်းကျတဲ့ မိန်းမ။

ဟု စိတ်ထဲမှာလည်း အော်ဟစ်နေမိ၏။ မြင်ခဲ့ဖူးသော ဟန်နီသည် သမင်မလေး တစ်ကောင်လို မြူးကြွသွက်လက်သည်ဟုသာ နားလည်သည်။ ခုတော့ဖြင့် ဝံပုလွေတစ်ကောင်လို အမျက်ဒေါသ ကြီးလှပါလား။ ဟန်နီ့ အပေါ် နန္ဒာ သိထားသည်က တစ်မျိုး၊ မျက်မြင်ကြုံခဲ့ရတော့ တစ်မျိုး။ အသက်ရှူနှုန်းတွေ မှားယွင်းနေမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။

♥ * ♥

"အဲဒီနေ့ကစပြီး နန္ဒာလည်း သူ့ကိုတွေ့ဖို့ လန့်သွားတယ်၊ နောက်ပိုင်း သူနဲ့မတွေ့အောင် ရှောင်တယ်၊ သူ အိမ်ကို ဖုန်းဆက်ရင်လည်း ဖေဖေနဲ့ စင်ကာပူ လိုက်သွားတယ်လို့ပဲ ညာလိုက်တယ်"

"အဲဒီအမျိုးသမီး ဘယ်သူဆိုတာ နန္ဒာ မသိဘူးပေါ့"

ရန်မိုး သိလိုသမျှကိုသာ စိတ်လောတကြီး မေးမိသည်။ သည်အခါမှာတော့ နန္ဒာက သူ့ကို မလှောင်တော့ပါ။

"မေသက်ပန် ဆိုတဲ့ နာမည်ကိုတော့ အသေအချာကြားလိုက်တယ်၊ ဒါပဲ၊ ဘယ်သူမှန်း ဘယ်ကမှန်းတော့ မသိဘူး"

"ဘာအကြောင်းကြောင့် ဆိုတာရော"

"အဲဒါလည်း မသိဘူး၊ နန္ဒာ့ အထင်ဆိုရင်တော့ သူတွေ့လိုက်တဲ့လူနဲ့ ပတ်သက်မယ်လို့ ထင်တယ်၊ အဲဒီလူကို သူ သိပ်တွေ့ချင်နေတယ်လို့တော့ ပြောတယ်၊ ဘာကြောင့်တွေ့ချင်တယ် ဆိုတာတော့ မသိဘူး"

"သူတွဲခဲ့တဲ့ လူတွေအကုန်လုံးကို နန္ဒာ သိလား"

"တချို့တလေတော့ သိတယ်၊ အိမ်ထောင်ရှိတဲ့လူတွေလည်း ပါရင်ပါတာပဲ၊ နန္ဒာတို့ကတော့ အဲဒါကို မကြိုက်ဘူး"



"သူ တစ်ယောက်ယောက်ကို စွဲလမ်းဖူးသလား၊ အဲဒါကို ရော နန္ဒာ့ကို ပြောပြဖူးသလား"

နန္ဒာက တိမ်စင်နေသော ကောင်းကင်ပြင်ကြီးကို မော့ကြည့်ရင်း အချိန်တွေ အကြာကြီး စဉ်းစားနေသည်။ တဖြည်းဖြည်း အရိပ်ထင်လာနေသော အဆုံးသတ်တစ်ခုကို ပုံဖော်ကြည့်ရင်း မရေရာမှု တစ်ခုအတွက် စိတ်မောရပြန်လေ၏။

မေသက်ပန် ဆိုတာ ဘယ်သူလဲ။

မေသက်ပန်ရဲ့ ခင်ပွန်းဟာ ဘယ်သူလဲ။

"သူ့အရင်ယောကျ်ားနဲ့ တူတဲ့ လူတစ်ယောက်အကြောင်း သူ ပြောဖူးတယ်၊ အဲဒီလူက သူ့ယောကျ်ားထက် ပိုချော ပြီး ပိုချစ်စရာ ကောင်းတယ်တဲ့၊ ဒါပေမဲ့ အဲဒီလူကလည်း သူ့ကို လက်ထပ်ယူဖို့ မဖြစ်နိုင်ဘူးတဲ့၊ အဲဒီလူကသာ သူ့ကို လက်ထပ်မယ်ဆိုရင် သူ နိုင်ငံခြားမသွားတော့ဘဲ ဒီမှာပဲ ဖြစ်ရာဘဝမှာ ရောင့်ရဲနိုင်တယ်တဲ့၊ ဒါပေမဲ့ နန္ဒာကတော့ သူ့အချစ်ကို မယုံတော့ဘူး၊ ဟန်နီက လူတချို့ကို သိပ်ချစ်တတ်တယ်လို့ ထင်လာအောင် ပြောတတ်တယ်၊ ဒါပေမဲ့ နောက်တော့လည်း ဘာမှမဟုတ်တော့ပြန်ဘူး"

"အဲဒီလူကိုလည်း နန္ဒာ မသိဘူးပေါ့"

"နန္ဒာ စိတ်မဝင်စားတော့ မမေးမိဘူးလေ"

"မေသက်ပန် … မေသက်ပန် ဆိုတာ ဘယ်သူပါလိမ့်"

နန္ဒာက ပေါ့ပေါ့ပါးပါးပင် ရယ်မောလျက် …

**"ခပ်ချောချော အမျိုးသမီး တစ်ယောက်ပေါ့"**

ဟု ပြောလေသည်။ ခုလောလောဆယ်မှာ မေသက်ပန် ဆိုတဲ့ အမျိုးသမီးကိုတွေ့ဖို့ အရေးတကြီး လိုအပ်နေပြီ။

"နန္ဒာ သူ့မျက်နှာ အနေအထားကို ပြောပြနိုင်မလား၊ ကိုယ် ပုံကြမ်းလောင်းကြည့်မယ်လေ"

"အာ ... နန္ဒာ အဲလိုတော့ မပြောတတ်ဘူး၊ နောက်ပြီး သေချာ နီးနီးကပ်ကပ် မြင်ရတာမျိုးမှ မဟုတ်တာ၊ ခပ်လှမ်းလှမ်းက မြင်ရတာမျိုး၊ ပြန်မြင်ရင်တော့ မှတ်မိမှာပဲ"

"ဒါဆို နောက်တစ်ခါ နန္ဒာ အဲဒီအမျိုးသမီးကို တွေ့တွေ့ချင်း ကိုယ့်ဆီကို ချက်ချင်း အကြောင်းကြားပါနော်"

"ဘယ်ကို အကြောင်းကြားရမှာလဲ"

"ကိုယ် ဖုန်းနံပါတ် ပေးမယ်လေ"

နန္ဒာက ရန်မိုးကို ခပ်စိုက်စိုက်ကြည့်ရင်း ပြုံးသည်။ သည်အပြုံး၏ အဓိပ္ပာယ်ကို သူ အလွယ်တကူ နားလည်နိုင်၏။ သို့ပေမဲ့ မသိဟန်သာ ဆောင်နေလိုက်သည်။ မြက်ခင်းပေါ်မှ ထပြီး အောင်းဘီကို ဖုန်ခါသည်။ နန္ဒာက ရွှေရောင်ဆံပင်နှင့် ဘိုမရုပ်ကလေး တပ်ထားသော ကားသော့ကို လှမ်းပေး၏။

"ကိုယ် ဘယ်သူဆိုတာ ပြောရဦးမှာလား"

"မလိုတော့ပါဘူး ကိုရန်မိုးရယ်"

"ကိုယ် နန္ဒာ့ကို နောက်ထပ် တွေ့ချင်ပါသေးတယ်"

နန္ဒာက ထိုင်နေရာမှထပြီး ကားနောက်ဖုံးကို ဆွဲချပိတ်လိုက်သည်။

"နန္ဒာကတော့ ရန်မိုးကို ရန်မိုးအဖြစ်နဲ့ပဲ နောက်ထပ်တွေ့ချင်ပါတယ်"



နန္ဒာ့ စကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။

"စိတ်ချပါ နန္ဒာ၊ ဟန်နီ့အကြောင်း ကိုယ် နန္ဒာ့ကို ဘယ်တော့မှ မပြောတော့ပါဘူး၊ ဒါပေမဲ့ ကိုယ့်ကို ကူညီပါဦးနော်"

နန္ဒာက သူ့လက်မောင်းကို မှီတွယ်ထားသည်။ သူမ ဆံပင်တွေ လည်တိုင်ဆီ တဖျပ်ဖျပ် လာရိုက်၏။ ရန်မိုးအတွက်တော့ ရင်ခုန်သံဆိုတာ ဘယ်တော့မှ သေဆုံးမည်မထင်၊ ဆိတ်သုဉ်းမည် မထင်။

သို့ပေမဲ့ ...

ဒါဟာ အချစ်မှ မဟုတ်လေဘဲ။

♥ ✻ ♥

## အခန်း(၄)

"ဟ ... ဘသော်ကြီးပါလား"

"ဘယ်လဲ"

"သံတွဲ"

"ဘာကိစ"

"ခင်ဗျားတို့လည်းဗျာ၊ လ–ဝ–က လို့ မပြောရဘူး၊ အမေး အမြန်း ထူလိုက်တာ၊ ထုံးစံအတိုင်းပေါ့"

"တစ်ယောက်တည်းမို့ မေးကြည့်တာပါ"

"လူမရှိဘူးဗျ၊ လူနဲ့ အလုပ်က မမျှဘူး ဖြစ်နေတယ်၊ ရန်မိုးကို ဒီမှာ ထားခဲ့ရတယ်"

အကျင့်အတိုင်း အမေးအမြန်းထူသော အဖွဲ့ကို နှုတ်ဆက်ပြီး လေဆိပ်ဧည့်ခန်းမထဲ ဝင်ခဲ့သည်။ လေယာဉ်အင်ဂျင်သံတွေ ကျယ်ကျယ်လောင်လောင် မြည်ဟည်းနေ၏။ သူ အချိန်နောက်ကျနေပြီ။ လေဆိပ်စပီကာမှ သံတွဲခရီးစဉ်အတွက် ခရီးသည်များကို လေယာဉ်ပေါ်တက်ဖို့ နှိုးဆော်နေသံ ကြားသည်။ အဝတ်အစားနှစ်စုံ၊ မျက်နှာသုတ်ပဝါတစ်ထည်နှင့် သွားပွတ်တံသာပါသော ဂျင်းန်ကျောပိုးအိတ် ခပ်ပြားပြားကို လွယ်ပြီး မှန်



တံခါးမှဖြစ်လျက် ကွင်းထဲလျှောက်လာခဲ့သည်။ ခရီးသည်အတော်များများ လေယာဉ်နား ရောက်နေပြီ။ သူ့ရှေ့မှာ မွေ့ရာခွံအိတ်နှစ်လုံးကို တစ်ဖက်တစ်ချက်ဆွဲပြီး ကျောပိုးအိတ် လွယ်ထားသော မိန်းကလေးတစ်ယောက် ဆတ်တောက်တောက် လျှောက်နေသည်။ သူမ အတော်ပဲ လေးပင်နေပုံရ၏။ ကွင်းတစ်ဝက်လောက်ရောက်မှ လက်မှကိုင်လာသည့် အိတ်နှစ်လုံးကို ခဏချထားပြီး ကျောပိုးအိတ်ကို ပခုံးပြောင်းလွယ်နေပြန်သည်။ ဘသော်က ခြေလှမ်းကျဲကျဲများဖြင့် လျှောက်သွားရင်း သူမချထားသည့် အိတ်တစ်လုံးကို ဆတ်ခနဲ ကောက်မ,လိုက်သည်။

"ကျွန်တော် သယ်လာခဲ့မယ်"

"ဟောတော့"

"အဲဒီအိတ်နှစ်လုံးကျွန်တော်သယ်ခဲ့မယ်၊ ခင်ဗျားသွားတော့"

"သြော် ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

မိန်းကလေးက သူ့ကို လှည့်ကြည့်သည်ဆိုရုံ ကြည့်ပြီး လေယာဉ်လှေကားဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။ လေယာဉ်ပေါ်ရောက်တော့ သူတို့နှစ်ယောက် နောက်ဆုံး။

ပစ္စည်းတင်သည့်တန်းပေါ် သူမပစ္စည်းတွေ တင်ပေးရင်း မိန်းကလေးတစ်ယောက်တည်းနဲ့ ပစ္စည်းတွေက များလှတာပဲဟု မလိုတမာ တွေးနေမိသေးသည်။

"ကျေးဇူးတင်ပါတယ်"

ဟု သူမ ပြောတော့ ဝတ္တရားကျေ ပြုံးပြဖို့ ကြိုးစားပေမယ့်လည်း မအောင်မြင်။ နှုတ်ခမ်းတွေ ဘယ်လိုထားရမှန်းမသိ။ ခပ်တည်တည်ပင် ကိုယ့်နေရာကိုယ် ဝင်ထိုင်နေဖြစ်သည်။

မိန်းကလေးကတော့ ဘသော်ကို အတော်အမြင်
ကတ်မည်ထင်၏။

"ကျေးဇူးပြု၍ နားဆင်ပါရှင်"

ဟု လေယာဉ်စပီကာမှ သေးသေးစူးစူး အသံကလေး
ထွက်လာတော့ အင်္ကျီအိတ်ထဲ ထည့်လာသည့် ဂွမ်းစတွေကိုထုတ်
ပြီး နားထဲထည့်ထားလိုက်သည်။ မျက်လွှာပိတ်ထားလိုက်တော့
အာရုံထဲ မျက်နှာတစ်ခုက လာနှောင့်ယှက်၏။ မြင်ဖူးတာလား
တစ်ယောက်ယောက်နဲ့ တူတာလား။

သည်မိန်းကလေးကို ရင်းရင်းနှီးနှီး မြင်ဖူးသလိုပင်
သူ့နောက်ဘက်မှာ ထိုင်နေသည့် ကောင်မလေး
ကိုယ်တစောင်းလှည့်ပြီး ဖျတ်ခနဲ ကြည့်မိသည်။

"အဲ"

အကြည့်သူခိုး လူမိသွားတော့ ဘသော် နည်းနည်း
ရှက်သလိုလို ထူပူသွား၏။ ကောင်မလေးကလည်း သူ့နောက်
ကျောဆီ လှမ်းကြည့်နေသည်ကိုး။ မိန်းကလေးများနှင့် မျက်
ချင်းဆုံဖို့ တစ်ခါမှ ကြိုးစားမကြည့်ဘူးသည်မို့ ရင်ထဲအေးစက်
စက်လိုလို တစ်မျိုးကြီး။

"ဟန်နီ"

ကော်ပတ်ရုပ်လို အသက်မဲ့ မျက်နှာတစ်ခုကို
မြင်သည်။ ခပ်ဆင်ဆင်တူသည်ဟု ပြောနိုင်သည့် သူ့နောက်
မှ မိန်းကလေး မျက်နှာကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု
တည်ငြိမ်ပြီး ခွင့်လွှတ်သည်းခံနိုင်မှုဖြင့် ငြိမ်းချမ်းနေသည့် အ
အပြင်မျိုး။



အပိုအလုပ်ဖြင့် ခေါင်းရှုပ်မခံတတ်သူမို့ မျက်စိပိတ်
ထားရင်း အလုပ်အကြောင်းတွေသာ ဦးနှောက်ထဲ အတင်းထိုး
ထည့်နေမိသည်။ လေယာဉ် ငြိမ့်ခနဲ ထိုးတက်သွားပြီး သိပ်မကြာ
ခင် ခေါင်းထဲ နောက်ကျိကျိနှင့် မျက်တောင်တွေ မှေးစင်းလာ၏။
လေယာဉ်မယ်ကလေး ကော်ဖီပန်းကန် လာပေးတာကိုပင် သူ
မသိနိုင်တော့။

♥ * ♥

အိမ်ဘေး မြေကွက်လပ်မှာ ငါးဖမ်းပိုက်တွေ တစ်ထပ်ကြီး ပုံထားသည်ကို မြင်သည်။ အိမ်ကြီးရခိုင် ဆိုသည့်အတိုင်း သည်ရခိုင်ဒေသမှာ တွေ့ရတတ်သည့် အိမ်မျိုး ပျဉ်းကတိုးသစ်ဖြင့် အခိုင်အခံ့၊ ကျယ်ကျယ်ဝန်းဝန်း ဆောက်ထားသည့် နှစ်ထပ်အိမ်ကြီးဖြစ်ပြီး အိမ်အတွင်းဘက်မှာတော့ အရောင်တင်ဆီဖြင့် ပြောင်လက်နေအောင် တိုက်ချွတ်ထားပုံရသည်။

"ဒီအိမ်ပဲ ဘသော်"

"လုပ်လေ၊ ခေါ်လေ"

ဘသော်နှင့် တစ်ပတ်စဉ်တည်း ကျောင်းဆင်းလာသည့် ခင်မောင်တင့်က သံတွဲရဲစခန်းမှာ ဒုရဲအုပ်ဆိုတော့ ဘသော်အတွက် အစစအရာရာ အဆင်ပြေသည်ထက် ပိုပြီးအကောင်းဆုံး ဖြစ်သွားသည်။

သို့ပေမဲ့ နှစ်မိုင်ခန့်သာဝေးသည့် ငပလီကမ်းခြေကို မရောက်နိုင်သေးသည်ကတော့ အတော်ပင်ဆိုး၏။

"ဦးကျော်သာ … ဦးကျော်သာ"

သူတို့နှင့် အတူပါလာသည့် ရဲသားလေး တစ်ယောက်က အိမ်ရှေ့တံခါးဝမှာ ရပ်ပြီး အော်ခေါ်သည်။

"လာပါပြီ … လာပါပြီ"



မျက်မှန်နှင့် ပိန်ပိန်ပါးပါး အမျိုးသားကြီး တစ်ယောက် ထွက်လာပြီး သူတို့ကို အိမ်အတွင်းဘက်ဝင်ဖို့ ဧည့်ဝတ်ပြုသည်။ ခင်မောင်တင့်ကိုလည်း ထိုလူကြီးက မျက်မှန်းတန်းမိနေပုံရသည်။ မြို့လူထု၏ ဂရုပြုခံ လူတန်းစားထဲမှာ သူတို့ပါသည်။ ကွယ်ရာကျတော့လည်း မေတ္တာပို့သခြင်း ခံရသည့် လူတန်းစားထဲမှာ ထိပ်ဆုံးက ပါပြန်သည်။

ခုတော့ သူတို့လည်း မချိသွားဖြဲအလုပ်၊ မချိမာန်မဲ အလုပ်တွေကို သံပတ်စက်ရုပ် တစ်ရုပ်လို ပေါ့ပေါ့တန်တန် သဘောထားပြီး လုပ်နိုင်လာပြီ။

"ဘာကိစ္စရှိလို့ပါလဲ ဆရာ"

"ကိစ္စကတော့ ဦးသမီးကိစ္စပဲ"

"ကျွန်တော့်သမီး ရှိပါတယ်၊ ငြိမ်းရေ …"

အမျိုးသားကြီးက အိမ်အတွင်းဘက် လှမ်းခေါ်နေသည့်အတွက် ခင်မောင်တင့် အတော် ဦးနှောက်ခြောက်သွားပြီး ရယ်ရမလို ငိုရမလိုနှင့် ဘသော်ကို လှည့်ကြည့်သည်။ ဧည့်ခန်းသည် ကျယ်ဝန်းသော်လည်း အလင်းရောင် နည်းပါး၏။ ခေါင်းရင်းဘက်မှာ ကြိမ်ဆက်တီတစ်စုံ ချထားပြီး ကုလားထိုင်များ အလယ်မှာ ကျွန်းသားအနှစ်ဖြင့် မျက်နှာပြင် ချောထားသော ဘဲဥပုံစားပွဲတစ်လုံးရှိ၏။ လှေကားက အိမ်အတွင်းဘက်မှာ ဖြစ်ဟန်တူသည်။

အိမ်ခြေရင်းဘက်မှာတော့ တံငါများအသုံးပြုသော ရေလုပ်သား ပစ္စည်းကိရိယာတွေ အပုံအပင်ရှိ၏။ ပစ္စည်းအရောင်း ဆိုင် ဖြစ်ဟန်တူသည်။ ဧည့်ခန်းဆက်တီမှာ ထိုင်မိကြစဉ် အိမ်

အတွင်းဘက်ခန်းဆီကို မ,ပြီးထွက်လာသော မိန်းကလေးတစ်ယောက်ကို မြင်သည်။

"ဖေဖေ ... ခေါ်တယ်ဆို"

စကားသံ အနည်းငယ် ဝဲချင်၏။ သူမက ဧည့်ခန်းထဲ ထိုင်နေသော ဧည့်သည်များထံ မျက်လုံးဝေ့ကြည့်ရင်း ဘသော်နှင့် မျက်လုံးချင်းဆုံမှာ ခပ်တိုးတိုး အာမေဋိတ် ပြုလိုက်သည်ထင်၏။ ဆက်စပ်မှော်လင့်မထားပေမဲ့ ဘသော်ကတော့ အထူးတလည် အံ့ဩမနေတော့။ သံတွဲလေဆိပ်အဆင်းမှာ သူမကို ကူညီချင်သော်လည်း တမင်ဖန်တီးယူသည် ထင်မှာစိုးသည့်အတွက် မျက်နှာလွှဲထားခဲ့သည်ကို ခုချိန်မှာ အားတောင့်အားနာ ဖြစ်မိသည်။ မိန်းကလေးများနှင့် ပတ်သက်လာတိုင်း ဘသော်က နောက်ချန်ခဲ့ဖို့ကိုသော စိတ်ကူးမိသူဖြစ်၏။

"ကဲလေ ... အစ်မလည်း ထိုင်ပါဦး"

သူမက ဖဝေဖဝါ မျက်ဝန်းများဖြင့် သူတို့ကိုကြည့်ရင်း ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဦးကျော်သာသည်လည်း ခုချိန်ထိ အာကို ဘယ်လို နားလည်ရမှန်းမသိဘဲ ဝေခွဲခက်နေသလိုပင်။ မနေ့က အမှတ်တမဲ့သာ မြင်ခဲ့ရသော မိန်းကလေးကို မျက်နှာချင်းဆိုင် နီးနီးကပ်ကပ် မြင်ရတော့မှ ရင့်ကျက်သော တည်ငြိမ်သော၊ ဣန္ဒြေရသော မျက်ဝန်းများနှင့် အုပ်အုပ်ထွေးထွေးရှိသော ဆံပင်ရှည်ကြီးကို သတိပြုမိ၏။

မနေ့ကတော့ သူမ ကျစ်ဆံမြီး ကျစ်ထားသည်ထင်၏။ သည့်နေ့တော့ ဆံပင်လျှော်ပြီး အခြောက်ခံထားပုံရသည်။ အဆင်အပြင် ရိုးသားပြီး မြန်မာဆန်သည်။ သည့်ထက်ပိုပြီး



ထူးခြားသည်ဟုတော့ မထင်လှ။ မြန်မာအမျိုးသမီး တစ်ယောက်ပီသသည့် ကျက်သရေရှိမှုမျိုး သူမထံမှာ ရှိနေသည်ဟုသာ ရိုးစင်းစွာ မှတ်ချက်ချရမည်။ သို့ပေမဲ့ သူမ၏ ညီအစ်မသားချင်းဖြစ်သော မိန်းကလေးကတော့ တကာယ့်ကို ဆန့်ကျင်ဘက်ပါပဲ။

"ဒီလိုပါ ခင်ဗျာ၊ ဒါ ကျွန်တော့်သူငယ်ချင်း ရန်ကုန်မှုခင်းတပ်ဖွဲ့က ဒုရဲအုပ်ဘသော်ပါ၊ လာရင်းကိစ္စကတော့ ဦးရဲ့သမီး ဟန်နီ ခေါ် မချိုရဲ့ကိစ္စပါပဲ"

"သူနဲ့ ဦးတို့ မဆိုင်တော့ဘူး"

ဦးကျော်သာက ချက်ချင်း မျက်စိမျက်နှာပျက်သွားပြီး ပျာပျာသလဲ ငြင်းဆန်တော့သည်။ ငြိမ်းဆိုသည့် အမျိုးသမီးကတော့ သူ့ဖခင်ကိုကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေပုံရ၏။

"ဟုတ်ကဲ့၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ဆွေမျိုးသားချင်း အရင်းတွေအနေနဲ့တော့ ဦးတို့ကို အကြောင်းကြားရမှာပါပဲ၊ ပြီးတော့ မေးစရာလေးတွေလည်း ရှိလို့ပါ"

"ဒီလို ဦးရဲ့၊ ဦးသမီး ဟန်နီ သေပြီ"

ရုတ်တရက်ကြီး ဝင်ပြောလိုက်သော ဘသော်ကို ခင်မောင်တင့်က အပြုံးရိပ်ပါသော အကြည့်တစ်မျိုးဖြင့် လှည့်ကြည့်သည်။ လုပ်ချလိုက်ပြန်ပြီဟု ပါးစပ်က မပြောရုံပါပဲ။ ဘသော်ကတော့ သူ ပဏာမပျိုးနေခြင်းကို ဆက်ပြီး သည်းမခံနိုင်တော့သောအမှန်။

"မချို ဆုံးပြီ"

ငြိမ်းထံမှ တအံ့တဩ အသံ။

"ဟုတ်တယ် ခင်ဗျ"

ဦးကျော်သာ သည် ခုထိ ဘယ်လိုထင်မြင်ချက်မျိုး
ဘယ်လိုခံစားချက်မျိုးကိုမှ ထုတ်ဖော်မပြောဘဲ မျက်နှာသေ တစ်
နှင့်သာ ငြိမ်သက်နေ၏။ ငြိမ်းကသာ စိတ်ထိခိုက်သွားရခြင်း
ကြာရှည် ဖုံးကွယ်မထားနိုင်ဘဲ ...

"ဘာဖြစ်လို့လဲဟင်"

ဟု လှုပ်လှုပ်ခတ်ခတ် စကားသံဖြင့် မေးသည်
ခင်မောင်တင့်က ဘသော် လက်ဖမိုးကို သူ့လက်ဖဝါးဖြင့် အု
ဖိထားပြီး ထိန်းထိန်းသိမ်းသိမ်းပြောဖို့ အချက်ပေးသည်။ ဘသော်
တို့က အမှုစစ်သည့် နေရာကလွဲပြီး တခြားနေရာတွေမှာ သိ
စိတ်မရှည်တတ်။

"သူနေတဲ့တိုက်ခန်းမှာ သေဆုံးနေတာကို တစ်ရက်ကျော်
လောက်မှ တွေ့ရတာပါ၊ ဘာဖြစ်လို့ ဆိုတာ ကျွန်တော်တို့
ခုထိစုံစမ်းနေတုန်းပါပဲ၊ ခုလည်း ဦးတို့ကို အကြောင်းကြား
ရင်း၊ ဦးတို့ဆီက သူနဲ့ပတ်သက်တဲ့ အချက်အလက်လေး
တွေလည်း စုံစမ်းရင်း ကျွန်တော်တို့ လာခဲ့ကြတာပါ"

"ဘယ်တုန်းက ဆုံးတာလဲ"

"အလောင်းကို တွေ့တာကတော့ ကုန်ခဲ့တဲ့ တစ်ပ
ကြာသပတေးနေ့ကပါပဲ"

ခင်မောင်တင့်နှင့် ငြိမ်း အပြန်အလှန် မေးဖြေ
သည်ကို နားထောင်နေရင်းပဲ သက်ဆိုင်သူများ၏ မျက်ဝန်း
ဆီမှ နှလုံးသားကို ကူးစက်ခံစားကြည့်သည်။ ဦးကျော်သာသ
သမီးငယ်ကို တကယ်ပဲ သံယောဇဉ် ဖြတ်ထားနိုင်လေသလားမသ
မျက်ဝန်းများကတော့ ဟိုးအဝေးကြီးကို လှမ်းကြည့်နေသလို



ရီရီဝေဝေ ရှိလှသည်။ ငြိမ်းကတော့ မိန်းမသားတစ်ယောက် ပီသစွာပင် မျက်ရည်ဝဲချင်သည်ကို မျက်တောင်တဖျပ်ဖျပ်ခတ်လျက် အနိုင်နိုင် ထိန်းနေ၏။ လူ့လောက လူ့အသိုက်အဝန်းမှာ ဘဝဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွေ၊ သဘောပေါက် နားလည်ခြင်းတွေ မတူညီသမျှတော့ အပြစ်ပေးမှုတွေ အံချော်နေပြီး အမှန်တရား ဆိုတာလည်း မျက်နှာပြင် အဘက်ဘက် ရှိနေလိမ့်ဦးမည်သာ။

"သူနဲ့ပတ်သက်လို့ကတော့ ဦးအနေနဲ့ ဘာမှ ပြောစရာမရှိပါဘူး၊ ဒီတော့ သိချင်သမျှ သမီးကြီးကိုသာ မေးကြပါ၊ အမေကြီးကတော့ ဆုံးရှာပြီကွယ့်၊ ကိုခင်မောင်တင့်လည်း သိမှာပေါ့၊ အိမ်မှာ ဦးတို့သားအဖသုံးယောက်တည်း၊ သားငယ်ကတော့ သံတွဲဈေးထဲ ဆိုင်ထွက်နေတယ်၊ ကဲ ... သမီး စကားပြောနေရစ်ပါကွယ်၊ အဖေ ဧည့်သည်တွေစားဖို့ သောက်ဖို့ သွားစီစဉ်လိုက်ဦးမယ်"

ဦးကျော်သာ ယဉ်ကျေးမှုအရ နှုတ်ဆက်ပြီး ထသွားသည်။ ငြိမ်းသည် ကလေးဆိုးများကို ထိန်းကျောင်းနေရသော မိခင်သဖွယ်ပင် အရာရာကို ခံနိုင်ရည်ရှိနေသော မျက်နှာပေးမျိုးနှင့် အေးစက်စက် ပြုံးလေ၏။

"အဖေကတော့ မြင်တဲ့အတိုင်းပဲ ချို့ကို ခုထိ စိတ်နာမဆုံးဘူး၊ ငြိမ်းတို့လည်း စိတ်နာတာပါပဲလေ၊ ဒါပေမဲ့ သွေးသား အရင်းအချာ မဟုတ်လား၊ အရေးကျတော့ စိတ်နာတာနဲ့ ဖုံးမပစ်နိုင်ဘူး၊ ဝမ်းနည်းမိတာပဲ၊ သူ ဘာဖြစ်တယ်ဆိုတာ ငြိမ်းကို အရင်ပြောပါဦး"

ခင်မောင်တင့်က ဘသော်ကို လှည့်ကြည့်သည်။ အရင်းအတိုင်တော့ ပြောမဖြစ်သည်ကြောင့် ဘယ်လိုစကားတန်ဆာ ဆင်ရမည်ဆိုတာ ချိန်ဆရသေးသည်။ တကယ်တော့ ဘသော်က စကားကို ကွေ့ကောက်သွယ်ဝိုက်ပြီး ပြောတတ်ဖို့ အရည်အချင်း ရှိသူ မဟုတ်ချေ။ သို့ကြောင့်လည်း သူက စကားများများမပြောဘဲ အလုပ်ကိုသာ သဲမဲလုပ်ချင်၏။

"လောလောဆယ်မှာတော့ လူသေမှုနဲ့ပဲ ကျွန်တော်တို့ အမှုဖွင့်ထားပါတယ်၊ ဒါပေမဲ့ သူ့ရဲ့သေဆုံးပုံကို စစ်ဆေးပြီး ကောက်ချက်ပြောင်းပြီး ဆွဲသင့်ရင် ဆွဲရမှာပါ၊ ဒါကြောင့် အစ်မအနေနဲ့ ကျွန်တော်တို့ကို ကူညီတဲ့သဘော၊ ဟန်နီရဲ့ နောက်ကြောင်းရာဇဝင်ကို ပြောပြနိုင်မလားလို့ပါ"

"ရောဂါတစ်ခုခုကြောင့်လား"

"မဟုတ်ဘူး၊ အခန်းထဲမှာ ဆေးထိုးအပ်တန်းလန်းနဲ့ ဆုံးနေတာ တွေ့တာ"

"ဟင် ... ဒါဆို ဘိန်းဖြူပေါ့"

ငြိမ်း အထိတ်တလန့် ဖြစ်သွားပြီး ချက်ချင်း မျက်နှာပြင်တွေ ဖြူရော်သွားသည်။

"အဲလို အစက ထင်တာပဲ၊ ဒါပေမဲ့ မဟုတ်ဘူးဗျ၊ တစ်ယောက်ယောက်က အဲလိုဖြစ်အောင် စီစဉ်ခဲ့ပုံရတယ်၊ သူ့မျက်နှာက ထိတ်လန့်တကြားနဲ့ သေဆုံးခဲ့တဲ့ ပုံစံမျိုးပဲ၊ တစ်ယောက်ယောက်ရဲ့ ပယောဂကြောင့်ပေါ့လေ"

"လူသတ်ခံရတာလို့ ဆိုလိုတာလား"

"အဲလို ပြောနိုင်ပါတယ်"



"အမယ်လေး ... အဖြစ်ဆိုးလိုက်တာ ချိုးရယ်"

ငြိမ်း မျက်ရည်တပေါက်ပေါက် ကျလာသည်။ သူစိမ်းများ ရှေ့မှာမို့ ရိုက်ငိုချင်စိတ်ကို သူမ ထိန်းချုပ်နေခဲ့သည် ထင်၏။ ပြီးတော့ သူမကို အားပေးဖို့၊ ဖြေသိမ့်ဖို့၊ တရားချဖို့ အဖော်တစ်ယောက်တလေမှ အနားမှာ ရှိမနေပါ။ သည်မိသားစု အတွင်းမှာ သူမကသာ အားလုံးကို ဖျောင်းဖျနှစ်သိမ့်ခဲ့ရသူ ထင်ပါရဲ့ ...။

"သူ့ ... သူ့ယောကျ်ားရော"

"အဲ ... ကျွန်တော်တို့ အဲဒါပဲသိချင်တာဗျ၊ သူဟာ ခုချိန်မှာ အိမ်ထောင်လက်ရှိ မဟုတ်ပါဘူး၊ အဲဒီတိုက်ခန်းမှာ သူတစ်ယောက်တည်း နေတာ"

"ဟုတ်လား၊ ကျွန်မတို့နဲ့ သူ ကွဲနေတာ လေးငါးခြောက်နှစ်ရှိပါပြီ၊ သူ့အကြောင်း ငြိမ်းတို့ ဘာမှမစုံစမ်းဘူး၊ သိလည်းမသိဘူး၊ ငြိမ်း ပြောနိုင်မယ် ဆိုရင်လည်း ငြိမ်းတို့နဲ့ အတူရှိခဲ့တဲ့ သူ့အကြောင်းပဲ ပြောနိုင်မှာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အတွက် အထောက်အကူဖြစ်ပါတယ်"

ငြိမ်းက မျက်ရည်စကို လက်ခုံဖြင့် သိမ်းသည်။ ခင်မောင်တင့်က ပန်းရိုးမ ဗိုင်ယာရီစာအုပ်ကိုဖွင့်ပြီး ဘောလ်ပင် အဆင်သင့် ကိုင်၏။

ဘသော်ကတော့ ငြိမ်း မျက်နှာလေးကို ငေးမောကြည့်နေရုံသာ။

♥ ❋ ♥

"ချို့ ငယ်နာမည်နဲ့ နာမည်ရင်းက ချိုချိုပါပဲ၊ ဒါပေမဲ့ ကျောင်းတက်တော့ ကျောင်းမှာ ဟန်နီလို့ အင်္ဂလိပ်နာမည် ပေးခဲ့တယ်၊ အဲဒီတုန်းက ငြိမ်းတို့ ရန်ကုန်မှာပဲလေ၊ ဖေဖေက အင်္ဂလိပ်စာနည်းပြ၊ ဆယ်တန်းသမားတွေကို ကျူရှင်ပြတယ်၊ ကျောင်းမှာ ချို့နာမည် ဟန်နီကျော်သာ ဖြစ်သွားတာပေါ့၊ ဒါပေမဲ့ အိမ်မှာတော့ အားလုံးက ချိုလို့ ခေါ်ကြတယ်၊ ဆယ်နှစ်သမီး ... အဲ ... ချို ဆယ်နှစ်သမီး၊ ငြိမ်း ဆယ့်နှစ်နှစ်သမီးမှာ ငြိမ်းတို့မိသားစု သံတွဲကိုပြန် ပြောင်းလာကြတယ်၊ မှတ်ပုံတင်လုပ်တော့ ချိုက သူ့ကိုယ် သူ ဟန်နီဆိုတဲ့ နာမည်နဲ့ပဲ လုပ်တယ် ...

"ငြိမ်းတို့မိသားစုမှာ ဖေဖေ မေမေရယ်၊ ငြိမ်းရယ်၊ ချိုရယ်၊ မောင်လေး ကိုထက်ရယ် ငါးယောက်ရှိတယ်၊ ချိုက ငယ်ငယ်ကတည်းက သူလုပ်ချင်ရာကို စွတ်လုပ်တတ် တဲ့ အကျင့်ရှိတယ်၊ သူ့ကိုယ်သူလည်း ဘိုဆန်တယ်ဆိုပြီး သိပ်ဂုဏ်ယူတာ၊ ချိုက အင်္ဂလိပ်စာလည်း သိပ်တော်တယ် နောက်ပြီး စွာတယ်၊ အစွဲအလမ်း ကြီးတယ် ...

"အဲဒါတွေ အားလုံးဟာ ကလေးဘဝမှာ အသေး အမွှားတွေချည်းပဲ၊ ခွင့်လွှတ်လို့ရတဲ့ အားနည်းချက်တွေ



ချည်းပဲ၊ ဒါပေမဲ့ တဖြည်းဖြည်း အသက်အရွယ် ကြီးလာ တော့ ချိုက ဆုံးမရ ခက်လာတယ်၊ ယောကျ်ားလေး အပေါင်းအသင်းလည်း များလာတယ်၊ အဲတော့ အတန်း ကြီးပြီး လူကောင်ထွားလာတဲ့ မောင်လေးနဲ့ တစ်ရန်ပဲ၊ နောက် ငြိမ်း ရန်ကုန်မှာ ကျောင်းသွားတက်နေတုန်း ချို ရည်းစားထားတယ်တဲ့၊ ဘယ်သူနဲ့လဲဆိုတော့ အိမ်ကိုဝင် ထွက်နေတဲ့ အရာရှိတစ်ယောက်နဲ့၊ အဲဒီလူမှာ အိမ်ထောင် ရှိတာ ဖေဖေ မေမေတို့လည်း အသိ၊ ချိုလည်း အသိ၊ အဲဒီလူကလည်း အစကတော့ သွေးရိုးသားရိုးပဲ၊ သူက မိဘဘိုးဘွားက ပိုက်ဆံချမ်းသာတော့ အမွေရထားတာရှိ တယ်၊ အဲတော့ စီးပွားရေးမျိုးစုံ လုပ်တယ်၊ ပွဲရုံလုပ်ငန်း တွေ ဘာတွေ လုပ်တယ်၊ ငြိမ်းတို့ကလည်း ဘိုးဘွားလက် ထက်ကတည်းက ငါးပိ ငါးခြောက် လုပ်လာတော့ ဆက် မိကြတယ်ပေါ့၊ စီးပွားဖက်တွေ ဖြစ်လာပြီး သူ့အကြောင်း ကိုယ်သိ၊ ကိုယ့်အကြောင်းသူသိ ရင်းနှီးလာတာပဲ၊ အဲဒီက နေ သူတို့နှစ်ယောက် ဘယ်လိုကြိုက်သွားတယ် မသိဘူး၊ နီးစပ်မှုပဲ ထင်ပါရဲ့၊ အဲဒီလူက ရုပ်တော့ဖြောင့်တယ် ...

"အိမ်ကသိတော့ ဟိုလူကို အဝင်အထွက် မလုပ်ခိုင်း တော့ဘူး၊ ချို့ကိုလည်း အိမ်ထဲက အိမ်ပြင်မထွက်ခိုင်းဘူး၊ ငြိမ်းတို့ မိဘတွေက ငွေကြေးချမ်းသာတာတွေ၊ ဂုဏ်ရှိတာ တွေကို မရှိမဖြစ် လိုအပ်ချက်လို့ သတ်မှတ်ထားတာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကိုတော့ နည်းနည်းမှ အတိမ်းအစောင်း မခံနိုင်ကြဘူး၊ ပတ်ဝန်းကျင်

ကလည်း ဒီလူ့အကြောင်း သိနေတော့ ငြိမ်းတို့မှာ သူ့ကြောင့် အရှက်ကြီး ရှက်ခဲ့ရပါတယ်၊ ငြိမ်း ကျောင်းပြီးလို့ အိမ်ပြန်လာတော့ ချို ယောကျ်ားနောက် လိုက်ပြေးတယ်လို့ ကြားရတာပဲ၊ အဲဒီလူနဲ့ပဲပေါ့၊ အလုပ်ပြောင်းရတော့ ဟိုလူက အပါခေါ်သွားတာနဲ့ တူပါတယ်၊ ချိုဆယ်တန်းတောင် မအောင်လိုက်ဘဲ အဲဒီလူနောက် လိုက်သွားတော့တာပဲ၊ ငြိမ်းတို့မိသားစု အကြီးအကျယ် အရှက်ကွဲတာပေါ့၊ ပတ်ဝန်းကျင်ကလည်း ဟိုလူက ပိုက်ဆံချမ်းသာလို့၊ ရာထူးရှိလို့ တမင်လွှတ်ပေးတယ်လို့ ပြောကြ ဆိုကြတယ်၊ အဲဒီမှာတင် ဖေဖေက သူ့ကိုရော ပတ်ဝန်းကျင်ကိုရော စိတ်နာပြီး သမီးအဖြစ်က စွန့်လိုက်တာပဲ ...

"မေမေလည်း သူ့စိတ်နဲ့ပဲ လုံးပါးပါးပြီး ဆုံးရှာတာပါပဲ၊ ငြိမ်းတို့လည်း သူ့ကိုစိတ်နာလို့ ဒီနေ့အထိ လုံးဝ မဆက်သွယ်ဘူး၊ သူ့အကြောင်းတွေ လာပြောလည်း နားမထောင်ဘူး၊ သူကလည်း ခေါင်းမာသားပဲလေ၊ လုံးဝ အကြောင်းမကြားဘူး၊ အဆက်အသွယ် မလုပ်ဘူး၊ သူ့ဘက်က တောင်းပန်လာရင်တောင် ကိုယ့်ဘက်က ညီအစ်မဆိုတဲ့အသိနဲ့ ပြတ်နိုင်မှာ မဟုတ်ဘူး၊ ခုတော့ သူကတောင် သံယောဇဉ် နည်းသေး ဘာပဲဆိုပြီး ငြိမ်းတို့လည်း သူ့ကို မေ့ထားလိုက်တော့တာပဲ၊ ခုတော့ နေသားကျနေပါပြီ၊ ချိုဆိုတာ မိသားစုထဲမှာ မရှိခဲ့ဖူးသလိုပဲ နေနိုင်ပါပြီ ..."

"အဲလိုအချိန်မှာမှ ..."

♥ ❄ ♥



အမှုသွား အမှုလာကို နားထောင်ရသည်နှင့် မတူ။ မိသားစု၏ ခံစားချက်၊ နာကြည်းချက်တို့ကို ကူးစက် ခံစားစေရအောင် တိုင်တည်နေသည်နှင့်တူ၏။ ငြိမ်း မျက်ဝန်းထဲမှာ ညီမငယ်အတွက် နာကြည်းခြင်းတွေ မပျောက်ကွယ်နိုင်သလို ကရုဏာအရိပ်အယောင်တွေလည်း ရှိနေသည်။

"အဲဒီလူကို ကျွန်တော်တို့ သိချင်တာ"

"အဲဒီလူ နာမည်က ကိုအေးမြင့်သန်းတဲ့၊ သစ်လုပ်ငန်းမှာ အရာရှိပဲ"

"သူ့ဓာတ်ပုံများ ရှိမလား မသိဘူး"

"ဘယ်လိုလုပ် ရှိရမှာလဲ၊ ဒီလောက် မုန်းတီးစရာကောင်းတဲ့ လူတစ်ယောက် ဓာတ်ပုံကို ကျွန်မတို့က အိမ်ခေါင်းရင်းမှာချိတ်ဖို့ သိမ်းထားရမှာလား"

ဘသော် မပြုံးမိအောင် သတိထားနေရသည်။ ခင်မောင်တင့် ပခုံးလေး တွန့်သွား၏။

"ကျွန်တော် ဆန္ဒတွေ စောသွားလို့ပါ"

သူမ၏ ဒေါသအတွက် သူမ ပြန်ပြီးရှက်သွားသည်ထင်၏။

"ငြိမ်းလည်း ပြန်တွေးမိပြီး ဒေါသထွက်သွားလို့"

ဟု ဖြေပြော ပြောသည်။

"သူတို့ အခု ကွဲသွားကြပြီ အစ်မ၊ လောလောဆယ် ဟန်နီ့မှာ အိမ်ထောင်မရှိဘူး၊ ဘယ်သူမှလဲ သူ့သတင်းကို လာမစုံစမ်းကြဘူး၊ သူ့အကျိုးအကြောင်း လာမမေးကြဘူး၊ သူ့အပေါင်းအသင်းတွေကတောင် အမှုပတ်မှာစိုးလို့ မလာကြဘူး၊ ခုတော့ သူဟာ တကယ့်ကို တစ်ကောင်ကြွက်ပါပဲ"

"အင်းလေ ... သူ့ကြမ္မာ သူဖန်တီးသွားတာပဲ"

ကြေကွဲမှုကို ထိန်းသိမ်းဖို့ အချိန် လုံလုံလောက်လောက် ရသွားသလား မပြောတတ်။ ဘသော်ကတော့ ဟန်နီဆိုသော မိန်းကလေး၏ ကြမ္မာဆိုးကိုသာ တွေးမိပြီး စိတ်မသက်မသာ ဖြစ်ရသည်။ သူမသည် သူမတစ်ယောက်တည်းသောဘဝကို ဖန်တီးတည်ဆောက်ပြီး အချိန်တွေ အများကြီး မရေမရာ ဖြုန်းတီးပစ်ခဲ့သည်။ နောက်ဆုံးအချိန်မှာ ကုသိုလ်ပြုပေးမည့်သူ မရှိ။ အနုမောဒနာ ပြုမည့်သူ မရှိ။ နောက်ဆုံး သူမအတွက် မျက်ရည်ကျမည့်သူပင် မရှိ။ သူမကိုယ်တိုင် ပြန်မြင်နိုင်မည်ဆိုလျှင် ဘယ်လောက်များ နာကြည်းလိုက်မလဲ။

"အခု အစ်မအနေနဲ့ မဟန်နီရဲ့ အလောင်းကို ဘယ်လို အစီအစဉ်နဲ့ ..."

"ငြိမ်းအနေနဲ့ကတော့ ဖေဖေ့ကို စိတ်ဒုက္ခ မပေးချင်တော့ဘူး၊ ခုလို အခြေအနေမျိုးနဲ့ သူ့ကိုလည်း မမြင်ချင်တော့ဘူး၊ အသက်ရှင်လျက်နဲ့ အချိန်တွေ အကြာကြီးတောင် မဆိုင်သလို နေခဲ့ပြီးမှတော့ ခုလည်း အရင်အတိုင်းပဲ



ထားလိုက်ချင်ပါတယ်၊ အဲ ... သူ့ကို ရည်စူးပြီး အလှူဒါနတော့ ပြုပေးရမှာပေါ့၊ သူ့ယောက်ျားကတော့ တာဝန်ယူချင် ယူမှာပေါ့၊ ဒါပေမဲ့ သိပ်လည်း မျှော်လင့်လို့ မရပါဘူး"

"ဗိုပြီးတော့တောင် မျှော်လင့်လို့ မရပါဘူး"

ငြိမ်းက ဘသော်ကို အေးစက်စက် ကြည့်သည်။

"ငြိမ်းတို့မှာ သူနဲ့ ပတ်သက်ပြီး နောက်ထပ် ခံစားနိုင်စွမ်း မရှိတော့ပါဘူး"

ဦးကျော်သာ စားသောက်စရာများ ထည့်ထားသော သင်ပန်းတစ်ချပ်နှင့် ပြန်ရောက်လာတော့ ငြိမ်းက မျက်နှာရိပ်ကို ချက်ချင်းပြင်သည်။

"ငနီတူသုပ်ပဲကွ၊ စားကြည့်ပါဦး၊ ဒီဒေသရဲ့ သရေစာ တစ်မျိုးပေါ့ကွယ်"

သည့်ထက် နည်းနည်းပိုပြီး ထူးခြား အကျိုးရှိသင့်သည်ဟု ဘသော် ထင်သော်လည်း နောက်ထပ် သံသယစာရင်းထဲ လူတစ်ယောက်အမည် ပိုလာသည်ကလွဲပြီး သိပ်အကျိုးမရှိပေ။

♥ ✱ ♥

"ကိုဘသော်က ဘယ်တော့ ရန်ကုန်ပြန်မှာလဲ"

"နက်ဖြန် ပြန်မှာပါ အစ်မ"

"ဒီနေ့တောင် ဖလိုက်မရှိလို့ ရှိရင် ပြန်လိုက်ရမှာ"

ဟု ခင်မောင်တင့်က ဝင်ပြောသည်။ ဖိနပ်စီးပြ တံခါးဝမှာရပ်လျက် ဦးကျော်သာကို နှုတ်ဆက်သည်။ ငြိမ်းက ရယ်ဟဟဖြင့် ...

"လေယာဉ်ကွင်းမှာ ကူညီခဲ့တာ ကျေးဇူးပါပဲ ကိုဘသော်

ဟု လှမ်းပြောတော့ ခင်မောင်တင့် ကြောင်အမ် အမ်းဖြင့် သူ့ကို လှည့်ကြည့်သည်။

"အစ်မက ရန်ကုန် မကြာခဏ သွားရလား"

"မောင်လေး သွားနေကျပါ၊ ငြိမ်းက ဒီတစ်ခေါက်မှ သွာ တာ၊ အသွားတုန်းက အဖော်ကောင်းလို့ လိုက်သွားပြ ဆိုင်အတွက် ပစ္စည်းတွေ ဝယ်လာတာ၊ အပြန်ကျမှ တ ယောက်တည်း မနိုင်မနင်း ဖြစ်လာတာ"

"အဲဒီကတည်းကသာ စကားစပ်မိရင် ကျွန်တော် ဒီလော အလုပ်ရှုပ်မှာ မဟုတ်ဘူး"

"အဲဒီတုန်းကတော့ ကိုဘသော်က ကျေးဇူးတင် မခံချင် ကိုး၊ မျက်နှာထား တင်းတင်းကြီးနဲ့"



သည်လို အပြောအဆိုကျတော့လည်း ငြိမ်းက ချစ်ခရာ ကောင်းပြန်သည်။ မိန်းမတစ်ယောက်ကို ချစ်စရာကောင်းသည်ဟု မှတ်ချက်ချမိသည့်အတွက် စိတ်ဝင်စားသလိုလို ဖြစ်မိသည့်အတွက် ဘသော် ကိုယ့်ကိုယ်ကိုယ် အံ့သြမဆုံးတော့။

ငြိမ်းစကားကို မတုံ့ပြန်တတ်သည်မို့ ရယ်မောနှုတ်ဆက်ပြီးသာ ပြန်ခဲ့ရသည်။ နောက်ထပ် ပြန်တွေ့မည် မတွေ့မည် မသေချာ။ တွေ့ရမည်ဆိုလျှင်ရော ဝမ်းသာရမည်လား၊ ကြည်နူးရမည်လား။ ဘာမှ အကြောင်းမထူးပါဘူးဟု ကိုယ့်ဘာသာ ဝေဖန်ချက် ပေးမိသည်။ ခင်မောင်တင့်က ဘသော်ကို ...

"မင်းက အဲဒီ ငြိမ်းဆိုတဲ့ အမျိုးသမီးနဲ့ ဘယ်တုန်းက သိလိုက်တာလဲ"

ဟု တအံ့တသြ မေး၏။

"မသိပါဘူး၊ မနေ့က ရန်ကုန်ကွင်းမှာ သူ့ပစ္စည်းတွေ ကူသယ်ပေးခဲ့ရလို့ မှတ်မိနေတာပါ"

"အလယ်လယ် ... တို့ ခတ်လိုက်ကျော်ကြီးက အတော် ဟုတ်လာပြီပဲ၊ ကောင်မလေး ပစ္စည်းတွေတောင် ကူသယ် ပေးတတ်လာပြီ"

"ဟာကွာ ... ကွင်းလယ်မှာမနိုင်မနင်းနဲ့ ရပ်ပျက်နေလို့ ကူသယ်ပေးတာပါ၊ မင်းတို့ကောင်တွေ ဒါပဲလိုက်နှိပ်ကွပ်နေ"

"တော်ကြာ ရန်မိုးကမစွံဘဲ မင်းအရင် မဲပေါက်သွားမယ်"

"တော်စမ်းပါကွာ၊ အဓိပ္ပာယ်မရှိတာ"

ခင်မောင်တင့်က ဘသော်၏ ရှက်အမ်းအမ်း မျက်နှာကိုကြည့်ပြီး တဟားဟား အော်ရယ်လေသည်။

♥ ❋ ♥

## အခန်း(၅)

ကိုအေးမြင့်သန်းသည် ရုပ်ရည်သန့်ပြန့်ပြီး အသား ညိုချောဟု မှတ်ချက်ပြုရမည့် လူတစ်ယောက်ဖြစ်၏။ အရပ်မြင့် မြင့်မို့ တုတ်ခိုင်သော ခန္ဓာကိုယ်က သိပ်မသိသာလှဘဲ လိုက်လျော ညီထွေရှိသည်။ သို့ပေမဲ့လည်း အထိတ်တလန့် ဖြစ်နေသည့်အတွင်း စိတ်ကို ဖုံးဖိမရဘဲ ချွေးစေးများပြန်ပြီး မျက်နှာပျက်ယွင်းနေသည်မို့ ကြောက်စိတ်က သူ့မျက်နှာသွင်ပြင်ကို အရုပ်ဆိုးစေသည်။

"ထိုင်ပါ ကိုအေးမြင့်သန်း"

ရန်မိုးက စီးကရက်အစီခံကို ပြတင်းပေါက်ပေါင် မှာ ထိုးခြေလိုက်ပြီး အပြင်ဘက် တောက်ထုတ်ပစ်လိုက်၏။ ဘသော်က ရုံးခန်းတံခါးကိုပိတ်ပြီး လက်နှိပ်စက်ရှေ့မှာ ထိုင်လိုက် သည်။

"ခေတ်ပုံတွေ မြင်ပြီးရောပေါ့"

"ဟုတ်ကဲ့"

"ခင်ဗျားရဲ့ဇနီးဟောင်း ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်တို့ ကွဲတာ ကြာပြီ"



"ဟုတ်ဝါပြီ၊ ကျွန်တော် အစ်ကို့ကို ဘာမှ မမေးရသေးပါ ဘူး၊ ကျွန်တော် မေးတာကိုပဲ စိတ်အေးလက်အေးနဲ့ ဖြေ စေချင်ပါတယ်"

ကိုအေးမြင့်သန်းက ကြိမ်ကုလားထိုင်မှာ ခပ်လျော့ လျော့ မှီထိုင်လိုက်ရင်း သက်ပြင်းရှိုက်၏။ တစ်ချိန်တုန်းကတော့ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်က သူ့ကို စွဲလမ်းတ ကြီး တွယ်တာခဲ့ဖူးသည်။ သူကလည်း ပြန်ပြီးငြိတွယ်ခဲ့မှာပါပဲ။ ခုချိန်မှာတော့ ဟိုတုန်းက အတိတ်ဆိုတာ မရှိခဲ့ဖူးသလိုဟု သူ တွေးချင်လည်း တွေးမည်။ အိပ်မက်က နိုးထလာသူ တစ်ယောက် လို သူ ရိုးတိုးရိပ်တိပ် ဖြစ်နေမှာပေါ့ အမှန်။

"ကိုအေးမြင့်သန်းနဲ့ မဟန်နီ ဘယ်တုန်းက လက်ထပ်ခဲ့ ကြတာလဲ"

"လွန်ခဲ့တဲ့ ရှစ်နှစ်ကပါ"

"အဲဒီတုန်းက ကိုအေးမြင့်သန်းမှာ အိမ်ထောင်ရှိတယ်နော်"

"ဟုတ်ကဲ့ ... ရှိပါတယ်"

"သားသမီး ဘယ်နှယောက်ရှိသလဲ"

"နှစ်ယောက်၊ သားတစ်ယောက် သမီးတစ်ယောက်ပါ"

"ကိုအေးမြင့်သန်းရဲ့ဇနီးက သိပါသလား"

"အစပိုင်းတော့ မသိဘူး၊ နောက်တော့ သူ သိသွားပါတယ်"

"အဲတော့ အိမ်ထောင်ရေး အဆင်မပြေဖြစ်ပြီး ကတောက် ကဆ ဖြစ်ကြသလား"

လက်နှိပ်စက်ရိုက်သံ တဖြောက်ဖြောက် မြည်နေ သည်။ ဘသော်၏ လက်ချောင်းရှည်ရှည်တွေ လက်နှိပ်စက်ပေါ်

အဆက်မပြတ် ပြေးလွှားနေ၏။ ကိုအေးမြင့်သန်း၏ အပြေစကားသံက တုံ့တုံ့ဆိုင်းဆိုင်း ရှိလှသည်။

"ကတောက်ကဆ ဖြစ်တတ်ပါတယ်၊ ကျွန်တော့်ဇနီးက ကွာရှင်းဖို့ ပြောတယ်၊ ကျွန်တော်က ကွာရှင်းမပေးခဲ့ဘူး"

"ဟန်နီကရော"

"သူကတော့ ကျွန်တော့်ကို မိန်းမနဲ့ကွာဖို့ နေ့တိုင်း နားပူနားဆာ လုပ်နေတာပေါ့"

"အဲတော့ အစ်ကိုက ..."

"ကျွန်တော်ကတော့ သားသမီး သံယောဇဉ်နဲ့ ဘယ်ကွာနိုင်မလဲ၊ ကျွန်တော့် ကလေးတွေကို ကျွန်တော် ချစ်တယ်လေ"

"ဟန်နီ့ကိုရော"

ရန်မိုးက မေးပြီး သူ့ဘာသာ ရယ်နေသည်။

"ဟန်နီ့ကိုလည်း ကျွန်တော် ချစ်တာပါပဲ၊ ဒါပေမဲ့ ဟန်နီနဲ့ ကျွန်တော် ငြိခဲ့တာ နီးစပ်မှုကြောင့်ပဲ၊ ကျွန်တော်နဲ့ယှဉ်ရင် သူက ကလေးလိုပါပဲ၊ သူ့ကို ကျွန်တော် ဖျောင်းဖျပါသေးတယ်၊ ဒါပေမဲ့ သူက ကျွန်တော့်ကို သိပ်စွဲလမ်းနေတယ်၊ အမှန်တော့ ကျွန်တော် မှားခဲ့တာ၊ ကျွန်တော့်အမှားကို ကျွန်တော် သိတယ် ...

"အဲဒါကြောင့် ရန်ကုန်ကို အလုပ်ပြောင်းလျှောက်တယ်၊ ဘယ်လိုမှ ပြောမရဘဲ သူပါလာတာပဲ၊ ပြောရရင် ယောက်ျားဆိုတော့လည်း အခွင့်အရေးရတော့ မထူးဘူးဆိုပြီး ခေါ်လာတာပဲ၊ ကျွန်တော့်မိန်းမက ပဲခူးမှာနေတာဆို



တော့ မသိဘူး၊ ဒါပေမဲ့ ဟန်နီက စနေ၊ တနင်္ဂနွေ ကျွန်တော့်ကို အိမ်မပြန်ရဘူးဆိုပြီး အမြဲဂျီကျတယ်၊ နောက်တော့ မိန်းမလည်း သိသွားတာပဲ"

"ဟိုသွား ဒီလာနဲ့ ဘယ်လောက်ကြာလဲ"

"ငါးနှစ်လောက် ကြာသွားတယ်၊ ရန်ကုန်မှာသာ အနေများတာပါ၊ သူက ကျွန်တော့်ကို အပျောက်မခံဘူး၊ တကောက်ကောက် လိုက်နေတာ၊ အိမ်က ကလေးတွေ သတိရလို့ တစ်ခါတလေ လိုက်လာရင်လည်း သူက မကြည်ဘူး"

"ရန်ဖြစ်ကြရောပေါ့"

"ဟုတ်တယ်၊ ဒါပေမဲ့ သူက စကားတတ်တယ်၊ ကျွန်တော် သူ့ကို ဘယ်တော့မှ မနိုင်ပါဘူး"

"ဟုတ်လား"

ရန်မိုးက ရယ်ဟာဟာ မေးသည်။ ကိုအေးမြင့်သန်း အနည်းငယ် စိတ်တိုသွားပုံရ၏။ ဦးထုပ်ကိုချွတ် စားပွဲပေါ်တင်ပြီး ဘသော် အနား ရန်မိုး လျှောက်လာသည်။ ကာကီရောင်ယူနီဆောင်းသည် အထည်သစ်နဲ့ ထွက်နေသည့်အတွက် ဘသော်က နှာခေါင်းရှုံ့သည်။

"ဟုတ်တယ်၊ ကျွန်တော် သူ့ကို ဘယ်တုန်းကမှ ကိုယ်ထိလက်ရောက် မလုပ်ဖူးဘူး၊ သူ့ကိုမှ မဟုတ်ဘူး ဘယ်သူ့ကိုမှ မလုပ်ဖူးဘူး"

"ယုံပါတယ်ဗျာ၊ အဲတော့ သူနဲ့ကွဲသွားတယ်ပေါ့"

"ဟုတ်တယ်"

"အဲဒီကိစ္စအတွက်ပဲလား"

"အဲဒီကိစ္စ အတွက်ပဲပေါ့၊ နှစ်နှစ်လောက်အထိ မသိသာဘူး၊ လျှော့သွားမလားလို့ စောင့်ကြည့်ရင်းပဲ အချိန်တွေကြာသွားတယ်၊ ပိုဆိုးလာတယ်၊ စိတ်တွေကျဉ်းကျပ်ပြီး စိတ်ညစ်လာတယ်၊ နောက်ဆုံး ကလေးတွေကိစ္စနဲ့ စကားများတယ်၊ ကျွန်တော် သူ့ကို တဖြည်းဖြည်း စိတ်ကုန်နေတာ ကြာပြီ၊ အဲဒီနေ့မှာတော့ ကျွန်တော် လုံးဝစိတ်ပြတ်သွားတယ်၊ အိမ်ပေါ်က ဆင်းခဲ့တယ်၊ မြို့ထဲက တိုက်ခန်းနဲ့ ပိုက်ဆံတွေ သူ့ကိုပဲ ပေးခဲ့တယ်၊ ဘယ်တော့မှ ပြန်မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ အစပိုင်းတော့ သူ ကျွန်တော့်ဆီ လိုက်လာသေးတယ်၊ နောက် ကျွန်တော် တကယ်ပြတ်နိုင်မှန်း၊ သံယောဇဉ် ကုန်သွားမှန်း သိတော့ သူ မလာတော့ဘူး"

"မြို့က တိုက်ခန်းရောင်းလိုက်တာ သိလား"

"မသိပါဘူး၊ ဝယ်ကတည်းက သူ့နာမည်နဲ့ပဲ၊ သူ လွတ်လွတ်လပ်လပ် ရောင်းပိုင်ခွင့် ရှိတယ်လေ"

"အခုဝယ်လိုက်တဲ့ အိမ်ခန်းကိုရော"

"မသိဘူး"

"လုံးဝကို မရောက်ဖူးဘူးလား"

"ကွဲပြီး သုံးနှစ်လုံးလုံး ကျွန်တော်နဲ့သူ လုံးဝအဆက်အသွယ် မရှိဘူး"

"သူ့အိမ်ဘေးခန်းကတော့ ခင်ဗျားလိုပုံစံနဲ့ လူတစ်ယောက် ရောက်လာတတ်တယ်လို့ ပြောတာပဲဗျ"



"ကျွန်တော်တော့ မဟုတ်ဘူး၊ သေချာတယ်၊ ခင်ဗျားတို့လာခေါ်မှပဲ ကျွန်တော် သူ့ကိုသတိရတာ၊ သူနဲ့ပတ်သက်ပြီး နောင်တတွေ တစ်ပြုံကြီး ကျွန်တော် ရလိုက်တယ်၊ ငါးနှစ်လုံးလုံး ကျွန်တော် စိတ်ဆင်းရဲခဲ့ရတယ်၊ ခုတော့ ကိုယ့်မိသားစုနဲ့ကိုယ် စိတ်ချမ်းသာနေပြီ၊ ဒါပေမဲ့ သူ့သတင်းကြားတော့ ကျွန်တော် တကယ်စိတ်မကောင်းပါဘူး"

"သူ့သတင်းတွေရော မကြားဘူးလား"

"မကြားပါဘူး၊ ကျွန်တော်မှ စိတ်မဝင်စားတော့ဘဲ၊ မစုံစမ်းတော့ဘူးလေ"

"ငွေကြေးတွေ အတွက်ရော"

"သူနဲ့အတူနေစဉ်တုန်းက ပစ္စည်းငွေကြေးအားလုံး သူရတာပဲ၊ ကျွန်တော် အားလုံး ပေးပစ်ခဲ့တာပဲ၊ သူနဲ့အတူ မနေရရင် ပြီးရော၊ ကျွန်တော် ဘာမှမနမြောဘူး ...

"ကျွန်တော့်မိန်းမကလည်း ဘာမှမကန့်ကွက်ဘူး၊ သူကိုယ်တိုင်ကလည်း ကျွန်တော့်ကို ငွေကြေးအတွက် ဘာမှမပြောဖူးဘူး၊ မတောင်းဆိုဖူးဘူး ...

"တကယ်တော့ ဟန်နီက အချစ်ကို ကိုးကွယ်ချင်တာ သက်သက်ပါ၊ သူ ကျွန်တော့်နောက် လိုက်ခဲ့တာလည်း ကျွန်တော့်ကို ချစ်တာသက်သက်ပါ၊ ကျွန်တော့်ငွေကြေးတွေ ဂုဏ်တွေကို မက်မောတာ မဟုတ်ဘူး၊ အဲဒါတော့ သေချာတယ်၊ ငွေကြေးနဲ့ ပတ်သက်ပြီး သူနဲ့ကျွန်တော့်ကြားမှာ ဘယ်တုန်းကမှ ပြဿနာမတက်ခဲ့ဖူးဘူး"

ဘသော်က လက်နှိပ်စက်ကို ရပ်ထားပြီး လက်ချောင်းများ အသံမြည်အောင်ချိုးရင်း ကိုအေးမြင့်သန်းဆီ လှမ်းကြည့်သည်။ ရန်မိုးကတော့ ရိုက်ပြီးသား စာရွက်ထပ်တွေကို ခေါင်းငုံ့ဖတ်နေ၏။

"ခုလောလောဆယ် ဟန်နီ့အမှုမှာ အရေးကြီးတဲ့သူက ခင်ဗျားနဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ် ကိုအေးမြင့်သန်း"

"ဗျာ"

ဘသော် စကားကြောင့် သူ မျက်မှောင်ကြုတ်သွားပြီး ခန္ဓာကိုယ်ကို တောင့်တောင့်တင်းတင်း ဖြစ်အောင် ပြင်ထိုင်၏။

"ခင်ဗျားမိန်းမနာမည်က မအေးအေးနော်"

"ဟုတ်ကဲ့"

"တခြားနာမည်များ ရှိသေးလား"

"မရှိပါဘူး၊ အိမ်နာမည်၊ မှတ်ပုံတင်ထဲကနာမည် တစ်ခုတည်းပဲ၊ ကျွန်တော့်မိန်းမကို ဆွဲထည့်ချင်လို့လား၊ ကျွန်တော့်မိန်းမက အိမ်ထဲက အိမ်ပြင် ထွက်တာ မဟုတ်ပါဘူးဗျာ၊ ပြီးတော့ သူ့ကို မြင်တောင် မမြင်ဖူးလိုက်ပါဘူး"

"လိုအပ်ရင်တော့ စစ်ဆေးရမှာပေါ့ဗျာ"

ဘသော်က လက်နှိပ်စက်ထဲ ကူပွန်နှင့် စာရွက်ထပ် လိမ့်ထည့်ရင်း တစ်လုံးချင်း ခပ်လေးလေး ပြောသည်။ ကိုအေးမြင့်သန်း မျက်နှာပျက်ချင်၏။

မဆိုင်သူတွေကို စိတ်ဒုက္ခပေးရတာ အားနာစရာကောင်းမှန်း သူတို့ ကောင်းကောင်း နားလည်ပါသည်။ လူတွေ



အနား မသိချင်သည့် နေရာဌာနတွေထဲ သူတို့ဌာနလည်း အပါအဝင်ဖြစ်ကြောင်းလည်း သူတို့ သိနေသား။

သို့သော်လည်း တာဝန်ဆိုတာက ရှိနေသည်။ လူထုမှာလည်း ဝတ္တရားဆိုတာ ရှိသည်။ သူတို့လည်း လူထဲက လူသာဖြစ်ပါသည်။ ညင်သာနူးညံ့သိမ်မွေ့သော ချိုးမွမ်းခံရခြင်း ဂုဏ်ရည်များကိုသာ လိုချင်တတ်စမြဲ ဖြစ်ပါသည်။ လူတိုင်းအပေါ် ချိုသာစွာ ကူညီတတ်သော စွမ်းရည်များသာ ရချင်တတ်မြဲဖြစ်ပါသည်။ သံသယဆိုတာကို တကယ်တော့ သူတို့က အမုန်းတီးဆုံး။ လူတိုင်းအပေါ် သံသယမျက်လုံးတွေနှင့် ကြည့်ရင်း မေးခွန်းတွေ ထုတ်နေရခြင်းကို ဘယ်သူကများ အားတက်သရော ပျော်ရွှင်နိုင်ပါ့မလဲ။

ကမ္ဘာကြီး ငြိမ်းချမ်းဖို့ကိုသာ ဆုတောင်းကြပါစို့ရဲ့။

♥ ✻ ♥

လိမ္မာပါ ... ညီမလေးရယ် ...
လောက ကမ္ဘာကြီးထဲ ...
မင်းမသိတဲ့ ဘေးအန္တရာယ်တွေ ရှုပ်ထွေးလွန်းလှတယ် ...
မင်းအပေါ် ဘာမှ ... မျှော်လင့်ချက်မထားတဲ့ ...
ကိုယ့်စိတ်ရင်းကို ... နားလည်ပါစေကွယ် ...

ဘသော်က စာရွက်တွေကို မီးချောင်းရောင်အောက်မှာ ဖြန့်ထောင်ကြည့်နေရင်း ရန်မိုးကို လှည့်ကြည့် နှာခေါင်းရှုံ့သည်။ ပြတင်းပေါက်ပေါင်ပေါ် ခွထိုင်ရင်း ဂစ်တာတစ်လက်နှင့် သီချင်းတစ်ပုဒ်နှင့် လောကကြီးကို မေ့လျော့နေပုံရသော ရန်မိုးကတော့ ဘသော်၏ လှောင်ပြုံးကိုလည်း မမြင်နိုင်။ စွပ်ကျယ်လက်ပြတ် နက်ပြာရောင်၊ ဂျင်းနံ်ဘောင်းဘီ၊ ရင်ဘတ်မှာ ဆွဲပြားတစ်ခုနှင့် အနက်ရောင်ကြိုးတစ်ချောင်း ဆွဲထားသော ရန်မိုးသည်ပုံ ခုတော့လည်း တေလေတစ်ယောက်ပုံစံ ပေါက်နေပြန်၏။ ဘသော်ကတော့ ချည်ပုဆိုးကို တိုတိုဝတ်ပြီး ကိုယ်ပေါ်မှ တီရှပ်ကို ခါးမှ ရင်ဘတ်အထိ လိပ်တင်ထား၏။ မြို့ပြ၏ဆောင်းသည် တစ်ခါတစ်ရံတော့လည်း မျက်လှည့်ပြသလိုပင်။ ဂှလိုက်၊ အေးလိုက်။ တစ်ခါတစ်ခါကျတော့လည်း နှင်းတွေတောင်ကျလို့။

"တောက်"



ရန်မိုး ဆတ်ခနဲတွန့်ပြီး ဘသော်ထံ လှည့်ကြည့်သည်။

"ဘာဖြစ်တာလဲကွ"

"စောစောစီးစီးက ဒါကို ဘာဖြစ်လို့ သတိမထားမိရတာလဲ"

"ဘာလဲ ... ဘာလဲ၊ မင်းကတော့ အရစ်ပဲ"

"အီးစီဂျီဂရပ် စာရွက်တွေလေ၊ ဒီမိန်းမ နှလုံးရောဂါသည်ထင်တယ်၊ ဒါလည်း ထည့်စဉ်းစားရဦးမှာပေါ့၊ စာရွက်တွေကလည်း တစ်ထပ်ကြီး၊ သူ့ အမြဲ ထိရမင့်ယူနေရတယ် ထင်တယ်"

ရန်မိုးက ပြတင်းပေါက်ပေါင်ပေါ်မှ ခုန်ချလိုက်ပြီး ဂစ်တာကို နံရံမှာထောင်သည်။ စာရွက်တစ်ထပ်ကြီးကို စားပွဲပေါ်ပစ်တင်ပြီး ဘသော် ဆံပင်တွေကို ဆွဲဖွနေပြန်သည်။

"ပူလိုက်တာဟော့၊ ဒါလား ဆောင်းတွင်း"

စခန်းဝင်း တစ်ခုလုံးကြားအောင် ဘသော် အော်နေပြန်သည်။

ကိုယ်နဲ့ ... မထိုက်တန်မှန်းကို ... သိထားနှင့်ခဲ့ပြီမို့ ...
ခိုးကြည့်ရင်ခုန်ရုံလေးပဲ ကိုယ်ကျေနပ်တယ် ...

"ဟော့ ... ဟော့ ... သီချင်းတွေ ဘာတွေဆိုလို့"

စာရွက်တွေ လှန်လှောကြည့်နေရင်း ရန်မိုးက ဘသော်ကို လှမ်းစသည်။ လျှို့ဝှက်သိုသိပ်တတ်သည်မို့ ငြိမ်းကို သတိတရ ရှိတတ်ကြောင်း ရန်မိုးကို ဘသော် ပြောမပြဖြစ်တော့ပါ။ မထင်မှတ်ထားဘဲ မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ရသည့် မိန်းက

လေးတစ်ယောက်ကို ရင်ထဲမှာ ကာလဘယ်လောက်ကြာကြာ သတိရအောက်မေ့နေမည်လဲ။ ဒါဟာ ဘသော်အတွက် စမ်းသပ်ချက်တစ်ခုပဲ ဖြစ်မှာပါ။

"မဟုတ်တော့ဘူး၊ ဆေးခန်းကို တစ်ပတ်တစ်ခါ သုံးလေးလ ဆက်တိုက်သွားနေတာတော့ မဟုတ်တော့ဘူး ထင်တယ်၊ ကြာရင် တစ်ခန်းလုံး ဆေးစာရွက်တွေ ပြန့်ကျဲနေတော့မှာပဲ"

"ကြည့်တော့လည်း ရောဂါသည် မဟုတ်သလိုပဲ"

"တို့ ဆေးမှတ်ချက်ထဲမှာလည်း နှလုံးရောဂါရှိတယ်လို့ မတွေ့ပါဘူး၊ တခြား ဘာရောဂါမှလဲ မှတ်ချက်ရေးမထားဘူး"

"အေးလေ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဖြေတစ်ခုအတွက် ဦးနှောက်ကို တစ်ပြိုင်တည်း အလုပ်ပေးနေမိကြသည်။ ခဏကြာတော့ ရန်မိုးက အညိုရောင် စာအုပ်ပါးလေးကို ဖျတ်ခနဲ လှန်လိုက်သည်။

ဒ့သိမ်ဖြူဆေးခန်း။

ဒေါက်တာထင်လင်း။

♥ ✱ ♥



"ဒေါက်တာထင်လင်း ပြောင်းသွားပြီရှင့်၊ ဒီမှာမလုပ်တော့ဘူး၊ ဒီကျေစ်က ဒေါက်တာထင်လင်း ကိုင်ခဲ့တာပဲ၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုပြတ်သွားပြီ ထင်တယ်၊ လာတာမတွေ့တော့ဘူး"

ဖိုတိုဂရေးမျက်မှန်နှင့် ပါတိတ်ဝမ်းဆက်နှင့် ဆရာဝန်မက သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်ရင်း ပြောၡ၏။ သူတို့ကို မော့ပြီးစကားပြောနေရသလို ဖြစ်နေသည်မို့ ဒေါက်တာမမကို ရန်မိုး အားနာနေမိသည်။ သူမအရပ်က ငါးပေလောက်တော့ ရှိတန်ကောင်းပါရဲ့။

"ဘယ်ကို ပြောင်းသွားတာလဲ"

ဟု ဘသော်က မေးသည်။

"ရှမ်းပြည်နယ်ဘက်ပဲ၊ မ,လည်း သူ့ဂျူတီနဲ့ မဆုံတော့ မေးတောင် မမေးဖြစ်လိုက်ဘူး၊ မောင်လေးတို့ အရေးတကြီးတွေ့ချင်ရင် သူ့အိမ် သွားမေးကြည့်ပါလား၊ မမနီ ... ဒေါက်တာထင်လင်းအိမ် သိတယ်မဟုတ်လား၊ ပြောပြလိုက်ပါဦး"

အပြာဝတ် နာ့စ်အမျိုးသမီးကြီး တလှုပ်လှုပ်လျှောက်လာသည်။

"ဒေါက်တာထင်လင်းနဲ့ တွေ့ချင်လို့လား၊ ဆရာကတော့ ရှိမှာမဟုတ်ဘူး၊ အလုပ်ပြောင်းသွားတာ မကြာသေးဘူးလေ၊ သူ့အမျိုးသမီးပဲရှိမယ်"

"သူ့အမျိုးသမီးက ဘယ်သူပါလဲ ခင်ဗျာ"

ရန်မိုးက အမှတ်မထင် မေး၏။ အမျိုးသမီးကြီးက မျက်မှန်ကို ပင့်တင်ရင်း ရန်မိုးကို မော့ကြည့်သည်။


"ဒေါ်မေသက်ပန်လေ ... သိလား"

"မေသက်ပန်"

ဘသော်က ရန်မိုး ပခုံးကို လှမ်းဖက်ပြီး မချိုမချဉ် ပြုံးလိုက်သည်။ ကျေးဇူးကြီးလှပါဘိတော့ အန်တီဆရာမကြီးရယ်။

♥ ❋ ♥





## အခန်း(၁)

အပေါ်ထပ်မှ ကက်ဆက်သံ ဆူဆူညံညံ ထွက်လာ
သည်။ နိုင်ငံခြားတေးသွားနှင့် တီးလုံးသံတွေ ဝုန်းဒိုင်းကြဲနေ၏။
လှုပ်ရှားနေသော လက်များ ရပ်ပစ်လိုက်ပြီး ခဏနားစွင့်လိုက်
သည်။

အကြီးကောင်လား၊ သမီးငယ်လား ပြေးလွှားနေ
သောခြေသံကို ကြားရ၏။

"သားကြီး ... ကက်ဆက်ကို တိုးတိုးဖွင့်လေ"

"ဟုတ်ကဲ့ မာမီ"

"ခေါ်ပြန်ပြီလား မာမီလို့"

ခုတစ်လောမှာ သားကြီးတစ်ယောက် ကျောင်းမှ
အင်္ဂလိပ်စာသင်ပြီး အိမ်ပြန်ရောက်လာတိုင်း မြင်သမျှကို သူတ
သမျှ မှတ်သမျှ အင်္ဂလိပ် အခေါ်အဝေါ်တွေသာ ခေါ်နေတော့
သည်။ ကောင်းသောလက္ခဏာပေမို့ သူမက အမှားရှိလျှင် ပြ
ပေး၊ အသံထွက်ကောင်းအောင် ကြိုးစားသင်ပေး၊ စကား
တိုးပွားအောင် လေ့ကျင့်ပေးနှင့် သားကြီးကို ကူညီနိုင်သော်လည်း
သူမကို မာမီခေါ်တော့ ဘယ်လိုမှ အောင့်အည်းနားထောင် မ



နိုင်ဘဲ မခေါ်နဲ့ဟု ပိတ်ပင်မိတော့သည်။ သူတို့အဖေသာ သိလျှင်
တော့ မေသက်ပန်ကို အပြစ်တင်မှာ ...။

မောင်က ကလေးများ၏ ဉာဏ်ရည်တိုးတက်ဖွံ့ဖြိုး
မှုကို အဟန့်အတား ဖြစ်စေမည့် တားမြစ်ပိတ်ပင်ခြင်းမျိုးကို
လုံးဝမကြိုက်။ သူ့သားသမီးတွေကို လူကြီးတွေလို ဆက်ဆံပြီး
တလေးတစား စကားပြောတတ်တော့ ကလေးတွေက ဖခင်ကို
မိခင်ထက် ပိုအချစ်ကဲနေကြသည်။ မေသက်ပန်ကတော့ ကလေး
တွေကို အလိုလိုက်မိသလိုဖြစ်မှာ စိုးလှသည်။ ထို့ကြောင့်လည်း
တင်းကျပ်သင့်သည့် နေရာမှာတော့ ဖခင် အတိုက်အခံပြုပြီး
တင်းကျပ်ရ၏။

"သား ကျောင်းသွားဖို့ အချိန်နီးပြီနော်"

"ဟုတ်ကဲ့ မာမီ၊ အဲ ... မေမေ"

"စာတွေ ပြန်နွှေးထား၊ မေမေ ရေချိုးဖို့ ခုပဲတက်လာခဲ့
မယ်၊ ကျောင်းစာအုပ်တွေ သေချာသိမ်းနော်၊ မေ့ကျန်ခဲ့
ဦးမယ်"

"ဟုတ်ကဲ့ပါ မေမေ"

မိုးပြာရောင် သိုးမွေးချည်ခင်စများနှင့် ရစ်ငင်ထား
သော အပ်နှစ်ချောင်းကို ပလတ်စတစ်အိတ်ထဲ သေချာထည့်ပြီး
ထိပ်မှပိတ်ချည်လိုက်သည်။ ကားကို ဓာတ်ဆီဝင်ထည့်ပြီးမှ သား
ကြီးကို ကျောင်းလိုက်ပို့ရမည်။ ပြီးတော့ သမီးငယ်ကလေးကို
မေမေတို့အိမ် ပို့ထားပြီး သည်နေ့တော့ မင်္ဂလာဈေးမှာ အိမ်
အတွက်၊ ပြီးတော့ မောင့်အတွက် လိုအပ်သည့်ပစ္စည်းများ ဝင်
ဝယ်ရမည်။ အိမ်ရှေ့မှ ဘဲလ်သံကြားတော့ ဧည့်ခန်းအပြင်ဘက်ဆီ

ခေါင်းငုံ့ကြည့်ပြီး တံခါးဆီ ခပ်သွက်သွက် လျှောက်သွားလိုက်၏။ ကလေးများ လှေကားမှ ပြေးဆင်းလာသံ ကြားရသည်။

"ဒေါ်မေသက်ပန်"

"ကျွန်မပါပဲ၊ ဘာကိစ္စရှိလို့ပါလဲ"

ကာကီရောင် ယူနီဖောင်းတွေက အမြင်မှာ စိမ်းသက်လှသည်။ အပြာရောင် လင့်ရှိဗာကားသည်လည်း သူမ၏စိတ်ကို ချောက်ချားစေ၏။ စ,စချင်းမှာတော့ သူမ အခြေအနေကို သဘောမပေါက်နိုင်သေးပါ။

"ဒေါက်တာထင်လင်းရဲ့ဇနီး ဒေါ်မေသက်ပန်နော်"

"ဟုတ်ပါတယ်၊ ကျွန်မ အမျိုးသားတော့ မရှိဘူး"

"ကျွန်တော်တို့ ဒေါ်မေသက်ပန်ကို စစ်ဆေးစရာရှိလို့ စခန်းကို လိုက်ခဲ့စေချင်ပါတယ်"

"ရှင်"

အရပ်မြင့်မြင့်မားမားနှင့် ခန္ဓာကိုယ် ထွားကျိုင်းမှုနှင့် မလိုက်ဖက်အောင်ပင် ကလေးဆန် နုနယ်သော မျက်နှာတစ်ခုကို မော့ကြည့်ရင်း သူ့မျက်ဝန်းတွေထဲမှာ အဖြေတစ်ခုကို တွေ့လိုတွေ့ငြား ရှာဖွေနေမိသည်။ ကျီစယ်စရာတော့ မဟုတ်ဘူး ထင်ပါရဲ့။ မျက်ရစ်တွဲပြီး ရှည်မျောမျောနှင့် ကျဉ်းမြောင်းသော မျက်ဝန်းတစ်စုံ၏ အကြည့်သည် သူမခန္ဓာကိုယ်ကို ထွင်းဖောက်ထွက်သွားတော့မတတ် စူးရှတောက်ပလွန်း၏။ ထိုသူက ဦးထုပ်ကိုချွတ်ပြီး ရင်ခွင်မှာ လက်နှစ်ဖက်နှင့် ပိုက်သည်။ ပခုံးပေါ်က ပေါ်မှ ငွေရောင်ကြယ်ပွင့်သည် နေရောင်စူးစူးအောက် တည့်တည့်မှာမတ်ကျလျက် ပြောင်လက်နေသည်။



"ကျွန်တော် ဒုရဲအုပ်ဘသော်ပါ၊ ကန်တော်လေးတိုက်ခန်းက ဟန်နီကျော်သာ သေဆုံးမှုအတွက် ဒေါ်မေသက်ပန်ကို မေးမြန်းစရာလေးတွေ ရှိနေလို့ပါ"

"ကျွန်မ ... ကျွန်မ ... ကလေးတွေ ..."

ဘာလုပ်ရမှန်း မသိအောင်ဘဲ သူမ ကယောင်ချောက်ချား ဖြစ်သွားသည်။ ဒီမိန်းမဟာ သေတဲ့အထိ မေသက်ပန်ကို ဒုက္ခပေးနေတုန်းပါလား။ ငြင်းဆန်မရနိုင်မှန်း သူမသိသည်။ ပြီးတော့ အထိတ်တလန့် ဖြစ်စရာ မလိုအပ်ဘူးဟု ကိုယ့်ကိုယ်ကိုယ် အားတင်း၏။ မောင့်ကို တမ်းတချင်မိတာတော့ အမှန်ပင်။ သို့ပေမဲ့ မောင်သာ ရှိနေလျှင်တော့ သူမ ခုလို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ နေနိုင်မှာ မဟုတ်ဘူး ထင်ပါရဲ့။ မောင့်ကိုစိတ်နာချင်သော်လည်း စိတ်မနာရက်အောင်ပင်။

"မေမေ"

"မေ ... ဘယ်တွားမှာရဲ၊ မီး ရိုက်မယ်"

သမီးငယ်က သူမ ထဘီစကို ဆုပ်ကိုင်ဆွဲထားသည်။ သားကြီးက ယူနီဖောင်းဝတ် ရဲတွေကို မျက်မှောင်ကလေးကြုတ်ပြီး မော့ကြည့်နေ၏။

"ကျွန်မကို ခဏလေး ဖုန်းဆက်ခွင့် ပေးပါရှင်"

နှုတ်ခမ်းရဲရဲနှင့် ကောင်လေးက ခေါင်းဆတ်ပြသည်။

♥ ✻ ♥

"မေ ... ဘယ်လိုဖြစ်တာလဲ မေရယ်"

"သူဇာ"

ရှိသမျှအင်အားတွေ ကုန်ခန်းပြီး သူဇာ့ ရင်ခွင်ထဲ ယိမ်းယိုင် လဲပြိုကျသွားသည်။ မျက်ရည်တွေတော့ ကျမလာတော့ပါ။ ငိုဖို့အင်အားပင် မရှိတော့ဘူး ထင်ပါရဲ့။ ခုံတန်းလျားရှည်ပေါ် သူဇာက မှေးပြီး တွဲခေါ်သွားသည်။

"သားနဲ့ သမီးရော"

"သူတို့ အဘွားအိမ်မှာပဲ၊ ဘာမှ စိတ်မပူနဲ့ မေ၊ ကလေးတွေ အခြေအနေ ကောင်းပါတယ်၊ သားကြီးကိုတော့ မေမေ ကိစ္စရှိလို့ ဖေဖေ့ဆီ ခဏလိုက်သွားတာလို့ ပြောထားတာ၊ ထင်လင်းဆီလည်း အကြောင်းကြားခိုင်းထားတယ်"

"မောင် စိတ်ပူနေမှာပဲ"

"စိတ်ပူပါစေပေါ့၊ သူ စ,ထားတဲ့ ကိစ္စပဲ"

"မပြောပါနဲ့ သူဇာရယ်"

"ငါ သေချာမေးမြန်းကြည့်ပါဦးမယ်၊ ဒီမှာ ငါ့အသိတွေ အများကြီးပဲ၊ နင် ဘာမှစိတ်မပူနဲ့ မေ၊ အလွန်ဆုံး တစ်ရက်ပဲ၊ ကိစ္စပြတ်သွားမှာပါ"



"သူတို့က ငါလို့ ထင်နေကြတယ်"

"တော်တော်ဂြိုဟ်မွှေတဲ့ ကောင်မ၊ နှစ်ခါပြန်တောင် သေဖို့ကောင်းသေးတယ်"

"ဟဲ့ ... သူဇာ တိုးတိုးပြောလေ၊ နင်ပါ အမှုပတ်နေဦးမယ်"

"အောင်မယ် ... မဆိုင်တဲ့လူတွေ ဆွဲထည့်လို့ ရမလား"

ခုချိန်မှာ သုံ့မ ဘာကိုမှ ခံနိုင်ရည် မရှိတော့ပါ။ နေ့က တစ်နေ့လုံး သူမကို စစ်ဆေးခဲ့ကြပြီးပြီ။ မနေ့ညကတော့ သံတိုင်တွေကြားက ခုံတန်းလျားတစ်ခုမှာ လုံခြုံစွာ သူမ အိပ်စက်ခဲ့ရသည်။ ဒါဟာ အတော့်ကို အခြေအနေကောင်းတာတဲ့။ မနေ့က တစ်နေ့လုံး တစ်ညလုံး သူမ ဘယ်သူ့ကိုမှ တွေ့ခွင့်မရခဲ့ပါ။ ဘယ်သူနှင့်မှ တွေ့ခွင့်မပေးခဲ့ပါ။

မေးခွန်းတွေကလည်း သူမ မဖြေနိုင်သော၊ မဖြေတတ်သော၊ သူမနှင့် ဆက်စပ်မှု သိပ်မရှိလှသော မေးခွန်းများသာ ဖြစ်သည်။

"ဟန်နီနဲ့ ဘယ်တုန်းက စသိတာလဲ"

ဆိုတာမျိုး။ သူမ ဘယ်တုန်းကမှ မသိခဲ့သော၊ ဘယ်တုန်းကမှ ရင်းနှီးဖို့ မကြိုးစားခဲ့သော မိန်းမတစ်ယောက် အကြောင်း လာမေးနေမှတော့ သူမ ဘယ်လိုဖြေနိုင်မှာတဲ့လဲ။ ထိုမိန်းမသည် ဘီလူးသဘက် တစ်ကောင်ပဲ ဖြစ်သည်။ မိစ္ဆာတစ်ကောင်သာ ဖြစ်သည်။ လူဟုပင် မပြောထိုက်သော အောက်တန်းအကျဆုံး မိန်းမတစ်ယောက်ဟုသာ သူမ သိထားသည်။ ထို့ကြောင့်လည်း ထိုမိန်းမကို မုန်းတီးရွံရှာခြင်းမှလွဲပြီး မေသက်ပန်၏ ရင်ထဲမှာ ထိုမိန်းမအတွက် ဘာအသိတရားမှ ရှိမနေခဲ့ပါ။

"လူကြီးတွေလည်း သိပ်စိတ်ပူနေလို့ ငါ ဖျောင်းဖျခဲ့ရတယ်"

"ငါ ဘာဖြစ်နိုင်သလဲ သူဇာ"

"နင် ဘာမှမဖြစ်နိုင်ဘူး၊ တရားခံက နင်မှမဟုတ်တာ"

"ဘယ်သူလဲ"

"ငါလည်း မသိဘူးလေ၊ နင် မသတ်ဘူးဆိုတာတော့ ငါ သိတယ်၊ ပုရွက်ဆိတ် တစ်ကောင်တောင် သတ်ဖို့ဝန်လေး တဲ့သူက လူတစ်ယောက်ကို သတ်ရမယ်လို့၊ နင့်ကိုစွဲချက် မတင်သေးမချင်း နင် ဘာမှကြောက်စရာမလိုဘူး၊ စွဲချက် တင်ရလောက်အောင်လည်း ဘာမှ ခိုင်လုံတဲ့ သက်သေ အထောက်အထား မရှိဘူး"

"ဝင့်ကြွေးများလား သူဇာရယ်"

"သွားစမ်းပါ လုပ်မနေနဲ့၊ ဒီမှာ ... နင့်သူငယ်ချင်းက ရှေ့ နေတစ်ယောက် ဆိုတာလည်း မေ့မထားနဲ့လေ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် နင့်ကိုပဲ ငါ အားကိုးတာ ပေါ့"

"နင့်ကို သူတို့ ဘာတွေမေးသလဲ"

"အများကြီးပါပဲ၊ ငါ မသိတာတွေဘဲ များတယ်၊ ငါလည် စဉ်းစားမနေနိုင်တော့ဘူး၊ ဦးနောက်တွေကလည်း ထုပူ တော့ မသိဘူးလို့ပဲ အားလုံး ဖြေလိုက်တယ်"

"အဲဒီကောင်မကလည်း ဘယ်လိုဖြစ်ပြီး သေရပြန်တာလဲ"

"သူနဲ့ငါ ဈေးထဲမှာ စကားများကြတာကို သူတို့က သ နေတယ်"

"ဟင်"



"အဲဒီတုန်းက သူပြောတဲ့ စကားတွေကိုလည်း သူတို့က ပြန်သိနေတယ်၊ နောက်ပြီး တယ်လီဖုန်းဆက်ပြီး စကား များသေးတယ် မဟုတ်လားတဲ့၊ သူ့ကို ငါက သတ်ပစ်ချင် လောက်အောင် မုန်းနေတယ် မဟုတ်လားတဲ့၊ ငါကလည်း စိတ်ပေါက်ပေါက်နဲ့ ဟုတ်တယ်လို့ ပြောလိုက်တယ်"

"ဟာ ... စကားကို ဆင်ခြင်ပြောစမ်း မေ၊ နင့်စကားတွေ က တရားခွင်မှာ နင့်ကို ကောင်းကောင်းဒုက္ခပေးလိမ့်မယ်၊ အဲတော့ နင်က သူနဲ့ ဘာကြောင့် အဲလိုဖြစ်ရတယ်ဆိုတာ ပြောပြလိုက်လေ"

သူမ ခပ်မြန်မြန် ခေါင်းယမ်းလိုက်သည်။

"မပြောဘူး"

"ဘာဖြစ်လို့"

"မောင် သိက္ခာကျမှာပေါ့"

"ဟာ"

သူဇာက သူမကို စိတ်ပျက် လက်ပျက် ကြည့်သည်။ သူမ မောင့်အကြောင်းကို တကယ်ပဲ ထိမ်ချန်ထားခဲ့သည်။ ထို့ အတွက် ဘယ်လိုအန္တရာယ်မျိုးတွေ ရင်ဆိုင်ရမည်ဆိုတာ သူမ မသိနိုင်ပါ။ သို့ပေမဲ့ သူမ စကားတစ်ခွန်းကြောင့် ပတ်ဝန်းကျင် မှာ သိက္ခာမဲ့သူ တစ်ယောက်ဟု မောင့်ကို မမြင် မသိစေချင်ပါ။

"နင် မပြောလို့ ဖြစ်မလား မေ"

"မပြောဘူး၊ ငါ ဘယ်တော့မှ မပြောဘူး၊ ငါ ပြောလိုက် ရင် မောင် သိက္ခာကျမှာပေါ့၊ ပြီးတော့ သူတို့ မောင့်ကို စစ်လား ဆေးလား လုပ်ကြဦးမှာ၊ အဲဒီကျရင် မောင့်အလုပ်

ထိခိုက်မယ်၊ ပုတ်ဝန်းကျင်က မောင့်ကိုကဲ့ရဲ့မယ်၊ ပြီးတော့ ငါ့ကိုလည်း သနားသလိုလို မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြဦးမှာ"

"မဟုတ်ဘူး မေ၊ နင် ပြောရမယ်"

"ဟင့်အင်း ... ဟင့်အင်း"

"အကြောင်းရင်းကို အမှန်အတိုင်းသိမှ တရားခံမိဖို့ လွယ်မှာပေါ့ မေရယ်"

အပြာရောင်ဝတ်စုံနဲ့ ရဲမေ တစ်ယောက် အနားရောက်လာသည်။ သူ့ဓာက ရယ်မောနှုတ်ဆက်လျက် ရဲဝန်ထမ်းအမျိုးသမီးနှင့် စကားပြောနေ၏။ မျက်ခွံများ လေးလံပြီး ခေါင်းတွေ တစစ်စစ် ကိုက်လာသည်။ ကံကြမ္မာဆိုး တစ်ခုက မထင်မှတ်ဘဲ ဘယ်လို ရောက်လာခဲ့ပါလိမ့်။

ဒါဟာ မင်းကြောင့်ပဲ။

မောင် ...

သက်ကို မောင် သိပ်ချစ်တယ်ဆိုတာ သက် ခုထိ ယုံကြည်နေတုန်းပဲ။ ဒါပေမဲ့ မောင့်ရဲ့အမှားအယွင်း တစ်ခုက သက်တို့နှစ်ယောက်ရဲ့ ဘဝကို အစွန်းအထင်း ဖြစ်စေခဲ့ပြီ မောင်ရဲ့ ...

ဟိုတုန်းကတော့ ...

မောင် ဘယ်လောက်ရိုးသားခဲ့သလဲ။

ဘယ်လောက် သစ္စာရှိခဲ့သလဲ။

♥ ✻ ♥



"ရန်မိုး"

"ဟာ ... အစ်မ"

မြင်ဖူးနေကျ မျက်နှာတစ်ခုမို့ နာမည်ကို မမှတ်မိခင် အရင်ပြုံးပြလိုက်ရသည်။ ဘသော်က ဖိုင်တွဲတွေကြားမှ ခေါင်းထောင်ကြည့်၏။ ဥပဒေအရာရှိ တစ်ယောက်မှန်း သိသည်။ အမည်တွေ ရောထွေးပြီး သိပ်မမှတ်မိချင်တော့။ နယ်မှာဆိုလျှင်တော့ တစ်ယောက်နှင့် တစ်ယောက် မြင်သိရင်းနှီးလွယ်သည်။

"ထူးထူးဆန်းဆန်းပါလား"

"အေး ... ဟန်နီကျော်သာရဲ့ကေ့စ် နင်တို့ကိုင်နေတယ်ဆိုလို့"

"ဟုတ်တယ်လေ၊ သေတဲ့ ကောင်မလေးကို အစ်မ သိလို့လား"

"မေသက်ပန်က ငါ့သူငယ်ချင်း"

"ဒေါက်တာထင်လင်း ဇနီးလား"

"ဟုတ်တယ်၊ အဲဒါ အခြေအနေ သိချင်လို့၊ သူ့ကိုစွဲချက်တင်မှာလား၊ ဘာနဲ့ တင်မှာလဲ"

ရန်မိုးက သွားဖြဲရယ်ပြလိုက်တော့ ရှေ့နေ အစ်မကြီး စိတ်တိုသွားသည်။

"ဟဲ့ ... ငါ တကယ်ပြောနေတာ၊ အကြဲအဖန် ထင်မနေနဲ့"

"ဖြည်းဖြည်းပေါ့ အစ်မရာ၊ ထိုင်ပါဦး၊ ခဏလေး၊ ကျွန်တော်တို့ ခုပဲ ဓာတ်ပုံတွေနဲ့ စစ်ချက်တွေ ပြန်တိုက်နေတာ၊ ကွန်ဖမ်းဖြစ်တော့မှ အစ်မကို ပြောမယ်"

ဘသော်က ခေါင်းငုံ့ပြီး မသိဟန်ဆောင်နေသည်။ အလုပ်တွေ တကယ်ပဲ များသည်မို့ ညှဲ့ဝတ်ပြု စကားပြောနေဖို့လည်း အချိန်မရ။

"ရန်မိုးရေ ရှာဖွေပုံစံ ထုတ်ပြီးရင် သွားမယ်"

"အစ်မရေ ... ခဏလေး"

သုတ်သီးသုတ်ပျာ ထွက်လာသော သူတို့နှစ်ယောက်ကို အစ်မကြီးတော့ မေတ္တာပို့ ကျန်ရစ်မည် ထင်၏။

♥ ❋ ♥



## အခန်း(၂)

ထင်းရှူးပင်များ၊ ယူကလစ်ပင်များ၊ ချယ်ရီပွင့်များသည် မောင်နှင့် မေသက်ပန်တို့အတွက် ထာဝရ အမှတ်တရပင် ဖြစ်သည်။ ချယ်ရီပင်များ စီတန်းခြံရံထားသော လမ်းကလေးမှာ မောင်နှင့် စတင်ဆုံခဲ့ပြီး မောင်နှင့် ရင်းနှီးခဲ့ရာ နေရာဒေသကလေးလည်း ဖြစ်ခဲ့သည်။ တကယ်တော့ မောင်နှင့် မေသက်ပန်သည် ဘယ်လိုမှ မဆုံဖြစ်နိုင်ဘူးဟု ထင်ရသော နေရာဒေသတစ်ခုစီက ယုံကြည်ရာ တစ်မျိုးစီနှင့် မွေးဖွားကြီးပြင်းခဲ့ရသည့် တသီးတခြားစီ ရှိနေသူများသာ။ မဆန်းကြယ်ပေမဲ့ ထူးခြားသော တွေ့ဆုံခြင်းသည် ဖူးစာဆိုသည့် စကားအစဉ်အလာကို ယုံကြည့်စရာ ဖြစ်ခဲ့သည်။ အကယ်၍ နွေရာသီ ကျောင်းပိတ်ရက်မှာ ဒေသန္တရဗဟုသုတအဖြစ် ပြင်ဦးလွင်ကိုသာ မောင် မရွေးချယ်ခဲ့ဘူးဆိုလျှင် မေသက်ပန်ကလည်း မိုးမိတ်မှ ပြင်ဦးလွင်သို့ စာမေးပွဲဖြေဖို့ စိတ်ကူးရပြီး မလာရောက်ခဲ့ဘူးဆိုလျှင် နှစ်ဦးသား ကံကြမ္မာက ခုထိတသီးတခြားစီပဲ ရှိနေကြဦးမည်သာ။

ဘယ်လိုပဲဖြစ်ဖြစ် မေသက်ပန်ကတော့ မောင်နှင့် ဆုံစည်းရခြင်းအတွက် ကံကြမ္မာကို ကျေးဇူးတင်မိသည်။

♥ ❋ ♥

ဒီဇင်ဘာတစ်လလုံး ပင်လုံးကျွတ်နေအောင် ပွင့်ခဲ့ကြသော ချယ်ရီပင်များသည် ခုတော့ဖြင့် အရွက်စိမ်းများဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိနေခဲ့ပြီ။ ဆယ်တန်းစာမေးပွဲဖြေဖို့ ပြင်ဦးလွင်ကို ရောက်နေခဲ့သော မေသက်ပန်သည် စာမေးပွဲတွေ ပြီးသွားသည့်အထိ မိုးမိတ်ကို မပြန်ဖြစ်သေး။ မိုးမိတ်မှာထက်စာလျှင် ပြင်ဦးလွင်က ပိုပြီးနေပျော်သည်ဟု ထင်မိသည်ကြောင့်လည်း ဖြစ်မည်။ တောင်ပေါ်ရာသီပေမဲ့ ပြင်ဦးလွင်က မိုးမိတ်မှာလောက် ရာသီမပြင်း။ ပြီးတော့ မန္တလေးနှင့် မဝေးလှသည်အတွက်လည်း အစားအသောက် အနေအထိုင် စရိတ်မကြီးလှချေ။ ပုဂံ၊ ညောင်ဦးဘက် ဘုရားဖူးသွားဦးမည်ဟူသော ဦးလေး၊ အဒေါ်များ၏ အစီအစဉ်ကို သဘောကျ မျှော်လင့်ရင်း အိမ်မပြန်ဖြစ်သည်လည်း ဖြစ်မည်။ မေသက်ပန်၏ ဆွေမျိုးသားချင်းများက ပြင်ဦးလွင်အဝင် နန်းမြိုင်ဟိုတယ်နှင့် မဝေးလှသော စန္ဒာလမ်းထဲမှာ ခြံဝင်းကျယ်ကျယ်နှင့် နေထိုင်ကြသည်။

ငယ်စဉ်ကတည်းက မကြာခဏ ရောက်နေကျမို့လည်း ပြင်ဦးလွင်သည် မေသက်ပန်နှင့် စိမ်းမနေလှတော့။ ဝမ်းကွဲညီအစ်မများနှင့် စက်ဘီးကိုယ်စီနင်း ဈေးလည်ထွက်ရသည်ကိုလည်း မိန်းကလေး ပီသစွာ သဘောကျနေတတ်ပြီ။



ဆယ့်ခြောက်နှစ် ပြည့်ပြီးခါစ ကလေးစိတ် မကုန်ချင်သေးသော မိန်းကလေးတစ်ဦးသည် ညီအစ်မများနှင့် လည်ပတ်ရင်း၊ သိုးမွေးအင်္ကျီတွေထိုးရင်း၊ စာအုပ်ဖတ်ရင်းသာ အချိန်ဖြုန်းနေတတ်ပြီး စိတ်ကူးယဉ်စရာ အကြောင်းအရာ တစ်ခုခုလေပင် ဦးနှောက်ထဲ ဝင်မလာသေးသော အချိန်မှာ ရွှယ်တူကောင်လေးတစ်ဦးကို စတင်ရင်းနှီးခဲ့ရသည်။ ထိုကောင်လေးကလည်း ညီအစ်မတွေ အများကြီးထဲမှာ မေသက်ပန်ကိုမှ ထူးထူးခြားခြား ရွေးပြီး ခင်တွယ်ခဲ့ရသတဲ့။

ဒါဟာ အထုံရေစက်လား ...

ဖူးစာကံလား ...

မေသက်ပန် အတွက်တော့ စိတ်ကူးယဉ်စရာအချိန်တွေ အစပျိုးခဲ့ခြင်းပဲ ဖြစ်သည်။

♥ ❋ ♥

"မေသက် ... ဘာစားမှာလဲ"

"တို့ဟူးကြော်"

"အနွေးကတော့ ဂေါ်ရခါးသီးကြော်ပဲ"

"တို့က ကြက်သွန်ကြော်"

ချယ်ရီပင်တန်းလမ်းကလေးသည် နံနက်ခင်းအလင်း ပျပျအောက်မှာ စိမ်းညို့ငြိမ်သက်စွာ ရှိနေ၏။ မေသက်ပန်တို့ ညီအစ်မတစ်တွေ သည်လမ်းကလေးကို နံနက်တိုင်း လျှောက်နေကျဖြစ်သည်။ နွေခေါင်ခေါင်ကြီးမှာလည်း ပြင်ဦးလွင်ကတော့ နံနက်ပိုင်း အနွေးထည် ထပ်ဝတ်ရလောက်အောင် ချမ်းစိမ့်တတ်စမြဲ။ မေသက်ပန်တို့ ညီအစ်မတစ်တွေထဲမှ မပိုးကြည်က အကြီးဆုံး။ မန္တလေးတက္ကသိုလ်မှာ ဒုတိယနှစ်၊ နွေးက အငယ်ဆုံး ရှစ်တန်းကျောင်းသူ။ ကြားထဲမှာ မေသက်ပန်၊ အုနှင့် စု။ ရွယ်တူသုံးယောက်။ အုနှင့် စုက အမြွာညီအစ်မ ဖြစ်သည်။ မေသက်ပန်က ယောက်ျားကလေးတွေထဲမှာ မိန်းကလေးတစ်ယောက်တည်းမို့ ပြင်ဦးလွင်က ဝမ်းကွဲညီအစ်မများကို အရင်းအချာလို ခင်တွယ်လေသည်။

မီးတောက်မီးညွန့်နှင့် အကြော်ဖိုလေးကို မြင်ရတော့ ငါးယောက်သား ခြေလှမ်းတွေ သွက်လာသည်။ မြို့ထဲနှင့်အတန်လှမ်းသောကြောင့် နံနက်စောစောဆို သည်ဘက်ပိုင်းမှာ အကြော်၊



ကောက်ညှင်းပေါင်းနှင့် ရှမ်းခေါက်ဆွဲဆိုင်ကိုသာ အားကိုးရ၏။ အကြော်ဆိုင်ကလေးသည် ခြံဝင်းတစ်ခုရှေ့မလှမ်းမကမ်း ယူကလစ်ပင်ကြီးအောက်မှာ အမြဲလို ရှိတတ်သည်။ မေသက်ပန်တို့ ညီအစ်မတစ်တွေ အကြော်ဖိုနားရောက်တော့ အကြော်ဒယ်အိုးအနားမှာ ငုတ်တုတ်ထိုင်နေသော ကောင်လေးနှစ်ယောက်ကို မြင်ရသည်။

တစ်ယောက်က လှိုင်းတွန့်ဆံပင်ရှည်နှင့် ဂျင်းဘောင်းဘီရှည်၊ စပို့ရှပ်လက်ရှည်နှင့် မျက်ခုံးကောင်းကောင်း၊ နှာခေါင်းချွန်ချွန်၊ ဘိုကပြားရုပ်မျိုးကလေး။ မွေးညင်းနု ရှည်ရှည်နီနီလေးတွေနှင့် အသားအရောင်ကလည်း နီစပ်စပ် ဖြစ်သည်။ အုက မေသက်ပန်ကို လက်ကုတ်ပြီး ...

"ချစ်စရာလေးတော့"

ဟု နားနား တိုးတိုးကပ်ပြော၏။

နောက်တစ်ယောက်ကတော့ ဆံပင်နက်နက်တိုတို၊ မျက်နှာရှည်သွယ်သွယ်နှင့် နှုတ်ခမ်းမထူမပါး၊ အသားခပ်လတ်လတ်ပင်။

"ဟာ ... ဒီဘက်တစ်ယောက်က ပိုချောတာ"

"နှစ်ယောက်လုံး ချောတယ်၊ ငြင်းမနေကြနဲ့"

"ဟဲ့ ... မိန်းမတွေ ... မိန်းမတွေ ကဲလိုက်ကြတာ"

မပိုးက သွားစေ့ပြီး လေသံဖြင့် ကြိမ်းသည်။ ...ိုးကျိတ်ကျိတ် အတင်းပြောလာကြသော မေသက်ပန်တို့ ...်စကို သူတို့နှစ်ယောက်ကလည်း သတိထားမိသွားပြီး တစ်...ယောက်မျက်နှာ တစ်ယောက် ကြည့်လျက် အကြော်ဖိုနားက ထ...ွားပြီး ယူကလစ်ပင်အောက်မှာ သွားရပ်နေတော့သည်။

"ရှက်သွားပြီ၊ သူတို့တွေ ရှက်သွားပြီ"

ရေများရေနိုင် မီးများမီးနိုင် ဆိုသလို သူတို့
ယောက် မေသက်ပန်တို့ အုပ်စုဘက် လုံးဝလှည့်ကြည့်တော့
ငြိမ်နေကြသည်။ မေသက်ပန်တို့ အုပ်စုကတော့ အကြော်သ
အဒေါ်ကြီးကို အမြဲဂျီဂျီဂျောင်ကျနေကျမို့ အသံတွေ အမျိုး
အော်ကြ ဟစ်ကြနှင့် ပတ်ဝန်းကျင်ကို ကောင်းကောင်းဆူည
တော့သည်။

"ဟဲ့ ... နေဦး၊ တို့ဟူးကြော်က မရသေးဘူး၊ ဟိုက
နှစ်ယောက် အရင်မှာထားတာ၊ အခုနှစ်ဆယ်တဲ့"

"ဟာဗျာ ... ဗိုက်ဆာပြီဗျ၊ သမီးတို့က ဖောက်သည်
ပါ၊ ဒေါ်ကြီးက နောက်မှလာတဲ့သူကို မျက်နှာမလိုက်
ပါဘူး"

"ဟဲ့ ... သူတို့က အရင်ရောက်တာ"

"သမီးတို့က မနေ့ကတည်းက မှာထားတာလေ"

ပြောပြောဆိုဆိုပင် မေသက်ပန်က တို့ဟူးကြေ
တစ်ခုကို ကောက်ယူဝါးရင်း ကောင်လေးနှစ်ယောက်ထံ လှ
ကြည့်သည်။

အမှန်တော့ ရန်စသည့် သဘော။

သို့ပေမဲ့ တကယ်တမ်းမှာ ငိုင်တွေ မှင်တက်သ
ရသူက မေသက်ပန်ပင် ဖြစ်သည်။ ဆံပင်တိုတို မျက်ခုံးတန်
ထူနှင့် ကောင်လေးက မေသက်ပန်ကို ခပ်ထေ့ထေ့ပြုံးလျ
စူးစူးစိုက်စိုက် ကြည့်နေသည်ကို မြင်လိုက်ရတော့ သူမသည်
မျက်ဝန်း အေးစက်စက်တွေကို ညို့ယူခံလိုက်ရသူ တစ်ယော



တုံ့ပြန်ငေးကြည့်နေမိပြီး သူ့နှုတ်ခမ်းပေါ်က အပြုံးရိပ်ကိုပင် နှစ်
ခြိုက်စွဲလမ်းလျက် စက္ကန့်တွေ အကြာကြီး သတိလက်လွတ် ဖြစ်
သွားခဲ့ရသည်။ ဒါကို သူမ၏ညီအစ်မတွေကလည်း လျှင်မြန်ပါး
နပ်စွာ ချက်ချင်းရိပ်မိလိုက်၏။ ဘာဖြစ်သွားမှန်း မသိလိုက်ရသူ
က မေသက်ပန် ကိုယ်တိုင်ပင် ဖြစ်သည်။ သူ့အပြုံးက ကလေး
ဆိုးတစ်ယောက်လို ဂျီကျနေသော မေသက်ပန်ကို ကျီစယ်ချင်သည့်
အပြုံးရိပ်မျိုး။ ဒါကို မေသက်ပန် ကောင်းကောင်းသိနေခဲ့သည်။

သို့တိုင်လျက် ...

သည်အပြုံးကိုမှ ဘယ်လိုအကြောင်းကြောင့် သဘော
ကျနှစ်ခြိုက်မိရသည်တဲ့လဲ။ ပြီးတော့ သူ့အေးစက်စက် မျက်ဝန်း
တွေကိုလည်း တစ်မျိုးပဲဟု မှတ်ချက်ချမိပြန်သည်။

"ဟော့ ... မေသက်၊ ညည်း တို့ဟူးကြော် ရပြီလေ"

မပိုးက ငြိမ်သက်နေသော မေသက်ပန်ကို ပခုံးနှင့်
ဘိုက်ရင်း ပြောသည်။

"နေပါစေတော့၊ သူတို့ပဲ အရင်ယူပါစေ"

"ဟာင် ... ဖြစ်ရပြန်ပြီ၊ ခုနကပဲ ဗိုက်ဆာလို့ သေတော့မယ်"

"အဲဒါပေါ့ ... အချစ်က အချစ်ကို ဗိုက်ပြည့်စေ၏ ဆိုတာ"

"အုနော် ... ပေါက်ကရတွေ ပြောမနေနဲ့၊ ဣန္ဒြေရရင်
နေစမ်း"

မပိုးက လူကြီးပီပီ သစ်ရွက်လှုပ်တာ မြင်တိုင်း
ယယ်ချင်တတ်သော အပျိုပေါက်ကလေးတွေကို ထိန်းသည်။ ကောင်
လေးနှစ်ယောက် အသံနည်းနည်း ထွက်မလာဘဲ ငြိမ်ကုပ်နေ၏။
တကယ်တမ်းကျတော့ မေသက်ပန်သည် အုတို့ စုတို့လို ဇရုတ်

ကျဗုံသူ မဟုတ်ချေ။ ခုတော့ အဖော်အပေါင်းနှင့်မို့ သူမက သတ္တိ
ကောင်းနေသလိုရှိ၏။ တစ်ယောက်တည်းသာဆိုလျှင်တော့ လမ်း
လျှောက်လျှင်တောင် ကတ္တရာလမ်းကိုသာ ငုံ့ကြည့်သွားတတ်သူ။

ခုလည်း ကောင်လေးနှစ်ယောက်ကို စိတ်ထဲမှာ
အားနာနေမိပြန်သည်။

"ကဲ ကဲ ... အခုနှစ်ဆယ် ရပြီ၊ ဒေါ်ကြီး ကြက်သွန်ကြော်
ကြော်တော့လေ၊ တို့ဟူးချည်းပဲ စွတ်ကြော်မနေနဲ့"

အနွေးက စိတ်တိုလာပြီး ကလေးပီပီ အော်တော့
သည်။ ဒေါ်ကြီးက အချဉ်ရည်ထုပ် နှစ်ထုပ်နှင့် တို့ဟူးကြော်တို့
ဖက်စိမ်းနှင့်ထုပ်ပြီး ...

"သားတို့ရေ ... ရပြီ"

ဟု အော်ပြောသည်။ ကချင်ပုဆိုးတိုတို၊ သိုးမွေး
ဝေ့စ်ကုတ် သမင်မွေးရောင်နှင့် ကောင်ကလေးသည် အကြော်
နား လျှောက်လာပြီး အကြော်ထုပ်ကို လှမ်းယူရင်းက မေသက်ပ
ကို ငုံ့ကြည့်လျက် ...

"ကျေးဇူးတင်ပါတယ်"

ဟု ပြောပြီး ထွက်သွားတော့သည်။

"မေသက်တို့တော့ မဲပေါက်သွားပြီဟေ့"

စု၏ နောက်ရွှတ်ရွှတ် အပြောကြောင့် မေသက်ပ
ရင်တွေ ပရမ်းပတာခုန်ပြီး ရှက်စွဲ့စွဲ့ ဖြစ်နေမိသည်။ ပထမဆုံး
အကြိမ် အစိမ်းသက်သက် ကြုံလိုက်ရသည့် ရင်ခုန်စရာ ဇာ
လမ်းကလေးတစ်ခု။

♥ ❋ ♥



နောက်နေ့တွေမှာ မေသက်တို့ထက်စောပြီး အကြော်
ဆိုင် ရောက်နေတတ်သော ကောင်လေးနှစ်ယောက်ကို နေ့တိုင်းလို
မြင်ရတော့သည်။ မေသက်တို့ ညီအစ်မများအတွက် နံနက်ခင်း
လေးက ပိုပြီးပျော်ရွှင်ဖွယ် ကောင်းလာသလို မေသက်ပန်အတွက်
လည်း ချယ်ရီလမ်းကလေးက ပိုပြီးအဓိပ္ပာယ်ရှိလာသည်။ ခိုးခိုး
ကြည့်တတ်သည့် သူ့မျက်ဝန်းတွေအောက်မှာ မေသက်ပန် ကြည်နူး
ရင်ခုန်တတ်ပြီ။ ညဘက်ဆို သူ့နှုတ်ခမ်းမှ အပြုံးရိပ်ကို ပြန်မြင်
ယောင်ရင်း ညဥ့်ဦးယံတစ်လျှောက်လုံး သူ့ကို အိပ်မက်ထဲမှာ
မြင်ရလျက် နံနက်စောစောဆို အကြော်ဆိုင်သွားဖို့ စိတ်စောနေ
တတ်ပြီး အလင်းရောင်မှ မသမ်းသေးခင် အိပ်ရာနိုးနေတတ်ပြီ။

ဆယ်ကျော်သက်အရွယ် အဖြူရောင်သက်သက်
နလုံးသားမှာ စတင်တွင်ငြိခဲ့သည့် အရူးအမူးအချစ်မို့ စားစားသွား
သွား သူ့ကို သတိရ၊ မြင်ယောင်နေမိတော့သည်။ ရိုးသားရှင်းသန့်
ခဲ့သည့် သူမ၏ စိတ်အတွေးများသည် ရင်ခုန်ခြင်းဖြင့် ပြည့်နှက်
ရောပြွမ်းပြီး အရောင်ပြောင်းလဲစ ပြုလာသည်။ စိတ်ကူးယဉ်စရာ
အချိန်တွေ ရှိလာသည်။ သိုးမွေးထိုးရင်း၊ သီချင်းနားထောင်ရင်း။

တစ်ခါတစ်ရံများတော့ သူမသည် နံနက်ပိုင်းခဏ
လေးသာ မြင်ခွင့်ရသည့် သူ့ကို တွေ့ချင်မြင်ချင်စိတ်ဖြင့် အရူး

တစ်ပိုင်းလို ဖြစ်နေသည်။ သူမ မျက်စိရှေ့မှောက်မှာ သူ အမြဲရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ခုတော့ဖြင့် မေသက်ပန်သည် အိပ်ရာက နိုးနိုးချင်း အကြော်ဆိုင် သွားရမည့် အချိန်ကိုသာ တမျှော်မျှော်နှင့် အချိန်တွေကို ခပ်မြန်မြန်သာ ရွေ့ပစ်ချင်နေမိတော့သည်။

မေသက်ပန်၏ ပါးနပ်သော ညီအစ်မများကသာ သူမနှလုံးသားကို ထွင်းဖောက်သိမြင်နေခဲ့ပြီး တစ်ချိန်လုံး စနောက်နေတော့ သူမကို သတိပေးနေသလို ဖြစ်နေတတ်သည်။ အချိန်တွေ တဖြည်းဖြည်း ရွေ့လျားပြီး လေးငါးခြောက်ရက် တစ်ပတ်လောက်ကြာလာတော့ ကောင်လေးနှစ်ယောက်က သူမတို့နာမည်တွေကိုပင် သတိထားမိနေပြီ။ မြူလား နှင်းလား မကွဲပြားတတ်သည့် ဝေဝါးဝါး နံနက်ခင်း တစ်ခုမှာ သူက သိုးမွေးဇော့စ်ကုတ်မိုးပြာရောင်၊ ရှပ်လက်ရှည် အပြာနုစင်းကလေးနှင့် ချည်ပုဆိုးအနက်နှင့် အစိမ်းရောင် အကွက်စိပ်ကလေးကို ဆင်ယင်ပြီး အကြော်ဆိုင်ကလေးကို ရောက်လာသည်။ သူ့သူငယ်ချင်းလေးကတော့ ဂျင်းန်ဘောင်းဘီရှည်နဲ့ပေါ့။

♥ * ♥



"မေသက် ... နင် သတိထားမိလား"

အုက အဆေးကြီးမှာ လှမ်းမြင်နေရသော ကောင်လေး
[...]ဦး မျှော်ကြည့်ရင်း အရင်းအမြစ် မသိသော စကားကို ဆိုသည်။

"ဘာလဲဟ"

"အဲဒီ ကောင်လေးလေ"

"ငါ့ရဲ့ ပရင့်စ်လေးလား"

"အရူးမ၊ ဟုတ်ပ ... ဟုတ်ပ"

"ဘာဖြစ်လဲ"

သူမ မျက်နှာနီနီဖြင့် ဆက်မေးဖြစ်သည်။ ညီအစ်မ
[...]င်းတွေမို့ ရှက်ရကောင်းမှန်း သိပေမဲ့ သိပ်ဟန်မဆောင်ဖြစ်တော့
[...]ာ ထင်ပါရဲ့။

"ဇော့စ်ကုတ်လေးတွေ အမြဲဝတ်တယ်၊ ခေါင်းစွပ်ဇော့စ်ကုတ်လေးတွေ"

"အေး ... ဟုတ်တယ်နော်"

"ခုမှ သိရလား၊ သိသင့်တာ ကြာပြီ"

"သူနဲ့ အဲဒီ ဒီဇိုင်းလေးနဲ့ အရမ်းလိုက်တာပဲဟာ"

"နင် သူ့ကို ဇော့စ်ကုတ်တစ်ထည်လောက် ထိုးပြီး လက်ဆောင်ပေးဖို့ မစဉ်းစားမိဘူးလား"

"ဟယ် ... အု ..."

သူမ ရယ်မောခုန်ပေါက်ပြီး အော်ပစ်လိုက်တော့ မပိုးက ...

"ဘာဖြစ်တာလဲ"

ဟု အမြင်ကတ်စွာပြောသည်။ အုနှင့် စုက စပ်ဖြဲဖြဲ မျက်နှာတွေနှင့် ရှိကြ၏။ သည်လိုအတွေးမျိုး ဘာဖြစ်လို့များ ပေါ်မလာပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိသည်။ ဘယ်လောက် ကြည်နူးစရာ ကောင်းလိုက်မလဲ။ သူမကိုယ်တို ဖန်တီးပေးသည့် သိုးမွေးအင်္ကျီလေးကို သူ ဝတ်ဆင်ထားတာမျ မြင်ရလျှင် ...

ပျော်ရွှင်ခြင်းကြောင့် သူမ မေ့မြောသွားမလားပ မသိတတ်နိုင်ပါ။

"နင် သိပ်တော်တာပဲ အု၊ နင့်မှာ ဘာဖြစ်လို့ ဒီလော ကောင်းတဲ့ အကြံဉာဏ်တွေ ရှိနေရတာလဲ"

"ငါ့အစ်မ ဖြစ်နေလို့ပေါ့"

ဟု စုက အချောင် အမှတ်ဝင်ယူသေးသည်။ ကိုယ အတွေးနှင့်ကိုယ် စိတ်လွတ်လပ်စွာ ပျော်ရွှင်နေမိပြီးမှ အဖြစ်မ လှသော နဂိုအားငယ်စိတ်က ပြန်ပြီးပေါ်လာသည်။ ကိုယ် အမြတ်တနိုး ပေးချင်ပေမဲ့ သူက လက်ခံပါ့မလား။ သူမ အထင်သေး စက်ဆုပ်သော အကြည့်ဖြင့် ကြည့်လိုက်မှာကိုတော အကြောက်ဆုံး။

မေသက်ပန်သည် ယောကျ်ားကလေး တစ်ယော ကို စတင်ချဉ်းကပ်ဖို့ ကြိုးစားနေမိတာ ရှက်စရာ မကောင်းဘူးလာ



တကယ်တော့ သူမက သူ့အပေါ် တိတ်တခိုး မြတ်နိုးတွယ်တာနေ ရသည်ကိုပဲ ကျေနပ်နေခဲ့မိတာပါ။

မဖြစ်သေးပါဘူးလေ။

အကြော်ဆိုင်နား ရောက်လာတော့ ကျွက်ကျွက်ညံ လာသော မိန်းကလေးတစ်စု အသံတွေ တိတ်သွားသည်။ ကောင် လေးနှစ်ယောက်သည် သူတို့နေရာဟု သူတို့ဘာသာ သတ်မှတ် ထားသော ယူကလစ်ပင်အောက်မှာပဲ ရပ်လျက်ရှိကြ၏။ အကြော် ဆိုင်သို့ အစောဆုံး ရောက်တတ်သူများမှာ ကောင်မလေး ငါး ယောက်နှင့် ကောင်လေးနှစ်ယောက်သာ ဖြစ်သည်။

"ဒေါ်ကြီး ... ကြက်သွန်ကြော်"

"သမီးအတွက် တို့ဟူးကြော်"

"ရပြီ"

"အင်"

ခပ်ကျယ်ကျယ် ပြောလိုက်သော ကပြားကောင်လေး ၏ အသံကြောင့် မေသက်ပန်တို့ ညီအစ်မတစ်တွေ တအံ့တဩ ဖြစ်သွားသည်။

ဇေ့စ်ကုတ် မိုးပြာရောင်နှင့် ကောင်လေးက မေသက် ပန်ဆီ တန်းတန်းမတ်မတ် လျှောက်လာပြီး ...

"ဗိုက်ဆာနေမှာစိုးလို့လေ၊ ကြိုဝယ်ထားပေးတာ"

ဟု ရဲရဲတင်းတင်းပင် ပြော၏။

"ဟာ ... နေပါစေ"

"အခုမှ ကြော်ထားတာပါ၊ ယူပါ၊ ရော့ ..."

"ဟင့်အင်း ... မယူဘူး"

တကယ်တမ်းကျတော့ မွေးရာပါ ရှက်ကြောက်တတ်သည့်စိတ်က ပြန်သတိပေးနေသလို ရှိသည်။ စကားပင် ဟဟ မပြောရဲ။ မျက်လုံးချင်း ဆုံမကြည့်ရဲ။

"ဟာဗျာ ... ရှက်စရာမှ မဟုတ်တာ"

"မေသက်ရေ ... အလကား ဝယ်ကျွေးတာဆို စားလိုက်လေ၊ ပိုက်ဆံကုန် သက်သာတာပေါ့"

စုက ဝင်ပြောသည်။

"ဟုတ်သားပဲ၊ အလကား ကျွေးတာပါ"

ဟု သူက ခပ်တိုးတိုး ပြောသည်။ သူ့စကားသံက အေးမြလွန်းသည်။ လှိုက်လှဲမှုမရှိဟု ထင်ချင်စရာ ဖြစ်သော်လည်း မေသက်ပန်ကတော့ သူ့စကားသံကိုပင် စွဲလမ်းနေမိပြန်သည်။ ဖက်စိမ်းနှင့်ထုပ်ပြီး တုတ်ရှည်နှင့် ပိတ်ထားသော အကြော်ထုပ်ကို သူက အတင်းကြီး ပေးနေသည်။ ဘယ်လိုလုပ်မလဲ၊ ယူလိုက်ပြန်လျှင်လည်း ရှက်စရာကြီး။

"တကယ်ပြောတာပါ၊ မေသက်က အစောကြီး ဗိုက်ဆာတတ်တာ ကျွန်တော် သိတယ်"

"ဟာ ... ဘာတွေ လာပြောနေတာလဲ၊ ပေါက်ကရ"

"ဩော် ... ခုမှပဲ အသံထွက်တော့တယ်"

ဒါ ရယ်စရာလား။ စိတ်ထဲက ရန်တွေ့ပစ်လိုက်မိသည်။ မပိုးက အနား ရောက်လာပြီး ...

"မောင်လေးတို့ကဒီကပဲလား၊ အရင်တုန်းက မမြင်မိပါဘူး"

ဟု ဣန္ဒြေရစွာပဲ မေးသည်။ မေသက်ပန်ကတော့ မပိုး လက်ဖဝါးကိုသာ ဆုပ်ကိုင်ထားမိသည်။



သူက လူကြီးတစ်ယောက်လို ...

"ကျွန်တော်တို့ လာလည်တာပါ"

ဟု တည်တည်ငြိမ်ငြိမ် ဖြေ၏။ သူ့မျက်နှာမှာ ဘာမှအပြောင်းအလဲမရှိ။ သူက အခြေအနေတစ်ခုကို ကြိုတင် စဉ်းစားထားတတ်ပြီး လိုက်လျောညီထွေ ဆက်ဆံတတ်သော လူ့ယဉ်ကျေးတစ်ယောက် ဖြစ်သည်ဆိုတာ သေချာအောင် သက်သေပြချင်လေသလား မသိ။

"ကျွန်တော့်နာမည် ထင်လင်းပါ"

ဟု မပိုးကို မိတ်ဆက်စကား ပြောနေပြန်သည်။ စုတို့ အုတို့ အနားရောက်လာသည်။ သူ့သူငယ်ချင်းတစ်ယောက်ဘည်း ကျန်ရစ်သော အနွေးကို ဘာတွေများ ရယ်မောစရာတွေ ပြောနေသည်မသိ အနွေး တစ်ယောက် တခိခိနှင့် သဘောကျနေတော့သည်။ မပိုးက ညီအစ်မတွေအားလုံးနှင့် တစ်ယောက်စီ မိတ်ဆက်ပြီး ဘယ်ဇာတိ ဘယ်မြို့က စသဖြင့် အိမ်ရှင်ဝတ္တရား ကျေပွန်စွာ စပ်စုနေပြန်သည်။

"ရန်ကုန်ကပါ၊ စာမေးပွဲဖြေပြီး ပြင်ဦးလွင်ကို လာလည်တာ၊ စစ်တက္ကသိုလ်ထဲမှာ ကျွန်တော့်ဦးလေး ရှိတယ်၊ ဦးလေးကခေါ်လို့ သူငယ်ချင်းခေါ်ပြီး လာလည်တာ၊ ကျောင်းပိတ်ရက်တွေက အရှည်ကြီးဆိုတော့ ရန်ကုန်မှာ နေရတာ ပျင်းစရာကြီး၊ အဲဒါနဲ့ အိမ်က တစ်လလောက် လည်ရင်လည်ဆိုပြီး လွှတ်လိုက်တာ"

"စာမေးပွဲ ဖြေနိုင်လား"

စုက ဝင်မေးသည်။

“ဟုတ်ကဲ့ ... ဖြေနိုင်ပါတယ်”

“သူတို့သုံးယောက်လည်း ဒီနှစ် ဆယ်တန်းဖြေတာ”

“ဪ ... ဟုတ်လား”

မပိုးက လမ်းဖွင့်ပေးလိုက်တော့ နဂိုက သွက်သော စုတို့ အုတို့ အင်္ဂလိပ်စာက ဘယ်လို၊ မြန်မာစာက ဘယ်လို၊ ဓာတုဗေဒ အပုဒ်နံပါတ် ဘယ်လောက်က ... ဆိုပြီး စကားတွေ ရောက်တတ်ရာရာ ပြောနေတော့သည်။ မေသက်ပန်က စကားဝိုင်းထဲက ခွဲထွက်ပြီး အနွေးနားမှာ ငုတ်တုတ်ထိုင်နေလိုက်သည်။ ဘာကို ဘယ်လို စကားစရှာပြီး ပြောရမည်ဆိုတာ မသိ။ သူ့မျက်နှာကို မြင်နေရသည့်အတွက်၊ သူ့စကားသံကို ကြားနေရသည့်အတွက် သည်နေ့ သည်အချိန်ကလေးက ကျေနပ်စရာ ကောင်းနေပြီ။ ခဏကြာတော့ သူ့သူငယ်ချင်း အနွေး အနားက ထသွားပြီး အုတို့နှင့် စကားဝိုင်းဖွဲ့နေတော့ မေသက်ပန် အနား ပြန်ရောက်လာပြန်သည်။ အနွေးက မေသက်ကို မျက်စိတစ်ဖက်မှိတ်ပြပြီး မပိုးကို အနားကပ် ဂျီတိုက်နေသည်။

သူက တို့ဟူးကြော်ထုပ် မေသက်ပန်ကို လှမ်းပေးပြီး ယူကလစ်ပင်အောက် တစ်ယောက်တည်း ထိုင်လျက် မေသက်ကို ငေးကြည့်နေတော့၏။

ရင်ခုန်အောင် တမင် ပြုစားနေတာလား သူရယ်။

မေသက်ပန် ဆိုသည့် ကလေးမအတွက် ထင်လင်းသည် အချစ်ကို ဖန်ဆင်းသူဖြစ်၏။

♥ ✻ ♥



အဖြူဆွတ်ဆွတ် သိုးမွှေးချည်ထည်ကလေးသည် တစ်ရက်ပြီးတစ်ရက် ပုံသဏ္ဍာန် ပီပြင်လာခဲ့၏။

ရှေ့ဘောနှစ်ဖက်မှ မုန့်ကြိုးလိမ်ကွက် ဖော်ထားသော အဖြူရောင် ဝေ့စ်ကုတ်လေးကို သူ့အတွက် လက်ဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားမိသည်။ သူ လက်ခံပါ့မလား မသိ။

တကယ်တမ်းမှာ သူကလည်း စကားနည်းသူ တစ်ယောက်ပါပဲလေ။ စုတို့ အုတို့က တစ်ခွန်းမေးမှ တစ်ခွန်းပြန်ဖြေတတ်သော သူတို့နှစ်ယောက်ကို အားမလို အားမရ ရှိကြသည်။ သူ့သူငယ်ချင်းလေးက သူ့ထက်တောင် ပိုပြီးအေးစက်သေးရဲ့။ မပိုးကတော့ သူမတို့ ညီအစ်မတစ်တွေကို ဆူပူမာန်မဲ ထိန်းကျောင်းရသည့် တာဝန်တစ်ရပ် ပိုလာသည်။ သို့ပေမဲ့ မပိုးလည်း ပျော်နေတာပါပဲ။

မေသက်ပန်လည်း အိမ်ကိုပြန်ဖို့ မေ့လျော့နေခဲ့သည်။ သူ့အကြည့်၊ သူ့အရယ်အပြုံးတွေက သူမကို တစ်ချိန်လုံးဖမ်းစားထားတော့၏။

သူမ၏ ဒိုင်ယာရီ စာအုပ်ထဲမှာ မင်းသားလေး အကြောင်းတွေသာ ပြည့်နှက်နေသည်။

သူ့ကိုများ မတွေ့ရ မမြင်ရလျှင် ...

ဘယ်လိုများ နေမလဲ၊ ရှုးသွပ်သွားမလားဟု ထင်သည်။ သူ့ကို မြင်နေရတိုင်း နှလုံးသားတွေ တဆတ်ဆတ်တုန်ပြီး တိတ်တခိုး ကြည်နူးသည်။ မိန်းကလေးတန်မဲ့ သူ့ကို မျက်တောင်မခတ် ငေးမောကြည့်နေခွင့်ရဖို့ ဆုတောင်းခဲ့သည်ဆိုလျှင် ရှုးသည်ဟု ပြောမလား။

သူမ တကယ်ပဲ ဆုတောင်းခဲ့ဖူးပါသည်။

သို့ပေမဲ့ သူမ၏ စိတ်ကူးများ၊ အိပ်မက်များနှင့် မျှော်လင့်ချက်များ အားလုံးသည် ပျော်ရွှင်ကြည်နူးစရာများဖြင့်သာ အတိပြီးသော အေးချမ်း ငြိမ်သက်နေသည့် အငွေ့များသာ ဖြစ်ပါသည်။

ကလေးစိတ်အတွေးဖြင့်သာ ချစ်ခြင်းကို ပုံဖော်ပြီး သူမ၏ ချစ်ခြင်းအတွက် ပူလောင်သော၊ နောက်ကျိဖွယ်သော၊ ညစ်နွမ်းသော တရှည်တမော အတွေးတွေ၊ မျှော်လင့်ချက်တွေ လုံးဝမရှိနိုင်ခဲ့သေးသည့် ကာလလည်း ဖြစ်ပါသည်။

ငြိတွယ်စွဲလမ်းခဲ့မိသည့် အတိုင်းအတာကိုတော့ သူမကိုယ်တိုင်လည်း မသိ။ ဘယ်အထိ နက်ရှိုင်းသည်ဆိုတာ မသိ။ ဘယ်မျှ ကျယ်ပြန့်သည်ဆိုတာ မသိ။

"ရှင့်ကို သိပ်ချစ်တာပဲ ထင်လင်းရယ်"

ဟု သူမ တိုးတိုးညည်းညူဖူးသည်။ မကြာခဏ ရေရွတ်ဖူးသည်။ ထိုစကားသည် ဘယ်ကာလအထိ တာရှည်ခံမည်ဆိုတာကို မသိ။

သူ ပျောက်ကွယ်သွားမှာကိုပဲ သူမ ကြိတ်တင်ထိတ်လန့်နေခဲ့သည်။ တွေးမိတိုင်း မျက်ရည်ကျရသည်။



အလွမ်းဆိုတာကိုတော့ မသေကပ်ပန် မသိနိုင်သေး။

ကြိုးတစ်ချောင်းက သူမ၏ နှလုံးသားကို တဖြည်းဖြည်း တင်းကျပ်နေအောင် ရစ်ပတ်လာပြီ။

သူမကတော့ သူ့ကို ချစ်မိနေဆဲပင်။

♥ ✻ ♥

"မေသက်ပန်က မိုးမိတ်ကဆို"

"ဟုတ်ပါတယ်"

"မိုးကုတ်ကနေ ဆက်သွားရတာပေါ့"

"ဟုတ်ကဲ့"

"အဝေးကြီးပဲဗျာ"

သည်လို အခွင့်အရေးမျိုးကို သူမ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးပါ။ ခုတော့ မေသက်ပန်သည် သူနှင့် နှစ်ယောက်တည်း ချယ်ရီပင်များ စီတန်းနေသောလမ်းမှာ လျှောက်နေခဲ့ရ၏။ သည်အခြေအနေ ဖြစ်လာအောင် စုနှင့် အုက တမင်ဖန်တီးသွားသည်ဆိုတာ သူရော သူမပါ သိနေသည်။

သို့ပေမဲ့လည်း သူမတို့နှစ်ဦးစလုံး ရှက်ရွံ့ရင်ခုန်နေသည်ကလွဲပြီး အေးစက်နေသော အခြေအနေကို ပြောင်းလဲစေဖို့ မတတ်နိုင်ခဲ့ပါ။ သူကလည်း စကားတွေ ရှာကြံပြောနေရပေမဲ့ သူ့စကားကို သူကိုယ်တိုင်ပင် စိတ်ဝင်တစား မရှိကြောင်း သိသာလှသည်။

မေသက်ပန်ကတော့ အခွင့်သာတိုင်း သူ့မျက်နှာကို ခိုးကြည့်ဖို့ကလွဲပြီး ဘာကိုမှ အာရုံမရှိ။

သူ့မျက်ခုံးက နက်မှောင်ပြီး စင်ရော်တောင်လိုရှည်ရှည်နှင့် ထောင့်ချိုးကလေးရှိသည်။ မျက်တောင်တိုတိုစိမ်စိပ်နှင့်



မျက်ဝန်းကလည်း သူမကို လှည့်ကြည့်တိုင်း စိုလက်တောက်ပြောင်သာတတ်သလိုပင်။

နှာတံက ရှည်မျောမျောနှင့် လုံးဝန်းပြီး ခပ်ထွေးထွေး နှုတ်ခမ်းက သွေးရောင်လွှမ်းနေတတ်သည်။ သူ့ကိုမြင်ရတိုင်း ခုပဲ ရေချိုးလာသူတစ်ယောက်လို အမြဲလန်းဆတ်ပြီး သန့်ပြန့်နေတတ်တာကတော့ သူ့ဘဝပေးကုသိုလ်ပဲ ဖြစ်မည်ထင်ပါရဲ့။ သူကတော့ မေသက်ပန်ကို သံယောဇဉ် အစပျိုးသော စကားတစ်ခွန်းတလေမှပင်မပြောပါ။ ကျောင်းစာတွေအကြောင်းနှင့် သူ့မိဘတွေအကြောင်းတော့ စိတ်လိုလက်ရ ပြောဖြစ်သည်။ အဲသည်အခါမှာ သူမကလည်း စိတ်ဝင်တစားနှင့် တုံ့ပြန်မိတတ်၏။

ချယ်ရီပင်ရိပ်များရှိသော လမ်းကလေးသည် ငြိမ်းချမ်းဆဲ၊ အေးမြဆဲ၊ နှစ်သက်ဖွယ်ကောင်းနေဆဲပင်။

သူမတို့နှစ်ဦး ကွဲသွားလျှင်၊ ခွဲကြရလျှင်ဖြင့် သည်လမ်းကလေးကို အမှတ်တရ ရှိနေရမည် အသေအချာ။ စိတ်အတွေးဖြင့်ပင် မျက်ရည်ဝဲချင်သည်။ ရင်ထဲမှာ တစ်ခုခု ပျောက်ဆုံးသွားရသလို နာကျင်ခံစားရမှုအတွက် ခံနိုင်ရည်မရှိဘဲ သူမ အထူးအဆန်း ဖြစ်နေခဲ့၏။

"မေသက်ပန်က မိုးမိတ်ကို ပြန်ရမှာပေါ့"

"ဟုတ်ကဲ့"

"ကျွန်တော်တို့ နှစ်ယောက်လုံး ဧည့်သည်တွေချည်းပေါ့နော်"

"ဟုတ်တာပေါ့ ထင်လင်းရယ်၊ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရတာပဲ မဟုတ်ဘူးလား"

"ကျွန်တော်တော့ မပြန်ချင်ဘူး ထင်တယ်"

"ဘာဖြစ်လို့"

"မသိဘူးဗျ"

သူမ ရယ်ချင်ချင် ဖြစ်သွားသည်။ သူက မေသက်ပန်၏ မျက်နှာရိပ်ကိုကြည့်ရင်း ခပ်ဖျော့ဖျော့ ပြုံးလေ၏။ တကယ်ပဲ မသိဘူးတဲ့လား။ နားမလည်တတ်လည်း အကောင်းသားနော်။ သူမရင်ထဲမှာ သူ့ထံမှ စကားတစ်ခွန်းကို တိတ်တခိုး မျှော်လင့်နေမိကြောင်း သူမဘာသာပင် မသိခဲ့ပါ။

"ကျွန်တော် မေသက်ပန်ဆီ စာရေးချင်တယ်"

"ရေး[illegible]"

"လိပ်စာမှ ကျွန်တော့်မှာ မရှိဘဲ"

"ပြန်တော့မှ ပေးမှာပေါ့"

"တကယ်နော်"

သူမ ခေါင်းအညိတ်ကို သူက မှင်တက်စွာ ငေးမော ကြည့်နေလေသည်။ သည်လိုနဲ့ပဲ အဓိပ္ပာယ်ပြည့်စုံစွာ ပြီးဆုံးသွားလျှင် ဘယ်လောက်ကောင်းမလဲနော်။ ဝေးသွားရမည် ဆိုတာကို မတွေးရဲလောက်အောင်ပင် ရှိသည်။ သူ့ရင်ထဲမှာ ဘယ်သို့ရှိမည် ဆိုတာ မသိနိုင်သော်လည်း သူမနှင့် ထပ်တူရှိစေချင်သော ဆန္ဒ တစ်ခုကိုဖြင့် သူမ ဘာသာ ချိုးနှိမ်မရပါ။

"ထင်လင်း … ဘယ်တော့ ရန်ကုန်ပြန်မှာလဲ"

"နက်ဖြန်"

"ဟင်"



ရင်ထဲ တစ်စုံတစ်ခု ပေါက်ကွဲသွားသည်။ ဇာန်လှုပ်စွာ ပြောင်းလဲခြင်းကို ဘယ်လိုမှ ဟန်ဆောင်မရနိုင်တော့။ ဟန်ဆောင်လိုက်ဖို့ သတိမရတာလည်း ဖြစ်နိုင်သည်။ ရင်ထဲနှလုံးအိမ်ထဲမှာ နင့်သီး လပ်ဟာသွားခဲ့ရသည်ကို သူမကိုယ်တိုင်လည်း အံ့ဩမဆုံးရှိ၏။ မျက်ဝန်းများ ပူနွေးလာပြီး ရင်တစ်ခုလုံးလည်း ကျွမ်းမြိုက်လာသည်။

တကယ့်ကို ဝေးရတော့မှာပဲ။

စိတ်ထိခိုက်မှုသည် ဘယ်တုန်းကမှ ရောက်မလာဖူးသော ဝေဒနာဆိုးဖြစ်၏။ သည်ဝေဒနာဆိုးကို ဘယ်လိုလက်ခံမလဲ၊ ဘယ်လိုတွန်းလှန်မလဲ။ ကြေကွဲမှုအတွက် သူမမှာ ဘာတစ်ခုမှ အတွေ့အကြုံ ရှိမနေခဲ့။ မေသက်ပန်၏ ချက်ချင်းပြောင်းလဲသွားသာ မျက်နှာရိပ်ကို သူ ကောင်းကောင်းအကဲခတ်နိုင်ပါလိမ့်မည်။

"မေသက်ပန်"

သူ ခေါ်လိုက်မှပဲ သူမ ထိတ်လန့်တကြား ဖြစ်သွားသည်။ သူက ခြေလှမ်းတစ်လှမ်းကျော်ပြီး သူမရှေ့မှာ ပိတ်ရပ်လိုက်၏။

"ကျွန်တော် ပြန်ရမှာလား"

"ရှင်"

သူ့နှုတ်ခမ်းတွေမှာ အပြုံးရိပ်ငွေ့ငွေ့ ရှိနေသည်။ ကြည့်စမ်း … ဒါ သက်သက်လှူလည်ကျလိုက်တာ မဟုတ်လား။

ဆံပင်တွေကြားထဲ မျက်နှာကို ကွယ်ထားရင်း သူမ အကြီးအကျယ် ရှက်နေမိတော့သည်။

"ကျွန်တော့်ကို မပြန်နဲ့လို့ ပြောပါလား မေသက်ပန်ရယ်"

"ဟင့်အင်း"

"ဒါဆို ပြန်ရမယ်ပေါ့"

"ဟင့်အင်း"

"ဟာဗျာ ... အဲလိုတော့ မကျိစားနဲ့"

သူမ မျက်နှာမဖော်နိုင်တော့ပါ။ ဟန်မဆောင်နိုင်လောက်အောင် စိတ်တွေကို မထိန်းသိမ်းနိုင်လောက်အောင် သူ့အပေါ် သတိလက်လွတ် ငြိတွယ်နေမိပြီဆိုတာ သူမကိုယ်သူမ သေချာသိလိုက်ရသလို သူလည်း နားလည်သွားလောက်ပြီပေါ့။

အထင်သေးစရာလို့များ သူ တွေးလေမလား၊ မိန်းကလေးတစ်ဦးက ကာလတိုတိုကလေးသာ မြင်တွေ့ သိခွင့်ရသည့် ကောင်လေးတစ်ယောက်ကို စတ်တင်စွဲလမ်း ငြိတွယ်မိသတဲ့။

"မေသက်ပန်ရယ် ကျွန်တော့်ကို ကြည့်ပါဦး၊ ကျွန်တော့်ကို စကားပြောပါဦး၊ ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

ခေါင်းကိုသာ ခပ်သွက်သွက် ယမ်းနေမိသည်။ သူ့မျက်ဝန်းတွေကို ရင်ဆိုင်ရဦးမည်လား။ ဒါဆို သူမ ခံနိုင်စွမ်းတွေ၊ ဣန္ဒြေ စောင့်စည်းခြင်းတွေ အရည်ပျော်ကျတော့မည် ထင်သည်။

"ကျွန်တော် နက်ဖြန် တကယ်ပြန်ရမှာ"

"သွား"

"ဩော် ... မယုံဘူးလား၊ တကယ်ပြောတာ၊ မေမေက ကျွန်တော့်ကို ပြန်ခေါ်နေပြီ"

လာပြန်ပြီ။ မေသက် စိတ်ညစ်ပြီး ငိုချင်လာတော့သည်။ ဆံပင်တွေကို သိမ်းခါပြီး သူ့ကို ရင်ဆိုင်ကြည့်လိုက်၏။



သက်ပြင်းရှိုက်ရင်း တောင်းပန်တိုးလျှိုးသည့် အကြည့်မျိုးဖြင့် သူ ငေးကြည့်နေသည်။ ရင်တွေ ခုန်လာပြန်ပြီကော။

ထင်လင်းရယ် ...

"ဒါပေမဲ့ မေသက်ပန်က ကျွန်တော့်ကို မပြန်နဲ့လို့ တားရင် ကျွန်တော် မပြန်ဘူး"

"ဘာဖြစ်လို့ တားရမှာလဲ"

"ပြန်စေချင်တယ်လား"

"လာမနှိပ်စက်နဲ့နော်၊ စိတ်ညစ်လာပြီ"

တကယ်ပဲ မျက်ရည်တွေ ဝိုင်းလာသည်။ သူက မေသက်ပန်ကို ခပ်ငေးငေး စိုက်ကြည့်နေပြန်၏။ သည်တစ်ခါတော့ သူ့အကြည့်အောက်မှာ နှလုံးသားတွေ ခုန်လှုပ်ရင်း ညှို့ငင်ခံရသူ တစ်ယောက်လို သူ့ကို ကြောင်အမ်းမှင်တက်စွာ ပြန်ပြီး မော့ကြည့်နေမိတော့သည်။ အချိန်တွေ အကြာကြီး။

သည်အကြည့်တွေအောက်မှာ သူ လွင့်ပျံပျောက်သွားမှာကို စိုးရိမ်လိုက်ပါဘိတော့ ချစ်သူလေးရယ်။ သူ ဝတ်ဆင်လာသည့် ပန်းရောင်နုနု ရှပ်ကလေးက သူ့မျက်နှာပေါ် ကူးစက်အရောင်လွှမ်းနေသလိုပင်။

ရှင့်ကို မခွဲချင်ဘူး ထင်လင်းရယ် ...

ရှင့်ကို စက္ကန့်တိုင်း မြင်ချင်နေတယ်။

ဒါပေမဲ့ ...

မကြာခင်ဘဲ ဝေးသွားကြရတော့မှာပါ။ ဟိုး ... အဝေးကြီးကို ဝေးသွားကြရတော့မှာပါ။ ပြန်တွေ့ဖို့ မတွေ့ဖို့ဆိုတာလည်း မသေချာ။

မျှော်လင့်ခြင်းတွေက ခုမှပင် နိုးကြားရှင်သန်လာသလိုပင်။ စိုးရွံ့စိတ်တွေ ဆိုတာလည်း ခုမှပင် သက်ဝင်လှုပ်ရှားလာတော့သည်။ ချစ်ခြင်းဆိုတာကို အဓိပ္ပာယ် သေချာမသိဘဲ သူမတို့နှစ်ဦးစလုံး ဖိတ်ခေါ်မိခဲ့ကြပြီ ထင်သည်။ နောက်ထပ် အနာဂတ်ဆိုတာကို စိတ်မဝင်စားချင်တော့။

သူက သူမလက်ဖဝါးတွေကို တင်းတင်းဆုပ်ကိုင်လာသည်။ ပြီးတော့ အောက်နှုတ်ခမ်းကို လျှာဖြင့်သပ်၏။ သူ့မျက်ဝန်းတွေက နူးညံ့စွာ ရွှန်းလက်နေကြသည်။

"မေသက်ပန်ကို ကျွန်တော် ချစ်တယ်"

♥ ✻ ♥



"မောင်လို့"

"ဟင့်အင်း"

"ခေါ်ပါ သက်ရာ"

"ခေါ်ဘူး"

"တစ်ခွန်းတည်း"

"မခေါ်ချင်ပါဘူးဆို"

အိပ်မက်တွေလားဟု မကြာခဏ သံသယဖြစ်မိသည်။ မောင်က မေသက်ပန်ကို ရင်ထဲမှာ နင့်နေအောင် စွဲလမ်းချစ်ခဲ့ရပါသတဲ့။

အိပ်ရာဝင်တော့ မောင် ပြောခဲ့သမျှ စကားတွေကို ပြန်ကြားယောင်ပြီး ကြည်နူးရပြန်သည်။ အိပ်ရေးပျက်ရသည့် ညတွေလည်း များလှပြီ။

သို့ပေမဲ့ မောင့်ကို သတိရနေခြင်းအတွက် သူမ ဘယ်တော့မှ စိတ်မပျက်မိပါ။

♥ ✻ ♥

## အခန်း(၃)

မောင်နှင့် မေသက်ပန် ပထမဆုံးအကြိမ် ခွဲခွာခြင်းကတော့ တစ်သက်တာမှာ မကြုံဖူးခဲ့ရသော အလွမ်း၊ ကြေကွဲခြင်း၊ နင့်သီးခြင်း၊ ဝမ်းနည်းခြင်း၊ လှိုက်လှဲခြင်းတွေ စုပြုံပြည့်ကျပ်ပြီး မခံမရပ်နိုင်လောက်အောင် ခံစားခဲ့ရသော ချစ်ခြင်း၏ ပထမဆုံး ရလဒ်ဖြစ်သည်။ မောင် ရန်ကုန်ပြန်ရတော့မည်ဆိုတာ သိသိချင်း သူမ အစားအသောက်လည်း စားလို့မရ၊ အိပ်လည်းမပျော်ဘဲ ဘယ်သူမှ မသိအောင် ကြိတ်မှိတ်ငိုနေခဲ့ရသည်။ ဒါကို မောင်က မသိခဲ့ပါ။ မောင် ကိုယ်တိုင်လည်း မေသက်ပန်နှင့် ထပ်တူ ခွေး မြည့်ကြေကွဲနေရမည် ဆိုတာ ယုံကြည်နေခဲ့သည်။

"မောင် ဘယ်လိုမှ မပြန်ချင်ပါဘူး သက်ရယ်၊ ခုဟာက အမှတ်စာရင်းထုတ်ဖို့ အိမ်ကခေါ်လို့ပါ၊ ပြီးတော့ အင်္ဂလိပ် စာသင်တန်း အပ်ထားခဲ့တာလည်း ရှိတယ်၊ ခုလဆန်းမှာ ဖွင့်တော့မှာ၊ အဲဒါကလည်း ပျက်လို့မဖြစ်ဘူး"

နေ့လည်ခင်းဆို အကြော်ဆိုင် မရှိတော့သည့် ယူက လစ်ပင်အောက်မှာ မောင်နှင့် မေသက်ပန် ခဏတော့ စကားပြော ခွင့်ရမြဲ။ သည်အခါမှာ မောင့်ရင်ထဲ ကျွမ်းမြည့်မှုကို သိနေလျက်



ပင် မောင့် ဖြေသိမ့်စကားတွေကို မျက်ရည်မကျမိအောင် ကြိတ်မှိတ်နာခံရသည်။

"မောင် သက်ကို အမြဲသတိရနေမယ်ဆိုတာယုံ၊ မောင်နဲ့ သက်ကြားက သစ္စာတရားဆိုတဲ့ စည်းကို မောင်ဘယ်တော့မှ မဖောက်ဘူး၊ မောင် သက်ကို ဘယ်လောက်ချစ်တယ် ဆိုတာ ပြောမပြတတ်လို့ပါ သက်ရယ် ...

"မောင်တို့အတွက် ဘဝဆိုတာ ခု မျှော်လင့်ချက် ရှိလာပြီ၊ သက်နဲ့ မောင် အတူနေရဖို့ မောင့်ဘက်က အစွမ်းကုန် ကြိုးစားမယ်၊ မောင်နဲ့သက် ဝေးနေရတဲ့အချိန် တွေဆိုတာ တဖြည်းဖြည်း နီးလာဖို့လို့ နားလည်ပေးပါ သက်ရယ်နော်၊ ခွဲနေရတယ်ဆိုပေမဲ့ ရင်ထဲမှာ အမြဲသတိ ရနေရင် ဘယ်တော့မှ မဝေးပါဘူး၊ သက်ဆီကို မောင် အခွင့်အရေးရတိုင်း လာမယ်၊ သက် မန္တလေးတက္ကသိုလ် တက်ခွင့်ရအောင် ကြိုးစားနော်"

အဲသည်အချိန်မှာ မေသက်ပန်က မောင့်မျက်နှာကို သာ ငေးမောကြည့်နေခဲ့သည်။ မောင့်စကားတွေကိုလည်း ဘာဆို ဘာမှ မတုံ့ပြန်မိ။ တကယ်တော့ မောင်ရော မေသက်ပန်ပါ နှစ် ဦးစလုံး ပျော်ရွှင်တက်ကြွနေရမည့် အချိန်မှာမှ မချိတင်ကဲ အလွမ်းတွေကို သိုသိပ်နေခဲ့ရသည်။ ငါးဘာသာဂုဏ်ထူးဖြင့် မောင် ဆယ်တန်းအောင်သည်ဆိုတာ သိရသည်နှင့် တစ်ဆက် တည်းပင် မောင့်မိဘတွေက မောင့်ကို ရန်ကုန်ပြန်လာဖို့ ချက် ချင်းအမိန့်ပေးခဲ့ကြသည်။ အမိန့်တွေ စည်းကမ်းတွေအောက်မှာ ငယ်စဉ်ကတည်းက ကြီးပြင်းခဲ့ရသူမို့ မိဘဩဇာကို ဆန့်ကျင်ပြီး

မေသက်ပန်အတွက် သက်သက်တော့ ပြင်ဦးလွင်မှာ မောင် ရှိနေပေးနိုင်မည် မဟုတ်ပါ။ သူမကလည်း ရှိနေပေးစေချင်ပေမဲ့ မတောင်းဆိုရဲဘဲ သူမကိုယ်တိုင်လည်း မိုးမိတ်ကို ပြန်ရမည်လေ။ အလွန်ဆုံး အောင်စာရင်း ထွက်သည်အထိသာ သူမ သည်မှာ နေခွင့်ရှိမည်။

ဒါပေမဲ့ တကယ်တမ်းမှာ မောင်က စတင်နှုတ်ဆက်သွားတော့ သူမ အသည်းတွေ လပ်ဟာကျန်ရစ်ခဲ့သည်။ ကံကြမ္မာဆိုတာကိုလည်း မယုံကြည်ရဲဘူးလေ။

ခွဲနေရသည့် အချိန်ကာလ အရှည်ကြီးမှာ မောင့်နှလုံးသားတွေ ပြောင်းလဲမသွားဟု ဘယ်သူက အာမခံနိုင်မှာလဲ။ မောင်ကိုယ်တိုင်ရော ဘယ်လောက် သေချာမှာလဲ။ မေသက်ပန်သည် မောင်နှင့် မိုင်ပေါင်းများစွာ ဝေးကွာလှမ်းသော မြို့ငယ်တစ်မြို့မှ မောင့်အတွက် ဘာမှမထူးခြားလှသော မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။

မောင့်အတွက် ရည်ရွယ်ထားသော သိုးမွေးဝေ့စ်ကုတ် အဖြူလေးကို အမှတ်တရ လက်ဆောင်အဖြစ် ပေးခဲ့ရသည်။ မောင်က ဝေ့စ်ကုတ်လေးကို မြင်တော့ ပြုံးစစဖြင့် ...

"သက် ကိုယ်တိုင် ထိုးတာလား"

ဟု မေးသည်။ မောင်က ပြုံးလိုက်သည့်အခါ အလွန်အင်မတန်မှ ချစ်စရာ ကောင်းလှသည်။ မေသက်ပန်၏ အထင်ပေါ့လေ။

"အင်းပေါ့"

"ဟာ ... တော်လှချည်လား မောင့်အချစ်က"



မောင် သည့်လိုခေါ်လျှင်ဖြင့် သူမ အကြီးအကျယ် ရှက်သွားရင်း ကြည်နူးရတတ်သည်။ သူမတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး မျက်တောင်မခတ် ငေးကြည့်နေရုံဖြင့် ချစ်ခြင်းအဓိပ္ပာယ် ပြည့်စုံပြီး ဖြူစင်ရိုးသားလှစွာဖြင့် နှစ်ဦးတွေ့ချိန်ကလေးများကို သာယာစေခဲ့သည်။ လူငယ်များ၏ နှလုံးသားဖြည့် ညစ်နွမ်းမှုဆိုတာကို ရိုးတိုးရိပ်တိပ်ပင် မတွေးမိသေးပါ။

"မောင် သိမ်းထားမယ်နော်"

"ဟင် ... ဝတ်ဖို့ပေးတာ"

"နွေခေါင်ခေါင်ကြီးဗျ၊ ရန်ကုန်မှာ ဒီအချိန်ဆို စွပ်ကျယ်တောင် မကပ်နိုင်ဘူး၊ တအားပူတာ၊ ဒီမှာတောင် နေ့ခင်းဆို ပူတာပဲ ကြည့်ပါလား"

"ဆောင်းတွင်းကျ ဝတ်ပေါ့"

မောင်က သူမ၏ ကျစ်ဆံမြီးကို လှုပ်ယမ်းဆော့ရင်း ...

"ဝတ်မှာပေါ့"

ဟု ပြောသည်။

"အဲဒီကျရင် ဖေဖေနဲ့ မေမေကို သားရဲ့ဇနီးလောင်းက ကိုယ်တိုင် ထိုးပေးလိုက်တာလို့ ကြွားရမယ်"

"ဟာ ... မောင်ကလည်း"

မောင့်အကြည့်တွေကို ရှောင်လွှဲရင်း မျက်လွှာချထားသည်ကိုပဲ မောင် အစင်းကြီး လိုက်ကြည့်နေပြန်သည်။ သည်တုန်းက မောင့်မျက်ဝန်းထဲမှ အကြင်နာရိပ်တွေကို နက်နက်ရှိုင်းရှိုင်း မြင်ခဲ့ရသား။

"သက်ရယ်"

သက်ပြင်းရှိုက်လျက် မောင်က ရေရွတ်သည်။

"သက်နဲ့ မောင် ဘယ်လိုခွဲသွားရမှန်းတောင် မသိပါဘူး၊ သက်ကို မောင် အရမ်းကို ချစ်တယ် သိလား"

"မပြောနဲ့ မောင်ရယ်၊ သက် ငိုချင်တယ်"

"မငိုနဲ့ ... မငိုနဲ့၊ သက် မျက်ရည်ကျတာ မောင်မမြင်ရဲဘူး၊ မောင်က သူများငိုရင် လိုက်ငိုတတ်တဲ့အကျင့်ရှိတယ်"

မျက်ရည်ကျချင်သည့်ကြားက မောင့်အရွှန်းစကားကြောင့် ပြုံးဖြစ်သေးသည်။

"ကားဂိတ်ကို လိုက်မပို့ဘူးနော်"

ဟု ပြောတော့ မောင်က လေးလေးပင်ပင် ခေါင်းညိတ်သည်။ ငိုယိုကျန်ရစ်မည့် ချစ်သူမိန်းကလေးကို ထားခဲ့ပြီး ထွက်သွားရမည်ကို မောင်လည်း ရင်ဆိုင်ချင်မည် မထင်ပါ။ မောင်နှင့် ခွဲရမည့်နေ့သည် သူမနှင့် မောင် ချစ်သူဖြစ်ပြီး တစ်လတိတိ ပြည့်မြောက်သည့်နေ့ပင် ဖြစ်သည်။

နောက်ထပ် ကာလ ဘယ်လောက်ကြာကြာ ကွဲကွာနေပြီး ဘယ်တော့မှ ပြန်ဆုံမည်ဆိုတာလည်း ဘာတစ်ခုမှ မရေရာပါ။ တွေးမိတိုင်း ရပ်တည်နိုင်စွမ်းတွေလည်း ပျောက်ဆုံးပြီး အင်အားတွေ ဆုတ်ယုတ်သွားသလို ခံစားရသည်။ နှလုံးသားတွေလည်း မုန်တိုင်းမွှေသလို ဖရိုဖရဲနှင့် ပြိုကွဲလွင့်စဉ်ကုန်၏။ လှိုက်လှဲနာကျင်ခြင်းကြောင့် ဒဏ်ရာဒဏ်ချက်တွေသာ ကျန်ရစ်သည်။

တကယ့်ကို ရှားချင်မိတာပါပဲ။



ရှူးသွပ်ပြီး အားလုံးကို မေ့လျော့ထားချင်မိတာပါပဲ။

"မောင် ... မောင်ရယ်"

"သက် ... သက်၊ မငိုနဲ့နော်၊ မငိုပါနဲ့ သက်ရယ်"

ကတ္တရာလမ်းပေါ်မှာ ထိုင်ချပစ်လိုက်ပြီး အံကို တင်းတင်းကြိတ်လျက် မျက်ရည်တွေကို သွန်ချပစ်လိုက်မိတော့သည်။ မောင်က သူမလက်ဖဝါးတွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး သက် ဟုသာ တဖွဖွခေါ်နေသည်။ မောင့်မျက်နှာ တစ်ပြင်လုံး သွေးရောင်လွှမ်းနေပြီး မျက်ဝန်းတွေ နီရဲစိုစွတ်နေ၏။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လျက် မျက်ရည်မကျအောင် အတင်းဆန့်ကျင် ကြိုးပမ်းနေရသော မောင့်ကို မြင်ရတော့ သူမ သနားလာသည်။

"မောင် ... သက် မငိုတော့ဘူးနော်"

ဆုပ်ကိုင်ထားသော သူမ၏ လက်ဖမိုးကို နှုတ်ခမ်းဖြင့် ထိကပ်လျက် မောင် မျက်ရည်တွေ ကျလာတော့ သူမ ရင်ထဲမှာ နင့်ခနဲ နာကျင်သွားသည်။ သို့ပေမဲ့ မောင်က ချက်ချင်းပဲ မျက်ရည်များကို သုတ်ပစ်လိုက်ပြီး မေသက်ပန်ကို ဆွဲထူသည်။

သူမတို့နှစ်ဦး တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လျက် ချယ်ရီလမ်းကလေးတစ်လျှောက် ခပ်ဖြည်းဖြည်း လျှောက်လာခဲ့ကြသည်။ သူမတို့ လမ်းထိပ်ရောက်ပြီး နောက်ဆုံး နှုတ်ဆက်ချိန်အထိ စကားတစ်ခွန်းမှ မပြောဖြစ်တော့ပါ။

နောက်ထပ်လည်း နှစ်အတော်ကြာသည်အထိ မောင်နှင့် မျက်နှာချင်း ဆိုင်ရဖို့ မဖြစ်နိုင်တော့ဘူးဆိုတာ သူမကြိုတင် သိနေခဲ့သည်။ ဒါပေမဲ့ မောင့်ကို မေသက်ပန် နားလည်နိုင်ပါသည်။

မောင်ကလည်း နားလည်နိုင်လိမ့်မည်ဟုသာ မျှော်လင့်ချင်ပါသည်။ ချစ်ခြင်းသည် ရင်ထဲမှာ သိမ်းဆည်းလျက် ရာသက်ပန် တည်မြဲ နေနိုင်သည်ပဲ မဟုတ်လား။ မောင့်အတွက် အချစ်တွေ သူမရင်ထဲ မှာ အစိုင်အခဲဖြစ်ပြီး ကျောက်သား ကျောက်စိုင် ဖြစ်သွားသည် တိုင် သိမ်းဆည်းထားနိုင်ပါသည်။ သိမ်းဆည်းထားဖို့လည်း ဆုံး ဖြတ်ပြီးသား ဖြစ်ပါသည်။

မောင့်ဘက်ကသာ ...

မေသက်ပန် အတွက် ထာဝရ ခိုင်မာသည့် ချစ်ခြင်း တည်မြဲနေပါ့မလား ဆိုတာ သူမ မတွေးဝံ့ဝံ့ တွေးမိခဲ့သည်။

သို့ပေမဲ့ သူမက မောင့်ကို မျက်စိမှိတ် ယုံကြည် သည်လေ။ မောင့်အတွက် ဘာမဆို ပေးဆပ်ဖို့ အဆင်သင့်ဖြစ် နေခဲ့သည်လေ။

နှလုံးသားတစ်ခုလုံး တောင်းဆိုခဲ့လျှင်လည်း တစ် သက်တာ ကြေကွဲခြင်းနှင့် အစားထိုး လဲလှယ်ပေးအပ်မည်။

♥ ❋ ♥



မောင် ရှိမနေသော ချယ်ရီလမ်းကလေးကို မလျှောက် ချင်တော့။ ယူကလစ်ပင်ကြီးနှင့် အကြော်ဆိုင်ကို မမြင်ချင်တော့။ မောင့်မျက်နှာ မမြင်ရသော၊ မောင့်စကားသံ မကြားရသော အရပ် သည် မေသက်ပန်၏ ရှင်သန်ခြင်းအတွက် ဘာမျှ အဓိပ္ပာယ်မရှိ တော့။ အချိန်တိုင်းသည် မျက်ရည်စက်များနှင့်သာ ရောပြွမ်းပြီး ခြောက်သွေ့လွန်းနေ၏။

နောက်နှစ်ရက် အကြာမှာ မန္တလေး ပြန်ဆင်းပြီး မိုးမိတ်ဘက် လှည့်ပြန်ခဲ့သည်။ အသိထဲမှာ ပြန်မဆုံနိုင်တော့ဘူး ဟု စဉ်းစားမိတိုင်း မချိတင်ကဲ ကြေကွဲရတတ်သည်။ နောက်ဆုံး တော့ မောင့်စာတွေ မျှော်ရင်းပဲ အချိန်တွေ ကုန်ဆုံးခဲ့ရပြန်သည်။ မျှော်လင့်ချက်တွေက အနီ အပြာစင်း အနားကွပ် စာအိတ်ကလေး တွေကြောင့်သာ အသက်ဆက် ရှင်သန်နေပြီး သူမကိုယ်သူမ လည်း မောင့်သတိတရ စာသားတွေကြောင့်သာ အသက်ရှူနေမိ သည်ဟုပင် ထင်လာသည်။ တစ်ခါ တစ်ခါတော့ ရူးသွပ်သွားပြီ လားဟု ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး မေးခွန်းထုတ်မိရ၏။

သည်လိုနှင့်ပဲ နေ့ရက်အချိန်တွေ ကုန်မှန်းမသိ ကုန်လွန်လာသည်။ မေသက်ပန်က မန္တလေးတက္ကသိုလ်မှာ စိတ် ပညာအဓိကဖြင့် တက္ကသိုလ်ဝင်ခွင့်ရခဲ့ပြီး မောင်ကတော့ ရန်ကုန်

ဆေးတက္ကသိုလ်မှာ တက်ရောက်ခွင့် ရသည်ဟု သိခဲ့ပြီး နောက်မိုင်းမှာ မောင့်ထံမှ စာတွေလည်း ပိုပြီးအလာကျဲသွား၏။ ဆေးတက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်လာမှ မလူးသာ မလွန့်သာအောင် ကျောင်းစာတွေ ပိနေခဲ့ကြောင်း၊ သူ့ကို ခွင့်လွှတ်နားလည်ပေးဖို့အကြောင်း၊ သူမကို ကျောင်းစာတွေကြားက အမြဲသတိတရ ရှိနေတတ်ကြောင်း။

အကြောင်းအရာတွေ ထပ်လာတတ်သော မောင့်စာတွေကို မဖက်ခင်ကတည်းကပင် သူမ အလွတ်ရနေပြီ။ မန္တလေးတက္ကသိုလ် တက်ခွင့်ရလျှင် မောင်နှင့်တွေ့ဖို့ အခွင့်အရေး ပိုမိုနီးစပ်နိုင်သည်ဟူသော မျှော်လင့်ချက်တွေလည်း ခုတော့ ဘာမှအရာမထင်ဖြစ်ခဲ့ပြီ။ ကျောင်းပိတ်ရက်တွေကလည်း ဆေးတက္ကသိုလ်နှင့် ဝိဇ္ဇာ/သိပ္ပံ မတူလေတော့ မောင့်ကို ဘယ်လိုမျှော်ရမှန်းမသိတော့။ ပထမနှစ် တစ်နှစ်လုံး အလွဲလွဲ အချော်ချော်နှင့်ပင် အချိန်တွေ ကုန်သွားသည်။ မောင့်အပေါ် ယုံကြည်မှုနှင့် မျှော်လင့်ချက်တွေက မေသက်ပန်ကို လှောင်ရယ်နေသလိုပင်။

သည်ကြားထဲမှာ လိပ်ပြာတွေလို အနားမှာ တဝဲလည်လည် ရှိတတ်သော သူတချို့အတွက်လည်း စိတ်အနှောင့်အယှက် ဖြစ်ရသေးသည်။ ပိုင်ရှင်ရှိသည် ပြောပေမဲ့ လက်ဆုပ်လက်ကိုင် မပြနိုင်တော့ အဆင်သင့်ရော အကြောင်းပြချက်တစ်ခုလို မယုံကြည်နိုင်ကြ။ မန္တလေးတက္ကသိုလ်၏ ခပ်ကျဉ်းကျဉ်း အဝန်းအဝိုင်းထဲမှာ ရိုးသားသော၊ မြန်မာဆန်သော မေသက်ပန်သည် တဖြည်းဖြည်းနှင့်ပဲ ထင်ရှားလာ၏။ ဒါကို မောင်က သူ့နည်းသူ့ဟန်နှင့် သိတော့လည်း သဝန်တိုချင်ပြန်သည်။



နှလုံးသား၏ သစ္စာတရားကို ဘယ်လို သက်သေပြရမလဲ။ သူမဘက်က မျှော်လင့်နေရုံမှလွဲပြီး ဘာအခွင့်အရေးမှ မရှိကြောင်း မောင် သိဖို့ကောင်းပါသည်။ မောင့်စကားတစ်ခွန်းကြောင့်ပဲ မျှော်လင့်ချက်တွေ တသီကြီးထားပြီး မန္တလေးတက္ကသိုလ်ကို ရောက်လာခဲ့ရတာ။ ဒုတိယနှစ် အစမ်းစာမေးပွဲအပြီး နွေရာသီကျောင်းပိတ်ရက်တွေနား နီးလာတော့ သူမ ဘယ်လိုမှ ဟန်ဆောင်တင်းခံမနေနိုင်တော့ဘဲ မောင့်ထံ ရန်တွေ့သံဆန်ဆန် စာတစ်စောင်ရေးလိုက်မိတော့သည်။ သို့ပေမဲ့ မောင့်ထံမှ သူမ မျှော်လင့်ထားသလို တုံ့ပြန်မလာဘဲ ဥပေက္ခာပြုထားခဲ့လျှင်တော့ ...

ဘယ်လိုမှ ခံနိုင်ရည်ရှိမည် မဟုတ်ပါ။

ဒါဟာ မေသက်ပန်ရဲ့ စွန့်စားခန်း တစ်ခုပေါ့။

♥ ✱ ♥

## အခန်း(၄)

"သက်ရယ် ... သက်ရဲ့စာကို ဖတ်ရတော့ မောင် ဝမ်းနည်းလိုက်တာ၊ မောင့်ကို ထင်ရက်တယ်ဆိုပြီး မောင် စာလည်း ကျက်လို့မရ၊ အိပ်လည်း အိပ်လို့မရ၊ ဘယ်လိုမှ နေလို့ ထိုင်လို့ မရဘူး၊ အဲဒါနဲ့ စာမေးပွဲ ပြီးပြီးချင်း ကျောင်းမပိတ်သေးဘဲ ထွက်လာတာ၊ သက် မောင့်ကိုမယုံဘူးလား မောင့်ကို မယုံတော့ဘူးလား၊ ဒီလောက် အချိန်အတိုင်းအတာ အတွင်းမှာ မောင့်ဘက်က ပြောင်းလဲသွားရမယ်တဲ့လား သက်ကို မောင် တစ်နေ့မှ မမေ့သေးဘူးဆိုတာ မောင် ကျိန်ပြောရဲတယ်၊ မောင့်မှာ တကယ့်ကို ကျောင်းစာနဲ့ပဲ လုံးထွေးနေတာပါ သက်ရယ်၊ သူများတွေ ညည်းပြတော့ ပိုတယ်ထင်တာ၊ ခုမှ တကယ့်ကို ပင်ပန်းမှန်း သိတယ် ဒါပေမဲ့ သက်ကို ဆရာဝန်ကတော် တစ်ယောက်လို ဂုဏ်ရှိစေချင်တယ်လေ၊ သက် မောင့်ကို မယုံဘူးဆိုရင် မောင့်နောက်ကို လိုက်မလား၊ သက်နဲ့ မောင် လက်ထပ်ကြမယ်လေ၊ သံသယစကားတွေနဲ့တော့ မောင့်ကို မနှိပ်စက်ပါနဲ့ သက်ရယ် ... မောင် ခံနိုင်ရည် မရှိဘူး"



မသက်ပန်သည် သူမရှေ့ မျက်နှာချင်းဆိုင်မှာ ထိုင်ပြီး အဆက်မပြတ် စကားတွေ ပြောနေသော မောင့်ကို တအံ့ဘသြ ကြည့်နေမိ၏။ အိပ်မက်တစ်ခုလားဟုပင် အခါခါဆန်းစစ်မိသည်။ ဝမ်းသာရမည်ကိုပင် မေ့လျော့နေသေးသလား မသိ။ မောင်သည် မသက်ပန်အတွက် ဘာမှမပြောင်းလဲသေးပါ။ သို့ပေမဲ့ မျက်နှာတွေချောင်ပြီး မျက်တွင်းတွေ ချိုင့်နေသော မောင့်ကိုမြင်ရတော့ မသက်ပန်၏ မိမိ၏အမှားနှင့် နားမလည်တတ်မှုကို စိတ်ထဲမှာ အပြစ်တင် ကျိန်ဆဲမဆုံးနိုင်တော့။

မောင့်ကိုပြောဖို့ ရင်ထဲမှာ ရှိသမျှစကားတွေ စုံးစုံးမြုပ် ပျောက်ကွယ်သွားပြီး ...

"သက်ကို ခွင့်လွှတ်ပါ မောင်ရယ်"

ဟုသာ ထပ်ခါတလဲလဲ ပြောနေမိတော့သည်။ မြတ်မာဆောင်ကို မောင်ဘယ်လိုရောက်လာမှန်း မသိ။ သူမ၏ အခန်းမှ အဆောင်ဧည့်ခန်းဆီသို့ရောက်ပြီး ဧည့်ခန်းထဲမှာ မသက်ပန်၏ ဧည့်သည်အဖြစ် မောင့်ကိုမြင်တော့ အံ့သြပျော်ရွှင်စိတ်ဖြင့် ဘယ်လိုနှုတ်ဆက်လိုက်ရမှန်း မသိဘဲ ကြောင်အမ်းအမ်း ဖြစ်နေခဲ့သည်။ သည်ခဏမှာပဲ မောင်က စကားတွေ အဆက်မပြတ်ပြောပြီး သူမကို ကောင်းကောင်းနားကျင်စေတော့တာပါပဲ။ သူမနှင့် မတွေ့ရသော နှစ်နှစ်အတွင်းမှာ မောင် အတော့်ကို ပိန်သွယ်သွားပြီး မောင့်မျက်ဝန်းတွေက လူကြီးတစ်ယောက်လို ရင့်ကျက်လာသည်ဟု ထင်သည်။ သည်မျက်ဝန်းတွေထဲမှာ မသက်ပန် ဟူသော မိန်းကလေးအတွက် အကြင်နာတရားတွေ ရှိနေဆဲပဲ ထင်ပါရဲ့။

"သက်"

"ရှင်"

မောင့်ခေါ်သံမှာ စိုးရိမ်ပူပန်စိတ်တွေ ရောပြွမ်းနေသည်ဟု ထင်သည်။

"မောင်ပြောနေတာတွေကို ယုံရဲ့လား"၊

"သက် ယုံပါတယ် မောင်ရယ်၊ သက်လေ မောင့်ကို သတိရလွန်းလို့ ကယောင်ချောက်ချားဖြစ်ပြီး ရေးလိုက်မိတာပါ၊ တကယ်တော့ မောင့်ကို သက် စိုးရိမ်လို့ပါ၊ မောင် သက်ကိုများ မေ့နေပြီလားလို့"

"ဪ ... သက်ရယ်"

ဒါပါပဲ။ နောက်ဆုံးတော့ မောင့် စကားသံမှာ သူမ ပျော်ဝင်ရမြဲပါပဲ။

"မောင့်မှာ ရင်တွေပူလိုက်ရတာ၊ သက် မောင့်ကိုများ မုန်းသွားပြီလားလို့"

"သက်လည်း မောင့်လိုပဲပေါ့"

နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မိကြသည်။ သည်လိုနှင့်ပဲ မေသက်ပန်၏ အချိန်များ စက္ကန့်များသည် ပြန်လည် စိုပြည်လာရပြန်၏။ မေသက်ပန်၏ ဘဝသည် ပြန်လည်ရှင်သန်လာရပြန်၏။ အနာဂတ်အတွက် မောင့်အပေါ် ယုံကြည်မှုတွေ ပိုလာပြန်တော့သည်။

"မောင် သက်ကို ချစ်နေတုန်းပဲလား"

"အဲလိုမမေးပါနဲ့ သက်ရာ၊ ဘယ်တော့ ပျောက်ကွယ်သွားမှာမို့လဲ၊ ဘယ်တော့ မေ့သွားမှာမို့လဲ၊ သက်က မောင့်ကို မယုံသလိုဘဲ"



"ဟင့်အင်း ... မောင့်ကို သက်က အယုံအကြည်တွေ လွန်နေမိလို့"

"တွေ့လား ... စကားတတ်တိုင်း လှည့်ပတ်ပြောပြန်ပြီ"

အဆောင်ညှော်ခန်းမှာ မေသက်ပန်နှင့် မောင့်ကို တွေ့တော့ သူငယ်ချင်းများက တအံ့တဩ ကြည့်ကြ၏။ သူမက အဲဒါကိုပဲ ဂုဏ်ယူချင်သည်။ မနှစ်က တစ်နှစ်လုံး သူမ ပြစ်ဒဏ်ကျနေသူ တစ်ယောက်လို ခံစားခဲ့ရပြီးပြီ မဟုတ်လား။ ခုတော့ သူမ သက်သေပြနိုင်ခွင့်ရပြီ။

မေသက်ပန်မှာ သစ္စာရှိ ချစ်သူတစ်ယောက် ရှိထားသည် ဆိုတာ။

အို ...

ပျော်စရာကောင်းလိုက်ပါဘိတော့ ...

ကလေးတစ်ယောက်လို အဆက်မပြတ် ရယ်မောနေသည့် သူမကို မောင်က ဟန့်တားလိုသည့်သဘော ...

ပြုံးစစနှင့် မျက်မှောင်ကြုတ်ကြည့်သည်။

တွေ့လား ...

မေသန်ပန်ရဲ့ ချစ်သူလေးက ဘယ်လောက်ချစ်ဖို့ကောင်းလဲ ...။

♥ ✻ ♥

တောင်သမန်သည် နွေရာသီမှာ လှည်းလမ်းကြောင်း ဖုန်မှုန့်များနှင့်၊ အုတ်ဖုတ်နေကြသော အုတ်ဖိုများကိုသာ မြင်ရတတ်၏။ မယ်စယ်ပင်များက အင်းစပ်တစ်လျှောက်မှာ အရိပ်မိုးပြီး ကန္တာရထဲက အိုအေစစ်တစ်ခုလို ရောက်လာသူတွေကို ငြိမ်းအေးစေသည်။

ဥပုသ်ရက်ပိတ်ရက် မဟုတ်သည့်အတွက် တောင်သမန်မှာ ညှော်သည် သိပ်ပြီးမများလှပါ။ မယ်စယ်ပင်ကြီးတစ်ပင်၏ အမြစ်ပျဉ်းပေါ်မှာထိုင်ပြီး ဖုန်တထောင်းထောင်း ထနေသည့် မြေပြင်ကျယ်ကို မောင်က ငေးမောကြည့်နေသည်။ ညရထားစီးလာခဲ့ရသည်မို့ တစ်ညလုံး ကောင်းကောင်းမအိပ်နိုင်ဘဲ မောင် အိပ်ရေးပျက်လာပုံရသည်။ သို့ပေမဲ့လည်း သည်ညရထားဖြင့် မောင် ပြန်လိုက်ရမည်။

တားချင်ပေမဲ့ တားပိုင်ခွင့်မရှိ ...

အချိန်ကာလတွေက မောင့်ဘဝမှာ ဘယ်မျှအထိ၊ ဘယ်အတိုင်းအတာအထိ အရေးကြီးသည်ဆိုတာ မေသက်ပန် မသိနိုင်ပါ။

မောင် သူမထံ အရေးတယူ ရောက်လာသည်ကိုပဲ သူမ ကျေးဇူးတင် ပျော်ရွှင်ရဦးမည်။ နွမ်းရော်နေသော မောင့်မျက်



ာကို ငေးကြည့်လျက် သူမ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်း
မ်းသာဖြစ်နေရသည်။ မောင်က မျက်လွှာကို မဖွင့်ချင်ဖွင့်ချင် 
ဖွင့်လျက် ငေးကြည့်နေသော မေသက်ပန်ကို မြင်တော့ အားပါး
ရ ပြုံးလေသည်။

"ကောင်မလေး မောင့်ကို ဘာတွေ ငေးနေတာလဲ"

"ဟင့်အင်း ... ဘာမှ မဟုတ်ပါဘူး"

"တစ်ခုခုတော့ တွေးနေတယ် မဟုတ်လား မှန်မှန်ပြော"

မေသက်ပန်က ...

"မောင့်ကို သနားနေတာ"

ဆိုတော့ မောင်က မျက်မှောင်ကြုတ်သွားပြီး ...

"ဟာကွာ ..."

ဟု မချင့်မရဲ ညည်းညူသည်။

"ဘာဖြစ်လို့သနားရတာလဲ"

"သက်ရဲ့ မဆင်မခြင် အလုပ်တစ်ခုကြောင့် မောင် ကျောင်းစာတွေနဲ့ သိပ်ပင်ပန်းနေတဲ့ကြားထဲက သက်ဆီကို လိုက်လာရတယ်လေ"

မောင်က နှုတ်ခမ်းစေ့ပြုံးရင်း ခေါင်းယမ်းသည်။

"မောင် သက်ဆီကို လိုက်လာချင်တာ ကြာလှပြီ။ ကျောင်းက စာမေးပွဲတစ်ခုပြီးတစ်ခု စစ်နေတော့ မောင် အစိုးရိမ်လွန်ပြီး ရောက်မလာဖြစ်တာ၊ နောက်ပြီး သက်တို့ ကျောင်းပိတ်ရက်တွေက စောတော့ သက်က အိမ်ပြန်သွားရော၊ အဲတော့ ကျောင်းပိတ်ရက်မှာလည်း သက်ဆီ မောင် လာလို့မဖြစ်ပြန်ဘူး"

"အဆောင် တစ်ဆောင်လုံးမှာ သက် တစ်ယောက်တည်း ကျန်တာ သက်က မောင့်ကို ဘယ်လိုစောင့်မလဲ၊ ဒီမှာ ရင်းနှီးတဲ့ အဆွေအမျိုးအိမ်လည်း မရှိ"

"သက်ကို မောင် အပြစ်တင်နေတာ မဟုတ်ပါဘူး"

မောင်က သူမ၏ ဆံချည်မျှင်တွေကို လက်ချောင်းများဖြင့် ဆွဲယူကစားနေရင်း လေသံအေးအေးဖြင့် ပြောသည်။ ခုတော့လည်း မောင်က နံနက်စောစောက ပူပန်ရိပ်များနှင့် တခြားစီ။ မောင့်မျက်ဝန်းတွေက အေးချမ်းနေပြန်သည်။ နားထင် တစ်လျှောက် မွေးညင်းစိမ်းနုနုကလေးတွေက မောင့်ကို ရင့်ကျက် ချောမွေ့စေသည်လား။ သွေးရောင်နီရွှေးရွှေး နှုတ်ခမ်းကလေးကပဲ ဆွဲဆောင်နိုင်တာလား။ ရှည်မျောမျောနှင့် တောက်ပသော မျက်ဝန်း တွေကပဲ ညှို့ငင်နိုင်တာလား။ မောင့်မျက်နှာထား၊ မောင့်ကိုယ်နေ ဟန် အားလုံး မေသက်ပန်အတွက် ချစ်စရာ၊ မြတ်နိုးစရာ၊ စွဲလမ်း စရာတွေချည်းပင်။

အစိမ်းနုရုပ်လက်တို ဖြောင့်ကလေးနှင့် ကချင်လုံချည် အစိမ်းအပြာကွက်နှင့် ဘယ်လောက်ပဲ နွမ်းနွမ်းနေစေ မောင်ကတော့ သန့်ပြန့်လို့နေတတ်သည်ပဲ။

"မောင် သက်ကို ပြောစရာစကားတွေ အများကြီးရှိတယ်၊ ခုဆို သက်နဲ့မောင် ချစ်ခဲ့တာ နှစ်နှစ်သက်တမ်းရှိပြီ၊ ဟိုး လွန်ခဲ့တဲ့နှစ်နှစ်က ပြင်ဦးလွင်မှာ မောင်တို့ရဲ့ အနာဂတ်ကို သေချာမသိနိုင်သေးတဲ့အချိန်၊ ဘာမှ မရေရာနိုင်သေးတဲ့ အချိန်၊ မောင်တို့ဘဝမှာ အကောင်းအဆိုးဆိုတာကို သေချာ မဝေခွဲတတ်သေးတဲ့အချိန် ...



"အဲဒီလိုအချိန်မျိုးမှာတောင် မောင်တို့ တစ်ယောက် ကိုတစ်ယောက် စိတ်ချလက်ချ ချစ်နေနိုင်ခဲ့သေးတာပဲ သက်ရှယ်၊ ခုဆိုရင် မောင်တို့မှာ သေချာတဲ့ အနာဂတ် တစ်ခုရှိလာပြီ၊ အတော်အတန် ရင့်ကျက်လာပြီး အတော် အသင့် တည်ငြိမ်လာပြီ၊ ခုချိန်မှာမှ ဘာဖြစ်လို့ မောင်တို့ အချစ်တွေ ယိမ်းယိုင်ရမှာလဲ၊ အရင်တုန်းကထက်ပိုချစ်မယ်၊ ဟိုတုန်းကထက် ပိုပြီးတွယ်တာလာဖို့ပဲ ရှိတာပေါ့ မဟုတ် ဘူးလား၊ မောင် သက်ကို လွန်ခဲ့တဲ့နှစ်နှစ် စပြီးတွေ့စဉ် အခိုက်တုန်းကအတိုင်း ချစ်နေတုန်းပဲ၊ သက်ကို ငေးကြည့် နေမိတိုင်း ဟိုအချိန်တုန်းကလို ရင်ခုန်တုန်းပဲ၊ ကဲ ... မောင်က သက်ကို ဘာဖြစ်လို့ မေ့ရမှာတဲ့လဲ၊ ကျောင်းစာ တွေများတာက တခြားပဲ၊ သက်ကို အချိန်တိုင်း သတိရ နေတယ်၊ သက် ယုံနော်"

စကားအရာမှာလည်း မောင်က တစ်ဖက်သားကို သွတ်နူးလာအောင် ဆွဲဆောင်နိုင်ပြန်သည်။ မေသက်ပန်ကတော့ မောင် ပြောသမျှ ခေါင်းညိတ်ရုပ် တစ်ရုပ်လိုပါပဲ။

"နောက်တစ်ခု ... မောင် ကြိုးစားနေသမျှကို သက်က အသိအမှတ်ပြုပြီး မောင့်ကို နားလည်ပေးနော်၊ မောင် ရုပ်ရှင်တွေ ကြည့်နေတာ မဟုတ်ဘူး၊ ပါတီတွေ သွားနေ တာ မဟုတ်ဘူး၊ ကောင်မလေးတွေနဲ့ ရှုပ်နေတာမဟုတ် ဘူး၊ သက်ကို သတိရရင်းနဲ့ စာကြိုးစားနေတာ၊ အဲတော့ သက်ဆီကို မောင် ရောက်မလာနိုင်ဘူးဆိုရင် စာရေးကျဲ ရင် သက်က မောင့်ကို ခွင့်လွှတ်ပေးနော်"

"ဟုတ်ကဲ့ ရှင်"

"အဲ ... ကျန်သေးတယ်၊ ကျန်သေးတယ်၊ နောက်တစ်ခုက သက်က မောင်နဲ့မတွေ့ရတဲ့ နှစ်နှစ်အတွင်းမှာ အရမ်းကို ပြောင်းလဲလာတယ်"

သူမစိတ်ထဲ ထင့်ခနဲ ဖြစ်သွားပြီး ...

"ဘာပြောင်းလဲတာလဲ"

ဟု ခပ်ဆတ်ဆတ် မေးလိုက်မိတော့ မောင်က နှစ်ခြိုက်စွာပြုံးလျက် သူမ မျက်နှာအနား နှုတ်ခမ်းကိုကပ်ပြီး ...

"သက် ... သိပ်လှလာတယ်"

ဟု တိုးတိုးကလေးပြောသည်။

"သွားစမ်းပါ"

ရှက်မိသလို ဖြစ်သွားပြီး သူမက မောင့် ပခုံးစွန်းကို တွန်းတိုက်ပစ်လိုက်၏။ ဟိုတုန်းကလို မျက်လွှာချပြီး မောင့်ကို မျက်နှာချင်း မဆိုင်ရဲတော့လောက်အောင် အရှက်သည်းဖို့တော့ စိတ်ကူးမရချေ။

"တကယ်ပြောတာ သက်ရဲ့၊ သက် အရမ်းလှလာတယ်၊ အဲတာကြောင့် မာဇူးမှာ မေသက်ပန် ဆိုတဲ့ ကောင်မလေး နာမည်ကြီးနေတာ ဖြစ်မှာပေါ့"

"မောင့်ကို ဘယ်သူ ပြောလဲ"

မောင်က မခံမရပ်နိုင် ဖြစ်သွားသည့် လေသံဖြင့် ...

"ဒီမှာ ... မောင်က လူသာ မရောက်နိုင်တာ၊ သက်ရဲ့ သတင်းတွေကို အမြဲစုံစမ်းနေတာဗျ၊ သိရဲ့လား"



ဟု ခပ်မာမာ ပြောသည်။ ဘယ်လိုပုံစံပဲဖြစ်ဖြစ် မေသက်ပန် အတွက်တော့ ဂရုတစိုက် အရေးတယူ ရှိသည်ဆိုတာ ကျေနပ်စရာပါပဲ။

"အဲတော့ သက်ကို မောင် စိတ်မချဘူး"

"ဩော် ... တော်တော် တရားတယ်၊ သူ့ဘက်ကျတော့ ..."

သူမက မောင့်ကို ချစ်မြတ်နိုးလှစွာ မျက်စောင်းထိုးပစ်လိုက်မိသည်။ မောင်က တဟားဟား ရယ်နေပြီး သူမ လက်ဖဝါးတွေကို ဆုပ်ကိုင်လျက် ...

"မောင့် မျက်စိအောက်မှာ မဟုတ်တော့ မောင် စိတ်ပူတာ အမှန်ပဲ"

ဟု လှိုက်လှဲစွာ ပြောသည်။

"သက်ကို မယုံတာလား"

"မဟုတ်ဘူး၊ မောင်တို့က ယောက်ျားလေး၊ ကိုယ်ကစပြီး ဖောက်မှဖြစ်တာ၊ သက်က မိန်းကလေး၊ တော်ကြာအတင်းအဓမ္မ ခိုးသွားတာဆို ဘယ်လိုလုပ်မလဲ၊ ကျောင်းပိတ်ရက် သက် တစ်ယောက်တည်း အိမ်ပြန်ရတဲ့အချိန်ဆို"

"သက် တစ်ယောက်တည်း မဟုတ်ပါဘူး မောင်ရဲ့၊ မိုးမိတ်ကိုပြန်ဖို့ အဖော်မရှိရင် ဖေဖေ လာကြိုပေးပါတယ်"

"သက် တစ်ယောက်တည်းတော့ မပြန်နဲ့နော်"

"အင်းပါ"

"နောက်ပြီး သက်အကြောင်း မောင် ဖေဖေတို့ မေမေတို့ကို ဖွင့်ပြောထားတယ် သိလား"

"ဟောတော့် ... မောင်ရယ်"

မောင်ကတော့ ပြုံးစစနှင့်ပင်။ မိဘဆွေမျိုးအသိုက်အဝန်းကလွဲပြီး သူစိမ်းတွေနှင့် ဆက်ဆံဖို့ အလေ့အကျင့် များများစားစား မရှိသော မေသက်ပန်သည် မောင့်မိဘတွေကို စိတ်ထဲက မှန်းကြည့်ပြီး အရှိန်အဝါ ကြီးသလို၊ ကွာခြားချက်တွေ အများကြီး ရှိနေသလို ခံစားရသည်။ အထက်စီးနှင့် ကြည့်တတ်သော မျက်ဝန်းများ၏ဒဏ်ကို သူမ ခံနိုင်ရည်မရှိလှပါ။

"စိတ်မပူပါနဲ့ သက်ရယ်၊ မောင့်ဖေဖေက ရိုးသားရဲ့လားတဲ့၊ မောင့်မေမေက မိန်းမပီသရဲ့လားတဲ့၊ အဲဒီမေးခွန်းနှစ်ခုပဲ မေးတယ်၊ အဲဒီအတွက်တော့ မောင်က ခပ်တင်းတင်းပဲ ဖြေလိုက်တာပေါ့၊ ရိုးသားပါတယ်၊ မိန်းမပီသပါတယ်၊ ပြီးတော့ သားကိုလည်း သိပ်ချစ်တာလို့"

"သွား ... ဟုတ်ဘဲနဲ့"

"တကယ်ပြောတာ၊ ခု မယုံရင် ရန်ကုန် လိုက်မေးကြည့်ပါလား"

မောင်က အဲလိုနှင့်ပဲ သူ့ကို ယုံကြည်စိတ်ချလာအောင် စည်းရုံးသိမ်းသွင်းနိုင်သည်လေ။ စက္ကန့်တံတွေ ရွေ့လျားသွားခြင်းကို မကျေနပ်သော်လည်း ဘာမျှမတတ်နိုင်ကြပါ။ မောင်က ရန်ကုန်ပြန်ပြီး စာမေးပွဲ ဖြေထားသည့် အောင်စာရင်း ကြည့်ရမည်။ အောင်မှတ်မမီသည့် ဘာသာရပ်တွေ ပြန်ဖြေရလိမ့်ဦးမည်။ သည်လောက် အချိန်ကလေးက သူတို့နှစ်ဦးအတွက် အဖိုးအတန်ဆုံး။ နောင်ကာလတွေမှာတော့ မေသက်ပန်က မောင့်ကို သည့်ထက် နားလည်နိုင်အောင် ကြိုးစားပြီး အလွမ်းဒဏ်ကိုလည်း ရင့်ကျက်မှုဖြင့် အစားထိုး ဖြေဖျောက်နိုင်ရမည်ပေါ့။ မောင့်အပေါ်မှာ ခုထက်ပိုပြီး အဆများစွာ စိတ်ရှည်ခွင့်လွှတ်နိုင်ဖို့ သူမ ကြိုးစားရနိုင်မည် ထင်ပါသည်။



ဖုန်မှုန့်တွေ လွင့်ပျံနေသည့်၊ သစ်ပင်တွေ ကျိုးတိုးကျဲတဲရှိသည့်၊ အုတ်ဖိုတွေ ဟိုသည် တစ်ခုစီ ရှိနေသည့် လွင်ပြင်ကျယ်နှင့် ဟိုးနောက်ဘက်- သစ်ပင်အုပ် စိမ်းစိမ်းလေးဆီ ငေးကြည့်ရင်း နှစ်ဦးသား စကားတွေ မဆုံးနိုင်အောင် ပြောဖြစ်ကြသည်။ စစ်ကိုင်း မင်းဝံ တောင်ရိုးတန်းကြီးကို မြစ်တစ်ဖက်ကမ်းမှာ မြင်နေရပေမဲ့ ဝေးနေဆဲဟု သိနေကြသလို၊ ခရီးအတော်ဆက်ရဦးမည်ဟု သိနေကြသလို သူတို့နှစ်ဦး၏ အနာဂတ်သည်လည်း ရေးရေးပျပျ မြင်နေရလျက် အဝေးကြီး ဝေးနေဆဲ ဖြစ်ပါသည်။

"သက်ရယ် ... သက်ကို မောင် ခွဲမထားချင်တော့ဘူး"

ဒါဟာ ရင်ထဲကဆန္ဒကို သတိလက်လွှတ် ညည်းညူမိခြင်းသာ ဖြစ်ပါသည်။ တကယ်တော့ သည်အချိန်ကာလမှာ မောင်ရော မေသက်ပန်ပါ အိမ်ထောင်တစ်ခုကို ဖြစ်သလို ထူထောင်ပြီး ရုန်းကန်ကြဖို့ ဆန္ဒတွေ မရှိကြသေးပါ။

ရင်ထဲက ချစ်ခြင်းက သတ်သတ်။

ဘဝဆိုတာကို ရင်ဆိုင်ဖို့ သတ္တိစွမ်းရည်က သတ်သတ်ပင် ဖြစ်သည်။

သည်လိုနှင့်ပဲ နောက်ဆုံးတော့ မောင့်ကို နှုတ်ဆက်ခဲ့ရပြန်ပါသည်။

♥ ❋ ♥

"အချိန်တွေ မြန်မြန်ကုန်ပါစေလို့ ဆုတောင်းချင်တယ်"

"အဲတော့ လူတွေ အသက်တိုကုန်မှာပေါ့ မောင်ရဲ့"

မောင်က မေသက်ပန်၏ ဦးထိပ်ကို လက်ဖဝါးဖြင့် ဖိထားပြီး ရယ်သည်။

"မောင် တစ်ယောက်တည်း တစ်ကမ္ဘာလောက် နေရတာ ထက် စာရင်တော့ သက်နဲ့ တစ်ရက်ကလေး အတူနေရတာ က ကြည်နူးစရာ ပိုပြီးကောင်းတာပေါ့ သက်ရယ်"

ရထားစီးခရီးသည်များအတွက် ဘူတာရုံ အသံချဲ့ စက်မှ မန္တလေး–ရန်ကုန် ရထားခရီးစဉ်ကို ကြေညာနေပြီ။

"သက်ပြန်တော့နော်"

"ရထားထွက်တဲ့အထိ စောင့်မယ်လေ"

"မစောင့်နဲ့တော့၊ သက် မျက်ရည်ကျမှာ မောင် သိတယ်"

မောင်က ဘူတာရုံသို့ အဖော်အဖြစ် လိုက်လာသော မေသက်ပန်၏ သူငယ်ချင်းများကို နှုတ်ဆက်သည်။ ကျေးဇူးတင် စကား ပြောသည်။ ပြီးတော့ ရထားပေါ် တက်သွားတော့၏။ သူမတို့ ဘူတာရုံမှ ပြန်ထွက်လာတော့ ရထားထွက်ရန် သံချောင်း ခေါက်သံ ကြားသည်။ မန္တလာညသည် အထူးပင် စည်ကားသက် ဝင်နေ၏။ ချက်ချင်းပဲ စိတ်တွေထိုင်းမှိုင်းပြီး ပျော်ရွှင်မှု ဟူသမျှ



ဆိတ်သုဉ်းသွားသလိုပင် ထင်မိသည်။ ဒုတိယအကြိမ် ခွဲခွာခဲ့ရပြန် ပြီ။ မောင်နှင့် မေသက်ပန်တို့ နှစ်ဦးသားကြား အကြိမ်ကြိမ်တွေ့ ဆုံခြင်း၊ အကြိမ်ကြိမ် ခွဲခွာခြင်းအတွက် ခံနိုင်ရည်ရှိအောင် အတော် ပင် ကြိုးစားရဦးမည်။

"မေသက်ရယ် ... ချစ်ရတစ်ရက်၊ လွမ်းရက်တစ်ရာဆိုတာ နင်တို့မှ အစစ်ပဲ"

တဲ့ ...။ သူငယ်ချင်းများက ကရုဏာသက်သလိုလို၊ ရယ်စရာလိုလို ပြောကြသည်။ ပထမအကြိမ် ခွဲခွာရစဉ်ကလိုပင် သူမနှလုံးတွေ ဆွေးမြည့်နာကျင်ရခြင်းက အနည်းငယ်မှ လျော့ ပါးမသွားခဲ့။ ထနောင်းပင်ရိပ်၊ ရေတမာပင်ရိပ်သည် မောင့်ရင်ခွင် ထက် ပိုပြီးအေးမြနိုင်မည် မဟုတ်မှန်း သိလေသော်လည်း ရည် မှန်းချက်တွေအတွက် သည်အရိပ်မှာပဲ ခရီးဆက်ရပြန်ဦးမည်လေ။ ခဏတွေ့ရပေမဲ့ မောင့်စကားသံများ အာရုံထဲမှာ မမေ့မပျောက် နိုင်အောင် စွဲထင်ကျန်ရစ်၏။

သေချာသည့် အနာဂတ်တစ်ခု ရှိလာပြီတဲ့ ...

မောင် ကြိုးစားနေသမျှကို သက်က အသိအမှတ် ပြုပြီး နားလည်ပေးပါတဲ့။

မောင့်လို စကားမကြွယ်တတ်သော သက်က မောင် ပြောသမျှကို ယုံကြည်ခေါင်းညိတ်ရုံပါပဲ။

ရိုးတံများသာကျန်သော သစ်ပင်တို့၏ ထီးတည်း ခြောက်သွေ့ခြင်းလိုပင် မေသက်ပန်၏ နှလုံးသားလည်း ခြောက် သွေ့ကျန်ရစ်ခဲ့ပြန်သည်။ သို့ပေမဲ့ မျှော်လင့်ချက် ရေစက်ကြောင့် ပင် အခက်အလက်တွေ ပြန်လည်ရှင်သန်လာရဦးမည်လား။

မောင်ရယ် ...
ချစ်ခြင်းဆိုတာ အလွမ်းတွေနဲ့ ရောပြွမ်းနေခဲ့တာပဲ။
အလွမ်းတွေ ရှိနေလို့လည်း အချစ်ဆိုတာ ပိုပြီး ခိုင်မြဲလာသလိုပါပဲ။
ချစ်ခြင်းကြောင့် လွမ်းရတဲ့ အလွမ်းဒဏ်ကို သက်ကျေကျေနပ်နပ် ခံနိုင်ပါတယ်။
ဒါပေမဲ့ ...
အလွမ်းဆိုတာ မရှိတော့ရင် ...။

♥ ✻ ♥



## အခန်း(၅)

"ဟန်နီကျော်သာဟာ ဒေါက်တာထင်လင်းရဲ့ လူနာတစ်ယောက်ဆိုတာ သူ့ရဲ့ဆေးမှတ်တမ်း အထောက်အထားတွေနဲ့ ပတ်ဝန်းကျင် အပြောအရ ကျွန်တော်တို့ သိထားတယ် ဒေါ်မေသက်ပန်၊ ဒါပေမဲ့ ဒေါ်မေသက်ပန်နဲ့ အဲဒီ အမျိုးသမီး ဘယ်လို ဆက်စပ်နေတယ် ဆိုတာ မသိဘူး၊ အဲဒါ ကျွန်တော်တို့ကို ပြောပြပါလား"
"ကျွန်မနဲ့ သူ ဘယ်လိုမှ မပတ်သက်ဘူး"
"ဒါဆို ရန်ဖြစ်တဲ့ ကိစ္စကရော"
"သူ ကျွန်မကို သက်သက် အရှက်ခွဲတာပဲ"
"ဘာကြောင့်လဲ"
"အဲဒါ ကျွန်မ မသိဘူး"
စိတ်ပျက်လက်ပျက် ဖြစ်သွားသည့် မျက်နှာကို ...င်ရသည်။ တစ်နေ့က ယူနီဖောင်းနှင့် သူမ မြင်ခဲ့ရသော ရဲအုပ် ...လေးသည် ခုတော့ အရပ်ဝတ်နှင့် ဖြစ်သည်။ ဂျင်းန်အပါးသား ...်လက်တိုနှင့် ချည်လုံချည် အပြာရောင် လေးထောင့်ကွက်ကို

ဝတ်ဆင်ထားသည့်အတွက် တစ်နေ့ကထက်ပင် သူ့ရုပ်ရည်က ပိုပြီးနုပျိုနေသေးသည်။ သို့ပေမဲ့ လုပ်ငန်းခွင်အတွင်း တက်ကြွခြင်း၊ ထက်မြက်ခြင်း၊ လုံ့လရှိခြင်း စသည့် ဝန်ထမ်းကောင်းတစ်ယောက်၏ အရည်အချင်းများ ထိုကောင်လေးထံမှာ ရှိနေသည်ဆိုတာ သေချာပါသည်။ အရွယ်နှင့်မမျှအောင် ပါးနပ်သော စေ့စပ်သေချာသော ထိုကောင်လေးသည် သူမ မဖြေနိုင်သော ချောင်ပိတ်မေးခွန်းများကို မေးပြီး သူမထံမှ ဝန်ခံချက် တစ်ခု တစ်ရာ မရမချင်း ချော့တစ်မျိုး ခြောက်တစ်ခါဖြင့် သူမကို စိတ်ပျက်လာအောင် အင်အားကုန်ခန်းလာအောင် ပြုနိုင်စွမ်းရှိသူ ဖြစ်သည်။

"မဟုတ်ဘူး အစ်မ၊ အစ်မ သိပါတယ်၊ ဘာကြောင့်ဆိုတာ အစ်မ သိပါတယ်၊ အဲဒီ အကြောင်းအရာဟာ အစ်မအတွက်ရော ကျွန်တော်တို့အတွက်ပါ အရေးကြီးပါတယ် ဟန်နီဟာ အစ်မအပေါ် တစ်ခုခု အငြိုးထားခဲ့တယ်ဆိုတာ သေချာတယ်၊ ဟုတ်တယ် မဟုတ်လား"

"ကျွန်မ မသိနိုင်ဘူးလေ"

"ကျွန်တော်တို့ကတော့ သိတယ်၊ အစ်မရဲ့အမျိုးသား ဒေါက်တာထင်လင်းနဲ့ အဲဒီ အမျိုးသမီးဟာ မရိုးမသား ပတ်သက်နေပုံရတယ်"

"မဟုတ်ဘူး ... မဟုတ်ဘူး"

သူက ကျွတ်ခနဲ စုတ်သပ်သည်။ ဆံပင်တွေ ဖွာလွင့်သွားအောင်ပင် သူမ ခေါင်းယမ်းလိုက်မိ၏။ မျက်ရည်တွေ စိမ့်ထွက်လာသည်။



"အစ်မ မသိတာ ဖြစ်ပါလိမ့်မယ်၊ အဲဒီ အမျိုးသမီးက ဘာရောဂါမှ မရှိဘဲ ဒေါက်တာထင်လင်းဆီ အကြောင်းပြချက် တစ်မျိုးမျိုးနဲ့ ခဏခဏသွားတယ်၊ သူ့မှာနှလုံးသွေးကြောကျဉ်းတဲ့ရောဂါ ရှိကောင်း ရှိခဲ့မယ်၊ ဒါပေမဲ့ အဲဒီ နှလုံးသွေးကြော ကျဉ်းတာက ခုချိန်မှာ ပျောက်နေပြီ၊ နောက်ပြီး အစ်မ မသိတာ ရှိသေးတယ်၊ အဲဒီမိန်းမရဲ့ အရင်ယောကျ်ားနဲ့ အစ်မရဲ့ခင်ပွန်း ဒေါက်တာထင်လင်းဟာ တော်တော်လေး ဆင်တယ်"

သူမ ရဲအုပ်ကလေးကို မော့ကြည့်လိုက်မိသည်။ သူ တကယ်ပဲ ပြောနေတာ ထင်ပါရဲ့။ ဒါပေမဲ့ အဲဒီအကြောင်းအချက်တွေက မေသက်ပန်နှင့် မသက်ဆိုင်ဘူး ထင်သည်။

"ဒေါက်တာထင်လင်းက အဲဒီအမျိုးသမီးရဲ့ အခန်းကို ရောက်နေတတ်တာ မြင်တဲ့သူက မြင်တယ်"

"မဖြစ်နိုင်တာရှင်၊ ကျွန်မယောကျ်ားက တခြားမိန်းမအခန်းကို ရောက်နေရမယ်တဲ့လား၊ ဘာအတွက် ရောက်နေရမှာလဲ၊ သူလိုချင်တာ အကုန်လုံး ကျွန်မဆီက ရနေတာပဲ"

ကောင်လေးမျက်နှာ တစ်ဖက်လှည့်သွားသည်။ သူက အိမ်ထောင်ရေးကိစ္စကို အတွေ့အကြုံ မရှိသလိုလိုပါပဲ။ သည့်ထက် ယဉ်ကျေးဖို့တော့ မေသက်ပန်ကို မျှော်လင့်ထားဖို့ မကောင်းပါ။ သူမစိတ်တွေ ဒဏ်ရာအထပ်ထပ်ရပြီး တစ်စစီ စုတ်ပြတ်နေတော့မည်။ ခုချိန်မှာမှ လူတစ်ယောက်ယောက်ကို သတ်ပစ်မည်ဆိုလျှင် သတ်ပစ်ချင်သည့် အချိန်မျိုး။ ကျားနာတစ်ကောင်လို မြင်သမျှ တွေ့သမျှ အရာရာကို မာန်ဖီချင်နေသည်။

"အစ်မ ညာပြောနေတာပါ၊ အဲဒီကိစ္စကို အစ်မ သိနေတာ
လေ၊ သိနေလို့ပဲ အဲဒီမိန်းမနဲ့ ခင်ဗျား ရင်ဆိုင်တွေ့တော
ခင်ဗျား မတူမတန်သလို ဆက်ဆံခဲ့တယ် မဟုတ်လား
"ဘာမှ မဆိုင်ဘူး၊ သူကသာ ကျွန်မကို ရန်လိုနေခဲ့တာ
စပြီး ရန်ရှာခဲ့တာ"

"သူ အဲလိုပြောတော့ ခင်ဗျားက သူ့ကို ဘာပြန်ပြော
သလဲ"

"ဟင့်အင်း ... ဘာမှ ပြန်မပြောဘူး"

"ဒါပေမဲ့ ခင်ဗျား သိပ်ရက်သွားမှာပေါ့၊ သိပ်ပြီးနာကြည်
သွားမှာပေါ့"

"ကျွန်မရင်ထဲမှာ သူနဲ့ပတ်သက်ပြီး ဘာမှမရှိဘူး၊ သူ့ပ
လည်း ကျွန်မ အရေးမစိုက်ဘူး၊ တကယ်တော့ သူက ...

တစ်ခုခု ပြောလိုက်မိမလို ဖြစ်ပြီးမှ အမှားအယွင်
ကို ချက်ချင်းသိပြီး စကားကို ရပ်ပစ်လိုက်သည်။ ကောင်လေးက
စားပွဲမှာ လက်ထောက်လျက် ရပ်ပြီး သူမ မျက်ဝန်းများထဲ စူးစ
စိုက်စိုက် ကြည့်ရင်း ...

"ဆက်ပြောပါ"

ဟု အမိန့်ပေးသံဆန်ဆန် ပြောသည်။

"မပြောဘူး၊ သူနဲ့ပတ်သက်ပြီး ကျွန်မဘက်က ဘာမှပြေ
စရာ မရှိဘူး၊ ကျွန်မယောကျ်ားအကြောင်းလည်း ကျွန်မ
က ကြားရလိမ့်မယ်လို့ မမျှော်လင့်နဲ့"

သူ သက်ပြင်းရှိုက်လိုက်သည် ထင်၏။



"ကောင်းပါပြီလေ၊ အစ်မ မပြောလည်း ကျွန်တော်တို့
သိထားပြီးသားပဲ၊ လွန်ခဲ့တဲ့တစ်ပတ် အင်္ဂါနေ့က အစ်မ
ဘယ်မှာရှိသလဲ"

"အိမ်မှာပဲ"

"ညဘက် အပြင်ထွက်သေးလား"

"မထွက်ဘူး"

"အစ်မ ယောကျ်ားရော"

"သူက မနက်အစောကြီး ခရီးထွက်ရမှာမို့ သူငယ်ချင်း
တွေ နှုတ်ဆက်ပွဲဆိုပြီး ညနေကတည်းက သွားတယ်"

"ဘယ်အချိန် ပြန်ရောက်သလဲ"

"ညဉ့်ဆယ့်တစ်နာရီလောက် ပြန်ရောက်တယ်"

"သူ အရက်သောက်လာသေးသလား"

"ဟင့်အင်း ... သူ အရက်မသောက်တတ်ပါဘူး"

"ဘယ်သူတွေနဲ့ သွားသတဲ့လဲ"

မောင် အပြင်ထွက်မည်ဖြစ်တိုင်း သူမကို ခွင့်တောင်း
ရှိတာ အမှတ်ရသည်။ ခုနောက်ပိုင်းမှာ သူမအပေါ် အပြစ်ရှိသူ
စ်ယောက်လို ကျိုးနွံဆက်ဆံလာတတ်မှန်း သိလာတော့ မောင့်
် သူမ ကရုဏာ သက်ခဲ့ရသည်။ အစကတော့ မောင် တစ်
ာက်တည်း ညနေဘက် အပြင်ထွက်မည်ဆိုလျှင် အသံတိတ်
နှုပြတတ်သော မေသက်ပန်၏ အကျင့်ကို မောင် သိနေပြီမို့
ာင်က ဆေးခန်းမှာ ဂျူတီမရှိသည့် ရက်တွေမှာ အိမ်မှာပဲ
ဆေးတွေနှင့် ဆော့နေတတ်သည်။ ကြာလာတော့ မောင့်ကို

တားမြစ်ချုပ်ချုပ်ချင်စိတ်တွေ မရှိတော့။ ဇနီးဖြစ်သူ၏ မျက်နှာရိပ်ကို မှန်လိုကြည့်ပြီး ဝမ်းနည်းနေတတ်သော မောင့်ကို တစ်ခါတလေတော့ ခွင့်လွှတ်တတ်ကြောင်း၊ သဘောထားကြီးတတ်ကြောင်း၊ ဝတ္တရားကျေသော ဇနီးမယားတစ်ယောက် အနေနှင့် သက်သေပြသင့်သည်ဟု ထင်သည်။ ထို့ကြောင့်လည်း မောင့်ကို ခွင့်ပြုလိုက်လျောခဲ့ပြီး ဘယ်သူတွေနဲ့လဲ၊ ဘယ်ကိုသွားမှာလဲ စသည့် သံသယမေးခွန်းတွေ မမေးဖြစ်အောင် သတိထားနေခဲ့သည်။

"ကျွန်မ မသိဘူး"

"ဒေါ်မေသက်ပန်ကို ပြောမသွားဘူးလား"

"ပြောတော့ ပြောတယ်၊ ကျွန်မလည်း အမှတ်တမဲ့ပဲ၊ သူ သွားနေကျ ကျောင်းက အပေါင်းအသင်းတွေနဲ့ ဖြစ်မှာပေါ့"

"အဲဒီလူတွေ သိသလောက် ကျွန်တော့်ကို ပြောပြနိုင်မလား"

"ဟုတ်ကဲ့ ... ပြောနိုင်ပါတယ်"

သူမက မှတ်မိရင်းနှီးနေသော နာမည်တချို့ သူ့ကို ပြောပြလိုက်သည်။ သဘောကောင်းသော မောင့်သူငယ်ချင်းအားနှင့် သူမ ကောင်းကောင်း ခင်မင်ရင်းနှီးနေပြီ။ သို့ပေမဲ့ သူမ၏ ဇနီးမောင်နှံအတွက် သူတို့မှာ စိတ်အနှောင့်အယှက် ဖြစ်ရဦးမည်။ အစစ်အဆေး အမေးအမြန်း ခံရဦးမည်။ သည်ဝဋ်ကြွေးတွေ မြန်မြန် အဆုံးသတ်ပါတော့။

"သူက မနက်အစောကြီး ခရီးထွက်သွားတာလား"

"ဟုတ်ပါတယ်"



"ဘာနဲ့ သွားတာလဲ"

"ရထားနဲ့ပါ"

"အစ်မ ဘူတာရုံကို လိုက်ပို့တယ်ပေါ့"

"ဟုတ်ကဲ့ ... လိုက်ပို့ပါတယ်"

"သူက အစ်မကို ထူးထူးခြားခြား ဘာများမှာသွားသေးလဲ"

"ဟင့်အင်း ... ဘာမှ မထူးခြားပါဘူး၊ အမြန်ဆုံးလိုက်ခဲ့ဖို့ အကြောင်းပဲ မှာတာပါ"

"ဘာဖြစ်လို့လဲ"

သူမ ဒေါသထောင်းခနဲ ထွက်သွားသည်။ အဓိပ္ပာယ်လုံးဝမရှိသည့် မေးခွန်းတွေ။

"ဘာဖြစ်ရမလဲ၊ သူ့မိန်းမကို သူ မခွဲချင်လို့ ဖြစ်မှာပေါ့"

သူက တစ်ဖက်လှည့်ပြီး ရယ်လေသည်။ သူမသာ တကယ့်ကို လူသတ်မိသည် ဆိုပါတော့။ ခုချိန်မှာ သူမခေါင်း ညိတ်ဝန်ခံလိုက်မိတော့မည်။ သည်လို စိတ်တွေယိုင်နဲ့ ဖောက်ပြန်လာအောင် တရိရိ ဒုက္ခခံနေရသည်ကို သည်းမခံနိုင်တော့ပါ။

"ဒီမိန်းမကို ခင်ဗျား သတ်သလား"

ဟု တဲ့တိုးမေးလျှင်ဖြင့် သူမ ခေါင်းညိတ်မိမလား မပြောတတ်။ စားပွဲပေါ် တင်ထားသော ဖိုင်တွဲတွေကို တစ်ခုစီ ကောက်ယူထပ်ပြီး သူက အပြင်ထွက်ဖို့ ပြင်သည်။

စာအိတ်အညိုတစ်လုံး စားပွဲပေါ်မှ လျှောခနဲ ပြုတ်ကျသွား၏။ ရောင်စုံဓာတ်ပုံတချို့ ကြမ်းပြင်ပေါ် ပြန့်ကျဲသွားသည်။ သူက ဓာတ်ပုံတွေ တစ်ပုံချင်း လိုက်ကောက်ယူနေပြီးမှ သူမဘက် ပြန်လှည့်လာ၏။ ဓာတ်ပုံတစ်ပုံကို ထောင်ကြည့်နေရင်း ...

"အစ်မက ဒေါက်တာ့ကို သိုးမွေးဝေ့စ်ကုတ်လေးတွေ ကိုယ်တိုင်ထိုးပေးလေ့ ရှိတယ်နော်"

ဟု သူက မေးပြော ပြောသည်။ သူမရင်ထဲ ခဏတော့ နွေးထွေးသွား၏။

"ဟုတ်ပါတယ်"

"ဒါပေမဲ့ ရန်ကုန်မှာတော့ သိပ်လိုအပ်မယ် မထင်ဘူးနော်"

"ဟုတ်တယ်၊ ကျွန်မ ကျောင်းသူဘဝက လက်ဆောင်ပေးထားတဲ့ အင်္ကျီတွေပဲ များပါတယ်၊ အခု သူ ရှမ်းပြည်နယ်ဘက် ပြောင်းရမယ်ဆိုမှ အသစ်ထပ်ပြီး ထိုးပေးရတာ"

"ဒေါက်တာတော့ ဒီနေ့ညနေ ရောက်လာမယ် ထင်ရတာပဲ"

"သူ့ကို အကြောင်းကြားထားပြီလား"

"ဟုတ်ကဲ့၊ သူ့ကို အကြောင်းကြားထားပါတယ်၊ သူလည်း သိပ်ပြီး စိတ်ပူနေမှာပေါ့၊ ဒေါက်တာက အစ်မကို သိပ်မြတ်နိုးပုံရတယ်နော်"

ဘာမှပြန်မဖြေဘဲ သူမ နှုတ်ဆိတ်နေလိုက်သည်။ မောင့်ရင်ထဲ ဝင်ကြည့်လို့ ရသည်မှ မဟုတ်ဘဲ၊ မေသက်ပန်လည်း ဘယ်သိနိုင်ပါ့မလဲ။ ခုနောက်ပိုင်းမှာ မေသက်ပန်သည် မိမိကိုယ်မိမိ ကံကောင်းသော ဇနီးမယားတစ်ယောက် ဖြစ်သည်ဟု ယုံကြည်မှုတွေ လျော့နည်းလာခဲ့ပြီ။ အရာရာ ပြောင်းလဲနေတတ်သည့် လောကကြီးထဲ သူမ မောင့်ကိုလည်း မယုံကြည်တော့၊ ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်ချင်တော့။



သို့ပေမဲ့ ...

မောင့်အပေါ် မေသက်ပန်၏ အချစ်တွေကတော့ သေချာနေဆဲပင်။

"ဪ ... အစ်မ ဘူတာရုံ လိုက်ပို့တဲ့ ညကလည်း သူ သိုးမွေးဇေ့စ်ကုတ်ပဲ ဝတ်ထားတယ် ထင်တယ်"

"အမှတ်တမဲ့ပဲ"

တကယ်တော့ သူမ ကောင်းကောင်းမှတ်မိပါသည်။ ညှော်ခံပွဲက မောင်ပြန်လာတော့ သူမ မောင့်ကို ပထမဆုံး လက်ဆောင်ပေးခဲ့သည့် သိုးမွေးဝေ့စ်ကုတ် အဖြူရောင်လေး။

ရှစ်နှစ် ကိုးနှစ်အတွင်းမှာ မေသက်ပန်က အနည်းငယ် ဝ,လာသော်လည်း မောင်ကတော့ ဆေးကျောင်းသားဘဝက ကိုယ်နေဟန်အတိုင်း အချိုးအစားအတိုင်း နည်းနည်းမှပင် မပြောင်းလဲပါ။

အားကစားသမား တစ်ယောက် မဟုတ်ပေမဲ့ ကျောင်းတုန်းက ကစားခဲ့သည့် လေ့ကျင့်ခန်းများကို မောင်က ခုထိမှန်မှန် လုပ်ရှားနေဆဲ။ ရည်ရွယ်ချက်ကတော့ အညောင်းညာပြေပြီး ကျန်းမာဖို့ သက်သက် ဖြစ်သည်။

"အစ်မက မှတ်မထားဘဲကိုး၊ သူသိရင် စိတ်ဆိုးမှာနော်"

"စိတ်ဆိုးဖို့ သူ့မှာ အချိန်မရှိပါဘူး"

"ဟုတ်တယ်၊ သူ့မှာ အချိန်မရှိပါဘူး၊ ကျွန်တော်တို့ နက်ဖြန်ဆို တရားခံကို စွဲချက်တင်နိုင်ပြီ အစ်မရဲ့"

"ရှင်"

"လူသတ်မှု တရားခံကိုလေ"

"ကျွန်မလား"

"အစ်မက သူ့ကို သတ်ခဲ့လို့လား"

နှုတ်ခမ်းမဲ့ပြီး သူမ ပြုံးလိုက်သည်။

"သူ အခု အသက်ရှင်နေသေးတယ် ဆိုရင်တော့ ကျွန်မ သတ်ပစ်မှာပဲ"

ကောင်လေးက သူမ၏ အမြင်ကတ်နေခြင်းကို မသိသား ဆိုးရွားစွာ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ဩော် ... အစ်မရဲ့သူငယ်ချင်း ရှေ့နေလေ၊ မသူဇာလား၊ သူ ရောက်နေတယ်၊ အစ်မ တွေ့လိုက်ဦးနော်၊ သူက အစ်မတို့အတွက် အကူအညီ ပေးနိုင်မှာပါ"

အစ်မတို့အတွက် ...

သူ့အသုံးအနှုန်းအတွက် သူမ ဇဝေဇဝါ ဖြစ်သွားသည်။ ရင်ထဲမှာ သံသယနှင့် စိုးရိမ်စိတ်တစ်ခု အစပျိုးရှင်သန်လာ၏။

မတော်တဆ တိုက်ဆိုင်မှု တစ်ခုပဲ ဖြစ်ပါစေ။

ခုချိန်ဆိုလျှင်တော့ မောင်တစ်ယောက် မထိန်းသိမ်းနိုင်ခဲ့တဲ့ သူ့စိတ်ရိုင်းတွေအတွက် ကောင်းကောင်း နောင်ကြဉ်နေမည်ဟု မျှော်လင့်ရသည်။ အလွယ်တကူ ရခဲ့သည့် အခွင့်အရေးကို အလွယ်တကူပဲ ယူခဲ့မိသည့်အတွက် သင်ခန်းစာ ကောင်းကောင်း ရနေလောက်ပြီ။

တစ်ချိန်တစ်ခါတုန်းကတော့ ...



ချစ်သူအပေါ်မှာတောင် မောင်က အခွင့်အရေးကို လက်လွှတ်စပယ် အသုံးချခဲ့ဖူးသည်လေ။

မေသက်ပန်၏ အားနည်းချက်လည်း ပါကောင်း ပါနိုင်သည် ထင်ပါရဲ့။

♥ ❋ ♥

## အခန်း(၆)

နာရီတွေက တရွေ့ရွေ့ ခရီးသွားနေတော့ သူ့အတိုင်းအတာနှင့် ရုန်းကန်ရမှုတွေကြားမှာ အချိန်တွေ ကုန်လွန်သွားသည်ကို သတိမထားမိပြန်တော့။ မန္တလေးနှင့် ရန်ကုန် အပြန်အလှန် သွားနေရသည့် အဖြူရောင်စာအိတ်ကလေးတွေလည်း တဖြည်းဖြည်းနှင့် တစ်ထပ်ပြီးတစ်ထပ် များလာပြီ။ မောင်နှင့် နောက်ထပ်တစ်ခါ တွေ့ရဖို့ အရေးကတော့ ဝေးနေဆဲပင်။

တတိယနှစ် တစ်နှစ်လုံး ကုန်ဆုံးသွားပြီး စတုတ္ထနှစ် နွေရာသီကျောင်းပိတ်ရက် ရောက်လာသည်။ ကျောင်းတက်ရတာ ယခင်နှစ်တွေလောက် အထီးကျန်မဆန်ချင်တော့။ စုနှင့် အုကလည်း ဆယ်တန်းအောင်ပြီး မန္တလေးရောက်လာသည့်အတွက် အရင်ကလို ညီအစ်မတွေ တတွဲတွဲ ပြန်ဖြစ်လာသည်။ သူတို့ကလည်း မောင့်အကြောင်း စိတ်ဝင်တစား မေးတတ်ကြသည်။ တစ်နှစ် တစ်ခေါက်ပင် မြင်တွေ့ခွင့် မရသည့် သမီးရည်းစားစုံတွဲအတွက် အားမလို အားမရ ပြောတတ်ကြသည်။ အဓိကကတော့ မောင့်ကို အပြစ်တင်လိုခြင်းပင် ဖြစ်သည်။



"ကျောင်းပိတ်ရက် ပြင်ဦးလွင်ကို လာလို့ရသားပဲ၊ ဒီကောင် သိပ်ပုံမမှန်ဘူး မေသက်၊ အရမ်းကြီး စွတ်ယုံမနေနဲ့"

သည်စကားမျိုး ကြားရတိုင်း ရင်ထဲ အောင့်သက်သက် ဖြစ်မိတာတော့ အမှန်။ မောင့်အပေါ် ယုံကြည်စိတ်ချခြင်းတွေ ပါးလျားချင်လာတာလည်း အမှန်။ သို့ပေမဲ့ မေသက်ပုန်သည် မောင့်ထံမှ နောက်ထပ် တစ်စုံတစ်ရာ တောင်းဆိုခြင်းမပြုဖို့ မိမိဘာသာ ဆုံးဖြတ်ထားပြီး ဖြစ်သည်မို့ မောင်ကိုယ်တိုင် ဖန်တီးမည့် သူမ၏ ကံကြမ္မာကို စောင့်မျှော်နေဖို့သာ ရှိတော့သည်။

♥ ❋ ♥

"ဟဲ့ ... မေသက်၊ သူဇာ ရန်ကုန်သွားမလို့တဲ့၊ နင် လိုက်သွားပါလား"

စု စကားကို ကြားကြားချင်း သူမ စိတ်လှုပ်ရှားတွေဝေနေမိသေးသည်။ သူဇာက ဥပဒေအဓိကကျောင်းသူဖြစ်ပြီး စုတို့ ညီအစ်မနှင့် နဂိုကပင် ကျွမ်းဝင်ရင်းနှီးသူ။ သူဇာ့မိဘများက သူဇာ တတိယနှစ်အထိ မန္တလေးမှာပင် နေကြပြီး စတုတ္ထနှစ်အရောက်မှာ ရန်ကုန် ပြန်ပြောင်းရတော့ သူဇာ တစ်ယောက်တည်း မန္တလေးမှာ ကျောင်းတက်ကျန်ရစ်ခဲ့သည်။ သူဇာက ရန်ကုန်မကြာခဏ ပြန်နေကျ။ ဒါကို မေသက်ပန်လည်း သိနေသည်ပင်။

သို့ပေမဲ့ စု အကြံဉာဏ်ပေးသလို စိတ်ကူးမျိုး တစ်ခါမှ မပေါ်ခဲ့ဖူးပါ။

"ဟာ ... ဘာလုပ်ဖို့လဲ"

"ထင်လင်းနဲ့ တွေ့ရအောင်လို့ပေါ့ဟ"

"ကျောင်းပိတ်ရက်ကြီး"

"အမ်စီတွေ ဒီအချိန် ကျောင်းမပိတ်သေးဘူး၊ စာမေးပွဲဖြေတုန်း၊ နင် လိုက်သွားရင် မီသေးတယ်"



"ဘာလုပ်ဖို့လဲဟာ၊ သူလည်း အားမှာမဟုတ်ဘူး၊ နောက်ပြီး ငါ တစ်ယောက်တည်း သွားရမှာ ကြောင်တောင်တောင်နဲ့၊ မိန်းကလေးက လိုက်သွားရမှာ မကောင်းပါဘူး"

စုက ဟင့်ခနဲ နှုတ်ခမ်းမဲ့သွားသည်။

"နင့်ကို သွားပြီး အလွမ်းဖြေခိုင်းတာ မဟုတ်ဘူး၊ ဒီကောင် ဟိုမှာ ဘာတွေခြေရှုပ်နေသလဲ ဆိုတာ သိရအောင် လိုက်ခိုင်းတာပေါ့၊ မထင်တဲ့အချိန် ရောက်လာတော့ သူ မဟုတ်တာလုပ်နေရင်တောင် ပြင်ဆင်ချိန် မရတော့ဘူးပေါ့"

"ဟာ ... အဲလိုကြီးတော့ ငါ မသွားချင်ဘူး"

"အေး ... အဲတော့ နင်က ဟိုကောင်ဖြီးသမျှ လိမ့်ယုံနေတော့ပေါ့၊ ပြီးတာပဲ၊ ဘာမှမပြောချင်တော့ဘူး"

စု တကယ်ပဲ စိတ်ဆိုးသွားတော့သည်။

မောင့်ကို သူခိုးဖမ်းသလို တထိတ်ထိတ်နှင့် လိုက်ပြီး စောင့်ကြည့်ရမှာတော့ စိတ်မောစရာပင် ဖြစ်သည်။ မေသက်ပန်၏ ကွယ်ရာမှာ မောင် ပျော်သလို နေပါစေဟု တစ်ခါတစ်ရံတော့လည်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းပြီး သဘောထားကြီးဟန်ဆောင်ခဲ့သည်။ မောင့်မျက်နှာကို မြင်တွေ့ချင်သည်ကတော့ အမှန်ပင်။ စာသင်ရက်တွေကြားမှာ မောင့်ဓာတ်ပုံနှစ်ပုံ ပို့လာခဲ့သည်။ ဓာတ်ပုံတွေက စကားသံမှ မထွက်တာ။ နောက်ပြီး ဓာတ်ပုံထဲက မောင့်မျက်ဝန်းတွေက သိပ်ပြီး အေးစက်လွန်းသည်ထင်၏။ သူမ နှစ်ခြိုက်သော မောင့်အပြုံးတွေလည်း ဓာတ်ပုံထဲမှာ ရှိမနေပါ။

စကား ပြောလာပဲဟာ မောင့်ကို မြင်ချင် တွေ့ချင်စိတ်ဖြင့် သူမစိတ်တွေ အရူးတစ်ယောက်လို တမ်းတမ်းမွဲ့မွဲ့ရှိလာခဲ့သည်။ မေသက်ပန်ကို မြင်ရလျှင် မောင် တအံ့တသြ ရှိမှာပဲ။ ပြီးတော့ ဝမ်းသာပျော်ရွှင်သွားမှာပဲ။

အို … ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် …
မောင့်ကို မြင်တွေ့ခွင့်ရလျှင် ကျေနပ်ပြီ။

♥ ❋ ♥



ဆေးတက္ကသိုလ် ကျောင်းဝင်းသည် မေသက်ပန်တို့ မန္တလေးတက္ကသိုလ်မျှပင် မကျယ်ဝန်းပါ။ မြို့လယ်ကောင်မှာဖြစ်နေသည့်အတွက် တိတ်ဆိတ်ငြိမ်သက်ခြင်း လုံးဝမရှိသည့် ဝန်းကျင်တစ်ခုမှာ တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နှင့် မလိုက်ဖက်သလို ဖြစ်နေသည်။ ဂျူတီကုတ်ဖြူဖြူနှင့် ကျောင်းသား ကျောင်းသူများထဲမှာ သူမသည် အလိုလို သိမ်ငယ်သွားသလို ခံစားရသည်။ သူ့ဇာ့လက်ကို ခပ်တင်းတင်း ကိုင်ထားပြီး အဆောက်အအုံထဲ ဝင်ရမည်ကို စိုးရွံ့ရွံ့ဖြစ်နေပြန်သည်။ သူ့ဇာ့ကတော့ ရန်ကုန်သူပီပီ သွက်လက်ရဲရင့်ပြီး ဘာကိုမှ အမှုမထားသလိုပင်။ အဲသည်လို သတ္တိမျိုးတွေ ရင်ချင်လိုက်တာ။

မောင်နှင့် မတွေ့ရမချင်း ရင်တထိတ်ထိတ်ခုန်ပြီး ဘာကိုစိုးရိမ်မှန်းမသိ စိုးရိမ်နေခဲ့သည်။ မောင့်ကို တစ်စုံတစ်ယောက်နှင့် ယှဉ်တွဲမြင်ရလျှင် သူမ ရောက်နေရာမှာ မေ့မြောလဲကျသွားမလားပင် မသိပါ။ စာသင်ခန်းတွေ၊ မှန်တံခါးပိတ်ထားသော အခန်းတွေ တစ်ခန်းပြီးတစ်ခန်း ဖြတ်ကျော်ခဲ့သည်။ လူဦးရေ သိပ်မများလှသော ကျောင်းဝင်းထဲမှာ မောင့်ကိုသိနိုင်ဖို့ ရာခိုင်နှုန်း အတော်များသည်ဟု ကိုယ့်ဘာသာ ဖြေသိမ့်ပြီး မြင်သမျှ ကျောင်းသူကျောင်းသားကို မောင့်နာမည်နှင့်အတန်း မေး

ရသည်။ သဘ္ဘဒ်အမ်ဘီ စာသင်ခန်းတွေနေရာကို ရောက်ပြန်တော့ မောင်က လက်တွေ့ခန်းထဲ ရောက်နေသည်တဲ့ ...။

စောင့်ရသည့် စက္ကန့်တွေက ရှည်လျားလွန်းလိုက်တာ။

"ထင်လင်းကို လာစောင့်နေတာလား"

"ထင်လင်း ညှော်သည်လား၊ လာမှာပါ၊ သိပ်မကြာတော့ပါဘူး"

"မန္တလေးတက္ကသိုလ်က ဆိုတာလား"

ဆိုသည့် တိုက်ရိုက်မေးခွန်းတွေကိုလည်း အများကြီး ဖြေခဲ့ရသည်။

"အသားဖြူဖြူနဲ့က ထင်လင်း ကောင်မလေး ထင်တယ်၊ မိုးမိတ်ကတဲ့"

"ဟုတ်မှာပေါ့၊ မန္တလေးတက္ကသိုလ်မှာ တက်နေတာဆို"

"ဒီကောင်က တို့ကို ကြွားထားတာ၊ မဆိုးပါဘူး ချစ်စရာလေး"

စသည့် တိုးတိုးကျိတ်ကျိတ် စကားသံတွေကိုလည်း ကြားခဲ့ရသည်။ မောင်နှင့်ယှဉ်တွဲပြီး သူမကို ခန့်မှန်းမှတ်ချက်ချနေသည်ဆိုတော့ သူမ သံသယတွေကြားမှာ ပူလောင်ခဲ့ရတာတွေ စိတ်အေးရပြီပေါ့နော်။

ကြည်နူးလိုက်ရတာ မောင်ရယ်။

"အတန်းထဲက ကောင်မလေးတွေ နင့်ကို ကွက်ကြည့်ကွက်ကြည့်နဲ့၊ နင့်လူက သူတို့အတန်းမှာ စတားထင်တယ်"



"မဟုတ်နိုင်ပါဘူး သူဇာရယ်၊ လူနည်းတော့ တစ်ယောက်ကိုတစ်ယောက် သိနေကြတာ နေမှာပါ"

"နင့်လူက သူ့မှာ ရည်းစားရှိတယ်ဆိုတာ သူ့အတန်းကို ကြေညာထားပုံရတယ်"

သူဇာက တိုးတိုးတိတ်တိတ် မှတ်ချက်ချသည်။ အချိန်တွေ အကြာကြီး စောင့်နေပြီးမှ အတန်းပြောင်း ခေါင်းလောင်းသံကို ကြား၏။ ငြိမ်သက်နေသော အတန်းများ အသက်ဝင်လာပြီး အပြင်ထွက်သူထွက်၊ အတန်းပြောင်းသူ ပြောင်းဖြင့် ခုမှပဲ သူမတို့လည်း စိတ်သက်သာရာရသည်။ ဂျူတီကုတ်တွေ ပခုံးပေါ်တင်ပြီး လျှောက်လာသော ကျောင်းသား သုံးလေးယောက်ထံ မေးဆတ်ပြရင်း သူဇာက ...

"အဲဒီအုပ်စုထဲကလား"

ဟု မေးသည်။ သူမ ရုတ်တရက် မဖြေနိုင်ပါ။ အုံ့ညိုပျော့ရှင်ရိပ်ဖြင့် ရွှန်းလက်သွားသော မျက်ဝန်းတစ်စုံကို ရင်ဆိုင်လိုက်ရသည့် အခိုက်အတန့်မှာ သူမ ကမ္ဘာလောကကြီး တစ်ခုလုံးကို မေ့လျော့သွားတော့သည်။

♥ ❋ ♥

"သက် ဒီလောက် သတ္တိရှိလိမ့်မယ်လို့ မောင် ထင်မှမထင်တာ"

"သတ္တိရှိလို့တော့ မဟုတ်ပါဘူး၊ မောင့်ကို တွေ့ချင်လွန်းတော့လည်း စွန့်စားပြီး လာရတာပေါ့"

ကလေးတစ်ယောက်လို ပျော်ရွှင်နေသော မောင့်ကို မြင်နေရချိန်မှာ သူမ ရင်ထဲ မောင့်အတွက် ချစ်ခြင်းပမာဏတွေ ပိုပိုပြီး တိုးလာသည်ဟုသာ စိတ်ထဲ ထင်နေသည်။ မောင့်ကိုစပြီး မြင်တွေ့စကလို မျက်လုံးချင်းဆုံတိုင်း ခြေဖျား လက်ဖျားတွေ အေးစက်ပြီး ရင်ခုန်နေတော့၏။ မောင်က ဒါကို ကောင်းကောင်း ရိပ်မိနေပြီး မေသက်ပန်ကို ရယ်မောကျီစယ်နေသည်။ ပြင်ဦးလွင်မှာ မောင့်ကို စတွေ့သည့် ကာလကအတိုင်းပင် မောင့် အရယ်အပြုံး၊ မောင့်စကားပြောဟန်၊ မောင့်မျက်နှာကျတွေ ဘာမှမပြောင်းလဲပါ။ သို့ပေမဲ့လည်း ကျောင်းစာတွေပိပြီး ပင်ပန်းမှုဒဏ်ကြောင့် အနည်းငယ် ပိန်သွယ်သွားသလိုရှိသည်။ သည်နေ့ မြင်ရသည့် မောင်က လူငယ်စတိုင်လ် ဂျင်းန်ဘောင်းဘီ၊ ရှပ်လက်ရှည် အညိုရောင်နှင့် အထက်တန်းကျောင်းသား တစ်ယောက်လို ပေါ့ပါးသွက်လက်နေ၏။ မောင် သိပ်ပြီး ပျော်ရွှင်နေတာ သိသာလွန်းလှသည်။ ပြီးတော့ မောင်က မေသက်ပန်ကို ချစ်ခင်မြတ်နိုးခြင်းတွေ ပြည့်လျှံနေသော မျက်ဝန်းများနှင့် စိုက်ကြည့်လို့။



"သက်တို့ ကျောင်းတွေ ပိတ်သွားပြီလား"

"ဆိုပါတော့"

"မောင်တို့လည်း ခု စာမေးပွဲပြီးရင် ပိတ်ပြီ"

"ဟင် ... ခု စာမေးပွဲ ဖြေနေရပြန်ပြီလား"

"နက်ဖြန်လေ၊ ဒီကျောင်းတွေမှာက စာမေးပွဲနဲ့ အမြဲလုံးထွေးနေတာ၊ အဆန်းတော့ မဟုတ်ပါဘူး"

"ဟင် ... သက် ရှိနေတော့ မောင် စာမကျက်ရဘူးပေါ့"

"ရပါတယ် သက်ရာ။ ရှားရှားပါးပါး အလည်လာတာပဲ၊ တစ်သက်မှ တစ်ခါ၊ စာမေးပွဲဆိုတာက အချိန်တိုင်း စစ်နေတာ"

"အဲလိုတော့ မလုပ်ပါနဲ့ မောင်ရာ၊ တော်ကြာ သက်ကြောင့် မောင် စာမေးပွဲ ကျနေဦးမယ်"

မောင်က ရယ်မောရင်း ...

"စာမေးပွဲကျတာများ အဆန်းလုပ်လို့ သက်ရာ"

တဲ့ ...။ တစ်ခါမှ စာမေးပွဲ မကျဖူးသော မေသက်ပန်ကတော့ မောင့်စကားကို အံ့သြနေခဲ့သည်။

ကုက္ကိုပင်ရိပ်အောက် လက်ဖက်ရည်ဆိုင်ကလေးမှာ မောင့်လို ဂျူတီကုတ်ကိုယ်စီနှင့် ကျောင်းသားတွေ သူ့အစုနှင့်သူ ရှိနေသည်။

"သက် ရန်ကုန်မှာ ကြာဦးမှာ မဟုတ်လား"

"ဟင့်အင်း ... သက် နှစ်ရက် သုံးရက်ပဲ၊ ပြန်မှာ"

"ယောဗျာ ... ဘယ်လိုဖြစ်တာလဲ"

“အိမ်ကို အကြောင်းမကြားခဲ့ရဘူးလေ၊ တော်ကြာ ဖေဖေ က စိတ်ပူပြီး လာကြိုနေရင် အခက်၊ သက်ကို မန္တလေး မှာ မတွေ့ရင် ပိုဆိုးမှာ”

“ဘာဖြစ်လဲ ... အဲတော့လည်း ကောင်းတာပဲ၊ တစ်ခါတည်း ခိုးသွားမယ်လေ”

“မောင်နော်”

ခုံမျက်နှာပြင်ပေါ် ထင်ထားသော မောင့်လက်ခုံကို ခပ်ဖွဖွလေးထုတော့ မောင်က ရုတ်တရက် ရှောင်လိုက်ပြီး သူမ လက်ကို ဖမ်းဆုပ်ထားသည်။

“ဟိတ် ... မလုပ်နဲ့လေ၊ သူများတွေ မြင်သွားမယ်”

“မြင်ပစေပေါ့၊ ဘာဖြစ်လဲ၊ ကိုယ့်ရည်းစားလက် ကိုင်တာပဲ”

“မောင် ဘယ်လိုဖြစ်နေမှန်းကို မသိဘူး”

“ရူးနေတာ ... ရူးနေတာ၊ အပျော်လွန်ပြီး ရူးနေတာ”

မောင့်အပေါ် သံသယနှင့် ပူလောင်ခဲ့တာကို တွေး မိတိုင်း စိတ်မကောင်း ဖြစ်ရပြန်သည်။ တကယ်တော့ မောင်က မေသက်ပန်ကို နက်နက်ရှိုင်းရှိုင်း တွယ်တာခဲ့သည်ပဲလေ။ တစိမ့်စိမ့် ပီတိဖြစ်ရခြင်းက ဘယ်လိုအရသာမျိုးနှင့်မှ မတူနိုင်။

“သက် ဒီနှစ်ပြီးရင် ကျောင်းပြီးပြီပေါ့”

“သက်တော့ အမ်အေ ဆက်တက်ဖို့ စိတ်ကူးတာပဲ”

“ဟာ ... အိမ်မှာပဲ နေပါတော့ သက်ရာ”

“ဘာဖြစ်လို့”

“ခုတောင် မောင့်မှာ ရင်တထိတ်ထိတ်နဲ့ ဘယ်အချိန် ဘာသတင်း ကြားရမလဲလို့”



“အံမယ် ... မောင်က သက်ကို အထင်သေးတာပေါ့လေ”

“ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး၊ လုံးဝကို မဟုတ်ဘူး”

ပျာပျာသလဲ ဖြစ်သွားသည့် မောင့်ပုံစံကို ကြည့်ပြီး ရယ်ချင်လိုက်တာ။ မိန်းကလေး ဆိုတော့လည်း ချစ်မြတ်နိုးခြင်း အပေါ် ယုံမှတ်သာယာပြီး သူက ကိုယ့်အပေါ် ပေးနိုင်သည်ထက် ပိုပြီး ကိုယ့်ဘက်က ပေးဆပ်ခွင့် ရဖို့ကိုသာ ဆုတစ်ခုလို မျှော်လင့်နေတတ်သည်လေ။ ဒါဟာ တစ်ချိန်ချိန်မှာ ရှုံးနိမ့်ခြင်းတွေ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ မေသက်ပန်ကတော့ မောင့်အပေါ် အနိုင်ယူဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့သည့် ရှုံးနိမ့်ပြီးသူ တစ်ယောက်သက်သက်သာ ဖြစ်၏။

“မောင့်ရည်းစားလေးက အရမ်းကို လှနေတာကိုး”

“ဘာမှ မဆိုင်ဘူး”

“မာဒူးမှာ သက်ကို အသေအလဲ လိုချင်နေတဲ့သူ ဘယ်နှ ယောက် ရှိလဲ”

“ဘယ်သိမှာလဲ”

“မောင်ကတော့ သိတယ်ဗျ၊ တချို့ ကောင်တွေက ကျောင်း ပြီးပြီးချင်း သက်ကို မရမက ခိုးမလို့ အလစ်ချောင်းနေ တာ”

“ပေါက်ကရ”

“အဲဒီထဲမှာ မောင်လည်း ပါတယ်”

“သွား”

မောင့်စကားအားလုံး သူမအတွက် ချမ်းမြေ့ကြည်နူး စရာချည်းပင် ဖြစ်သည်။

မောင့်အပြုံးသည် မေသက်ပန် အတွက် ဘဝင်အေး စရာ ဆေးတစ်ခွက်ဖြစ်သည်။ မောင့်ရင်ခွင်သည် မေသက်ပန်၏ နှလုံးသား တစ်သက်တာ ကွန်းခိုစရာအရိပ် ဖြစ်သည်။ ဒါတွေကို မပြောဘဲ မောင်သိနေနိုင်ရင် ဘယ်လောက်ကောင်းမလဲကွယ်။

"တကယ် ပြောတာ၊ သက် မယုံဘူးလား၊ မောင် သက်ကို မခွဲနိုင်ဘူး"

"တော်ပါတော့ မောင်ရာ၊ လေးနှစ်လုံးလုံး ခွဲနေခဲ့ပြီးမှ"

"အဲတာ ဘယ်လိုမှမတတ်သာလို့၊ သက် နားလည်ပါတယ်"

သည်လိုဆိုတော့ နှလုံးသားက ကျွမ်းမြည့်ရပြန် သည်။ မတွေးချင်ဘူး၊ ခွဲရမဲ့အကြောင်းများဆို မတွေးချင်ဘူးကွယ်။

"ဟုတ်ပါတယ် မောင်ရယ်၊ သက် နားလည်ပါတယ်၊ တဖြည်းဖြည်း ဒီလိုနဲ့ အချိန်တွေ ကုန်သွားတာပဲ၊ ကြည့် လေ ... လေးနှစ်ဆိုတာ ခဏလေးပဲ မဟုတ်လား"

"သက်"

"အင်"

မောင့်မျက်နှာ တည်သွားတာကို မသိဟန်ဆောင် ပြီး သူမက ပြုံးစစ ထူးလိုက်သည်။

"မောင် ကျောင်းပြီးတဲ့အထိ သက် စောင့်နိုင်ပါ့မလား"

"မောင်နော် ... ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ"

မောင် စပ်ဖြဲဖြဲ ပြုံးလာရင်း ...

"မစောင့်နိုင်ဘူးလို့ ဖြေစေချင်လို့"

ဟု တိုးတိုးပြော၏။ မောင် လူလည်ကျတတ်ခြင်း ကို သဘောပေါက်ပြီး သူမ ဟက်ဟက်ပက်ပက် ရယ်မိတော့သည်။



ရယ်နေသော မေသက်ပန်ကို မောင်က စကားမဆိုဘဲ ငေးမော၍ သာ နေသည်။ သူမတို့နှစ်ဦးသားအတွက် အဓိပ္ပာယ်ရှိသည့်အချိန် ကလေးတွေ တိုက်စားသွားသည်ကိုလည်း သိသိသာသာ သတိရ နေသည်။ သူမကြောင့် မောင့်မှာ အနှောင့်အယှက် ဖြစ်မှာကိုလည်း စိုးရိမ်သည်။

"မောင် စာကျက်တော့လေ၊ သက် ပြန်တော့မယ်"

"နေပါဦး သက်ရယ်၊ ခုမှ ဆယ့်တစ်နာရီပဲ ရှိသေးတာ"

"မောင် အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ"

"သူဇာက ဘယ်အချိန် ပြန်လာမှာလဲ"

"ဗိုလ်ချုပ်ဈေးထဲက သူ့အသိဆိုင် သွားတာ၊ ဈေးလည် ပြီး ညနေမှ ပြန်မယ်ထင်တယ်၊ သက်ကိုတော့ ဆိုင်နံပါတ် ပေးခဲ့တယ်"

"ဒါဆို မင်းမနိုင်ထဲက မောင့်သူငယ်ချင်းတိုက်ခန်း သွား မယ်လေ၊ မောင်က စာကျက်မယ်၊ သက်လည်းအေးအေး ဆေးဆေး နားလို့ရတာပေါ့"

"ဟင် ... မောင်ကလည်း"

"ဒီတံတား ဟိုဘက်တင်၊ နီးနီးလေးပဲ သက်ရဲ့"

မောင့် မျက်ဝန်းများကို သူမ မငြင်းဆန်နိုင်ပါ။ မငြင်းဆန်ချင်တာလည်း ဖြစ်နိုင်ပါသည်။

မေသက်ပန် ဆိုသည့် မိန်းကလေးက မောင့်အနား မှာ ငြိမ်ငြိမ်သက်သက် ရှိနေခွင့်ကို ကျေနပ်သူ မဟုတ်လား။

♥ ❋ ♥

"သက်"

"..."

"မောင့်ကို စိတ်ဆိုးလား"

သူမ မဖြေတတ်ပါ။ ဖြေလည်း မဖြေချင်ပါ။ သိလျက်သားနှင့် မောင် တမင်သက်သက် လူလည်ကျသည်လို့ပဲ ထင်သည်။ ကြိုတင်မှန်းဆနိုင်သည့် အခြေအနေ တစ်ခုမို့ နောင်တ တရားတွေလည်း သူမထံမှာ ရှိမနေပါ။ ကြည်နူးခြင်း ဆိုတာမျိုး လည်း မဟုတ်။ ရင်ခုန်ခြင်းတွေတော့ ခုထိ အတောမသတ်နိုင်။ မောင့်မျက်ဝန်းတွေကိုလည်း တည့်တည့်ရင်မဆိုင်ရဲတော့။

"သက်ရယ် ... မောင့်ကို စကားပြောပါဦး"

မောင်က သူမကို ရင်ခွင်ထဲပွေ့လျက် ဆံပင်တွေကို နမ်းရှိုက်နေသည်။

"မောင့်ကို ချစ်တယ်"

"တကယ်လား"

နားနားကပ်ပြီး တိုးတိုးလေးမေးတော့ နှလုံးသားတွေ ကျဉ်တက်သွားမတတ် ရင်ထဲ လှုပ်ရှားရပြန်သည်။

"သက် မပြန်နဲ့တော့"

"အင်"



"မောင်နဲ့ လက်ထပ်ပြီး မောင့်အိမ် လိုက်ခဲ့တော့နော်၊ မောင် သက်ကို မခွဲနိုင်တော့ဘူး"

"ဖြစ်ပါ့မလား မောင်ရယ်"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ မောင့်ဖေဖေနဲ့ မေမေက သဘောကောင်းပါတယ်၊ အလွန်ဆုံး ကျောင်းမပြီးသေးဘဲ မိန်းမယူလို့ မောင့်ကို ဆူရုံပဲ၊ သက် ပြန်သွားရင်၊ သက် ကျောင်းပြီးသွားလို့ မိုးမိတ်မှာပဲ နေရမယ်ဆိုရင် မောင် ပိုပြီး စိတ်ပူရမှာ၊ မန္တလေးလို လက်လှမ်းမီတဲ့ နေရာလည်း မဟုတ်၊ အခြေအနေ တစ်ခုခု ပြောင်းလဲသွားရင် ဘယ်လို လုပ်မလဲ၊ အဲဒီလိုဆို မောင်ရူးမှာဗျ"

"ပိုကို ပိုတယ်"

"ဟင့်အင်း"

မောင့် အချော့ အနမ်းမှာ ကျေနပ်မိပြန်လေသည်။ နောက်ဆုံးတော့ ကျန်ရစ်သမျှ သံသယဒွေ ဆိုတာတွေကို မေ့ပစ်ပြီး တစ်မျှင်တည်းသော ကြိုးကိုပဲ ရစ်ပတ်ငြိတွယ်နေလျက် မောင့်အနားမှာ မခွဲမခွာ နေရမည့် ဘဝတစ်ခုကိုသာ အားတက်သရော ရွေးချယ်လိုက်တော့သည်။

သည်အတွက် မေသက်ဗန် ဘယ်တုန်းကမှ နောင်တ မရခဲ့ပါ။

သူမအတွက် မောင့်ချစ်ခြင်းနှင့် အကြင်နာက မရှိမဖြစ် လိုအပ်သည်လေ။

♥ ✱ ♥

## အခန်း(၇)

"ထင်လင်း ဒီညရောက်လိမ့်မယ် မေသက်"

"ဟင် … ဟုတ်လား"

"သူ့ကို အကြောင်းစုံတော့ ရှင်းမပြလိုက်နိုင်ဘူး၊ ဒါပေမဲ့ သူ လာမယ်တဲ့"

"ဟင့်အင်း … သူဇာ၊ သူ လာဖို့မလိုတော့ဘူး၊ မောင့်ကို လိုက်မလာဖို့ ချက်ချင်းအကြောင်းကြားပေးပါ သူဇာ"

"မရတော့ဘူးလေ၊ ခုချိန် သူ ရထားပေါ် ရောက်နေပြီ"

သူဇာက မေသက်ပန်ကို အားမလို အားမရ ကြည့်သည်။ သည်အကြည့်တွေမှာ စိုးရိမ်ခြင်း၊ စိတ်မချခြင်း၊ နားလည်နိုင်ခြင်းတွေ ပျော်ဝင်နေသည်။ ခုချိန်မှာ သေချာမှုတစ်ခု ထိုသူတွေထံမှာ ရှိနေပြီးသားပင် ဖြစ်သည်။ သူမက ထိုသေချာမှုကို နက်ဖြန်အထိ စောင့်ဆိုင်းနေရမည်တဲ့လား။ ဦးနှောက်တွေထဲမှာ သွေးစီးဝင်မှုတွေ ပြောင်းပြန်ဖြစ်နေသလား ထင်သည်။ ရင်ထဲမှာလည်း အာကာသဟင်းလင်းပြင် တစ်ခုလို အေးစက်ဟာ ဟာနေ၏။

"မေသက် … နင် နေကောင်းရဲ့လား"



"ကောင်းပါတယ်"

"နင် ဘာမှစဉ်းစားမနေနဲ့၊ နက်ဖြန်ဆို နင် ဒီကလွတ်တော့မှာပဲ"

"ဟုတ်လား … ဒါဆို ဘယ်သူလဲ၊ ငါ့နေရာကို အစားဝင်ရမဲ့သူက ဘယ်သူလဲ"

"ဒါတော့ …"

"သူဇာ … ဗိုလ်ချုပ်ဈေးမှာ အဲဒီမိန်းမပြောခဲ့တဲ့ စကားတွေကို နင် ပြန်သတိရသေးလား"

"အင်း … ဘာဖြစ်လို့လဲ"

"အဲဒီတုန်းက သူ့ကို ငါ သတ်ပစ်ချင်လောက်အောင် မုန်းခဲ့တာ"

မျက်နှာပေါ်က အကြောတွေ တင်းမာလာသည်။ သူဇာက ထိတ်လန့်တကြား ငုံ့ကြည့်ရင်း မေသက်ပန်၏ ပါးနှစ်ဖက်ကို လက်ဖဝါးဖြင့် ညှပ်ကိုင်ထားသည်။

"မေသက် … နင် ဘာတွေပြောနေတာလဲ"

"သူ့ကို ငါ သတ်ပစ်လိမ့်မယ်လို့ နင် မထင်ဘူးလား"

"မထင်ဘူး၊ နင် ပေါက်ကရတွေ လာပြောမနေနဲ့"

သူဇာက ခပ်ဆတ်ဆတ် အော်ငေါက်သည်။ သူမ နာကျင်စွာ ပြုံးလိုက်မိ၏။

"ငါ ဖြောင့်ချက်ပေးလိုက်တော့မယ် သူဇာ"

"မေသက်"

"တကယ်တော့ ငါ ဟန်နီ့ကို …"

"မေသက် ... တော်တော့၊ နင့်ပါးစပ်ကို ပိတ်ထားစမ်း၊ နင် ပြောချင်တာတွေ လျှောက်ပြောမနေနဲ့၊ နင် ပြောနေတာတွေက ဘာတစ်ခုမှ အထောက်အထား မရှိဘူး၊ နင် ဆက်ပြောနေရင် နင့်ကို ငါ စိတ္တဇဆေးရုံ ပို့ပစ်လိုက်မယ်"

"ငါ တကယ်ပြောနေတာ"

သူဇာက လက်ဖဝါးတွေကို ဖြေလွှတ်လိုက်ပြီး သူမ အနားက ခပ်မြန်မြန် ပြေးထွက်သွားတော့သည်။

သက် အပေါ်မှာ ရက်စက်ခြင်းတွေ အဆုံးသတ်ပါတော့ မောင်ရယ် ...။

♥ * ♥





## အခန်း(၁)

ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ပိန်းပိတ်အောင် မှောင်နေသည်။ ကြယ်ရောင်တွေ ရှိသော်လည်း ကမ္ဘာမြေပြင်ကို သိသိသာသာ လင်းချင်းစေဖို့တော့ မတတ်နိုင်။ သစ်ပင်ချုံနွယ်များ လယ်ကွင်းများကိုတော့ ရိုးတိုးရိတ်တိပ် မြင်ရသည်။ တစ်ခါတလေမှာ ရထားလမ်းဘေး တဲကလေးများမှ ဖယောင်းတိုင်မီးဖြစ်စေ ထင်းမီးရောင်ဖြစ်စေ မြင်ရတတ်သည်။

လေကိုဆန်သွားသည့်အခါ ဆောင်းလေ၏ အအေး သည် မှန်ပိတ်ထားသည့် ရထားအတွင်းဘက်ထိ ရိုက်ခတ် စိမ့်အေး၏။ အတွင်းဘက် မီးရောင်အောက်မှာတော့ ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် အိပ်ပျော်နေကြသော ရထားစီး ခရီးသည်များကို မြင်ရသည်။

သူကတော့ အိပ်မပျော်နိုင်သေး။ တစ်နေ့လုံးလည်း တစ်ရေးမှ အိပ်မပျော်ခဲ့။ မကြာခင်မှာ ရန်ကုန်ဘူတာကြီး ရထားဝင်တော့မည်။ တောတောင်စိမ့်စမ်းတွေ၊ လျှိုမြောင်ကမ်းပါး တွေကို အဆင့်ဆင့် ဖြတ်ကျော်ပြီး ခရီးဆက်ခဲ့ရသူအဖို့ မပင်ပန်း ဘဲ ရှိနိုင်ပါ့မလား။ သို့ပေမဲ့ လူပင်ပန်းမှုဒဏ်ကိုတော့ ကော



ကောင်းခံနိုင်သည်။ စက္ကန့်တိုင်း စိတ်ပင်ပန်းရသည့် ဒဏ်ရာဒဏ်ချက်ကိုတော့ မခံမရပ်နိုင်အောင်ပင်။

ခုဆိုလျှင် သူ့ဇနီး သက် တစ်ယောက် သူ့ထက် အဆပေါင်းများစွာ ပိုပြီးပင်ပန်းရှာတော့မည်။

သက်ရှယ် ...

မောင့်ကို စိတ်နာနေပြီလား၊ မောင့်ကို အငြိုးအတေးနဲ့ မုန်းတီးနေပြီလား။

အထက်တန်းတွဲ တစ်ယောက်စီးခုံမို့သာ တော်တော့သည်။ သူ့အနားမှာ တစ်စုံတစ်ယောက် ရှိနေလျှင်ဖြင့် သက်ပြင်းရှိုက်သံကို မကြာခဏ ကြားရလိမ့်မည်။ ရင်ထဲမှာ ဖွဲမီးလို တမြည့်မြည့်နှင့် လောင်ကျွမ်းနေသည်။ သည်လို လောင်မြိုက်ကျွမ်းမြည့်စေဖို့ သူကိုယ်တိုင်ပဲ ဖန်တီးခဲ့လေသလား။

တကယ်တမ်း အပြစ်အရှိဆုံးလူက ဒေါက်တာထင်လင်းပင် ဖြစ်လိမ့်မည်။

တစ်ချိန်တုန်းကတော့ သူတို့မိသားစုသည် အများတကာ အားကျရလောက်အောင် မနာလို ဖြစ်ရလောက်အောင်ပင် စည်းလုံးချစ်ခင်ခဲ့ဖူးသည်။ သာယာပျော်ရွှင်ခဲ့ဖူးသည်။ ချမ်းမြေ့သည့် မိသားစုကမ္ဘာကလေးဖြစ်အောင် သူကိုယ်တိုင်ရော ဇနီးသည် မေသက်ပန်ကပါ နှစ်ဦးစလုံး အင်အားဖြင့် ကြိုးပမ်းခဲ့ကြ၏။ ခွင့်လွှတ်နားလည်မှုများဖြင့် အိမ်ထောင်၏ အနှောင့်အယှက်များကို လက်တွဲပယ်ဖျောက်ခဲ့ဖူးသည်။ တကယ်တော့ မေသက်ပန်သည် ထင်လင်း၏ဘဝမှာ နောက်ထပ် အစားထိုးမရနိုင်တော့သော ဇနီးမယားကောင်း တစ်ယောက်ပါပဲ။

ခြောက်နှစ်တာ ကာလအတွင်းမှာ သက်အပေါ် ချစ်ခြင်းတွေ သံ တစ်မှုန်စာမှ လျော့ပါးခဲ့ခြင်း မရှိတာကို ကျိန်တွယ်ပြောရဲပါသည်။

ခုချိန်မှာတော့ သက်က ဘယ်လိုယုံကြည်နိုင်ပါတော့မလဲလေ။

မောင် တကယ်ကို ယူကျုံးမရ ဖြစ်ရပါတယ် သက်ရယ်။ နောင်တတွေလည်း အတန်တန် ရပါတယ်။

ဒါပေမဲ့ ...

သက်ရဲ့ ယုံကြည်ခြင်းက မောင်နဲ့ မထိုက်တန်တော့ပါဘူး။

♥ ✱ ♥



ကျောင်းတစ်ပိုင်းတန်းလန်းနှင့် ထင်လင်း အိမ်ထောင်ကျခဲ့သော်လည်း သူ့အတွက် တခြားသူတွေလို ကသီလင်တအိမ်ထောင့်ဒုက္ခတွေကို လုံးဝမစားခဲ့ရပါ။ သူ့မိဘများ၏ သားသမီးအပေါ် နားလည်တတ်မှုနှင့် မေသက်ပန်၏ အလိုက်သိတတ်ခြင်းတို့က အားလုံးကို အဆင်ပြေပြေ ဖြစ်စေခဲ့သည်။ မေသက်ပန်၏ မိဘများဘက်က စီးပွားရေး တောင့်တင်းခိုင်မာပြီးသားမို့ သူ့အိမ်မှာ မှီခိုသူတစ်ယောက် ဖြစ်ခဲ့သော်လည်း သက်က သူမ၏ကိုယ်ပိုင်ငွေဖြင့် လွတ်လပ်စွာ သုံးစွဲနိုင်သေးသည်။ စီးပွားရေးအခြေခံသည်လည်း အိမ်ထောင်သာယာခြင်း၏ အဓိကအချက်တွေထဲမှာ အဝင်အပါဖြစ်၏။

ပြင်ဦးလွင်မှာ သက်ကို စပြီးမြင်တွေ့ကတည်းက ရင်ထဲမှာ သန္ဓေတည်ခဲ့သော ချစ်ခြင်းသည် နှစ်တွေပြောင်းလဲသွားပြီး သက်နှင့်ဝေးနေရစဉ် အချိန်အတွင်းမှာလည်း ပါးလျားပြယ်လွင့်ခြင်းမရှိ။ သတိရခြင်းတွေလည်း စက္ကန့်တွေ ပြောင်းလဲသွားသည်နှင့်အမျှ ထပ်,ထပ်ပြီးတော့သာ တိုးလာခဲ့သည်။ ဒါကို သက် မယုံကြည်နိုင်လေသလားတော့ မသိ။ မြန်မာဆန်ဆန်ကျက်သရေရှိလှသော သက်၏ဆွဲဆောင်မှုက ထင်လင်း အပါအဝင်ယောကျာ်းသား အတော်များများကို လွှမ်းမိုးထားနိုင်လိမ့်မည်ဆို

တာလည်း သူ ရိပ်မိသည်။ တစ်နေ့ တစ်နေ့ သက် သူ့ကိုမေ သွားမှာ၊ အဖော်အသစ် တွေ့သွားမှာ စိုးရိမ်ပူပန်တတ်သည့် သောကတွေကို ကျောင်းစာဖြင့်သာ အဆက်မပြတ် ဖုံးအုပ်ခဲ့ရ၏။

သက်ကို မျက်စိအောက်မှာ ထားခွင့်ရပြန်တော့လည်း ကျက်သရေရှိသော၊ လိမ္မာသော ဇနီးချောအတွက် တစ်ဖက်မှာ ဂုဏ်တက်ခဲ့ရပေမဲ့ သက် တစ်ယောက်တည်း အပြင်ထွက်မှာ၊ အိမ်မှာ တစ်ယောက်တည်း ပျင်းနေမှာ တွေးပြီးပူပန်ရပြန်တာပါ ပဲ။ သက်ကို တစ်ယောက်တည်း အပြင်မထွက်စေချင်၊ ဈေးဝယ် မထွက်စေချင်။ သူ လိုက်ပို့နိုင်သည့် အချိန်ကို စောင့်ပြန်လျှင် လည်း သက် တစ်ယောက်တည်း အချိန်တွေကုန်ရတာ သနားရ ပြန်သည်။ သို့နှင့်ပဲ သားကလေးတစ်ယောက် ရလာတော့ နှစ် ယောက်စလုံးအတွက် အလိုလိုအဆင်ပြေသွားတော့သည်။ သက်က သူ့ကို ရုပ်ရှင်တွေထဲကလို ဇာတ်လမ်းတွေထဲကလို ...

"မောင့်ကို ဝမ်းသာစရာစကား ပြောစရာရှိတယ်"

ဟု တိုးတိုးကလေး မပြော။ ဖိုင်နယ်လ်ပါတ်ဝမ်း ကျောင်းသားဖြစ်သည့် ထင်လင်းကလည်း ဇနီးဖြစ်သူ၏ အခြေ အနေကို ရိပ်မိပေမဲ့ ဘယ်လိုလဲဟု မမေး။ တကယ်တော့ သက် ဘယ်လိုပြောလာမလဲ ဆိုတာကို သူက စောင့်ကြည့်နေမိခြင်းသာ ဖြစ်သည်။ သက်ကို စိုးရိမ်စိတ်ဖြင့် အရိပ်တကြည့်ကြည့် နေမိ တာကိုလည်း သက် နားလည်နိုင်လိမ့်မည် ထင်ပါသည်။ တစ် ရက် သူ ကျောင်းက ပြန်ရောက်ရောက်ချင်း သက်ကို သနပ်ခါး အဖွေးသား တွေ့သည်။

သူက ...



"သက် နေကောင်းရဲ့လား"

ဟု စိုးရိမ်တကြီးမေးတော့ သက်က ချစ်စဖွယ် မျက်စောင်းလှည့်ထိုးရင်း ...

"ဒါ နေမကောင်းတဲ့ရုပ်လား"

တဲ့ ...။ ဆက်ဆက်တည်း ...

"မောင် ... သက်ကို ဒေါက်တာနန်းဥမ္မာရဲ့ စာအုပ်တွေ ဝယ်ပေးတော့လေ"

တဲ့ ...။ သူ သက်ကို အမြတ်တနိုးနှင့် ပွေ့ချီပြီး ခြံထဲလျှောက်ပြေးနေမိတော့သည်။ သူက ကြိုသိပြီးသား၊ ကြိုဝမ်း သာနင့်ပြီးသား။ သက်၏ အသိပေးနည်းကို သဘောကျလွန်းပြီး သက်ရဲ့ချစ်စရာမျက်နှာလေးကို မချင့်မရဲ ဖြစ်လာမိသောကြောင့် သာ ...။

သိပ်မြတ်နိုးဖွယ်ကောင်းသည့် ချစ်ဇနီးလေး။

သူတို့ဘဝမှာ မိစ္ဆာတစ်ကောင်လို၊ စုန်းမတစ်ယောက် လို ထိုမိန်းမသာ ဝင်မလာခဲ့ဘူး ဆိုလျှင်တော့ ...

အင်းလေ ...

ဒါကလည်း သူ့ရဲ့ပေါ့လျော့မှု၊ အခွင့်အရေးကို ရတိုင်း လိုချင်မှုနှင့် သစ္စာတရားကို ကပြက်ကချော် သဘောထား ခဲ့မှုများကြောင့်သာ ဖြစ်ပါသည်။ တကယ်တော့ သူ့မှာ ပြစ်ချက် တွေ အများကြီး။

ပထမအချက်က ထိုမိန်းမ သူ့ကို ချဉ်းကပ်နေမှန်း သိသိနှင့်ပင် ထိုမိန်းမကို သူ သဘောကျ လက်ခံခဲ့မိသည်။ ဒုတိယအချက်က ထိုမိန်းမကို သူ အများကြီး လျှော့တွက်ခဲ့မိ

သည်။ တတိယအချက်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့မိသည်။ စတုတ္ထအချက်ကတော့ ပေါ့ပေါ့တန်တန် တွက်ဆပြီး ထိုမိန်းမ ပေးသမျှ အခွင့်အရေးကို အားလုံးယူခဲ့မိခြင်းပင်။

ထို့ကြောင့်ပဲ သက်အပေါ် သစ္စာဖောက်မိသလို ... မဟုတ်သေးဘူးလေ ... သစ္စာဖောက်မိတာပါပဲ။ ပေါ့ပေါ့ဆဆ သူ သဘောထားခဲ့သည့် ကိစ္စတွေအားလုံး သက်အတွက် စိတ်ဆင်းရဲစရာ၊ စိတ်သောကဖြစ်ရာတွေအဖြစ် ပြောင်းလဲစေခဲ့သည်။ ဒါဟာ သူ့ရဲ့ညံ့ဖျင်းမှု၊ အသုံးမကျမှုပေါ့။

သက်ရယ် ... မောင့်နဖူးကို မွှေးပြီး အရင်လို ချော့သိပ်ပါလားကွယ်။

ကမ္ဘာပေါ်မှာ ထင်လင်း အမြတ်နိုးဆုံး မိန်းမသည် သူ့ဇနီး မေသက်ပန်ပဲ ဖြစ်သည်။ လောကကြီးထဲမှာ ရှိသမျှ၊ သူပိုင်ဆိုင်သမျှ အရာအားလုံးနှင့်ပင် ဖလှယ်အစားထိုး တန်ဖိုးဖြတ်မရနိုင်လောက်အောင် ဆုံးရှုံးမခံရဲသူမှာလည်း မေသက်ပန်ပင်ဖြစ်သည်။ အိပ်ရာဝင်တိုင်း သူ့နဖူးဆံစတွေကို နမ်းမွှေးလျက် ချော့သိပ်တတ်သော၊ နံနက်တိုင်းမှာ မနက်စာ ပြင်ဆင်ထားပြီးမှ သူ့နားနား တိုးတိုးကပ်ပြီး ...

"မောင်ရေ ..."

ဟု နူးညံ့သိမ်မွေ့စွာ နိုးတတ်သော၊ သားသမီးများနှင့် သူ့ကို အမြဲသပ်ရပ် သန့်ရှင်းနေအောင် ဆင်ယင်တတ်သော၊ သူ့အတွက် သိုးမွှေးဆွယ်တာလေးတွေ ကိုယ်တိုင်ထိုးပေးတတ်သော၊ တစ်ခါတစ်ရံ သူ ချော့လာအောင် စိတ်ကောက်ဟန်ဆောင်တတ်သော သူ့ဇနီးသည် သက်အပေါ် မြတ်နိုးရသည့် အတိုင်းအတာကို ဘယ်သူမှ မသိနိုင်ပါ။ သူကိုယ်တိုင်ပင် မသိနိုင်ပါ။



ဘယ်လိုမှ တိုင်းဆမပြနိုင်သည့် တွယ်တာမှုတွေ သက် တစ်ယောက်တည်း အတွက်သာ သူ့ရင်ထဲမှာ ရှိသည်။

ဒါဆို ... မသိသား ဆိုးရွားစွာ ...။

ရထားမှန်ပြတင်းကို အနည်းငယ် မ,တင်လိုက်သည်။ နေရာကျဉ်းကျဉ်းမှလေသည် အလုံးအရင်းနှင့် စူးရှတိုးဝင်လာ၏။ မယ်လ်ဘိုရို စီးကရက်ဘူးကိုဖွင့်ပြီး စီရီပြည့်ကျပ်နေသော စီးကရက်ဘူး မျက်နှာပြင်ကို လက်ညှိုးဖြင့် တောက်လိုက်၏။ တိုးထွက်လာသော စီးကရက်တစ်လိပ်ကိုယူပြီး နှုတ်ခမ်းမှာ တေ့သည်။ ဇစ်ပိုမီးခြစ်ကို လက်ဖဝါးဖြင့် အုပ်ကွယ်ခြစ်ပြီး မီးညှိသည်။ ဟိုးအဝေးကြီးမှာ စီတန်းနေသော မီးရောင်တွေကို မြင်နေရပြီ။ မိုက်ခရိုဝေ့ဖ်တိုင်မှာ မီးနီကလေးကို ကောင်းကင်ပြင် နောက်ခံလျက် တွေ့နေရ၏။

စိတ်ကူးတွေက သက်ဆီ အပြေးရောက်သွားသည်။ မျက်ရည်စက်များနှင့် ငိုရှိုက်နေသော သက်က သူ့ကိုမြင်တော့ ပြေးထွက်လာပြီး ရင်ခွင်ထဲ အတင်းတိုးဝင်၏။

"ရက်စက်လိုက်တာ မောင်ရယ်"

တဲ့ ...။ မျက်ဝန်းမှာ မျက်ရည်တွေ စို့လာသည်။ စီးကရက်မီးခိုးတွေ ဟ,ထားသော မှန်ပြတင်းမှလေကြောင့် နောက်ဘက်ဆီ ပြန့်ကျဲလွင့်မျောသွား၏။ မျက်လွှာကို အတင်းဖိပိတ်လိုက်သည်။ မျက်ရည်ပူတွေ လျှံကျလာလေသလား ...။

သက် ... မောင် သိပ်ချစ်တယ်။

♥ ❋ ♥

## အခန်း(၂)

သည်အမျိုးသမီးကို မြင်ဖူးသလိုလိုပဲဟု စိတ်ထဲထင်သည်။ သူ့ကိုယ်ပိုင်ဆေးခန်းကို အမျိုးသမီးတချို့ အဖော်မပါဘဲ လာတတ်ကြသည်။ အကြောင်းရင်း သိပ်မရှိဘဲ ခေါင်းကိုက်၊ ခါးနာ ဝေဒနာတွေပြပြီး ရောက်တတ်ကြသည်။ သို့ပေမဲ့ စမ်းသပ်ခုတင်ဘေးစားပွဲပေါ်က သူ့မိသားစုဓာတ်ပုံကို မြင်ရလျှင်ပဲ ရောဂါပျောက်သွားတတ်သူတွေရှိ၏။ တချို့ကျတော့လည်း ...

"ကျွန်တော့် အမျိုးသမီးလည်း ဒီလိုဖြစ်ဖူးတယ်၊ ကျွန်တော့်သားလေးက ..."

စသည့် စကားမျိုးတွေ နေ့စဉ်နီးပါးလောက် ပြောပေး၊ နောက်တော့ ရောဂါပျောက်ရော။ သည်အမျိုးသမီးလည်း အဲလို ဝေဒနာသည်ထဲက ဖြစ်နိုင်သည်ဟု သူ ခန့်မှန်းမိသည်။ ဆရာဝန်တစ်ယောက်သည် လူနာ၏စိတ်အခြေအနေကို ကြိုတင်ခန့်မှန်းရိပ်မိနေတာ ဘာမှမဆန်း။ ဝေဒနာအခြေအနေကို ပုံကြီးချဲ့တတ်သူတွေ၊ လျော့ပေါ့ပြောတတ်သူတွေ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည်ပဲ။ သည်လို ဝေဒနာသည်တွေကျတော့ ထိုးဆေး၊ စားဆေးနှင့် မလုံလောက်။ သူတို့စိတ်ဓာတ်ကလေးကိုပါ ကုသပေးရသည်။ သက်ကလည်း ဒါမျိုးတွေကို ကြိုတင်ရိပ်မိနေသည်။



သက် ဆေးခန်းလိုက်လာသည့်နေ့များ အမျိုးသမီးချောချောလှလှ တစ်ယောက် လာလျှင် အိမ်ပြန်ရောက်တိုင်း သက် ပြောမဆုံးတော့၊ ကျီစယ်မဆုံးတော့။ သူ စိတ်အနှောင့်အယှက် ဖြစ်ရလောက်အောင်တော့ မပြော။

"မောင်က ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေလောက်အောင် ချောတော့ သက်အတွက် ဂုဏ်ယူစရာပေါ့"

ဆိုတာမျိုးလောက်ကို ရယ်စရာ မောစရာလိုလို ပြောသည်။ သက်က အကျိုးအကြောင်း ဆက်စပ်နားလည်တတ်သူတစ်ယောက်မို့ သူ့ဘက်ကလည်း သက်အပေါ် သံသယပျက်ယွင်းဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့သည်မို့ သည်လို ကျီစယ်မှုမျိုးကို စိတ်ထဲ အနှောင့်အယှက် မဖြစ်မိပါ။ သည်လိုလူနာတွေ အတွက်လည်း စိတ်မညစ်ရပါ။ သူ့လူမှုရေး နားလည်မှုနှင့် ဂရုစိုက်ကြင်နာတတ်မှုကြောင့် သူ့ဆေးခန်းမှာ အမြဲလို လူနာတွေ အလာများတတ်သည်။

ဒေသန္တရဆေးခန်းတစ်ခုမှာ နံနက်ပိုင်းထိုင်ပြီး ကိုယ်ပိုင်ဆေးခန်းကိုတော့ နေ့လယ် ထမင်းစားပြီးချိန်မှ ညနေ ခြောက်နာရီအထိသာ သူ ထိုင်တတ်သည်။ မိသားစုနှင့် သာယာပျော်ရွှင်စွာ နေရမည့် အချိန်ကိုတော့ ဘယ်လိုကိစ္စ၊ ဘယ်လိုအကြောင်းအရာမျိုးနှင့်မှ မလဲနိုင်ပါ။ ပြီးတော့ သူတို့နေထိုင်သောအိမ်က မိဘများ မင်္ဂလာလက်ဖွဲ့အဖြစ် ပေးထားသော ပါရမီထဲမှ ခြံကလေးဖြစ်ပြီး ဆေးခန်းကတော့ ကျောက်မြောင်းဘက်မှာ ဖြစ်သည့်အတွက် အသွားအလာ အကူးအသန်းအတွက် အချိန်ပေးရသေးသည်။ အိမ်နှင့် နီးနီးနားနားမှာ တိုက်ခန်းတစ်ခုဝယ်ပြီး ဆေးခန်း

ဖွင့်ဖို့ စဉ်းစားဆဲ ရက်ပိုင်းတွေမှာ ထိုအမျိုးသမီး သူ့ထံရောက်လာခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးဟု ဆိုရပေမဲ့လည်း သူနှင့်အသက်မတိမ်းမယိမ်း။ အဆင်အပြင်ကြောင့် ငယ်နုသည်ဟုပင် ထင်ချင်စရာဖြစ်သည်။ ဆံပင်အုပ် ထူထူနှင့် လည်တိုင်တစ်ဝက်အထိ အတိုညှပ်ထားသည်။ သူမ လည်တိုင်က ဥရောပသူတွေကို ရှည်ပြီးဝင်းမွတ်လှပသည်။ သူမက မကြာခဏ ဆိုသလိုပဲ သူမ၏လည်တိုင်အလှကို ပေါ်လွင်စေမည့် လည်ဟိုက်အင်္ကျီများ ဝတ်လာလေ့ရှိ၏။ လက်ဝတ်ရတနာ ဆင်ယင်ထားခြင်း မရှိဘဲ လည်တိုင်မှာ သုံးကုံးထပ် ရွှေကြိုးကိုသာ ဆွဲထားတတ်သည်။

ပြင်ဆင်ခြယ်သထားသည့် မိတ်ကပ်ရောင်စုံများမရှိလှျင်လည်း သူမ မျက်နှာက နဂိုလှပပြီးသားပါ။ သို့ပေမဲ့ သူမသည် အဝတ်အစား အရောင်နှင့် လိုက်ဖက်သော နှုတ်ခမ်းနီနှင့် မျက်ခွံဆိုးဆေးကို အမြဲသုံးစွဲတတ်၏။ အရောင်လွင်ပြီး အချိုးကျသော ခန္ဓာကိုယ် ပေါ်လွင်စေမည့် အဝတ်အစားမျိုးကိုလည်း ရွေးချယ်ဝတ်ဆင်တတ်သည်။

"ဆရာ ... ဟန်နီ ဒီနေ့ ခေါင်းကိုက်လို့"

ဆိုတာမျိုးကို သိပ်ချွဲချွဲပျစ်ပျစ် မဟုတ်ဘဲ ခပ်နွဲ့နွဲ့ပြောတတ်၏။ ထိုအမျိုးသမီးကို သဘောတကျ ရှိတတ်သည်က တော့ အမှန်ပင် ဖြစ်ပါသည်။ သဘောကျစရာ ကောင်းသော မိန်းမမျိုးကို သူက အလွယ်တကူပဲ သဘောကျတတ်၏။ အလိုက်သင့် အရောတဝင် နေတတ်၏။ မိန်းမများ၏ အလှအပကို အရသာခံစားဖို့လည်း စိတ်ပါလက်ပါ ရှိတတ်ပြီး ...



"ခင်ဗျား အတော်လှတာပဲ"

ဟု သူတို့သဘောကျမည့် မှတ်ချက်မျိုး ပေးဖို့လည်း ဝန်မလေးတတ်ချေ။ ထို့ကြောင့်လည်း ဟန်နီ့ကို တွေ့တော့ ...

"မဆိုးဘူး"

ဟု စိတ်ထဲက တိတ်တဆိတ် မှတ်ချက်ချမိ၏။ ဒါကို သူက အပြစ်ဟု မထင်တတ်ပေ။ ဘုရားဟော တရားတော်ထဲက လင့်ကျင့်ဝတ် မယားကျင့်ဝတ်များအတိုင်း ခုခေတ်မှာ ဘယ်သူမှ မနေနိုင်ကြတော့ဘူးဟု သူ့ဘာသာအကြောင်းပြသည်။ ထို့ကြောင့်ပဲ ထိုအမျိုးသမီးနှင့် ပတ်သက်ပြီး ရန်စုန်ခြင်း၊ သတိရခြင်း၊ စွဲလမ်းခြင်းမျိုး လုံးဝမရှိသည့် သူ့စိတ်ကို သန့်ရှင်းနေမြဲဟုသာ သဘောပေါက်ထားသည်။

မေသက်ပန် ဟူသော သူ့ချစ်ဇနီးနှင့်တော့ ဘာမှမဆိုင်။ တခြားမိန်းမတွေကို သက်နှင့် နှိုင်းယှဉ်စဉ်းစားတတ်တာမျိုး ဘယ်တုန်းကမှ မရှိတတ်။ မေသက်ပန်သည် ထင်လင်းအတွက် အမြဲ တသီးတခြားပင် ဖြစ်သည်။ အမြဲ အလေးအမြတ်ပင်ဖြစ်သည်။

♥ ❋ ♥

"ဒါ ဆရာ့မိသားစုလားဟင်"

သူမက ထိုင်းဖြစ် မှန်ဘောင်အတွင်း ထည့်ထားသော ဓာတ်ပုံကို သေချာကြည့်ရင်း မေးသည်။

"ဟုတ်တယ်ဗျ"

"ဆရာ့အမျိုးသမီးက အတော် ချောတယ်နော် ဆရာ"

"ဒါပေါ့ဗျ၊ ဒါကြောင့်လည်း ကျွန်တော် သဘောကျပြီး လက်ထပ်ခဲ့တာပေါ့"

"ချောတဲ့မိန်းမတွေကို ဆရာက သဘောကျတတ်သလား"

သူမ၏ မေးခွန်းကို ထင်လင်း အတော်သဘောကျသွားသည်။ လျှပ်စစ်မီးဖို ခလုတ်ကို ပိတ်ပြီး ရေဘုံပိုင်မှာ စင်ကြယ်အောင် ဆေးကြောနေရင်းက ...

"ယောကျ်ားတွေလည်း အလှကြိုက်တာပဲဗျ"

ဟု သူက ပြန်ဖြေတော့ သူမက အသံလွင်လွင်ဖြင့် ရယ်လေသည်။

"အဲဒါ ဖြစ်နိုင်တယ်နော် ဆရာ"

"အင်း ... ဒါပေမဲ့ ကျွန်တော့်မိန်းမကိုတော့ ကျွန်တော်က ချစ်တာလေ"

"သဘောကျတာနဲ့ ချစ်တာ မတူဘူးဆရာ"



"တခြားစီပဲဗျ၊ သဘောကျတယ် ဆိုတာက မျက်စိနဲ့မြင်လိုက်တာနဲ့ သဘောကျသွားလို့ ရတာပဲ၊ ချစ်တယ် ဆိုတာကတော့ နှလုံးသားက ခံစားရတဲ့ ကိစ္စပဲလေ၊ ညီမလည်း သဘောပေါက်မှာပါ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဟန်နီလည်း ဒီအတိုင်းပဲ လက်ခံတယ်"

သူမကိုကျွေးဖို့ ဆေးတွေကို ပုလင်းများထဲမှ ထုတ်ယူသည်အထိ သူမက ထင်လင်း အနားမှာပဲ ရှိသည်။ ပြင်သစ်ပြည်ဖြစ် ရှိုင်ရယ်ရီ့စ် ရေမွှေးရနံ့သည် သူ့အနားမှာ ဝေ့ဝဲပျံ့နှံ့လျက် ကလူကျီစယ်နေသလို ရှိ၏။

"ဆရာကလေးတွေကလည်း သိပ်ချစ်ရာ ကောင်းတာပဲ၊ ဆရာရော ဆရာ့ဇနီးပါ ကံကောင်းကြတယ်နော်"

"ဘာဖြစ်လို့လဲဗျ"

"ချောတဲ့ လှတဲ့ ဇနီးနဲ့ ချစ်စရာကောင်းတဲ့ သားသမီးတွေကို ရထားတာ ကံကောင်းတာပေါ့၊ ဆရာ့ဇနီးအနေနဲ့လည်း ဆရာ့လို ရုပ်ချောသဘောကောင်း ဆရာဝန်တစ်ယောက်ကို ရတာ ကံကောင်းတာပဲ"

"ဟာ ... ကျွန်တော်က ပိုကံကောင်းတာဗျ"

"ဘာဖြစ်လို့"

"ကျွန်တော့်ဇနီး မန္တလေးတက္ကသိုလ်မှာ နေတုန်းက ကျွန်တော့်လို ဆေးကျောင်းသားဆိုတာ ငချွတ်ပဲ၊ ကျောက်ကုန်သည် သူဌေးတွေ၊ စစ်ဗိုလ်တွေ၊ အရာရှိတွေ၊ ကုန်ကားပိုင်ရှင်တွေ သူ့အနားမှာ ဝိုင်းဝိုင်းလည်နေတာဗျ၊ ကံကောင်း

ချင်တော့ ကျွန်တော်က ဆယ်တန်း ကျောင်းပိတ်ရက်က တည်းက သူနဲ့တွေ့ပြီး သမီးရည်းစား ဖြစ်ခဲ့ကြတာလေ"

"ဒါဆို ဆရာတို့က ငယ်ချစ်ပေါ့"

"ဟုတ်ပါ့ဗျာ၊ ကျွန်တော် အရင်ဆုံး ဦးထားပေလို့ပေါ့၊ မဟုတ်ရင်တော့ ကျွန်တော် ဆွေးကျန်ရစ်မှာ"

သူမက ရယ်ပြန်သည်။ သူကတော့ သည်စကားမျိုးတွေ မကြာခဏ ပြောနေကျပင်။ အဲလိုအခါမျိုးမှာလည်း သူက မေသက်ပန်လို ဇနီးချောတစ်ယောက်အတွက် ဂုဏ်ယူရပြန်လေသည်။ သည်လို နောက်ကြောင်းပြန်ရသည့် စကားမျိုးကို အရသာတွေ့လို့ပင် နေတတ်သည်။

"ဆွေးလည်း ခဏပေါ့ ဆရာရယ်၊ ယောကျ်ားတွေဆိုတာ မေ့လွယ်ပျောက်လွယ်၊ ခဏပဲ ခံစားရတတ်တာမျိုးပါ"

"တကယ်ချစ်တဲ့သူနဲ့ မတွေ့သေးလို့ပါဗျာ၊ တွေ့တော့လည်း သူ တစ်ယောက်တည်းကိုပဲ အရူးအမူးချစ်ပြီး တနံ့နံ့ခံစား နေရတာမျိုးဗျ"

"ကျွန်မတော့ မယုံနိုင်ဘူး ဆရာရေ"

"ဒါတော့ လူတစ်ကိုယ် အသိတစ်မျိုးပေါ့ဗျာ၊ ဘယ်တူနိုင်မလဲ"

သူက သူမအတွက် ဆေးတချို့ ပေးလိုက်သည်။ ပါရာစီတမောလ်လို အကိုက်အခဲပျောက်သည့် အပျော့စားဆေးတွေပါပဲ။ တကယ်တော့ ဝေဒနာ ကြီးကြီးမားမားမှ မရှိဘဲ။ အိမ်ပြန်ရောက်တော့လည်း သည်ဆေးတွေကို သူမ သောက်ဖြစ်ချင်မှ သောက်ဖြစ်မှာ။



နောက်နေ့တွေလည်း သူမ ရောက်လာတော့မည် မထင်။ မျှော်လင့်ချက် ဆိုတာ ရှိမနေမှတော့ ဘယ်သူက မိုက်မဲ ရူးသွပ်နေမှာလဲ။

သို့ပေမဲ့ ...

သူ့ခန့်မှန်းမှုက မှားယွင်းခဲ့သည်။

♥ ❋ ♥

"ခင်ဗျား ရောက်လာပြန်ပြီ၊ ဘာဖြစ်ပြန်သလဲ"

"ဟန်နီ ခုတလော နှလုံးမကောင်းပြန်ဘူး ထင်တယ် ဆရာ"

"မဟုတ်သေးပါဘူး၊ ဟိုးတလောက၊ အီးစီဂျီနဲ့ စစ်ကြည့်တယ်လေ၊ ခင်ဗျားနှလုံး ပုံမှန်အလုပ်လုပ်နေသားပဲ"

"ရင်ဘတ်တွေ ပြန်အောင့်လာတယ် ဆရာ"

"အဲဒါက တခြားအကြောင်းကြောင့်လည်း ဖြစ်နိုင်ပါတယ်၊ ဘီပီတိုင်းကြည့်မယ်လေ၊ ခင်ဗျားမှာ သွေးတိုးရောဂါလည်း ရှိမနေပါဘူး၊ အဆီအဆိမ့် ကိုလက်စထရောများတဲ့ အစာတွေ မစားဖို့ ညွှန်ကြားထားတယ်လေ၊ ခင်ဗျား ချောကလက် ခဏ ခဏ စားတယ်ထင်တယ် ဟုတ်လား"

"ဟာ ... ဆရာကလည်း"

သူမက ရယ်ရယ်ပြုံးပြုံးနှင့်ပဲ စမ်းသပ် ခုံဘင်ပေါ် တက်သည်။ သွေးခုန်နှုန်းတိုင်းစဉ်မှာ သူမက ထင်လင်းကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"ပုံမှန်ပါဘဲ၊ သွေးလည်း မတိုးပါဘူး၊ သေချာအောင် ခင်ဗျား exercise stress test လုပ်ကြည့်သင့်တယ်၊



ခင်ဗျားရဲ့ နှလုံးသွေးကြောတွေ မကြာခဏ ပြန်ကျဉ်းတတ်တယ် ဆိုရင်တော့ ဒါဟာ စိုးရိမ်ရတယ်၊ ခွဲစိတ်ရတဲ့အထိ ဖြစ်နိုင်တယ်"

သူမ တကယ် ထိတ်လန့်သွားတော့ သူ ရယ်ချင်သွားသည်။ သူမသည် စိတ်ရောဂါသည် တစ်ဦးလိုပင်။ မကြာခဏ အီးစီဂျီစက်ဖြင့် အစစ်ဆေးခံလေ့ရှိ၏။ သို့ပေမဲ့ သူမနှလုံးသွေးကြောတွေ ပုံမှန်အတိုင်းပဲ ရှိနေသည်။ နှလုံးကို ထိခိုက်စေမည့် အခြားရောဂါများလည်း ရှိမနေပါ။ နှလုံးသွေးကြောကျဉ်းခြင်းအတွက် သူမ အတော်ကြာကြာ ဆေးကုသမှု ခံယူဖူးသော်လည်း ခုတော့ဖြင့် ပုံမှန်ပြန်ဖြစ်နေပြီ။

"အဲတော့ ခင်ဗျား Treadmill နဲ့ လေ့ကျင့်ခန်းယူပြီး အီးစီဂျီ စစ်ကြည့်ပါ၊ စိတ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်"

"ဟုတ်မလား မသိဘူး၊ ခုတလော ဟန်နီ့မှာ စိတ်သောက ရောက်စရာတွေ အရမ်းများနေတယ်"

"အကောင်းဆုံးကတော့ ခင်ဗျားရင်းနှီးတဲ့ လူတစ်ယောက်ယောက်ကို ဖွင့်ပြီး တိုင်ပင်လိုက်ပေါ့၊ စိတ်ထဲမှာ ဘာမှ မထားနဲ့၊ တစ်ယောက်ယောက်ကို ပြောလိုက်ရရင် ရင်ပေါ့သွားတတ်တယ် မဟုတ်လား"

"ဟန်နီ့မှာ ဖွင့်ပြောရလောက်အောင် ရင်းနှီးတဲ့သူမှ မရှိတာ ဆရာရယ်"

"ခင်ဗျား သူငယ်ချင်းတွေ ရှိမှာပေါ့"

သူမက ပြုံးပြီး ခေါင်းယမ်းသည်။

"ဟန်နီ့ အကြောင်းတွေ ဆရာ့ကို ပြောပြချင်လိုက်တာ ဆရာ၊ ဆရာ့ကို ဟန်နီ သွေးသားအရင်းအချာလိုပဲ အားကိုးပါတယ်"

ပြဿနာတစ်ခု၏ အစဟု သူ မရိပ်မိနိုင်ခဲ့။

ဟန်နီ ဆိုသော မိန်းကလေးသည် ထိုအချိန်ကတော့ သူ့အတွက် မြက်ပင်ကလေး တစ်ပင်သာ ဖြစ်ခဲ့၏။

♥ ❋ ♥



"အဲဒီအမျိုးသမီးက လှလားဟင် မောင်"

"အင်း ... လှတယ်"

"သက်နဲ့ ဘယ်သူပိုလှလဲ"

သမီးငယ်လေးက သူတို့နှစ်ဦးကြား လေးဖက်တွား ချက် ဝင်လာသည်။ သူက သမီးကို ဆွဲခေါ်ဖက်ထားလိုက်ပြီး သက် နဖူးပြင်ကို ညင်ညင်သာသာ မွှေးလိုက်၏။

"ဘာဖြစ်လို့များ အဲလို မေးရတာလဲ သက်ရယ်၊ ဒီမှာ သက် ... ဘယ်သူနဲ့မှ နှိုင်းစရာ မလိုဘူး၊ ဘယ်သူနဲ့မှ မောင့်ဇနီးကို တန်းတူ မသတ်မှတ်နိုင်ဘူး၊ သက်က မောင့်အတွက် တသီးတသန့်ပဲ၊ လောကမှာ သက်လိုလှတဲ့ မိန်းမတွေ၊ သက်ထက် ပိုပြီးလှတဲ့ မိန်းမတွေ အများကြီး ရှိတယ်၊ အဲတာကို သက်လည်း သိတယ်၊ မောင်လည်းသိတယ်၊ ဒါပေမဲ့ သူတို့က မောင်နဲ့ ဘာမှမဆိုင်ဘူး၊ သက်က မောင့်ဇနီး၊ မောင့်အချစ်ဦး အချစ်ဆုံး"

"ကဲပါ မောင်ရာ၊ စကားတတ်တိုင်း ပြောမနေပါနဲ့၊ သက်က မောင့်ကို ယုံပြီးသား၊ မောင် ဘာမှမပြောလည်း အလကားနေရင်း ယုံနေတာ"

"ဟုတ်လား ... ဒါဆို မောင် ကံကောင်းတာပေါ့၊ တခြား
မိန်းမတွေဆို သူတို့ယောကျ်ားတွေကို စစ်လား ဆေးလား
အမြဲတမ်း သံသယတွေနဲ့"

"ဒါကတော့ မောင့်ပေါ်မှာလည်း မူတည်သေးတာပေါ့"

"ဟော ... လေသံပြောင်းလာပြီ"

"ဟုတ်တယ်လေ၊ မောင်က စိတ်မချရရင်တော့ သက်က
မောင့်နောက်ကို ပုဆိုးစ,ဆွဲပြီး လိုက်နေမှာပဲ"

"ဟာ ... ပုဆိုးစတော့ မဆွဲပါနဲ့ သက်ရာ၊ မောင်က ပုဆိုး
ခိုင်ခိုင် ဝတ်တတ်တာ မဟုတ်ဘူး"

"မောင်နော်"

သက်က သူ့ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် တဗုန်း
ဗုန်း ထုသည်။ သမီးလေးက သူ့အမေလက်ကို လိုက်ဖမ်းပြီး ...

"ဖေဖေ့ကို ရိုက်နဲ့"

ဟု မပီကလာ အော်၏။ ညီမလေး အသံကြား
တော့ စာအော်ကျက်နေသည့် သားကြီးပါ အိပ်ခန်းထဲ ရောက်လာ
သည်။ သားကြီး သူ့ညီမလေးကို သိပ်ကိုတွယ်တာ၏။ အနွံအတာ
ခံတတ်၏။ အလျှော့ပေးတတ်၏။ ဒါ သက်ရဲ့သွန်သင်ဆုံးမမှု
တွေကြောင့်လည်း ဖြစ်မှာပါ။

"သား ... စာကျက်လေ"

"ဟင် ... သား တစ်ယောက်တည်း ပျင်းတာပေါ့၊ မေမေ
တို့က ရယ်နေကြပြီး"

"တိုရီး ... ရာ ဂဂျားမယ်၊ မီးမီးတားတွေယူပေး"



"သမီးရဲ့ ကိုကြီးက စာကျက်နေတာလေ၊ ကိုကြီးကို
မနှောင့်ယှက်ရဘူးနော်"

"မီးရဲ့ ချာကျက်မယ်"

"အေး ... သွား သမီး၊ ကိုကိုကြီးနဲ့ စာကျက်နော်"

သက်က သူ့ကို မျက်စောင်းလှည့်ထိုးသည်။ သူက
သက်ကို မျက်စိမှိတ်ပြလိုက်တော့ သားကြီးက ခုတင်ပေါ်တက်
လာပြီး သူ့ပေါ် ခွစီးလျက် ...

"ဟိတ် ... ဘာအကြံအဖန်လဲ၊ သိတယ်နော်"

ဟု လျက်ဆားပုလင်း အာဖျံကွိုး လေသံဖြင့် ပြော
သည်။ သက်က လူလည်ကျလွန်းသော သားကို ကြည့်ရင်း
သဘောကျနေ၏။

"သားကို ဖေဖေ ကာတွန်းကား ဖွင့်ပေးမယ်လေ"

"အရစ္စတိုကက်လား ... ခဏ ခဏကြည့်နေရတာ ပျင်း
လာပြီး ဖေဖေရ"

"ဒါဆို ဘာကြည့်မှာလဲ"

သူ့ဗိုက်ပေါ် ခွစီးထားရာမှ ကျော်ပြီး သားကြီးက
သူ့ညီမလေးခါးကို ဖက်ထားသည်။ သမီးငယ်က ဖောင်းဖောင်း
အိအိ လက်ဖဝါးကလေးဖြင့် သူ့အစ်ကိုပါးနှစ်ဖက်ကို တဖတ်ဖတ်
ရိုက်နေ၏။ သားကြီးကလည်း သဘောတွေကျလို့။

"ပင်လယ်ဓားပြကား ကြည့်မယ်"

"အံမယ် ... မကြည့်ရပါဘူး"

သက်က သားကြီးကို ငေါက်ဆတ်ဆတ် ပြောသည်။

"ဘာလို့မကြည့်ရတာလဲ သား၊ သိလား"

"မသိဘူး ဖေဖေ"

"ပင်လယ်ဓားပြကား ဆိုတာ တစ်ယောက်နဲ့ တစ်ယော
ခုတ်တာ သတ်တာ ဖြတ်တာ၊ ပြီးတော့ တခြားမကော
တဲ့အခန်းတွေ ပါတယ်၊ အဲဒါတွေကြည့်ပြီး သားတို
တွေ အဲဒီလို ရိုင်းစိုင်းလာမှာစိုးလို့နော်၊ အဲတော့ သာ
ဖေဖေက Homealone ဖွင့်ပေးမယ်၊ ခရစ္စမတ်မှာ က
လေးတစ်ယောက်တည်း အိမ်ထဲမှာ ကျန်ခဲ့တဲ့ကားေ

"ဟေး ... ကောင်းတယ် ဖေဖေ"

"ဟေး ဟေး"

သမီးငယ်က ဘာမှန်းမသိဘဲ သူ့အစ်ကို့ကိုကြ
ပြီး လိုက်ပျော်ရွှင်နေသည်။ လက်ခုပ်လက်ဝါးပင်တီးလို့။ က
တွေကို ဗီဒီယိုဖွင့်ပေးခဲ့ပြီး အိပ်ခန်းထဲ ပြန်ဝင်လာတော့ သ
က ...

"ကလေးတွေကို အဲလိုကြီး သတ်သတ်မထားပါနဲ့ 
ရာ"

ဟု မကျေမနပ် ဆိုလေသည်။

"တစ်ခါတလေပါ သက်ရယ်၊ သက်နဲ့ နှစ်ယောက်တ
လွတ်လွတ်လပ်လပ် နေချင်လို့၊ စကားတွေ ပြောချ
ကလေးတွေရှိတော့ သူတို့ကို အော်ရပြောရ၊ သူတို့မေ
ဖြေရနဲ့ ရှုပ်တယ်"

"ခုတော့ ရှုပ်ပြန်ပြီ၊ အရင်တုန်းကဖြင့် သူ့မှာ က
လိုချင်လိုက်ရတာ၊ သူများကလေးတွေ သွားသွားချီ
တော့"



"ခုလည်း လိုချင်တုန်းပါပဲ၊ နောက်တစ်ယောက် ထပ်မွေး
ဦးမလား"

"တော်ပါ ... သူ မမွေးရတိုင်း"

ခုလိုအချိန်တွေအတွက် ဘယ်လို အရေးတကြီးကိစ္စ
မျိုးနှင့်ဖြစ်စေ သူ မလဲနိုင်။

ငွေကြေးအတွက်ဆို ပို၍ပင်ဝေးသေး။ ထို့ကြောင့်
ခုနစ်နာရီထက် နောက်မကျဘဲ အိမ်ကို နေ့စဉ်ပြန်လာသည်။
သားနှင့် သမီးနှင့် အတူဆော့ကစားဖို့ အချိန်ပေးသည်။ မိသားစု
နှင့် အတူနေဖို့ အချိန်ပေးသည်။ သက်ကလည်း အဲသည်အချိန်
ဆို အိမ်အလုပ်တွေပြီးစီး၊ ညနေစာ အတူစားပြီး တစ်ခါတစ်ရံ
လည်း ကားလျှောက်မောင်းတတ်၏။ ရွှေတိဂုံဘုရားလို၊ ကရဝိတ်
လို နေရာမျိုးကို အပန်းဖြေသွားတတ်ကြသည်။

သူတို့မိသားစု အတွင်းမှာ စိတ်ညစ်စရာ ဆိုတာ
တကယ့်ကို ရှားရှားပါးပါးပါပဲ။

"သက်တို့ မိသားစုလေးက စိတ်ချမ်းသာစရာ ကောင်းလိုက်
တာနော် မောင်၊ သက်လေ မောင့်ကို သိပ်ကျေးဇူးတင်တာ
ပဲ"

သက်စကားကြောင့် သူ စိတ်ချမ်းမြေ့ရ၏။ မိသားစု
ကို ထာဝစဉ် သာယာကြည်နူးအောင် ဖြည့်စွမ်းပေးနိုင်သည့် အိမ်
ထောင်ဦးစီး တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူချင်
သည်လေ။

♥ ❋ ♥

"ဟန်နီ့ကို ကိုယ် ချစ်ပါတယ်၊ ဒါပေမဲ့ ဟန်နီ ကိုယ့်မှာ အိမ်ထောင်နဲ့ မိသားစုနဲ့၊ ကြာလာရင် အများပြောစရာ ဖြစ်မယ်၊ ဟန်နီ့မှာ ဘယ်လိုရောဂါမျိုးမှ မရှိဘူး၊ ဒါ ဟန်နီ ကိုယ်တိုင်လည်း သိနေတာပဲ"

ဟန်နီက မျက်တောင်တဖျပ်ဖျပ် ခတ်သည်။ မျက်ဝန်းမှာ မျက်ရည်ဥ္စေ့ဥ္စေ့ သီချင်၏။ သူ စိတ်မကောင်းဟန် ဆောင်ရမည်။ ဖျောင်းဖျချင်ဟန်ဆောင်ရမည်။ တကယ်တော့ သူ့ရင်ထဲမှာ ဘာမှမရှိ။ ပြီးတော့ သိပ်ပြီး အလေးအနက်ထားစရာ ကိစ္စလည်း မဟုတ်ဘူးဟု စိတ်ထဲမှာ ထင်သည်။

"ဟန်နီ သိပါတယ် ကိုကို၊ ဒါပေမဲ့ ကိုကို့မျက်နှာကို မမြင်ရရင် ဟန်နီ မနေနိုင်ဘူး၊ မနေတတ်ဘူး"

"ခက်ပါလား ဟန်နီရယ်၊ ဟန်နီ ကလေးမှ မဟုတ်တော့ဘဲ"

ရေမွှေးရနံ့က အနားမှာ တရစ်ဝဲဝဲရှိသည်။ စပို့ရှပ် အနက်ရောင်လက်ပြတ်နှင့် ဟန်နီ၏ ပေါ်ပေါ်လွင်လွင် အလှသည် ယောကျ်ားတွေအတွက် ယစ်မူးစရာပင် ဖြစ်သည်။ သို့ပေမဲ့ သူမ မျက်ဝန်းတွေကတော့ ထိတ်လန့်စရာ။ ခဏနှင့် မေ့ပျောက်သွားနိုင်သည့် ကိစ္စတစ်ခုလား။ ခက်သည်က သည်အမျိုးသမီးကို သူ



လုံးဝအထင်ကြီးမရခြင်းပင်။ သူမကို တန်ဖိုးထားစရာ၊ တလေးတစား ဆက်ဆံစရာ မိန်းမတစ်ယောက်ဟု သူ ဘယ်လိုမှ သဘောမထားနိုင်။ ထို့ကြောင့်ပဲ သူက သူမနှင့်ပတ်သက်ပြီး အရာရာကို ပေါ့ပေါ့တန်တန် သဘောထားနေမိသလား မသိ။

"ဟန်နီ ကိုကို့ကို နေ့တိုင်း မြင်နေပါရစေနော်၊ ကိုကို့ မျက်နှာကို မြင်ရရင် ဟန်နီ ကျေနပ်ပါတယ်"

သေစမ်း ...။ အော်ဟစ် ရယ်ပစ်လိုက်ချင်သည်။ သည်လိုမိန်းမမျိုးတွေက သူ့အတွက် ဘယ်လိုလုပ်ပြီး အထင်ကြီးစရာ ဖြစ်မှာလဲ။

"ဘယ်ဖြစ်မလဲ ဟန်နီ၊ အများတကာက ကိုယ့်ကို လက်ညှိုးထိုးမှာပေါ့၊ ကိုယ် သိက္ခာကျ မခံနိုင်ဘူး၊ နောက်ပြီး သက်ကို ကိုယ် မေ့မထားနိုင်ဘူး"

"အဲဒါကို ဟန်နီ နားလည်ပါတယ်"

"အဲဒါဆိုလည်း ဟန်နီ ပြန်ဖို့ကောင်းပြီ"

"ဒါပေမဲ့ ..."

"ကဲပါ ဟန်နီရယ်၊ ကိုယ် တောင်းပန်ပါတယ်"

သူက ဟန်နီ့ပခုံးကို ကိုင်ပြီး အပြင်ကို တွန်းလွှတ်သည်။ သူမက သူ့ကို ရီဝေဝေ မျက်ဝန်းများပြင့် မော့ကြည့်သည်။

"ဟင့်အင်း ... ဟင့်အင်း"

"ဟန်နီ"

မချင့်မရဲ ဖြစ်လာပြီး သူမ ပခုံးနှစ်ဖက်ကို ကိုင် လှုပ်ပစ်လိုက်သည်။ သူမက အံကြိတ်ထားလျက် သူ့ခါးကို

အံတင်းဖက်တွယ်ထား၏။ ရုတ်တရက် သွေးတွေ ဆူဖွက်လာသည်။ သူမ၏ကိုယ်ရနံ့က ယစ်မူးသာယာစေသလား။

သူမ၏ သူ့အပေါ် ငြိတွယ်မှုကို သေချာသိနေပြီး အချိန်ကာလတစ်ခုအထိ သူ ဟန်နီ့ကို သည်အတိုင်း စောင့်ကြည့်နေခဲ့သည်။ မိသားစုအပေါ် သူ့သဘောထားကို သိနေလျက်မင် သူမက မျှော်လင့်ချက်တွေကို မစွန့်လွှတ်။ တစ်ခါတစ်ရံ သူ့ဆေးခန်းကို အပေါင်းအသင်းတွေ အလည်ရောက်လာတတ်သည်။ ဟန်နီနှင့် ဆုံတတ်သည့်အခါလည်း ရှိသည်။ သူမ၏မျက်ဝန်းတွေကို အပေါင်းအသင်းတွေက သတိထားမိတာ အဆန်းတော့ မဟုတ်ပါ။ သို့သော်လည်း သူ့သူငယ်ချင်းတွေ ကိုယ်တိုင်က ဟန်နီ့ကို ဘယ်သူမှ အရေးတယူ အလေးအနက် မထားကြ။ ကျ ပြုလောက်စရာဟုလည်း မထင်ကြ။ သူမ၏အိမ်ထောင်ရေးအခြေ အနေကို သိနေသည့် ထင်လင်း ကိုယ်တိုင်လည်း အိမ်ထောင်ဖျက် အမျိုးသမီးတစ်ယောက်၏ စိတ်ထွေပြားမှုဟုပဲ သဘောပေါက် ထားသည်။

တကယ်တော့ ဒါဟာ အကြီးအကျယ် မှားယွင်းမှု

"ကိုကို့ကို ဟန်နီ ချစ်တယ်"

သည်စကားကို သူမက ရှက်ရွံ့ခြင်းမရှိ၊ တုန်လှုပ် ချောက်ချားမှု မရှိဘဲ ဖြည်းဖြည်းအေးအေး ပြောခဲ့ခြင်းဖြစ်သည်။

"ကိုယ့်ဆီကို ခဏခဏ မလာစေချင်ဘူး ဟန်နီ"

ဆိုတော့လည်း သူမက ခါးခါးသီးသီး မငြင်းဆန်

"တစ်ခါတစ်ရံပေါ့ ကိုကို၊ ကိုကို လိုအပ်တဲ့ တစ်ခါတ ပေါ့"



"ကိုယ် ဟန်နီ့ကို မလိုအပ်ပါဘူး"

"အဲလို အသေအချာကြီး မပြောစမ်းပါနဲ့ ကိုကိုရာ"

"ကိုယ့်မှာ အိမ်သူရှိသားပဲ၊ ကိုယ့်အတွက်တော့ သက်ဟာ ကိုယ့်ရဲ့လိုအပ်ချက်ပဲ၊ သက်ကလွဲပြီး ဘယ်သူ့ကိုမှ ကိုယ် မလိုအပ်ဘူး"

"ထားပါတော့လေ၊ ဒါဆိုလည်း ကိုကို ဆန္ဒရှိတဲ့ အခါ ပေါ့"

ပထမဆုံးအကြိမ် ကျေနပ်ခြင်းဖြင့် သူမ ပြန်သွား သည့်အခါက သူမကို သူ ချက်ချင်းမေ့လျော့ထားနိုင်ခဲ့သည်။ နောက်ထပ် ဘယ်တော့မှလဲ ကြုံကြိုက်တော့မည် မထင်။ သည် ဆေးခန်းကို နေရာပြောင်းဖို့ သူ့မှာ ခိုင်မာသော ဆုံးဖြတ်ချက် တစ်ခု ရှိထားခဲ့ပြီ။ ထိုဆုံးဖြတ်ချက်က ဟန်နီ့ကြောင့်တော့ မဟုတ်ပါ။ အသွားအလာ အဆင်ပြေသော၊ အိမ်နှင့်နီးသော နေ ရာတစ်ခုကို ဂျိုပီပြောင်းထိုင်ဖို့ စဉ်းစားထားခဲ့တာ ကြာပြီ။

အဲသည်အချိန်ထိ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဖို့ သူ စဉ်းစားမရခဲ့သေး။

♥ ❋ ♥

"ကိုကို"

"ဟာ"

ဟန်နီက သူ့လက်မောင်းကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လျက် ...

"တစ်ယောက်တည်းလား"

ဟု မေးသည်။

"အင်း ... တစ်ယောက်တည်းပဲ၊ ကိုယ် ဆေးလာဝယ်တာ၊ ဟန်နီရော"

"ဒီလိုပါပဲ၊ ဈေးထဲ ဟိုလျှောက် ဒီလျှောက်၊ သဘောကျတာ တွေ့ရင်လည်း ဝယ်တာပေါ့"

ဆိုင်ရှင် အမျိုးသားကြီးက အကဲခတ်သလို လှမ်းကြည့်နေသည်။ နည်းနည်းတော့ စိတ်နောက်ကျိသလို ဖြစ်သွား၏။ သို့ပေမဲ့ စိတ်ညစ်စရာ မဟုတ်ဘူးဟုတော့ ထင်သည်။ ဈေးသည် ဈေးဝယ် ထူထပ်ရှုပ်ထွေးလှသည့် မင်္ဂလာဈေးထဲမှာ ဆိုတော့လည်း အပြင်းအထန် ငြင်းဆန်လိုက်ဖို့ မသင့်ဘူးဟု ဖြေတွေး တွေးသည်။

"ကိုကို ကားပါတယ် မဟုတ်လား၊ ဟန်နီ့ကို လိုက်ပို့"

"ဖြစ်ပါတယ်၊ ဒါပေမဲ့ အချိန်တော့ သိပ်ရမဘူး၊ ဆေးခန်း ပြေးဖွင့်ရဦးမှာလေ"



"သိပါတယ် ကိုကိုရ"

သူမက အထုပ်အပိုးများ ကြားမှာ အတင်းပဲ လက်ဆွဲခေါ်သည်။ မင်္ဂလာဈေးထဲမှာ ကားတွေ လူတွေ ပစ္စည်းတွေ ပြည့်ကျပ်ညပ်ပြီး ရှုပ်ထွေးနေ၏။ သည်အချိန်အထိ သူသည်အသိတစ်ယောက်ယောက်၊ ဒါမှမဟုတ် သူ့ကိုသိသော သက်၏သူငယ်ချင်းတစ်ယောက်ယောက် မြင်တွေ့သွားနိုင်သည်ဆိုတာကို သိလျက်နှင့်ယင် လုံးဝစိုးရိမ်စိတ် မရှိဘဲ လိပ်ပြာသန့်နေဆဲပင်။ ဟန်နီနှင့်ပတ်သက်ပြီး ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်မြို့ မနှစ်မြို့ခြင်း စသည့် အာရုံများ သူ့ထံမှာ ဘာတစ်ခုမှ ရှိမနေ။

ဟန်နီသည် မိန်းမတစ်ယောက်သာ ဖြစ်၏။ သည့်ထက်ပိုပြီး သူ ဘယ်လိုမှ သဘောထား၍ မရ။ ကားပါတ်ခ်မှာ ရပ်ထားသော သူ့ကားပေါ် သူမက ရဲရဲတင်းတင်းပင် တက်ထိုင်သည်။

ပြီးတော့ ...

"ကန်တော်လေး ... ကိုကို"တဲ့။

ရယ်ချင်စရာတော့ ကောင်းသား။ ပြီးတော့ ပျော်စရာလည်း ကောင်းသား။ နောက်ဆုံး သူမ တစ်ယောက်တည်းနေသော တိုက်ခန်းသို့ သူရောက်သွားသည်၊ အိမ်ကို လာတတ်သော ဧည့်သည်များအတွက် နိုင်ငံခြားအရက်ကို ဆောင်ထားတတ်သည် ဆိုကတည်းက သူမ အခြေအနေကို သူ ကောင်းကောင်းသိမိနေ၏။ အရက်မသောက်တတ်သော ထင်လင်း အတွက်တော့ ဟန်နီက အရက်ဖြင့် ဧည့်မခံပါ။

သူမ၏အိမ်ရှင်ဝတ္တရား ကျေပွန်မှုက သူမ၏အိမ်ခန်းသို့ ခဏခဏ လာလည်ချင်အောင်ပင် ဆွဲဆောင်နိုင်လေသည်။ သည်လိုနှင့်ပဲ ဒုတိယအကြိမ်မြောက်မှာတော့ သူမနှင့် ရင်းနှီးရခြင်းအတွက် သူ ပျော်ရွှင်လာသည်။ စိတ်ကျေနပ်လာသည်။ သည်ပျော်ရွှင်မှုက မိသားစုနှင့်အတူ နေရချိန်မှာ ကြည်နူးသာယာခြင်းမျိုး မဟုတ်ဘဲ မိုက်မဲစွာ စွဲလမ်းခြင်းတစ်ခုဖြစ်၏။ သို့ပေမဲ့ ဟန်နီ့အပေါ် စွဲလမ်းခြင်း မဟုတ်တာကတော့ သေချာပါသည်။

♥ ✻ ♥



"ကိုကို"

"ဟင်"

"ဟန်နီ့ကို ချစ်လား"

"ဟင့်အင်း"

သူမက ရွှင်မြူးစွာ ရယ်လေသည်။ ပြတ်သားစွာ စိမ်းကားရက်စက်ခြင်းအပေါ် ကျေနပ်တတ်သူက ဟန်နီ တစ်ယောက်သာ ဖြစ်မည်ထင်သည်။

"ဒေါ်မေသက်ပန်ကို သိပ်ချစ်တာပဲလား",

"အင်း"

"သားနဲ့ သမီးကိုရော"

"အင်း"

"တကယ်လို့ ဟန်နီက ကိုကို့အတွက် သားလေး မွေးပေးမယ် ဆိုရင်ကော"

"ဟန်နီ"

ခုတင်ပေါ်မှ ချက်ချင်းထ,ထိုင်လိုက်သည်။ လျှာဖျားမှာ၊ လည်ချောင်းမှာ ခါးသက်ခြင်းတွေ စီးဆင်းသွား၏။ ခုတင်တိုင်မှာ ချိတ်ထားသော ရှပ်အင်္ကျီလက်ရှည်ကို ဆွဲယူဝတ်သည်။ ဟန်နီက ခေါင်းအုံးပေါ် မေးထောက်လျက် သူ့ကို စိတ်အားထက်သန်စွာ မော့ကြည့်နေ၏။

"မင်းဟာ ကိုယ့်မိန်းမ မဟုတ်ဘူး ဆိုတာ အမြဲသတိရ"

"သိပါတယ် ကိုကို"

မှန်ထဲမှာ မြင်ရမည့် မျက်နှာကို ပြန်မကြည့်ချင်။ ပုဆိုးကို ကျစ်ကျစ်ဝတ်ပြီး ဆံပင်တွေကို ဘီးသေးသေးဖြင့် တစ်ချက် နှစ်ချက် သပ်လိုက်၏။

"ကိုကို ဟန်နီ့ကို ကြေးစားမိန်းမတစ်ယောက်လိုပဲ သဘောထားတာ ဟန်နီ သိပါတယ်၊ ဒါပေမဲ့ ဟန်နီက ကိုကို့ကို ချစ်တယ်လေ"

"တော်စမ်းပါကွာ၊ အပိုတွေ"

"ကိုကို မယုံဘူး ဆိုတာလည်း ဟန်နီ သိတာပဲ"

"ပြီးတာပဲလေ"

"ဒါပေမဲ့ ဟန်နီကတော့ ကိုကိုနဲ့တူတဲ့ သားလေးတစ်ယောက် မွေးကို မွေးရဦးမယ်"

"ဟန်နီ"

သူမ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး ခုတင်ပေါ်မှ ဆွဲချလိုက်သည်။ သူမက အံကြိတ်ပြီး သူ့ကို ဒေါသတကြီး မော့ကြည့်၏။ သူက ရှိခနဲ လေချွန်လိုက်ပြီး သူမ၏ တင်းနေသော နှုတ်ခမ်းကို သွားဖြင့် ခပ်နာနာ ဖိကိုက်လိုက်သည်။

"ငါဟာ ဆရာဝန်တစ်ယောက် ဆိုတာလည်း မမေ့နဲ့ဦး၊ ငါ့ကို ချောင်ပိတ်ဖမ်းပြီး ကလေးအဖေ ဖော်ဖို့တော့ မကြိုးစားနဲ့"

"ကိုကိုရယ်"



ခင်ဗျားရဲ့ နှလုံးသွေးကြောတွေ မကြာခဏ ပြန်ကျဉ်းတတ်တယ် ဆိုရင်တော့ ဒါဟာ စိုးရိမ်ရတယ်၊ ခွဲစိတ်ရတဲ့အထိ ဖြစ်နိုင်တယ်"

သူမ တကယ် ထိတ်လန့်သွားတော့ သူ ရယ်ချင်သွားသည်။ သူမသည် စိတ်ရောဂါသည် တစ်ဦးလိုပင်။ မကြာခဏ အီးစီဂျီစက်ဖြင့် အစစ်ဆေးခံလေ့ရှိ၏။ သို့ပေမဲ့ သူမနှလုံးသွေးကြောတွေ ပုံမှန်အတိုင်းပဲ ရှိနေသည်။ နှလုံးကို ထိခိုက်စေမည့် အခြားရောဂါများလည်း ရှိမနေပါ။ နှလုံးသွေးကြောကျဉ်းခြင်း အတွက် သူမ အတော်ကြာကြာ ဆေးကုသမှု ခံယူဖူးသော်လည်း ခုတော့ဖြင့် ပုံမှန်မြန်ဖြစ်နေပြီ။

"အဲတော့ ခင်ဗျား Treadmill နဲ့ လေ့ကျင့်ခန်းယူပြီး အီးစီဂျီ စစ်ကြည့်ပါ၊ စိတ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်"

"ဟုတ်မလား မသိဘူး၊ ခုတလော ဟန်နီ့မှာ စိတ်သောကရောက်စရာတွေ အရမ်းများနေတယ်"

"အကောင်းဆုံးကတော့ ခင်ဗျားရင်းနှီးတဲ့ လူတစ်ယောက်ယောက်ကို ဖွင့်ပြီး တိုင်ပင်လိုက်ပေါ့၊ စိတ်ထဲမှာ ဘာမှ မထားနဲ့၊ တစ်ယောက်ယောက်ကို ပြောလိုက်ရရင် ရင်ပေါ့သွားတတ်တယ် မဟုတ်လား"

"ဟန်နီ့မှာ ဖွင့်ပြောရလောက်အောင် ရင်းနှီးတဲ့သူမှ မရှိတာ ဆရာရယ်"

"ခင်ဗျား သူငယ်ချင်းတွေ ရှိမှာပေါ့"

သူမက ပြုံးပြီး ခေါင်းယမ်းသည်။

"ဟန်နီ့ အကြောင်းတွေ ဆရာ့ကို ပြောပြချင်လိုက်တာ ဆရာ၊ ဆရာ့ကို ဟန်နီ သွေးသားအရင်းအချာလိုပဲ အားကိုးပါတယ်"

ပြဿနာတစ်ခု၏ အစဟု သူ မရိပ်မိနိုင်ခဲ့။

ဟန်နီ ဆိုသော မိန်းကလေးသည် ထိုအချိန်ကတော့ သူ့အတွက် မြက်ပင်ကလေး တစ်ပင်သာ ဖြစ်ခဲ့၏။

♥ ❋ ♥



"အဲဒီအမျိုးသမီးက လှလားဟင် မောင်"

"အင်း … လှတယ်"

"သက်နဲ့ ဘယ်သူပိုလှလဲ"

သမီးငယ်လေးက သူတို့နှစ်ဦးကြား လေးဖက်တွား ချက် ဝင်လာသည်။ သူက သမီးကို ဆွဲခေါ်ဖက်ထားလိုက်ပြီး သက် နဖူးပြင်ကို ညင်ညင်သာသာ မွှေးလိုက်၏။

"ဘာဖြစ်လို့များ အဲလို မေးရတာလဲ သက်ရယ်၊ ဒီမှာ သက် … ဘယ်သူနဲ့မှ နှိုင်းစရာ မလိုဘူး၊ ဘယ်သူနဲ့မှ မောင့်ဇနီးကို တန်းတူ မသတ်မှတ်နိုင်ဘူး၊ သက်က မောင့်အတွက် တသီးတသန့်ပဲ၊ လောကမှာ သက်လိုလှတဲ့ မိန်းမတွေ၊ သက်ထက် ပိုပြီးလှတဲ့ မိန်းမတွေ အများကြီး ရှိတယ်၊ အဲတာကို သက်လည်း သိတယ်၊ မောင်လည်းသိတယ်၊ ဒါပေမဲ့ သူတို့က မောင်နဲ့ ဘာမှမဆိုင်ဘူး၊ သက်က မောင့်ဇနီး၊ မောင့်အချစ်ဦး အချစ်ဆုံး"

"ကဲပါ မောင်ရာ၊ စကားတတ်တိုင်း ပြောမနေပါနဲ့၊ သက်က မောင့်ကို ယုံပြီးသား၊ မောင် ဘာမှမပြောလည်း အလကားနေရင်း ယုံနေတာ"

"ဟုတ်လား ... ဒါဆို မောင် ကံကောင်းတာပေါ့၊ တခြား မိန်းမတွေဆို သူတို့ယောကျ်ားတွေကို စစ်လား ဆေးလား အမြဲတမ်း သံသယတွေနဲ့"

"ဒါကတော့ မောင့်ပေါ်မှာလည်း မူတည်သေးတာပေါ့"

"ဟော ... လေသံပြောင်းလာပြီ"

"ဟုတ်တယ်လေ၊ မောင်က စိတ်မချရရင်တော့ သက်က မောင့်နောက်ကို ပုဆိုးစ,ဆွဲပြီး လိုက်နေမှာပဲ"

"ဟာ ... ပုဆိုးစတော့ မဆွဲပါနဲ့ သက်ရာ၊ မောင်က ပုဆိုး ခိုင်ခိုင် ဝတ်တတ်တာ မဟုတ်ဘူး"

"မောင်နော်"

သက်က သူ့ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် တဖုန်းဖုန်း ထုသည်။ သမီးလေးက သူ့အမေလက်ကို လိုက်ဖမ်းပြီး ...

"ဖေဖေ့ကို ရိုက်နဲ့"

ဟု မပီကလာ အော်၏။ ညီမလေး အသံကြားတော့ စာအော်ကျက်နေသည့် သားကြီးပါ အိပ်ခန်းထဲ ရောက်လာသည်။ သားကြီး သူ့ညီမလေးကို သိပ်ကိုတွယ်တာ၏။ အနွံအတာ ခံတတ်၏။ အလျှော့ပေးတတ်၏။ ဒါ သက်ရဲ့သွန်သင်ဆုံးမမှုတွေကြောင့်လည်း ဖြစ်မှာပါ။

"သွား ... စာကျက်လေ"

"ဟင် ... သား တစ်ယောက်တည်း ပျင်းတာပေါ့၊ မေမေတို့က ရယ်နေကြပြီး"

"တိုရီး ... ရာ ဂျေးမယ်၊ မီးမီးတားတွေယူပေး"



"သမီးရဲ့ ကိုကြီးက စာကျက်နေတာလေ၊ ကိုကြီးကို မနှောင့်ယှက်ရဘူးနော်"

"မီးရဲ့ ချာကျက်မယ်"

"အေး ... သွား သမီး၊ ကိုကိုကြီးနဲ့ စာကျက်နော်"

သက်က သူ့ကို မျက်စောင်းလှည့်ထိုးသည်။ သူက သက်ကို မျက်စိမှိတ်ပြလိုက်တော့ သားကြီးက ခုတင်ပေါ်တက်လာပြီး သူ့ပေါ် ခွစီးလျက် ...

"ဟိတ် ... ဘာအကြံအဖန်လဲ၊ သိတယ်နော်"

ဟု လျက်ဆားပုလင်း အာဖျံကွီး လေသံဖြင့် ပြောသည်။ သက်က လူလည်ကျလွန်းသော သားကို ကြည့်ရင်း သဘောကျနေ၏။

"သားကို ဖေဖေ ကာတွန်းကား ဖွင့်ပေးမယ်လေ"

"အရစ္စတိုကက်လား ... ခဏ ခဏကြည့်နေရတာ ပျင်းလာပြီး ဖေဖေရ"

"ဒါဆို ဘာကြည့်မှာလဲ"

သူ့ဗိုက်ပေါ် ခွစီးထားရာမှ ကျော်ပြီး သားကြီးက သူ့ညီမလေးခါးကို ဖက်ထားသည်။ သမီးငယ်က ဖောင်းဖောင်း အိအိ လက်ဖဝါးကလေးဖြင့် သူ့အစ်ကိုပါးနှစ်ဖက်ကို တဖတ်ဖတ် ရိုက်နေ၏။ သားကြီးကလည်း သဘောတွေကျလို့။

"ပင်လယ်ဓားပြကား ကြည့်မယ်"

"အံမယ် ... မကြည့်ရပါဘူး"

သက်က သားကြီးကို ငေါက်ဆတ်ဆတ် ပြောသည်။

"ဘာလို့မကြည့်ရတာလဲ သား၊ သိလား"

"မသိဘူး ဖေဖေ"

"ပင်လယ်ဓားပြကား ဆိုတာ တစ်ယောက်နဲ့ တစ်ယော
ခုတ်တာ သတ်တာ ဖြစ်တာ၊ ပြီးတော့ တခြားမကောင်
တဲ့အခန်းတွေ ပါတယ်၊ အဲဒါတွေကြည့်ပြီး သားတို့
တွေ အဲဒီလို ရိုင်းစိုင်းလာမှာစိုးလို့နော်၊ အဲတော့ သာ
ဖေဖေက Homealone ဖွင့်ပေးမယ်၊ ခရစ္စမတ်မှာ က
လေးတစ်ယောက်တည်း အိမ်ထဲမှာ ကျန်ခဲ့တဲ့ကားလေ"

"ဟေး ... ကောင်းတယ် ဖေဖေ"

"ဟေး ဟေး"

သမီးငယ်က ဘာမှန်းမသိဘဲ သူ့အစ်ကို့ကိုကြ
ပြီး လိုက်ပျော်ရွှင်နေသည်။ လက်ခုပ်လက်ဝါးပင်တီးလို့။ က
တွေကို ဗီဒီယိုဖွင့်ပေးခဲ့ပြီး အိပ်ခန်းထဲ ပြန်ဝင်လာတော့ သ
က ...

"ကလေးတွေကို အဲလိုကြီး သတ်သတ်မထားပါနဲ့ မေ
ရာ"

ဟု မကျေမနပ် ဆိုလေသည်။

"တစ်ခါတလေပါ သက်ရယ်၊ သက်နဲ့ နှစ်ယောက်တည်
လွတ်လွတ်လပ်လပ် နေချင်လို့၊ စကားတွေ ပြောချင်လို့
ကလေးတွေရှိတော့ သူတို့ကို အော်ရပြောရ၊ သူတို့မေး
ဖြေရနဲ့ ရှုပ်တယ်"

"ခုတော့ ရှုပ်ပြန်ပြီ၊ အရင်တုန်းကဖြင့် သူ့မှာ က
လိုချင်လိုက်ရတာ၊ သူများကလေးတွေ သွားသွားချီ
တော့"



"ခုလည်း လိုချင်တုန်းပါပဲ၊ နောက်တစ်ယောက် ထပ်မွေး ဦးမလား"

"တော်ပါ ... သူ မမွေးရတိုင်း"

ခုလိုအချိန်တွေအတွက် ဘယ်လို အရေးတကြီးကိစ္စ မျိုးနှင့်ဖြစ်စေ သူ မလဲနိုင်။

ငွေကြေးအတွက်ဆို ပို၍ပင်ဝေးသေး။ ထို့ကြောင့် ခုနစ်နာရီထက် နောက်မကျဘဲ အိမ်ကို နေ့စဉ်ပြန်လာသည်။ သားနှင့် သမီးနှင့် အတူဆော့ကစားဖို့ အချိန်ပေးသည်။ မိသားစု နှင့် အတူနေဖို့ အချိန်ပေးသည်။ သက်ကလည်း အဲသည်အချိန် ဆို အိမ်အလုပ်တွေပြီးစီး၊ ညနေစာ အတူစားပြီး တစ်ခါတစ်ရံ လည်း ကားလျှောက်မောင်းတတ်၏။ ရွှေတိဂုံဘုရားလို၊ ကရဝိတ် လို နေရာမျိုးကို အပန်းဖြေသွားတတ်ကြသည်။

သူတို့မိသားစု အတွင်းမှာ စိတ်ညစ်စရာ ဆိုတာ တကယ့်ကို ရှားရှားပါးပါးပါပဲ။

"သက်တို့ မိသားစုလေးက စိတ်ချမ်းသာစရာ ကောင်းလိုက် တာနော် မောင်၊ သက်လေ မောင့်ကို သိပ်ကျေးဇူးတင်တာ ပဲ"

သက်စကားကြောင့် သူ စိတ်ချမ်းမြေ့ရ၏။ မိသားစု ကို ထာဝစဉ် သာယာကြည်နူးအောင် ဖြည့်စွမ်းပေးနိုင်သည့် အိမ် ထောင်ဦးစီး တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူချင် သည်လေ။

♥ ✻ ♥

"ဟန်နီ့ကို ကိုယ် ချစ်ပါတယ်၊ ဒါပေမဲ့ ဟန်နီ ကိုယ့်မှာ အိမ်ထောင်နဲ့ မိသားစုနဲ့၊ ကြာလာရင် အများပြောစရာ ဖြစ်မယ်၊ ဟန်နီ့မှာ ဘယ်လိုရောဂါမျိုးမှ မရှိဘူး၊ ဒါ ဟန်နီ ကိုယ်တိုင်လည်း သိနေတာပဲ"

ဟန်နီက မျက်တောင်တဖျပ်ဖျပ် ခတ်သည်။ မျက်ဝန်းမှာ မျက်ရည်ဝေ့ဝေ့ သီချင်၏။ သူ စိတ်မကောင်းဟန် ဆောင်ရမည်။ ဖျောင်းဖျချင်ဟန်ဆောင်ရမည်။ တကယ်တော့ သူ့ရင်ထဲမှာ ဘာမှမရှိ။ ပြီးတော့ သိပ်ပြီး အလေးအနက်ထားစရာ ကိစ္စလည်း မဟုတ်ဘူးဟု စိတ်ထဲမှာ ထင်သည်။

"ဟန်နီ သိပါတယ် ကိုကို၊ ဒါပေမဲ့ ကိုကို့မျက်နှာကို မမြင်ရရင် ဟန်နီ မနေနိုင်ဘူး၊ မနေတတ်ဘူး"

"ခက်ပါလား ဟန်နီရယ်၊ ဟန်နီ ကလေးမှ မဟုတ်တော့ဘဲ"

ရေမွှေးရနံ့က အနားမှာ တရစ်ဝဲဝဲရှိသည်။ စပို့ရှပ် အနက်ရောင်လက်ပြတ်နှင့် ဟန်နီ၏ ပေါ်ပေါ်လွင်လွင် အလှသည် ယောကျ်ားတွေအတွက် ယစ်မူးစရာပင် ဖြစ်သည်။ သို့ပေမဲ့ သူမ မျက်ဝန်းတွေကတော့ ထိတ်လန့်စရာ။ ခဏနှင့် မေ့ပျောက်သွားနိုင်သည့် ကိစ္စတစ်ခုလား။ ခက်သည်က သည်အမျိုးသမီးကို သူ



လုံးဝအထင်ကြီးမရခြင်းပင်။ သူမကို တန်ဖိုးထားစရာ၊ တလေးတစား ဆက်ဆံစရာ မိန်းမတစ်ယောက်ဟု သူ ဘယ်လိုမှ သဘောမထားနိုင်။ ထို့ကြောင့်ပဲ သူက သူမနှင့်ပတ်သက်ပြီး အရာရာကို ပေါ့ပေါ့တန်တန် သဘောထားနေမိသလား မသိ။

"ဟန်နီ ကိုကို့ကို နေ့တိုင်း မြင်နေပါရစေနော်၊ ကိုကို့ မျက်နှာကို မြင်ရရင် ဟန်နီ ကျေနပ်ပါတယ်"

သေစမ်း ...။ အော်ဟစ် ရယ်ပစ်လိုက်ချင်သည်။ သည်လိုမိန်းမမျိုးတွေက သူ့အတွက် ဘယ်လိုလုပ်ပြီး အထင်ကြီးစရာ ဖြစ်မှာလဲ။

"ဘယ်ဖြစ်မလဲ ဟန်နီ၊ အများတကာက ကိုယ့်ကို လက်ညှိုးထိုးမှာပေါ့၊ ကိုယ် သိက္ခာကျ မခံနိုင်ဘူး၊ နောက်ပြီး သက်ကို ကိုယ် မေ့မထားနိုင်ဘူး"

"အဲဒါကို ဟန်နီ နားလည်ပါတယ်"

"အဲဒါဆိုလည်း ဟန်နီ ပြန်ဖို့ကောင်းပြီ"

"ဒါပေမဲ့ ..."

"ကဲပါ ဟန်နီရယ်၊ ကိုယ် တောင်းပန်ပါတယ်"

သူက ဟန်နီ့ပခုံးကို ကိုင်ပြီး အပြင်ကို တွန်းလွှတ်သည်။ သူမက သူ့ကို ရီဝေဝေ မျက်ဝန်းများပြင့် မော့ကြည့်သည်။

"ဟင့်အင်း ... ဟင့်အင်း"

"ဟန်နီ"

မချင့်မရဲ ဖြစ်လာပြီး သူမ ပခုံးနှစ်ဖက်ကို ကိုင် လှုပ်ပစ်လိုက်သည်။ သူမက အံကြိတ်ထားလျက် သူ့ခါးကို

အတင်းဖက်တွယ်ထား၏။ ရုတ်တရက် သွေးတွေ ဆူပွက်လာသည်။ သူမ၏ကိုယ်ရနံ့က ယစ်မူးသာယာစေသလား။

သူမ၏ သူ့အပေါ် ငြိတွယ်မှုကို သေချာသိနေပြီး အချိန်ကာလတစ်ခုအထိ သူ ဟန်နီ့ကို သည်အတိုင်း စောင့်ကြည့်နေခဲ့သည်။ မိသားစုအပေါ် သူ့သဘောထားကို သိနေလျက်ပင် သူမက မျှော်လင့်ချက်တွေကို မစွန့်လွှတ်။ တစ်ခါတစ်ရံ သူ့ဆေးခန်းကို အပေါင်းအသင်းတွေ အလည်ရောက်လာတတ်သည်။ ဟန်နီနှင့် ဆုံတတ်သည့်အခါလည်း ရှိသည်။ သူမ၏မျက်ဝန်းတွေကို အပေါင်းအသင်းတွေက သတိထားမိတာ အဆန်းတော့ မဟုတ်ပါ။ သို့သော်လည်း သူ့သူငယ်ချင်းတွေ ကိုယ်တိုင်က ဟန်နီ့ကို ဘယ်သူမှ အရေးတယူ အလေးအနက် မထားကြ။ ဂရုပြုလောက်စရာဟုလည်း မထင်ကြ။ သူမ၏အိမ်ထောင်ရေးအခြေအနေကို သိနေသည့် ထင်လင်း ကိုယ်တိုင်လည်း အိမ်ထောင်ပျက်အမျိုးသမီးတစ်ယောက်၏ စိတ်ထွေပြားမှုဟုပဲ သဘောပေါက်ထားသည်။

တကယ်တော့ ဒါဟာ အကြီးအကျယ် မှားယွင်းမှုပဲ။

"ကိုကို့ကို ဟန်နီ ချစ်တယ်"

သည်စကားကို သူမက ရှက်ရွံ့ခြင်းမရှိ၊ တုန်လှုပ်ချောက်ချားမှု မရှိဘဲ ဖြည်းဖြည်းအေးအေး ပြောခဲ့ခြင်းဖြစ်သည်။

"ကိုယ့်ဆီကို ခဏခဏ မလာစေချင်ဘူး ဟန်နီ"

ဆိုတော့လည်း သူမက ခါးခါးသီးသီး မငြင်းဆန်ပါ။

"တစ်ခါတစ်ရံပေါ့ ကိုကို၊ ကိုကို လိုအပ်တဲ့ တစ်ခါတစ်ရံပေါ့"



"ကိုယ် ဟန်နီ့ကို မလိုအပ်ပါဘူး"

"အဲလို အသေအချာကြီး မပြောစမ်းပါနဲ့ ကိုကိုရာ"

"ကိုယ့်မှာ အိမ်သူရှိသားပဲ၊ ကိုယ့်အတွက်တော့ သက်ဟာ ကိုယ့်ရဲ့လိုအပ်ချက်ပဲ၊ သက်ကလွဲပြီး ဘယ်သူ့ကိုမှ ကိုယ် မလိုအပ်ဘူး"

"ထားပါတော့လေ၊ ဒါဆိုလည်း ကိုကို ဆန္ဒရှိတဲ့ အခါပေါ့"

ပထမဆုံးအကြိမ် ကျေနပ်ခြင်းဖြင့် သူမ ပြန်သွားသည့်အခါက သူမကို သူ ချက်ချင်းမေ့လျော့ထားနိုင်ခဲ့သည်။ နောက်ထပ် ဘယ်တော့မှလဲ ကြုံကြိုက်တော့မည် မထင်။ သည်ဆေးခန်းကို နေရာပြောင်းဖို့ သူ့မှာ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု ရှိထားခဲ့ပြီ။ ထိုဆုံးဖြတ်ချက်က ဟန်နီ့ကြောင့်တော့ မဟုတ်ပါ။ အသွားအလာ အဆင်ပြေသော၊ အိမ်နှင့်နီးသော နေရာတစ်ခုကို ရွှေ့ပြောင်းထိုင်ဖို့ စဉ်းစားထားခဲ့တာ ကြာပြီ။

အဲသည်အချိန်ထိ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ဖို့ သူ စဉ်းစားမရခဲ့သေး။

♥ ❋ ♥

"ကိုကို"

"ဟာ"

ဟန်နီက သူ့လက်မောင်းကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လျက် ...

"တစ်ယောက်တည်းလား"

ဟု မေးသည်။

"အင်း ... တစ်ယောက်တည်းပဲ၊ ကိုယ် ဆေးလာဝယ်တာ၊ ဟန်နီရော"

"ဒီလိုပါပဲ၊ ဈေးထဲ ဟိုလျှောက် ဒီလျှောက်၊ သဘောကျတာ တွေ့ရင်လည်း ဝယ်တာပေါ့"

ဆိုင်ရှင် အမျိုးသားကြီးက အကဲခတ်သလို လှမ်းကြည့်နေသည်။ နည်းနည်းတော့ စိတ်နောက်ကျိသလို ဖြစ်သွား၏။ သို့ပေမဲ့ စိတ်ညစ်စရာ မဟုတ်ဘူးဟုတော့ ထင်သည်။ ဈေးသည် ဈေးဝယ် ထူထပ်ရှုပ်ထွေးလှသည့် မင်္ဂလာဈေးထဲမှာ ဆိုတော့လည်း အပြင်းအထန် ငြင်းဆန်လိုက်ဖို့ မသင့်ဘူးဟု ဖြေတွေး တွေးသည်။

"ကိုကို ကားပါတယ် မဟုတ်လား၊ ဟန်နီ့ကို လိုက်ပို့"

"ဖြစ်ပါတယ်၊ ဒါပေမဲ့ အချိန်တော့ သိပ်ရမဘူး၊ ဆေးခန်း ပြေးဖွင့်ရဦးမှာလေ"



"သိပါတယ် ကိုကိုရ"

သူမက အထုပ်အပိုးများ ကြားမှာ အတင်းပဲ လက်ဆွဲခေါ်သည်။ မင်္ဂလာဈေးထဲမှာ ကားတွေ လူတွေ ပစ္စည်းတွေ ပြည့်ကျပ်ညပ်ပြီး ရှုပ်ထွေးနေ၏။ ယခုအချိန်အထိ သူသည်အသိ တစ်ယောက်ယောက်၊ ဒါမှမဟုတ် သူ့ကိုသိသော သက်၏သူငယ်ချင်းတစ်ယောက်ယောက် မြင်တွေ့သွားနိုင်သည်ဆိုတာကို သိလျက်နှင့်ပင် လုံးဝစိုးရိမ်စိတ် မရှိဘဲ လိပ်ပြာသန့်နေဆဲပင်။ ဟန်နီနှင့် ပတ်သက်ပြီး ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်မြို့ မနှစ်မြို့ခြင်း စသည့် အာရုံများ သူ့ထံမှာ ဘာတစ်ခုမှ ရှိမနေ။

ဟန်နီသည် မိန်းမတစ်ယောက်သာ ဖြစ်၏။ သည့်ထက်ပိုပြီး သူ ဘယ်လိုမှ သဘောထား၍ မရ။ ကားပါတ်ခ်မှာ ရပ်ထားသော သူ့ကားပေါ် သူမက ရဲရဲတင်းတင်းပင် တက်ထိုင်သည်။

ပြီးတော့ ...

"ကန်တော်လေး ... ကိုကို"တဲ့။

ရယ်ချင်စရာတော့ ကောင်းသား။ ပြီးတော့ ပျော်စရာလည်း ကောင်းသား။ နောက်ဆုံး သူမ တစ်ယောက်တည်း နေသော တိုက်ခန်းသို့ သူရောက်သွားသည်။ အိမ်ကို လာတတ်သော ဧည့်သည်များအတွက် နိုင်ငံခြားအရက်ကို ဆောင်ထားတတ်သည် ဆိုကတည်းက သူမ အခြေအနေကို သူ ကောင်းကောင်း ရိပ်မိနေ၏။ အရက်မသောက်တတ်သော ထင်လင်း အတွက်တော့ ဟန်နီက အရက်ဖြင့် ဧည့်မခံပါ။

သူမ၏အိမ်ရှင်ဝတ္တရား ကျေပွန်မှုက သူမ၏အိမ်ခန်းသို့ ခဏခဏ လာလည်ချင်အောင်ပင် ဆွဲဆောင်နိုင်လေသည်။ သည်လိုနှင့်ပဲ ဒုတိယအကြိမ်မြောက်မှာတော့ သူမနှင့် ရင်းနှီးရခြင်းအတွက် သူ ပျော်ရွှင်လာသည်။ စိတ်ကျေနပ်လာသည်။ သည်ပျော်ရွှင်မှုက မိသားစုနှင့်အတူ နေရချိန်မှာ ကြည်နူးသာယာခြင်းမျိုး မဟုတ်ဘဲ မိုက်မဲစွာ စွဲလမ်းခြင်းတစ်ခုဖြစ်၏။ သို့ပေမဲ့ ဟန်နီ့အပေါ် စွဲလမ်းခြင်း မဟုတ်တာကတော့ သေချာပါသည်။

♥ ❋ ♥



"ကိုကို"

"ဟင်"

"ဟန်နီ့ကို ချစ်လား"

"ဟင့်အင်း"

သူမက ရွှင်မြူးစွာ ရယ်လေသည်။ ပြတ်သားစွာ စိမ်းကားရက်စက်ခြင်းအပေါ် ကျေနပ်တတ်သူက ဟန်နီ တစ်ယောက်သာ ဖြစ်မည်ထင်သည်။

"ဒေါ်မေသက်ပန်ကို သိပ်ချစ်တာပဲလား"

"အင်း"

"သားနဲ့ သမီးကိုရော"

"အင်း"

"တကယ်လို့ ဟန်နီက ကိုကို့အတွက် သားလေး မွေးပေးမယ် ဆိုရင်ကော"

"ဟန်နီ"

ခုတင်ပေါ်မှ ချက်ချင်းထ,ထိုင်လိုက်သည်။ လျှာဖျားမှာ၊ လည်ချောင်းမှာ ခါးသက်ခြင်းတွေ စီးဆင်းသွား၏။ ခုတင်တိုင်မှာ ချိတ်ထားသော ရှပ်အင်္ကျီလက်ရှည်ကို ဆွဲယူဝတ်သည်။ ဟန်နီက ခေါင်းအုံးပေါ် မေးထောက်လျက် သူ့ကို စိတ်အားထက်သန်စွာ မော့ကြည့်နေ၏။

"မင်းဟာ ကိုယ့်မိန်းမ မဟုတ်ဘူး ဆိုတာ အမြဲသတိရ"

"သိပါတယ် ကိုကို"

မှန်ထဲမှာ မြင်ရမည့် မျက်နှာကို ပြန်မကြည့်ချင်။ ပုဆိုးကို ကျစ်ကျစ်ဝတ်ပြီး ဆံပင်တွေကို ဘီးသေးသေးဖြင့် တစ်ချက် နှစ်ချက် သပ်လိုက်၏။

"ကိုကို ဟန်နီ့ကို ကြေးစားမိန်းမတစ်ယောက်လိုပဲ သဘောထားတာ ဟန်နီ သိပါတယ်၊ ဒါပေမဲ့ ဟန်နီက ကိုကို့ကို ချစ်တယ်လေ"

"တော်စမ်းပါကွာ၊ အပိုတွေ"

"ကိုကို မယုံဘူး ဆိုတာလည်း ဟန်နီ သိတာပဲ"

"ပြီးတာပဲလေ"

"ဒါပေမဲ့ ဟန်နီကတော့ ကိုကိုနဲ့တူတဲ့ သားလေးတစ်ယောက် မွေးကို မွေးရဦးမယ်"

"ဟန်နီ"

သူမ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး ခုတင်ပေါ်မှ ဆွဲချလိုက်သည်။ သူမက အံကြိတ်ပြီး သူ့ကို ဒေါသတကြီး မော့ကြည့်၏။ သူက ရှိခနဲ လေချွန်လိုက်ပြီး သူမ၏ တင်းနေသော နှုတ်ခမ်းကို သွားဖြင့် ခပ်နာနာ ဖိကိုက်လိုက်သည်။

"ငါဟာ ဆရာဝန်တစ်ယောက် ဆိုတာလည်း မမေ့နဲ့ဦး၊ ငါ့ကို ချောင်ပိတ်ဖမ်းပြီး ကလေးအဖေ ဖော်ဖို့တော့ မကြိုးစားနဲ့"

"ကိုကိုရယ်"



သူမ၏ ဖမ်းနည်းခြင်းက သူ့ထံ ကူးစက်မလာနိုင်ပါ။ သူမနှင့် ပတ်သက်ပြီး သူ့နှလုံးသားက အေးစက်နေမြဲပဲ။ သူမမှ မဟုတ်ဘူးလေ၊ သက်ကလွဲပြီး၊ မေသက်ပန်ကလွဲပြီး ဘယ်လိုမိန်းမမျိုးကိုမှ သူ့နှလုံးသားက လှုပ်ရှားမလာနိုင်ပါ။ သူ့ထံမှ အချစ်ဆိုတာကို မျှော်လင့်ရမည် ဆိုလျှင်တော့ နောက်ကမ္ဘာတိုင်အထိ ဘယ်တော့မှ မရနိုင်ပါ။

ဒါကို သူမလည်း သိနေသားပဲ။

ဟန်နီလည်း သိနေသားပဲ။

"ဟန်နီ့ရဲ့ အချစ်ကိုတော့ ကိုကို နည်းနည်းဖြစ်ဖြစ် အသိအမှတ် ပြုသင့်ပါတယ်"

"ကိုယ် စိတ်မကောင်းပါဘူး ဟန်နီ၊ မင်းလို မိန်းမမျိုးက ချစ်တယ်လို့ ပြောတာကို ကိုယ် လုံးဝမယုံနိုင်ဘူး ဖြစ်နေတယ်"

"ရက်စက်လိုက်တာ ကိုကိုရယ်"

"မင်းပဲ စဉ်းစားကြည့်လေ၊ ကိုယ့်အရင် ယောကျ်ားဘယ်နှယောက် ဒီအခန်းထဲ ရောက်ဖူးသလဲ၊ တကယ်တော့ မင်းလိုအပ်နေတုန်းမို့ ကိုယ့်ကို ချစ်တယ်လို့ ထင်နေတာပါ"

သူမက သူ့ခါးကိုဖက်လျက် သူ့လည်တိုင်ကို ဖျတ်ခနဲနမ်းရှိုက်မောသည်။ ဟက်ဟက်ပက်ပက်အရယ်။

"ဖြစ်မှ ဖြစ်ရလေ ကိုကိုရယ်၊ ဟန်နီ လိုအပ်မှတော့ ကိုကို့ဆီကို တကူးတက အပင်ပန်းခံပြီး မိန်းမတန်မဲ့ လာပိုးနေစရာ မလိုပေါင်"

"အေးပါ ... မင်းမှာ ပေါတယ်ဆိုတာ ကိုယ်သိပါတယ်"

"ဟော … ကိုကို အူပွနေပြီ"

"ဆောရီးပဲ၊ မင်းအတွက်တော့ ကိုယ်က လုံးဝအူမတို မှတ်၊ ကိုယ့်အိမ်က မိန်းမဆိုရင်တော့ ကိုယ်က သူများ စေ့ကြည့်တာတောင် မကြိုက်ဘူး"

"ကိုကိုဟာ တော်တော် အကြင်နာ ကင်းမဲ့တာပဲ"

သူက ဖက်တွယ်ထားသော ဟန်နီ့လက်တွေ ဆွဲဖြေပစ်လိုက်သည်။

"ကဲ … တော်ပါတော့ ဟန်နီရာ၊ မင်းပါးစပ်က အ စကားတွေ ကြားရတာ ကိုယ်ရယ်ချင်လို့၊ ကိုယ်ပြန်တော့ မယ်"

"ခဏနေပါဦး ကိုကိုရာ၊ ဆယ်မိနစ်"

"ဟာ … ကိုယ် အိမ်ပြန်နောက်ကျတော့မယ်"

"တစ်နေ့တာလေပဲ ကိုကိုရာ"

"သက် ကိုယ့်ကို ထမင်းစား စောင့်နေမယ်"

"ဟင့်အင်း … ကိုကို မသွားရဘူး၊ ကိုကိုက ဟန်နီ့ကို သိပ်ပစ်ပစ်ခါခါ ပြောရက်တာလဲ၊ ဟန်နီလည်း လူ ကိုကိုရဲ့၊ နှလုံးသားနဲ့ ခံစားတတ်တဲ့လူ"

မယ်လ်ဘိုရိုစီးကရက်တစ်လိပ်ကို နှုတ်ခမ်းမှာတေ့ သည်။ အိမ်ရှေ့စားပွဲဆီ လျှောက်သွားပြီး စားပွဲပေါ် တင်ထားသော ဂက်စ်မီးခြစ်ကို ကောက်ယူ၏။ ထောက်ခနဲ မီးညွန့်ပြာပြာကလေး တက်လာသည်။ စတီးလ်ရောင် သော့တွဲဆီ လက်အလှမ်း …

"ဟာ"

"ကိုကို မပြန်နဲ့ဦး"



ဟန်နီ့ လက်သည်းရှည်တွေကြားက ကားသော့ကို သူ လှမ်းကြည့်သည်။ ဟန်နီ့ပါးပြင်ပေါ်က မျက်ရည်စက်တွေကို တော့ မမြင်ဟန်ဆောင်မိ၏။

"မင်း ရူးနေပြီလား၊ ပေးစမ်း"

"ဟုတ်တယ် … ဟန်နီ ရူးနေပြီ"

"ကဲပါ ဟန်နီရယ်၊ ကိုယ် အိမ်ပြန်နောက်ကျနေပြီ၊ လိမ္မာ တယ်နော် ဟန်နီက"

"ဟန်နီလည်း လိုက်ခဲ့မယ်၊ ကိုကို့ မိသားစုနဲ့အတူ ညစာ စားမယ်လေ"

"ဘယ်ဖြစ်မလဲ ဟန်နီရဲ့၊ သက်က စိတ်ဆိုးမှာပေါ့"

"သက် စိတ်ဆိုးမှာ သိပ်ကြောက်တာပဲလား"

"ကြောက်တာပေါ့ ဟန်နီရယ်၊ သက်ကို ကိုယ်က သိပ် ချစ် …"

"ကိုကို တော်တော့"

သူမက အော်ဟစ်ပြီး ကားသော့ကို လက်နောက် ဘက်ပစ်ပြီး ဖွက်ထားလိုက်၏။ သူက အိမ်ခန်းတံခါးကို အေး အေးဆေးဆေး ဖွင့်သည်။ စီးကရက် မီးခိုးငွေ့တွေကို မှုတ်ထုတ် ပစ်လိုက်ပြီးမှ …

"ငါ့မှာ ကားသော့ အပိုတစ်ချောင်း ရှိတယ်"

ဟု အေးစက်စက် ပြောသည်။ အိမ်ခန်းအပြင်ဘက် ကိုယ်တစ်ခြမ်း ထွက်မပြီးခင် သူ့လက်မောင်းတွေကို ဆောင့်ဆွဲ ခံလိုက်ရ၏။ တံခါးအောက်ဘက်ပေါင်နှင့် တိုက်မိပြီး သူ့ညာ

ဘက်ခြေဖနောင့် နာကျင်သွားသည်။ မအော်မည်းမိစေရ
အောက်နှုတ်ခမ်းကို သွားဖြင့် နာနာဖိကိုက်ထားလိုက်ရ၏။

"ဟန်နီ"

"မပြန်ပါနဲ့ ကိုကိုရယ် ... မပြန် ..."

"ကဲ ..."

ဝုန်းခနဲ အသံနှင့်အတူ သူမ နောက်ဘက်သို့ ပ
လက်လန် လဲကျသွားသည်၊ အသက်ရှူသံတွေ ပြင်းထန်ပြီး ရ
ထဲမှာ မီးတောက်တစ်ခုလို လောင်မြိုက်နေ၏။

"ငါ့ကို ဒေါသထွက်အောင် မလုပ်နဲ့ ဟန်နီ၊ ငါက ဒေါ
ထွက်လာရင် လူသတ်ဖို့တောင် ဝန်လေးတဲ့ကောင် မဟု
ဘူး"

လွင့်စဉ်သွားသော ကားသော့တွဲကို ကောက်ယူလို
ရင်း ...

"မင်းဆီကို ငါ ဘယ်တော့မှ မလာတော့ဘူး"

ဟု သူ ပြောဖြစ်သည်။ ဟန်နီသည် မျက်ရည်မ
တော့ဘဲ ငေးကြောင်ကြောင် ကြည့်ရင်း ကျန်ခဲ့၏။

အိတ်လေ့ကားပေါ် စီးကရက်ကို လွှင့်ပစ်လိုက်
ဒေါသဖြင့် ကြေမွနေအောင် တအား နင်းခြေပစ်လိုက်သည်။

♥ ❋ ♥



"မောင်"

"ဗျာ"

သံပတ်ကားလေးကို လှည့်နေရင်းမှ သူ မော့ကြည့်
သည်။ သက်က သူ့ရုပ်အင်္ကျီကို ကိုင်ထားရင်း သူ့မျက်ဝန်းတွေ
ထဲ ပုစ္ဆာတစ်ပုဒ်လို စူးစူးစိုက်စိုက် ကြည့်နေ၏။

"ဘာလဲ သက်"

သနပ်ခါးပါးပါးနှင့် သက်သည် ကလေးနှစ်ယောက်
မိခင်ဟု ဆိုပေမဲ့ အပျိုစင်တစ်ယောက်လို နုပျိုလှပဆဲပင်။

"မောင့်ရုပ်အင်္ကျီက ရေမွှေးနံ့ရတယ်"

"ဒါများ၊ သက်ရယ်"

"အို ... သက်တို့ သုံးနေကျ ယာ့ဒ်လေအနံ့မှ မဟုတ်တာ"

"ဟောဗျာ"

သက် မျက်ဝန်းတွေကို သူ ရင်ဆိုင်မကြည့်ရဲတော့။
သားကို ပေါင်ပေါ်တင်ပြီး သံပတ်ကားကိုသာ စိတ်ဝင်စားဟန်
ပြနေရသည်။ သည်ရေမွှေးနံ့ကို သူက သတိမထားမိလေဘဲ။
တကယ်တော့ တမင်တကာ ကြံစည်ခြင်းလည်း မဟုတ်ပါ။ သူမ
သုံးနေကျ ရေမွှေးရနံ့တွေ သူ့အင်္ကျီမှာ ကူးစက်လာခြင်း သက်
သက်သာ ဖြစ်မည်။

သက် ခြေသံ့ တဖြည်းဖြည်း နီးကပ်ပြီး သူ့အနား ရောက်လာ၏။

"ကောင်းလိုက်တဲ့ ရေမွှေး၊ တစ်နေ့ကဝတ်တဲ့ အင်္ကျီက ခုထိအနံ့စွဲနေတုန်းပဲ ဆိုတော့ ပြောပါဦး မောင်ရဲ့၊ ဘယ် ကောင်မလေးက ရေမွှေးပုလင်း လက်ဆောင်ပေးလိုက် တာလဲ"

"မပေးပါဘူး သက်ရဲ့၊ ရေမွှေးတွေ ဈေးကြီးလို့ ရေမွှေး ပုလင်း လက်ဆောင်ပေးမဲ့သူ မရှိတာ ကြာပြီ"

"ဒီအနံ့က ယာ့ဒ်လေအနံ့ မဟုတ်တာတော့ အသေအချာ ပဲ မောင်"

"ဟာ ... ပြဿနာပဲ၊ သားရေ ... သားမေမေတော့ ဖေဖေ့ ကို ပြဿနာရှာနေပြီ"

သားကြီးက စိတ်မဝင်စားပါ။ သူ့ကစားစရာတွေ ပေါ်မှာသာ အာရုံရောက်နေသည်။ သူက သားကြီးကို ပေါင်ပေါ်မှ ချီချပြီး သက်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"မောင် စကားရော ဖောရော လုပ်မနေနဲ့နော်"

"ပြစမ်းပါဦး သက်ရဲ့၊ မောင် မွှေးကြည့်ပါဦးမယ်"

"ရော့"

သက်က အင်္ကျီကော်လာနေရာကို သူ့မျက်နှာရှေ့ ထိုးပေးသည်။ နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်ရင်း ...

"မွှေးတော့ မွှေးနေသားပဲ"

ဟု ရယ်ကျဲကျဲ သူ ပြော၏။



"အင်းလေ ... အဲဒီ မွှေးနေတာကို ပြောတာပေါ့၊ အနံ့ တစ်မျိုးလို့"

"မောင်လည်း မသိဘူးလေ သက်ရယ်၊ မနက်ဆို သက် ကိုယ်တိုင် အင်္ကျီထုတ်ပြီး သက်ပဲ ရေမွှေးဆွတ်ပေးတာ၊ မောင်က ဘယ်လိုသိပါ့မလဲ၊ တစ်နေ့လုံး ဆေးနံ့တွေပဲ ရနေတာ၊ မောင့်နှာခေါင်းက အဲဒီရေမွှေးနံ့ ဘယ်လိုဆိုတာ တောင် မသိဘူး"

"သက်ကတော့ သိတယ်လေ၊ လျှော်ခါနီး မောင့်အင်္ကျီကို နမ်းကြည့်နေကျပဲ၊ ဘာရယ်တော့ မဟုတ်ပါဘူး၊ အကျင့် ပါနေလို့"

"ဆေးနံ့တွေနဲ့ရောပြီး အနံ့ပြောင်းသွားတာ ဖြစ်မှာပေါ့ သက်ရဲ့"

"မောင့်အကြောင်းပြချက်ကြီးက အဓိပ္ပာယ်မရှိလိုက်တာ"

"ဟင် ... ဟော့ ... နေဦး ... နေဦး"

သက်က ရှပ်အင်္ကျီကိုကိုင်ပြီး လှေကားဆီ ခပ်သွက် သွက် လျှောက်သွားသည်။ သက်နောက်ကို ပြေးလိုက်သွားပြီး သက်ကို သူ အတင်းဖက်ထားလိုက်တော့ သက်က မျက်လုံးပြူး ကြောင်ကြောင်ဖြင့် ...

"ဘာဖြစ်တာလဲ မောင်ရဲ့"

ဟု အထိတ်တလန့် မေး၏။

"ပြော ... ဘာဖြစ်လို့ မေးတာလဲ၊ မောင့်ကို မယုံတာလား၊ မောင့်ကို မယုံလို့လား၊ အဲလိုကြီး ကြည့်မနေနဲ့ ပြောလေ"

"မောင်ရယ် ... လွှတ်စမ်းပါဦး"

"ဟင့်အင်း … မရဘူးကွာ၊ မောင့်ကို သက်သက်ပြသနာ ရှာတာ မောင် မကျေနပ်ဘူး"

ဟွန့်ခနဲ နှာခေါင်းရှုံ့လျက် သက် ပြုံးလေးသည်။

"မောင့်ကို စိတ်မချလို့ … စိတ်မချလို့"

"ဘာဖြစ်လို့ စိတ်မချရတာလဲ"

"ချစ်လို့၊ သူများလုသွားမှာ စိုးလို့ပေါ့"

"တကယ်လား၊ အဲလိုဆို မောင်က နောက်ဆို ဆေးခန်း သွားလည်း သက်ကို ဟောလိုပွေ့ပြီး ခေါ်သွားမယ်"

"ဟော့ … မောင်"

သူက သက်ကိုပွေ့ချီပြီး အိမ်ပေါ်မှာ လျှောက်ပြေးနေတော့ သားနှင့်သမီးက သူ့ပုဆိုးစကိုဆွဲပြီး သူ့နောက်က အော်ဟစ်ရယ်မောလျက် ပြေးလိုက်နေတော့သည်။ သားအဖတစ်တွေ ရယ်သံတွေကို ဆူညံလို့။

"ဖေကြီး သားတို့ကိုလည်း ချီလေ"

"ဟာ … သားတို့ကိုယ်တွေက အလေးကြီး၊ ဖေဖေ မနိုင်ဘူးကွ"

"မေမေကြီး ကျနေတော့ရော"

"မေမေ့ကိုယ်က ပေါ့ပေါ့လေး၊ ဒီမှာကြည့်ပါလား"

"ဟိတ် … မောင်နော်"

သူက သက်ကိုယ်လုံးလေးကို မြှောက်ချီလိုက်တော့ သက်က ကြောက်လန့်တကြားဖြင့် သူ့လည်တိုင်ကို ဖက်တွယ်ထားသည်။ သားနှင့်သမီးက သဘောကျပြီး တခစ်ခစ် ရယ်ကြပြန်၏။



စောစောကတင် ပေါ်လာသော ရင်ထဲက အပူတစ်စ ငုပ်ခနဲ ပျောက်သွားပြန်သည်။

ဘာမှ တန်ဖိုးမရှိတဲ့ မိန်းမတစ်ယောက်အတွက်များ စိတ်ဆင်းရဲရမယ်တဲ့လား။

ခဏအတွင်းမှာ သောကဆိုတာကို သူ မေ့သွားပြန်တော့သည်။ သည်ဇနီးမယားနှင့် သည်သားသမီးတွေ သူ့အနားမှာ ရှိသမျှတော့ သောကဆိုတာ ချိုနဲ့လားဟုပင် မေးယူရလိမ့်မည်။

သံယောဇဉ် …

မြတ်နိုးခြင်း …

ချစ်ခြင်းတွေကြားမှာ ခန္ဓာ၏ တပ်မက်မှုဆိုတာ သူ့အတွက မလိုအပ်တော့သယောင်ပင်။

ပြီးတော့ ဘာကိုမှလဲ မလိုအပ်တော့သလိုပင်။

♥ ❋ ♥

ဆေးထိုးအပ်တွေ ဆေးပုလင်းတွေကြားမှာ အလုပ်ရှုပ်နေသယောင် သူ ဟန်ဆောင်လိုက်သည်။ ရှိုက်သံကို ကြားရဆဲ။ ပန်းခရမ်းရောင် မိန်းကလေးနှင့် သူ မျက်နှာချင်း မဆိုင်ချင်။ ပွက်ပွက်ဆူနေသော ရေနွေးထည့်ထားသည့် စတီးလ်ဒန်အိုးထဲ အပ်တွေ ဆေးထိုးပြွန်တွေကို ဇာဂနာနှင့်ညှပ်ပြီး တစ်ခုစီ ထည့်လိုက်သည်။ ပြီးတော့ အဖုံးပြန်ပိတ်၏။ ပြီးတော့ ရေဘုံပိုင်မှာ လက်ဆေးပြီး လက်သုတ်ပဝါ သန့်သန့်ဖြင့် သုတ်သည်။

"ဟန်နီ တောင်းပန်နေတာပါ ကိုကို"

သူမကို ဖြတ်ကျော်ပြီး ရှေ့ဘက်အခန်းရှိ လူနာစောင့် ခုံတန်းလျားရှည်ပေါ် သူထိုင်လိုက်သည်။ ပြီးတော့ သတင်းစာကို လှန်သည်။

"နောက် ကိုကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဟန်နီ ဘယ်တော့မှ မပြောတော့ပါဘူး၊ ကိုကို မရှိရင် ဟန်နီ မနေတတ်လို့ပါ၊ ဟန်နီ ကိုကို့ကို ချစ်တယ်"

"ကျေးဇူးပြုပြီး အဲဒီစကားကို မပြောပါနဲ့တော့ ဟန်နီ".

ဆေးခန်းရှေ့ တံခါးမှာ တပ်ထားသော ခန်းဆီး တဖျပ်ဖျပ် လွင့်နေသည်။ နံရံမှာ ချိတ်ထားသော ပြက္ခဒိန်မှ အရွက်များ အသံမြည် လှုပ်ခတ်နေ၏။ ရှိုင်ရယ်ရို့စ် ရေမွှေးရနံ့ သူ့အနား မြေးလွှားရောက်လာသည်ဟု ထင်သည်။ ပန်းခရမ်း



ရောင် ဇာလက်ပြတ် အင်္ကျီအောက်မှာ အတွင်းခံ အနက်ရောင်က ထင်ထင်ရှားရှား ရှိနေသည်။ အရောင်တူ ဖြောင့်လုံချင်ကလည်း သူမ၏ ခန္ဓာကိုယ်အလှကို ထင်ရှားပေါ်လွင်စေပြန်၏။ လှပသော မိန်းကလေး၏ မျက်နှာကို အထပ်ထပ် အခါခါ ကြည့်လည်း သူ ရင်ခုန်၍မရ။ စက်ဆုပ်ခြင်းလား၊ စိတ်ပျက်ခြင်းလား ...

သူမနှင့် ပတ်သက်သမျှ ခံစားချက်တွေက ဘာမှ မရော့ပါ။

သတင်းစာကိုချပြီး သူ ဟန်နီ့ အနားကို လျှောက်သွားလိုက်သည်။ အတွင်းခန်းအဝင် အပြာရောင် ခန်းဆီးအနားမှာ သူမ ရပ်နေသည်။

"ဟန်နီ"

"ကိုကို"

"ကိုကို ပြောတာကို သေချာနားထောင်နော်"

သူမက မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် သုတ်ပြီး ခေါင်းမော့လာသည်။

"ကိုယ် ဟန်နီ့အပေါ် မှားခဲ့တာတွေရှိမယ်၊ အဲဒီအတွက် ကိုယ့်ကို ခွင့်လွှတ်ပါ"

"ဟင့်အင်း ... ကိုကို ဘာမှမမှားပါဘူး"

"နေဦး ... ကိုယ်ပြောတာကို သေချာနားထောင်ဦး"

နားခံလွယ်သော ကျောင်းသူတစ်ယောက်လို သူမ ဆတ်ခနဲ ခေါင်းညိတ်သည်။

"ကိုယ်တို့ရဲ့ ပြီးခဲ့တဲ့ အခြေအနေ အားလုံးကို ကိုယ်တို့ မေ့လိုက်ကြပါစို့၊ ဟန်နီ့အပေါ် လိုအပ်တာထက် ပိုပြီး

အခွင့်အရေး ယူမိတယ်၊ အဲဒီအတွက်လည်း ကိုယ့်ကိုခွင့်လွှတ်ပါ၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ်ဟာ အိမ်ထောင်ရှိတဲ့ လူတစ်ယောက်၊ ဒါကို ဟန်နီလည်း သိပါတယ်၊ ဟန်နီနဲ့ ကိုယ့်အကြောင်း ကိုယ့်ဇနီးသိရင် ကိုယ့်ကို ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ကိုယ်တို့မိသားစု ပြိုကွဲတဲ့အထိတောင် ဖြစ်နိုင်တယ်၊ အဲတော့ ကိုယ့်ဘက်က ဒီလိုအဖြစ်မျိုးကို ဆင်ခြင်မှ ဖြစ်တော့မယ် ဟန်နီ ...

"ဟန်နီ့အတွက် လွတ်လပ်တဲ့သူတွေ အများကြီးပါ"

"အဲဒီလူတွေက ကိုကိုမှ မဟုတ်ဘဲ"

"ခေါင်းမမာချင်စမ်းပါနဲ့ ဟန်နီရယ်"

"ဟန်နီ့ဘက်ကိုတော့ ကိုကို နည်းနည်း ကိုယ်ချင်းစာပေးဖို့ ကောင်းပါတယ်"

သူ စိတ်ရှည်နိုင်ဖို့ အတော်ပင် ကြိုးစားရသည်။ သက် တစ်ယောက်ကလွဲပြီး တခြားမိန်းကလေးတွေ အပေါ်မှာ စိတ်မရှည်နိုင်ခြင်းလား၊ ဒါမှမဟုတ် ဟန်နီ့လို မိန်းကလေးမျိုးကို စိတ်ရှည်လက်ရှည် စကားပြောဖို့ မလိုအပ်ဟု ကိုယ့်ဘာသာ သတ်မှတ်ထားခြင်းမိခြင်းလား။

"ကိုယ် အများကြီး နားလည်ပါတယ် ဟန်နီ၊ ဒါပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ၊ ကိုယ့်မှာ သားနဲ့ မယားနဲ့၊ ပြီးတော့ ကိုယ်ချစ်လို့ ယူထားခဲ့တဲ့ မိန်းမ၊ ကိုယ့်အပေါ် ဝတ္တရားကျေပွန်တဲ့ မိန်းမ၊ အဲလို မိန်းကလေးမျိုးကို မျက်ကွယ်ပြုပြီး ကိုယ်က အပြင်မှာ သာယာနေဖို့၊ အပျော်ရှာနေဖို့ မကောင်းဘူးလေ၊ ခုကိစ္စတောင် လွန်လှပြီ၊ အစက



တော့ ကိုယ် ဘာကိုမှ အလေးအနက် မထားမိတာ အမှန်ပဲ၊ ဒါပေမဲ့ ကိုယ့်ဇနီး သိသွားရင်လို့ တွေးမိတော့ ကိုယ် ရူးချင်သလိုလို ဖြစ်သွားတယ်၊ သက် ကိုယ့်ကိုမုန်းသွားမှာ စိတ်နာသွားမှာ ကိုယ်ကြောက်တယ် ဟန်နီ ...

"ဒီတော့ ကိုယ်တို့ မောင်နှမလိုပဲ ဆက်ဆံကြရအောင် ဟန်နီ၊ ဟန်နီ့ကိုလည်း ကိုယ် ညီမလေးတစ်ယောက်လိုပဲ ...

"လင်မယားလို နေခဲ့ကြပြီးမှ မောင်နှမလို ဆက်ဆံချင်လို့ ရမလား ကိုကိုရဲ့"

"ဟာ ... ဟန်နီ"

သူ စိတ်ပျက်လက်ပျက် အော်လိုက်မိသည်။ ခုနေများ လူနာတစ်ယောက်ယောက် ရောက်လာခဲ့လျှင် သူ့သိက္ခာတွေ ဘယ်လိုအဖတ်ဆယ်ရမလဲ။ သည်မိန်းမက နည်းနည်းမှပင် အလျှော့ပေးမည့်ပုံ မရပါ။

မြတ်စွာဘုရား ...

မြွေပေါက်နှင့် ကစားခဲ့မိပြီ ထင်ပါရဲ့။ သူ ထိတ်လန့်တကြားနှင့် ဟန်နီ့အနားက ခွာခဲ့သည်။ ဇစာစောက ခုံမှာ ပြန်ထိုင်သည်။ သတင်းစာကို ပြန်ကိုင်သည်။

သို့ပေမဲ့ ကစဉ့်ကလျား ဖြစ်နေသော သူ့စိတ်တွေကို ပြန်လည်စုစည်းဖို့ မလွယ်တော့။ သည်မိန်းမဟာ အဆိပ်အတောက်ပဲ။

ထင်လင်းအတွက် အကြီးအကျယ် အဆိပ်အတောက်ပဲ။

သို့သော် ...

နောက်ကျခဲ့ပြီ။

"ကိုကိုရယ် ... ဟန်နီက မိန်းကလေးပါ၊ ဟန်နီ့ဘက်က နစ်နာမှု ဆိုတာကို လုံးဝမငဲ့ကွက်ဘဲ ကိုကို လိုသမျှ ဟန်နီ ပေးခဲ့တာပဲ"

"မင်း ပေးခဲ့တာက ငါတစ်ယောက်တည်းမှ မဟုတ်ဘဲ၊ လူတိုင်းကို မင်း ပေးခဲ့တာပဲ"

"ဒါပေမဲ့ ဟန်နီ ချစ်ခဲ့တာ ကိုကို တစ်ယောက်တည်းပဲ"

"တော် ... တော် ... မင်း အဲဒီစကားကို ထပ်မပြောနဲ့"

"ဒါ မယုံနိုင်စရာလား ကိုကို၊ လူတိုင်းမှာ နှလုံးသားရှိနေတာပဲ၊ ကိုကို မေသက်ပန်ကို ချစ်တယ်၊ အဲလိုပဲ ဟန်နီလည်း ကိုကို့ကို ချစ်တာပေါ့"

သတင်းစာကို ဒေါသတကြီး ပစ်ကျပြီး သူ သူမထံ လျှောက်သွားမိပြန်သည်။

"မင်း ငါ့ကို ငွေညှစ်နေတာလား ဟန်နီ"

"ငွေက ဘာလုပ်ရမှာလဲ၊ ဟန်နီ့ဆီမှာ အပြည့်အစုံ ရှိသားပဲ၊ ဟန်နီ လိုချင်တာက ကိုကို့ အချစ်ပဲ"

"မဖြစ်နိုင်ဘူးလေ၊ မဖြစ်နိုင်မှန်း မင်း သိနေသားပဲ"

"ဟုတ်ပါတယ် ကိုကို"

မျက်ရည်တွေ ကျလာပြီး သူမ ရှိုက်ငင်နေပြန်လေသည်။ ဦးနှောက်တွေ ခြောက်လာပြီး ရင်ဘတ်ထဲမှာ ပူလောင်လာသည်။ သည်မိန်းကလေးကို အလွယ်တကူ ကိုင်တွယ်ရနိုင်လိမ့်မည်ဟု သူက ထင်ထားခဲ့တာ။ အသွေးအသား ခန္ဓာကိုယ်



အတွက် လိုအပ်ချက်တစ်ခုကို သူ တစ်ယောက်တည်းမှ မဟုတ်၊ ဘယ်သူ့ထံမှာမဆို ရနိုင်တာပဲ။ သူမ နှုတ်ဖျားမှ အချစ်ဆိုသည့် စကားအတွက်သာ သူ အံ့ဩနေရသည်။

"မဖြစ်နိုင်မှန်း ဟန်နီ သိပါတယ်၊ မဖြစ်နိုင်တာကို ဟန်နီ မတောင်းဆိုပါဘူး၊ ဟန်နီ ကိုကို့ဆီကို လာခွင့်ပေးပါ၊ ဘာအတွက်မှ မဟုတ်ပါဘူး၊ ကိုကို့မျက်နှာကို မြင်ရရုံလေးပါပဲ၊ ကိုကို့ကို မြင်နေရရုံနဲ့ ဟန်နီ ကျေနပ်ပါတယ်၊ ပြီးတော့ တစ်ပတ် တစ်ခါပဲဖြစ်ဖြစ် ကိုကို ဟန်နီ့ဆီကို လာခဲ့ဖို့ ..."

"အဲဒါ သဘာဝမကျဘူး ဟန်နီ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ဆီကို မင်း အမြဲတမ်း လာနေရင် တစ်နေ့မဟုတ် တစ်နေ့ လူတွေက သတိထားမိလာမှာပဲ၊ အဲတော့ ကိုယ့်အိမ်ကလည်း ပြန်သိမှာပဲ၊ ဒီတော့ မင်း ကိုယ့်ဆီကို လုံးဝ မလာပါနဲ့တော့ ဟန်နီ၊ ကိုယ်လည်း မင်းဆီကို ဘယ်တော့မှ မလာတော့ဘူး၊ ဒါအကောင်းဆုံးပဲ ..."

"ခုချိန်မှာ မင်းနဲ့ ပတ်သက်ခဲ့မိတာကို ကိုယ်အရမ်း နောင်တရနေပြီ ဟန်နီ"

"ဩော်"

အောင့်သက်သက် ရေရွတ်သံ ...

"နောင်တရနေပြီတဲ့လား၊ အစကတည်းက မပတ်သက်အောင် နေခဲ့ရင် နောင်တရစရာ မလိုဘူးပေါ့ ဒေါက်တာ ထင်လင်းရဲ့"

သည်းခံနိုင်စွမ်းတွေ အဆုံးစွန်ထိ ရောက်ပြီး ဒေါသ
အစိုင်အခဲတွေ တစ်စစီ ပေါက်ကွဲထွက်ကုန်သည်။

သည်လိုမိန်းကလေးမျိုးက သူ့ကို အထေ့အငေါ့
စကားတွေဆိုလို့။ လှောင်ပြောင်ရိပ်ဖြင့်ကြည့်သော အကြည့်ကို
သူ မခံနိုင်။ သရော်ပြုံးကို သူ ခွင့်မလွှတ်နိုင်။

"အေး ... မင်းသိထားဖို့က လူဆိုတာ အခွင့်အရေးဆိုတာကို တန်အောင် အသုံးချရကြတာပဲကွ၊ မင်းကိုယ်မင်း ဘယ်လိုမိန်းကလေးမျိုး ဆိုတာကို ပြန်သတိရဦး၊ ဒီမှာ ... မင်းအတွက် တစ်ရက်ကို ဘယ်လောက်ကျသလဲ၊ ငါပေးမယ်"

"ဘာ ... ဘာပြောတယ်"

"မင်း ငါ့ကို ဘယ်လိုအခွင့်အရေးတွေ ပေးခဲ့တယ်ဆိုတာ ပြန်စဉ်းစား၊ အဲဒီ အခွင့်အရေးတွေအတွက် ငါက မင်းကို ကျေးဇူးတင်နေရဦးမှာလား၊ တန်ဖိုးထားနေရဦးမှာလား ပြောစမ်းပါဦး၊ ဒီမှာ ဟန်နီ ...

"မင်း ငါ့ကို အကျုံ့ဝင်ဖို့ မစဉ်းစားနဲ့၊ နောက်ထပ်ချည်နှောင်ဖို့လည်း မစဉ်းစားနဲ့၊ မေသက်ပန်ကလွဲပြီး ဘယ်မိန်းမကိုမှ ငါ မချစ်ဘူး၊ ဘယ်မိန်းမကိုမှ တွယ်တာမိမှာ မဟုတ်ဘူး၊ အဲတော့ မင်း ငါ့ဆီက ဘာမှမျှော်လင့်မနေနဲ့တော့၊ နောက်ဆုံး ငါ နောက်ထပ် မင်းကို လိုအပ်လာဦးမလားလို့တောင် မျှော်လင့်မနေနဲ့တော့။ ပိုက်ဆံရှိရင် မင်းလိုမိန်းမတွေ အများကြီး ရနိုင်တယ်၊ ကဲ ... မင်းသွားတော့"



သူမ နောက်ထပ် ဘာမှမပြောတော့ပါ။ မလှုပ်မယှက်နှင့်ပင် သူမက မျက်ရည်ဝိုင်းသော မျက်လုံးအစုံဖြင့် သူ့ကို စူးစိုက်ကြည့်နေသည်။ သူမ၏ မျက်နှာပြင်ပေါ်မှာ သွေးကြောမျှင်တွေ နီရဲယှက်ဖြာနေပြီး သူမ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ခါနေ၏။ သူ စိတ်ထဲမှ ဆေးခန်းထဲမှ သူမ အမြန်ဆုံးထွက်သွားပါစေဟုသာ ဆုတောင်းနေမိတော့သည်။

ဒါဟာ နောက်ဆုံးပဲ ...

နောက်ဆုံးပဲ ဟန်နီ။

မင်းကို နောက်ထပ် ဘယ်တော့မှ မတွေ့တော့ဘူး။

ဘယ်တော့မှ မတွေ့ချင်တော့ဘူး။

"ကိုကို့ကိုတော့ ဟန်နီ့လို ခံစားတတ်အောင် ဟန်နီက ကောင်းကောင်းပညာပေးရဦးမှာပေါ့"

ပေါ့တန်သည်ဟု ထင်ရသော မိန်းမတစ်ယောက်၏ နာကြည်းစွာ၊ နာကျင်စွာ ပြောစကား။

သည်စကားက သူ့အတွက် ကျိန်စာဆိုးတစ်ခုလိုပင် ဖြစ်ခဲ့သည်။

♥ ✱ ♥

## အခန်း(၄)

ဟန်နီ မကြာခဏ ရောက်လာတတ်သော သိမ်ဖြူမှ ဆေးခန်းသို့ သူ လုံးဝမသွားတော့ဘဲ နယ်စပ်သို့ အလုပ်ပြောင်း ရွှေ့ခွင့် တင်လိုက်သည်။ ကျောက်မြောင်းမှ သူ့ကိုယ်ပိုင်ဆေးခန်း ကိုလည်း ပိတ်ပစ်လိုက်ပြီး ငှားထားသော အခန်းကို ပိုင်ရှင်ထံ ပြန်အပ်လိုက်သည်။ သက်ကိုတော့ အသွားအလာဝေးသည်ဟု အကြောင်းပြထားပြီး ပြောင်းရွှေ့ခွင့် တင်ထားသည်ကိုလည်း မပြောဘဲ ထားလိုက်သည်။ အချိန်တန်လျှင်တော့ သက်တို့မိသားစု ကိုပါခေါ်ပြီး ရန်ကုန်နှင့် ဝေးရာမှာ သွားနေရုံပဲ။ အဓိက ဟန်နီ နှင့် ဝေးရာပေါ့လေ။

ထိုမိန်းမက သူ့ကို ကောင်းကောင်း စိတ်ဒုက္ခပေး နိုင်ခဲ့သည်။ ဟိုစဉ်က ပေါ့ပေါ့တန်တန် သဘောထားခဲ့သမျှ အားလုံးကို ခုမှပြန်ပြီး လိပ်ပြာလန့်နေမိ၏။ အိပ်မက်တွေထဲမှာ ဟန်နီ မကြာခဏ ရောက်လာသည်။ အသိအာရုံတွေထဲမှာ သူမ က ထင်လင်းကို ခြောက်လှန့်နေခဲ့၏။ ညအိပ်ရာဝင်ချိန်တွေမှာ သက်ကို ရင်ခွင်ထဲမှာထားရင်း ထိုမိန်းမကို ကြောက်လန့်စွာ သတိရနေသည်။ ထို့ကြောင့်ပဲ သက်အပေါ် ပြုစုမြဲ ယုယကြင်နာမှု



တွေ အေးစက်သွားခဲ့သလို ဖြစ်နေခဲ့၏။ သက်ကတော့ သားရေး သမီးရေးကြောင့် သူ့မျက်နှာရိပ်ကို အကဲဖမ်းဖို့ အချိန်မရနိုင်ဘဲ ရှိသည်။ မှားယွင်းဖူးခဲ့သည့် ဖြစ်မှုတစ်ခုအတွက်ကြောင့် သက်ကို တိတ်တခိုး အားနာရသည်။ သက်ကတော့ အလျှင်အတိုင်း အပြစ်ကင်းစင်မြဲပင်။

ညမီးရောင်မှိန်မှိန်အောက်မှာ အိပ်မောကျနေသော ချစ်ရသူဇနီးလေး၏ မျက်နှာကို တရှိုက်မက်မက် ငေးမောကြည့် ရင်း ရင်ထဲနာကျင်မျက်ရည်ဝဲခဲ့ရသည်။ ယခင်က လွတ်လပ်ပျော် ရွှင်ခဲ့ဖူးသော စိတ်အစဉ်သည်လည်း ခုတော့ ကယောင်ချောက်ချား။

အိပ်မက်တွေသာ ဖြစ်လိုက်ပါတော့ ...
အိပ်မက်ဆိုးတွေသာ ဖြစ်လိုက်ပါတော့ ...။

♥ ✻ ♥

"မောင်ရေ ... ဖုန်းလာတယ်"

သမီးငယ်ကို ခြေထောက်နှစ်ဖက်ပေါ်တင်ပြီး တကူးကူး ဆော့နေရင်းမှ သက် ခေါ်သံကြောင့် သမီးကို ပွေ့ချီပြီး လှေကားအနား လျှောက်လာခဲ့သည်။ တယ်လီဖုန်းက လှေကားအလယ်ဆင့်မှာ။

သက်က သူ့ထံမှ သမီးကို လွှဲယူပြီး အိမ်ပေါ်ထပ်ဆီ တက်သွားတော့၏။ တယ်လီဖုန်းခွက်ကို နားမှာကပ်ပြီး "ဟဲလို"ဟု အသံပြုသည်။ အပေါ်ထပ် ခေါင်းရင်းခန်းမှ တီဗီသီချင်းသံ စတင်ကြားရ၏။

"ဟဲလို"

"ကိုကို"

သွေးကြောတွေ အေးစက်တောင့်တင်းသွားသည်။

"ဟန်နီပါ"

သူမရဲ့အသံကိုမှ သူ မမှတ်မိဘဲ နေပါ့မလား။ ဒါဟာ သက်သက်ခြိမ်းခြောက်တာလား။ ဘယ်လူနာတစ်ဦးတစ်ယောက်ကိုမှ သူ့ဖုန်းနံပါတ် ပေးမထားခဲ့ပါ။

"ဒေါက်တာထင်လင်းပါ"

"သိပါတယ် ကိုကိုရဲ့၊ ကိုကိုမှန်း သိပါတယ် ခုနတုန်းက ဒေါ်မေသက်ပန် ထင်တယ်"



"ခုပြောနေတာ ဘယ်သူပါလဲ"

"ဩော် ... ကိုကိုက ပညာပြနေတယ်ပေါ့လေ"

"ခင်ဗျား ဖုန်းမှားနေပြီထင်တယ်၊ ခင်ဗျားကို ကျွန်တော် မသိဘူး"

ဖုန်းခွက်ကို ပစ်ချထားလိုက်ပြီး သူ လှေကားပေါ် တက်ခဲ့သည်။ အဆုံးထိ မရောက်ခင်မှာပဲ တယ်လီဖုန်းသံ မြည်လာပြန်၏။ လှေကားထစ်တွေပေါ်မှာထိုင်ပြီး ဖုန်းခွက်ကို လှမ်းယူသည်။

"ဟဲလို"

ဟု ထူးသံမဆုံးခင်မှာ ...

"ကိုကို ဖုန်းမချလိုက်နဲ့နော်၊ ဟန်နီ မကိုင်မချင်း ထပ်ဆက်နေမှာ၊ ကိုကိုနဲ့ စကားမပြောရမချင်း ထပ်ဆက်နေမှာ"

ဟု သူမ ပြော၏။ တယ်လီဖုန်းထဲမှာတော့ သူမအသံက စူးရှလွန်းသည်။ သူ သက်ပြင်းရှိုက်လိုက်မိ၏။ သူမ ကြားလေမလား မဆိုနိုင်။

"ပြောပါ"

"နေကောင်းရဲ့လား ကိုကို"

"ဟုတ်ကဲ့ ... နေကောင်းပါတယ်"

သူမက လွင်သောရယ်သံဖြင့် ...

"သူစိမ်းတွေ ကျနေတာပဲ ကိုကိုရယ်"

ဟု ခပ်နွဲ့နွဲ့ ပြောလေသည်။

"ဟန်နီ ညညဆို အိပ်မပျော်ဘူး ကိုကိုရဲ့၊ နေ့ခင်းဆိုလည်း တစ်နေကုန် လျှောက်လည်ပစ်လိုက်တယ်၊ အခန်း

ထဲအောင်းနေရင် ကိုကို ရောက်လာတတ်တဲ့ နေ့လယ်ချိန်လေးတွေကို သတိရနေမိလို့လေ၊ နောက်ပြီး မယ်လ်ဘိုရိ စီးကရက်နဲ့ ရတတ်တဲ့ ကိုကို့နှုတ်ခမ်းလေးတွေ ...”

တယ်လီဖုန်းဘေးမှာ ဖုန်းခွက်ကို မှောက်ခုံထားပြီး တယ်လီဖုန်းပလပ်ကို ဆွဲဖြုတ်ပစ်လိုက်သည်။ သည်လောက်ရွံစရာကောင်းသည့် မိန်းမတစ်ယောက်၏ အသံကို စက္ကန့်ပိုင်းမျှပင် သည်းခံပြီး နားထောင်မနေချင်ပါ။ စိတ်တွေ လှုပ်ရှားပြီး အိမ်အောက်ထပ်သို့ ပြန်ဆင်းလာမိပြန်သည်။ ဧည့်ခန်းမှာ တစ်ယောက်တည်းထိုင်ရင်း စီးကရက်တစ်လိပ် မီးညှိလျက် ယောက်ယက်ခတ်နေသော စိတ်အစဉ်ကို အနည်ထိုင်သွားအောင် ကြိုးစားနေမိ၏။

ညက တိတ်ဆိတ်လွန်းနေသည်။ အပေါ်ထပ်မှာ တီဗီသီချင်းသံ ခပ်တိုးတိုးသာ ကြားရ၏။ မီးခိုးငွေ့များသည် အစုအဝေးနှင့် လွင့်မျောလာပြီး လေထုထဲမှာ ဟိုတစ်စ သည်တစ်စ ပြန့်လွင့်သွားလျက် မမြင်နိုင်တော့လောက်အောင် ပါးလျပျောက်ကွယ်သွားကြသည်။ ခုတော့ ထင်လင်းသည် သက်နှင့် ရင်ဆိုင်ရမည့် ပြဿနာကို ကြိုတင်တွေးဆနေရပြီ။ သက် သူ့အပေါ် ဘယ်လိုအရေးယူမလဲ ဆိုတာ တွေးတိုင်း ရင်ခုန်နေရပြီ။

ဘာမဟုတ်တဲ့ သာယာမှုက ဘဝတစ်ခုလုံးကို ဒုက္ခပေးခဲ့ပြီ။ သက်ရယ် ...

မောင် သိပ်မှားတယ်။

“တောက်”

စိတ်ကို သူ့အလိုအတိုင်း လွှတ်ပေးရလျှင်တော့ သူ ထိုမိန်းမကို သတ်ပစ်မိမည်လား မပြောတတ်ပါ။



“မောင်”

ထိတ်ခနဲ ဖြစ်သွားပြီး ကမန်းကတန်း လှည့်ကြည့်မိသည်။ သက်က သူ့ကို နူးညံ့စွာပြုံးလျက် စိုးမိုးကြည့်နေ၏။ သည်အပြုံး သည်အကြည့်အောက်မှာ ထိန်းချုပ်ထားသော စိတ်အစဉ်ကို ဖြေလျှော့ပြီး ဝမ်းနည်းစွာ၊ ယူကျုံးမရစွာ ရှိုက်ငိုပစ်လိုက်ချင်သည်။

“တစ်ယောက်တည်း ဘာတွေများ ဒေါသထွက်နေတာလဲ မောင်ရယ်”

“ဪ ... တယ်လီဖုန်း”

“ဟင် ... တယ်လီဖုန်းနဲ့ ရန်ဖြစ်နေတာလား”

သက်က ရယ်ပြော ပြောရင်း သူ့အနားမှာ ဝင်ထိုင်သည်။

“မဟုတ်ပါဘူးကွာ၊ ဘယ်ကကောင်မှန်း မသိပါဘူး၊ တယ်လီဖုန်းကို နှစ်ခါပြန်ခေါ်ပြီး လူကို အသားလွှတ် ကျိန်ဆဲသွားလို့”

“ဟောတော့”

သက်က သူ ပြောသမျှကို ရိုးသားစွာ ယုံကြည်နေပြန်သည်။ ဒါကိုပဲ သူ အကြေကွဲရဆုံး။

သက်ရယ် ...

သံသယမျက်လုံးတွေနဲ့ မောင့်ကိုကြည့်စမ်းပါ။ မောင့်ကို မေးစမ်းပါ။

ပြီးတော့ ...

မောင့်ကို တစ်ခုခု ဒဏ်ပေးလိုက်စမ်းပါ။

"မောင့်ကို ဘာတွေများ မကျေမနပ် ဖြစ်နေလဲမှ မသိတာ"

"အသားလွတ်ကွာ"

"ကဲပါ မောင်ရယ် ... ကိုယ်မသိတဲ့ လူတစ်ယောက် အတွက် အကုသိုလ် ပွားမနေပါနဲ့တော့၊ သူလည်း သူ့ အကြောင်းနဲ့သူပေါ့၊ လာ ... တီဗီကြည့်ရအောင်လေ၊ ဟို မှာ ကလေးတွေက မောင့်ကို စောင့်နေကြတယ်၊ ခွေဖွင့် ချင်လို့တဲ့"

သက်က သူ့ကို လက်မောင်းမှတွဲပြီး ရပ်သည်။

"အိုကေ"

သက် ခါးကို ဖွဖွဖက်ရင်း လှေကားဆီ လျှောက် လာ၏။ သက်၏ အပြစ်ကင်းစင်သော မျက်နှာကြည်ကြည်ကို မြင်တိုင်း နှလုံးသားဆီမှာ နာကျင်မဆုံး။

အလျင်အတိုင်း ပြန်ပြီး ကြည်နူးပျော်ရွှင်ချင်ပါရဲ့ သက်ရယ်။

"သက်"

"ရှင်"

သံရှည်ဖြင့် ထူးရင်း သက် မော့ကြည့်သည်။

"မောင့်ကို ချစ်လား"

ဟု တိုးတိုးမေးတော့ ...

"မောင်ကလည်း"

ဟု သက်က ရှက်ပြုံးဖြင့် မူနွဲ့နွဲ့ ရေရွတ်လေသည်။

♥ ✻ ♥



"ဖေကြီး"

"ဗျာ ... ဗျာ"

"ဟက်ပီဘတ်ဒေး တီးပြလေ"

သားကြီးက လျှပ်စစ်အော်ဂင် အသေးလေးကို မ, လာပြီး သူ့ညီမငယ်လေးက နောက်ဘက်မှ ဆတ်တောက်တောက် လျှောက်လိုက်လာသည်။ အဝါရောင်ဂါဝန်လေးနှင့် သမီးငယ်က သူ့မိခင်အတိုင်း မျက်နှာပြည့်ပြည့်ဝန်းဝန်းနှင့် ချစ်စရာကောင်း လှသည်။ သူက သမီးကို ပွေ့ချီယူလိုက်ပြီး သားကြီးလက်ထဲမှ အော်ဂင်ကို ဆိုဖာပေါ် တင်သည်။

"သား ပလပ်ထိုးလိုက်မယ်နော်"

"အံမယ် မယ် ... မလုပ်ပါနဲ့၊ မေမေ လုပ်ပေးမယ် သား"

သက်က သိုးမွေးထိုးအပ်တွေကို ခုံပေါ်ချထားပြီး အော်ဂင်ပလပ်ကို ပလပ်ပေါက်ထဲထည့်ပြီး ခလုတ်ဖွင့်ပေးလိုက် သည်။ ခလုတ်ဖြူလေးတွေကို ဖိနှိပ်လိုက်သောအခါ သံစဉ်ပိုးတဝါး ထွက်လာသည်။ ဒါကိုပင် သမီးငယ်က သဘောကျပြီး လက်ခုပ် တီးလျက် တခစ်ခစ် ရယ်မောနေ၏။

"ကဲ ... သမီးက ဘာသီချင်း နားထောင်မလဲ"

"မုန့်ချွေရီ"

"ဟုတ်ပြီ၊ သားကရော"

"ဟက်ပီဘတ်ဒေးလေ ဖေဖေရ"

"ဒီမှာ ဖေဖေနှိမ်တဲ့ အကွက်လေးတွေကို မှတ်ထားနော်"

သားက ခေါင်းညိတ်ပြီး ဆိုဖာဆက်တီအောက်ဘက် ကြမ်းပြင်ပေါ် သူ့ခြေထောက်ကိုမှီပြီး သူ့ဒူးပေါ် မေးတင်လျက် ထိုင်သည်။ သက်ကတော့ ထွေးလုံးနေသော သားအဖတစ်တွေကို ကြည့်ပြီး ပြုံးလျက်သာနေ၏။ တယ်လီဖုန်း မြည်လာသည်။

"မေမေ ... တယ်ဖုန်း ရာတယ်"

သမီးက မျက်လုံးလေးပြူးပြီး သူ့အမေကို လှမ်းပြောသည်။

"အေး ... သမီး၊ မေမေ သွားကိုင်မယ်နော်"

"နေ ... သက်၊ မောင်သွားမယ်"

"နေပါ မောင်ရဲ့"

သမီးကို ပွေ့ချနေစဉ်မှာပဲ သက်က လေ့ကားရင်း ရောက်နေပြီ။ သူ ရင်တထိတ်ထိတ်နှင့်ပဲ လက်ဦးတည့်ရာ ပေါက်ကရတီးလုံးတွေ လျှောက်တီးနေမိသည်။ သူ့စိတ်တွေလည်း သံစဉ်တွေလိုပဲ ကစဉ့်ကလျား ဖြစ်နေပြီ။

"ဖေဖေ ... ဟက်ပီဘတ်ဒေးလေ"

"အေးပါ သားရဲ့"

ဟဲလို ... ဟု သက်၏ နှုတ်ဆက်သံကို ကြားရသည်။ တကယ်တော့ သူ မကြားချင်ပါ။ မကြားရဲပါ။ ခုတလော မှာ တယ်လီဖုန်းသံမြည်တိုင်း သူ ရင်ခုန်နေရပြီ။ တယ်လီဖုန်း ပလပ်ကို ဖြုတ်ထားပြန်တော့လည်း သက်က တန်းလန်းချထား



သော ပလပ်ကြိုးကိုမြင်တိုင်း ပြန်တပ်ထားတတ်သည်။ သက်ကို သူ ဘယ်လိုပြောရမလဲ။

တယ်လီဖုန်း မြည်သံတွေကို တစ္ဆေခြောက်ခံရသည် ထက် ကြောက်လန့်တတ်သည် ဆိုတာ။

"ဟုတ်ကဲ့ ... မေသက်ပန်ပါ ..."

"ဒေါက်တာထင်လင်းရဲ့ ဇနီးပါ ..."

သားကြီးက သူ့ဒူးကို ကိုင်လှုပ်နေသည်။

"ကျွန်မ မသိဘူး၊ ဘယ်သူလဲ"

သွားပြီ။

သူတို့နှစ်ဦးကြား ကြည်နူးစရာ အချိန်တွေ ဒါနောက် ဆုံးလား။

သက်ထံမှ စကားသံ မကြားရတော့။ ဖက်ထားသည့် သမီးလက်တွေကို အသာဖြေလျှော့လိုက်သည်။ သားကို ...

"ခဏလေး"

ဟု တိုးတိုးပြော၏။ သားက ဖဝေဖဝါ မျက်ဝန်း များဖြင့် မော့ကြည့်သည်။ တိတ်ဆိတ်ခြင်းသည် ကြောက်မက်ဖွယ် ပေါက်ကွဲနေသော အသံဖြစ်၏။ လှေကားလက်ရန်းတွေ ကြားမှ သက်ကို လှမ်းမြင်နေရသည်။ အံ့ဩနေသော၊ နာကျင်နေသော၊ မယုံကြည်နိုင်သော၊ ဝိသေသပေါင်း များစွာဖြင့် ဖော်ပြမရနိုင်သော လှိုက်လှဲကြေကွဲခြင်း။

လျှပ်စစ်လှိုင်းမှ စီးမျောလာသော ရှတတ အသံကို တိတ်ဆိတ်နေသော ဝန်းကျင်မှာ ခပ်သဲ့သဲ့ ကြားနိုင်သည်။ သက်က ကျောက်ရုပ် တစ်ရုပ်လိုပင် မလှုပ်မယှက် ရှိနေဆဲ။ သူ မတ်

တတ်ရပ်သည်။ ပြီးတော့ လှေကားဆီ တစ်လှမ်းချင်း အသိမဲ့နေသော ခြေလှမ်းများဖြင့် လျှောက်သွားနေမိ၏။

သက်ကို ရင်ဆိုင်ရမည်။

သက်ရဲ့ ခါးသီးမုန်းတီးခြင်း အငွေ့တွေ လျှံတက်နေသည့် မျက်ဝန်းတွေကို ရင်ဆိုင်ရလိမ့်မယ်။

သည်အခါမှာ ဘယ်လို ...

လှေကားရင်းမှာ သူ ရပ်သည်။ နီရဲတောက်ပနေသော မျက်ဝန်းများဖြင့် သက်က သူ့ကို စိုက်ကြည့်နေ၏။ ထင်လင်းဟာ မေသက်ပန်ရဲ့ အချစ်ဦးလို့ ခဏလေး သတိရပါ သက်ရယ် ...။

♥ ※ ♥



"သြော် ... ဟော် ... ကျွန်မ သဘောပေါက်ပါပြီ၊ ဒီလောက်ဆို ကျွန်မ နားလည်ပြီ၊ ဒါပေမဲ့ ခုလောလောဆယ်တော့ ကျွန်မယောကျ်ားက ကျွန်မအနားမှာ ရှိနေတုန်းပဲရှင့်၊ ပြီးတော့ သူနဲ့ ကျွန်မက တရားဝင် လက်ထပ်ထားတဲ့ လင်မယား၊ သူ့ခုထိ ကျွန်မကို ကြင်နာနေတုန်းပါပဲ၊ ချစ်နေတုန်းပါပဲ၊ ခင်ပွန်းတစ်ယောက်ရဲ့ တာဝန်တွေ ကျေပွန်နေတုန်းပါပဲ ...

"မိန်းမတစ်ယောက်အခန်းမှာ သွားအိပ်တယ်ဆိုတာကတော့ ဘာဆန်းသလဲရှင်၊ သူ ဆန္ဒရှိရင် သွားလို့ရတာပဲ၊ ပိုက်ဆံပေးရတာရော မပေးရတာရော အဲလိုမိန်းမတွေ အများကြီး ရှိတာပဲ၊ အိပ်ရာပေါ်က ကိစ္စက အရေးမပါပါဘူး၊ ရှင်မို့လို့ ဒါကို ဂုဏ်ယူပြောနေတယ်၊ ရှင်တောင် သဘောတူလို့ ပေးသေးတာပဲ၊ သူက ဘာမယူရဲစရာရှိလဲ၊ ရှင့်လို မိန်းမကို သူက တရားဝင်ယူမယ်လို့ ထင်နေလား"

ဖုန်းခွက်ဆောင့်ချလိုက်သံ ...

ဖုန်းပလပ်ကို သက် ဆွဲဖြုတ်လိုက်သည် ထင်၏။ နားထဲ အကြားအာရုံတွေ ရှုပ်ထွေးသွားသည်။

သူ လုံးဝမမျှော်လင့်ခဲ့သော စကားသံ ...

သူ လုံးဝမယုံကြည်နိုင်သော အဖြစ်အပျက်။

သူ့ထက်ပိုပြီး သွေးအေးစွာ ရင်ဆိုင်တတ်သော သက်ကို အံ့ဩတကြီးဖြင့် သူ ငေးကြောင်ကြည့်နေမိတော့သည်။ လှေကားထစ်များပေါ်မှာ သက် ထိုင်နေဆဲ။

သက်ရယ် ...

မောင့်ကို တစ်ခုခု ပြောလိုက်စမ်းပါ။

ပြင်းထန်သော အသက်ရှူသံကို ကြားနေရသည်။ သက်၏ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်စကို မြင်ရပေမဲ့ သက် ငိုမနေပါ။ သက် နှုတ်ခမ်းတွေ ပြာနှမ်းခြောက်သွေ့ပြီး မျက်နှာပြင်က အသက်မဲ့နေသော ကျောက်ရုပ်တစ်ရုပ်လို တင်းမာနေသည်။ သက် ရင်ထဲမှာ ...

"သက်"

မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း သက် နှုတ်ခမ်းတွေ မဲ့လာသည်။

"သက်ရယ်"

"မောင်"

ရှက်စရာ ကောင်းလိုက်တာ။

ဘယ်လိုမှ ထိန်းသိမ်းမထားနိုင်ဘဲ မျက်ရည်တွေ အဆက်မပြတ် စီးကျလာတော့သည်။ တကယ်တမ်းမှာ မေသက်ပန် ဆိုသော မိန်းကလေးလောက်ပင် သူ ခံနိုင်ရည်မရှိပါ။ ရင်ဆိုင်နိုင်စွမ်း မရှိပါ။ ဒါဟာ သက်နဲ့ဝေးရမှာစိုးလို့ပါ။

သက် မုန်းသွားမှာ စိုးလို့ပါ သက်ရယ်။

"သက်ကို ဘာပြောချင်လဲ"



ဟင့်အင်း ... သက် မောင့်ကို မမုန်းရဘူး၊ မောင့်ကို ခွဲမသွားရဘူး။ ရင်ထဲမှာ ကမ္ဘာပျက်သလို ...

လည်ချောင်းဆီမှာ တစ်ဆို့နေသည်။ စကားတွေက ရင်ထဲမှာသာ ပြည့်သိပ်တင်းကျပ်နေ၏။ သမုဒ္ဒရာလှိုင်းတံပိုးများလို ဝေဒနာတွေ၊ သောကတွေ၊ ကြေကွဲခြင်းတွေ ရောပြွမ်းရိုက်ခတ်နေသည်။

တစ်နေ့နေ့တော့ တစ်နေ့နေ့ပေါ့ သက်ရယ် ...

ဒါပေမဲ့ စောလွန်းပါသေးတယ်။

သက်အတွက် ရင်ထဲက မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း၊ လေးစားခြင်း၊ ချစ်ခြင်း အထုအထည်များသည် တန်ဖိုးမဲ့သော မောဟမီးခိုးတွေအောက်မှာ ဖုံးလွှမ်းခံရပြီး မမြင်သာအောင် ကွယ်ပျောက်ခဲ့ရပြီ။ ယုံကြည်ခြင်းသည် သူ့အတွက် နောက်တစ်ဖန် ပြန်မဖြစ်နိုင်တော့။ ညစ်နွမ်းပြီးသော သူ့စိတ်အစဉ်လိပ်ပြာကို အကြောင်းပြချက် တစ်စုံတစ်ရာဖြင့် သန့်စင်စေချင်၍ မရတော့။ နောင်တ တစ်ဖန် ပူပန်ရခြင်းသည် အသက်ဆုံးထိတိုင် ဖြစ်ချင်ဖြစ်မည်။

ဘယ်လိုစိတ်ဒဏ်ရာမျိုးဖြစ်စေ သူ မညည်းမညူ ခံနိုင်ပါသည်။

သက်ထံမှ အမုန်းကိုတော့ စက္ကန့်ပိုင်းမျှပင် မရချင်။ သက်ထံမှ ဥပေက္ခာတရားကိုတော့ တစ်မှုန်တစ်စမျှပင် အတင်မခံချင်။

"သက် အပြေရှိင်းသွားသလား မောင်"

"သက်"

မေသက်ပန်၏ လက်ဖဝါးနှစ်ဖက်ကို သူ ဆွဲယူလိုက်သည်။ လေကားထစ်ပေါ် အရုပ်ကြိုးပြတ် ကျသွား၏။ သက်ရင်ခွင်ထဲ ခေါင်းထိုးမှီသည်။ မျက်ရည်စတွေ သက်အင်္ကျီရင်ဘတ်မှာ အစိမ်းရောင်လုံချည်ပေါ်မှာ စိုစွတ်သွားသည်။ သက် လည်တိုင်ကို ရှိုက်နမ်းဖို့ ကြိုးစားတော့ သက်က သိသိသာသာပင် မျက်နှာလွှဲပြီး တိမ်းရှောင်၏။

"သက်ရယ် ... မောင် တောင်းပန်ပါတယ်"

"မတောင်းပန်နဲ့၊ သက် မကြားချင်ဘူး"

"မဟုတ်ဘူး သက်ရယ်"

"သက် ဘာလုပ်ပေးရမလဲ၊ ပြော ... အခုပြော"

"မောင် ပြောတာကို ခဏလေး နားထောင်ပါ သက်ရယ်"

"ဟင့်အင်း ... ဟင့်အင်း"

မျက်ရည်စတွေ ...

သက်ထံမှ ရှိုက်ငင်သံ ကြားရသည်။

"သက် နားမထောင်ချင်ဘူး၊ ဘယ်လိုအကြောင်းပြချက်မျိုးကိုမှ သက် မကြားချင်ဘူး၊ ပင်ပန်းလို့၊ ငြီးငွေ့လို့၊ အဖော်ကောင်းလို့၊ မြူဆွယ်လို့၊ လွယ်လွယ်ရလို့ ဘာတစ်ခုမှ သက် မကြားချင်ဘူး မောင်၊ သက်ကို တောင်းပန်စရာလည်း မလိုဘူး၊ မောင့်သဘောကျ၊ မောင့်စိတ်တိုင်းကျ သက် အားလုံးခွင့်လွှတ်တယ်၊ သိလား ...

"ဒါပေမဲ့ မောင်ရယ် ...

"သက်တို့မိသားစုလေး ဘယ်လောက်ငြိမ်းချမ်းသလဲ၊ ဘယ်လောက် ပျော်စရာကောင်းသလဲ၊ အဲဒီအပျော်တွေကို



မောင် ငြီးငွေ့လာပြီလားဟင်၊ သက်မှာ ဘာချို့ယွင်းချက်ရှိလို့လဲ မောင်၊ မောင့်အပေါ် သက် ဘာများဝတ္တရားပျက်ခဲ့သလဲ ...

သက်မှာ အပြစ်တွေရှိရင် ပြောပါ မောင်ရဲ့၊ သက်ပြင်ပါ့မယ်၊ မောင် ဆုံးမတာကိုလည်း သက် ခံနိုင်ပါတယ်၊ သက် မောင့်ကို သိပ်ချစ်တာ မောင် သိလျက်သားနဲ့"

ဆံပင်တွေကြားထဲ မျက်ရည်စတွေ တပေါက်ပေါက်ကျလာသည်။ နှလုံးကို ဆုပ်ညှစ်ခြေမွခံရသလိုပင်။ ရင်တစ်ခုလုံးအောင့်လျက် နာကျင်ပြီး အသက်ရှူကျပ်လာ၏။

"သက်မှာ ဘာအပြစ်မှ မရှိဘူး၊ ခုချိန်မှာ မောင် သက်ကို တောင်းပန်ချင်တာ တစ်ခုပဲ၊ မောင့်ကို မမုန်းမပါနဲ့ သက်ရယ်၊ မောင့်ကို ခွဲမသွားပါနဲ့နော်၊ မောင် သက်ကို သိပ်ချစ်ပါတယ်၊ ယုံပါ သက်ရယ် ...

"မောင် သက်ကို သိပ်ချစ်တယ်၊ မောင် သက်ကို ..."

နောက်ထပ် ပြောစရာစကား ဘာမှမရှိတော့ပါ။

သေလုမြောပါး ရခဲ့သော ဒဏ်ရာဒဏ်ချက်များကြောင့် နောက်ထပ် တင်းခံနိုင်ဖို့လည်း သူ့နှလုံးသားမှာ ခံနိုင်စွမ်းရည် နည်းနည်းမှပင် မကျန်တော့ပါ။

"မိစ္ဆာမ"

ကြွင်းကျန်သော အင်အားယဲ့ယဲ့ဖြင့် သူ နာကြည်းစွာ ကျိန်ဆဲလိုက်မိတော့သည်။

♥ ❋ ♥

"မေမေ၊ သက် ... သက် ဘယ်မှာလဲ"

"ဟဲ့ ... ဘယ်လိုဖြစ်လာတာလဲ ထင်လင်း"

သူ့ရင်ထဲက သောကကို မေမေ မမြင်ပါ။ သူ့နှလုံးသား၏ လောင်မြိုက်မှုကိုလည်း မေမေ မသိနိုင်ပါ။ "လင်နဲ့မယား တစ်ခါတလေတော့လည်း ဒီလိုပေါ့"ဟု ဖျောင်းဖျနေကျ စကားမျိုးကိုပဲ မေမေ ပြောလိမ့်မည်။ ဘာကြောင့် ဘယ်လို ဆိုတာမျိုးကိုတော့ မေမေက အရိပ်အမြွက်မျှသာ နားလည်လိမ့်မည်။ သူ့ဘဝ တစ်ခုလုံးနှင့်ယှဉ်ပြီး အရေးကြီးသည်ဟု သူကဆိုလည်း မေမေက လူကြီးပီသစွာ စိတ်အေးလက်အေးပင် ရှိလိမ့်မည်။

"ကလေးတွေရော"

"ဟဲ့ ... ထမင်းစားနေတယ်၊ ဘာဖြစ်လာကြပြန်ပြီလဲ"

"သက် ကျွန်တော့်ကို စိတ်ဆိုးသွားတယ် မေမေ"

"အေး ... မေသက်လည်း ခုပဲ မိုးမိတ် ..."

"မိုးမိတ် ပြန်သွားတာလား မေမေ"

"ဟဲ့ ... နေစမ်းပါဦး"

မေမေက သူ့မလက်မောင်းဆီ အတင်းဆုပ်ကိုင် လှုပ်ယမ်းနေသော ထင်လင်း၏ ညာလက်ကို အတင်းပုတ်ချပြီး ...

"ဘယ်လိုဖြစ်နေတာလဲ"



ဟု မာန်မဲ၏။

"နင့်မိန်းမ အပေါ်ထပ် အခန်းမှာ၊ တကတဲ ... ဘာဖြစ်လာကြမှန်း မသိဘူး၊ တစ်ယောက်က တစ်မျိုး၊ နောက်တစ်ယောက် ..."

မေမေ ဘာတွေ ဆက်ပြောနေသည်ဆိုတာ သူ မကြားနိုင်တော့ပါ။ အပေါ်ထပ် လှေကားကို တဒိုင်းဒိုင်း ပြေးတက်သွားပြီး အိမ်ရှေ့ဘက် အခန်းတံခါး လက်ကိုင်ကို လှည့်လိုက်သည်။

"သက်"

ပြန်ထူးသံ မကြားရပါ။ အတွင်းထဲမှာ တံခါးသော့ ခတ်ထားသည် ထင်၏။ သည်အခန်းက သူ ဆေးကျောင်းသားဘဝ သက်နှင့် အိမ်ထောင်ဦးက နေခဲ့ကြသော အိပ်ခန်းဖြစ်သည်။ ခုထိလည်း တခြားနေမည့်သူ မရှိဘဲ သူတို့မိသားစုအတွက် သီးခြားသတ်မှတ်ထားသလိုပင်။

"သက် ... တံခါးဖွင့်ပါဦး သက်ရယ်"

အခန်းထဲမှာ တစ်ခုခု ရုပ်တိုက်သွားသံ ကြားသည်။

"သက် မောင့်ကို မမြင်ချင်တော့ဘူးလား၊ သက် တံခါးဖွင့်ပါ"

တံခါးကို တဝုန်းဝုန်း ထုသည်။ လက်သီးဖြင့် ထိုးသည်။ သက်ကတော့ ရှိုက်သံလေးမျှပင် မပေး။ "မောင်"ဟု တစ်ခွန်းပင် ခွန်းတုံ့မပြန်။ ရင်ထဲမှာ တလှပ်လှပ် မောပန်းဆို့ကျပ်လာသည်။ သက်ကို သူ မခွဲနိုင်ပါ။ သူ့ဘဝထဲမှာ သက်ရှိမနေ၍ မဖြစ်ပါ။

သက်က သူ့ခန္ဓာ၏ နှလုံးသွေးကြောဖြစ်သည်။ သူ့ကမ္ဘာ၏ အောက်ဆီဂျင်ဖြစ်သည်။ သူ့လောက၏ ပြည့်စုံခြင်း ဖြစ်သည်။

မေသက်ပန်ဟာ ထင်လင်းရဲ့အသက်၊ ဝိညာဉ်၊ ရှင်သန်ခြင်း ...

မောင့်အနားမှာ သက်ရှိနေမှ ဖြစ်မယ်။

"ဟဲ့ ... သား ... ဖြည်းဖြည်းလေ၊ သမီးရယ် ... တံခါး ဖွင့်ပေးလိုက်ပါကွယ်၊ အများကြားလို့မှ မတော်"

အင့်ခနဲ ကြိတ်မှိတ်ထားရသည့် ရှိုက်သံပွင့်အန်ထွက်လာသည်။ သူ့နှလုံးသားတစ်ခုလုံး ဆတ်ဆတ်ခါ နာကျင်သွား၏။

"သက် ... တံခါးဖွင့်လို့ မောင် ပြောနေတယ်နော်"

စက္ကန့်ပိုင်းမျှ စောင့်သည်။ တံခါးချက်ကို လှည့်ကြည့်သည်။

နောက်သို့ ခြေလှမ်း လေးငါးလှမ်းဆုတ်ပြီး အရှိန်ဖြင့်ပြေးပြီး တံခါးရွက်ကို ပြင်းပြင်းကန်ထည့်လိုက်၏။

"အမယ်လေး"

ဝုန်းခနဲ တံခါးပွင့်သွားသံနှင့် တစ်ဆက်တည်း သက်၏ အထိတ်တလန့် အော်သံကိုပါ ကြားလိုက်ရသည်။ မျက်လုံးအဝိုင်းသားဖြင့် ငေးကြောင် ကြည့်နေသော သက်ကို အငွေ့ပြန် ပျောက်ပျက်သွားမှာ စိုးရိမ်စွာ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။

"သက်"

"ဟင့်အင်း ... မောင့်ကို သက် မတွေ့ချင်ဘူး"



"သက်ရယ် ... သက်ရယ်"

"မခေါ်နဲ့ မကြားချင်ဘူး၊ သက် မကြားချင်ဘူး၊ မောင် သက်ကို လွှတ်နော်"

ရင်ဘတ် ဘယ်ဘက်ခြမ်း တစ်ခုလုံး စူးခနဲ ကျဉ်တက်သွားသည်။ ယောကျ်ားတန်မဲ့ မျက်ရည်ကို ထိန်းမရ။ နာကျင်ခံစားလိုက်ဦးပေါ့ ထင်လင်းရယ်။

သက်ကို တိုး၍ဖက်သည်။ အသက်ရှူကျပ်လုမတတ်။

"မလွှတ်ဘူး၊ သက်ဟာ မောင့်ဇနီး၊ မောင့်မယား၊ မလွှတ်နိုင်ဘူး၊ သက် မောင့်ကို ခွဲမသွားရဘူး၊ သက်ကို မောင် မခွဲနိုင်ဘူး သိလား၊ မောင် တောင်းပန်ပါတယ် သက်ရယ်၊ သက် မောင့်ကိုခွဲသွားမယ်ဆိုရင် မောင် သေမှာပဲ၊ မောင့်ကို အဲဒီစကားအတွက် အထင်သေးချင်သေးပါ၊ ဒါပေမဲ့ သက်မရှိဘဲ မောင် နေလို့မရဘူး၊ မောင် အသက်ရှင်နေလို့ မရဘူး"

ပွေ့ဖက်ထားသော လက်မောင်း၊ လက်ဖျံတွေမှာ အင်အားတွေ ဆုတ်ယုတ်ကုန်ခန်းသွား၏။ သက်ရှေ့မှာပဲ ဒူးတွေ သွတ်ခွေကျသွားသည်။ သို့ပေမဲ့ သက်ကို ဖက်တွယ်ထားဆဲ။ မျက်ဝန်းတွေ ပူလောင်နေသည်။ မျက်ရည်တွေတော့ ခန်းခြောက်ကုန်ပြီ ထင်ပါရဲ့။

"မောင်ရယ်"

သူ့ဆံပင်တွေထဲ သက် လက်ချောင်းနုနုတွေ ခပ်ဖွဖွ ရောက်လာသည်။

"မောင့်ကို ခွင့်မလွှတ်နိုင်တော့ဘူးလား သက်ရယ်"

ကြေကွဲစွာ ရှိုက်ငင်လိုက်သံ ...

"သက် မောင့်ကို မခွဲနိုင်ပါဘူး၊ မောင့်ကို ဘယ်တော့မှ မခွဲနိုင်ပါဘူးကွယ်၊ သက်ရဲ့ နှလုံးသားကို သက် အရှုံးပေးလိုက်ပါပြီ၊ မောင် ထားရာဘ၀မှာပဲ သက် နေပျော်အောင် ကြိုးစားပါ့မယ် မောင်ရယ်"

"သက်ရယ် ... အဲလို မပြောပါနဲ့ သက်ရယ်"

အချိန်တွေ အကြာကြီး တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိကြသည်။ သည်အကြည့်တွေကြောင့်ပဲ ခန္ဓာကိုယ်တစ်ခုလုံး နွေးထွေးလာသလိုပင်။ နူးညံ့စွာ ချစ်ခြင်းတွေ နှလုံးသားထဲ စီးမျော ပျော်ဝင်လျက် လှိုက်လှဲကြည်နူးရပြန်သည်။

သည်ချစ်ခြင်းဖြင့် ငြိမ်းချမ်းစေချင်သည်။

ယုံပါတယ် သက်ရယ် ...

သက် တစ်ယောက်ကလွဲပြီး မောင် ဘယ်မိန်းမကိုမှ မချစ်ခဲ့ဘူးဆိုတာ။

"သက်"

မျက်ရည်စများ ကြားမှာပင် ...

"မောင်"

ဟု သက် ညင်ညင်သာသာ ထူးသည်။

"ကျေးဇူးတင်ပါတယ် သက်ရယ်"

♥ * ♥



## အခန်း(၅)

သူမ၏ မထိတရိ အပြုံးကို အော့နှလုံးနာအောင်ပင် မုန်းတီးသည်။ ကက်ဆက်သံကြားမှာ သူမ၏ မပွင့်တပွင့်စကားသံကို တိုးသက်စွာကြားရသည်။ သည်နေရာကို နောက်ထပ်ရောက်လာရသည်ကပင် သူ့အတွက် ခါးသက်စရာ၊ စက်ဆုပ်စရာဖြစ်နေပြီ။

"ဟန်နီကတော့ ကိုကို့ကို ချစ်နေတုန်းပါပဲ"

"သေလိုက်ပါလား"

"ကိုကို သတ်ရင်တော့ ဟန်နီ သေရဲပါတယ်"

"အေး ... နောက်တစ်ခါ ဆိုရင်တော့ ရှိသမျှ သည်းခံနိုင်တာတွေ အကုန်ပဲ၊ အဲဒီအချိန်ကျရင်တော့ နင့်ကိုအသေသတ်မှာ"

ရူးသွပ်နေသူ တစ်ယောက်လိုပင် သူမက ရယ်မောပြန်သည်။ သူမရယ်သံက အသည်းဆီကို အပ်ဖျားနှင့်ဆွသလို နာကျင်စေ၏။ သည်မိန်းမ စိတ္တဇ [illegible] သည်တစ်ယောက် ဟုတ်မဟုတ် အလျင်ဆုံး စမ်းသပ်ခဲ့ဖို့ ကောင်းတာ။ သည်အခန်းထဲမှာ နောက်ထပ် စက္ကန့်ပိုင်းမျှပင် မနေချင်တော့ပါ။ ကြောက်စိတ်လား၊ နာကြည်းစိတ်လား။

"ဒါ နောက်ဆုံး သတိပေးခြင်းပဲ ဟန်နီ၊ ငါ့မိသားစုကို နောက်ထပ် မနှောင့်ယှက်ပါနဲ့၊ မေသက်ပန်ကိုလည်း စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ မေသက်ပန် တစ်ခုခု အရှက်တကွဲ ဖြစ်လို့ကတော့ ..."

"သတ်ပစ်မယ်တဲ့လား"

"မင်း ငါ့ကို စိန်မခေါ်နဲ့ ဟန်နီ"

တံခါးကို ဆွဲဖွင့်သည်။ နိုင်ငံခြားတေးသွားတွေ သူ့နောက်မှ ပြေးလွှားခုန်ပေါက်လိုက်လာ၏။

"ကိုကို"

မကြားသလိုဘဲ လှေကားထစ်တွေကို ခပ်သွက် သွက် ဆင်းသည်။

"ကိုကို့ကို ဟန်နီ သိပ်ချစ်တယ် သိလား"

နှုတ်မှ အသံထွက်ပြီး ကျိန်ဆဲမိတော့မလိုပင်။ ငိုရှိုက်သံတွေ ကျန်ရစ်ခဲ့သည်ဟု စိတ်ထဲမှာ ထင်သည်။

ကရုဏာတရားဖြင့် ခွင့်လွှတ်ဖို့ ကြိုးစားမရ။ ဒေါသ တရားနှင့် နာကြည်းစိတ်တွေသာ ရင်ထဲမှာ လှည့်ပတ်လျက် ပြည့်သထက် ပြည့်သိပ်လာသည်။

ဘယ်လိုရည်ရွယ်ချက်လဲ ...

ဘယ်လို အတွေးအခေါ်မျိုးလဲ ဟန်နီရယ်။

သူမ၏ မျက်ရည်စက်များကို ပြန်မြင်ယောင်သည်။

"ကိုကို့ကို သိပ်ချစ်တယ်"တဲ့။ ဒါဟာ တကယ်ပဲ လား။ နှလုံးသားနှင့် ချစ်တတ်သည့် မိန်းမတစ်ယောက်တော့ မဟုတ်နိုင်ပါ။ သူမက အသွေးအသားကို ချစ်တတ်တာပဲ။ ဘဝ



တစ်ခု၊ အသိုက်အမြုံတစ်ခုကို ဖျက်ဆီးဖို့ သူမ ဘာဖြစ်လို့များ ပေါ့ပေါ့တန်တန် ကြံစည်ခဲ့ရတာပါလိမ့်။ အဲသည်အတွက် သူမ မှာ ဘာအကျိုးထူးမှာတဲ့လဲ ...

"ဒါဆို မေသက်ပန်က သိပ်သဘောထားကြီးတဲ့ မိန်းမပေါ့ နော်၊ ကိုကို သိပ်ကံကောင်းတာပေါ့"

တဲ့ ...။ ဒီစကားက ဘာအဓိပ္ပာယ်လဲ။

တောက်တစ်ချက် ပြင်းပြင်းခေါက်မိသည်။ ထင်လင်း ဆိုသော လူနံလူဖျင်းကာ ကိုယ်စခဲ့တဲ့ ပြဿနာတစ်ခုကို ကိုယ့် ဘာသာ မဖြေရှင်းနိုင်ဘူးတဲ့လား ...။

ကြောက်စရာ ကောင်းလိုက်တဲ့ မိန်းမ။

♥ ❋ ♥

"မောင်ရေ"

"ဗျာ"

သက်က သူ့နောက်ဘက်ဆီ လျှောက်လာပြီး သူ့ပခုံးကို သိုင်းဖက်သည်။ သူ့ဇနီး သက်ထား၏ သဘောထားကြီးခြင်း၊ ခွင့်လွှတ်နိုင်ခြင်းတွေကို အတိုင်းအဆမရှိ ကျေးဇူးတင်လျက် အချိန်တိုင်း အလေးအမြတ် ဦးညွှတ်နေရတော့မည်။

"သက် ဒီနေ့ သူဇာနဲ့ ဈေးသွားဖို့ ချိန်းထားတယ်"

"ဒီအပျိုကြီးကတော့ အဖော်မရှိတိုင်း သက်ကိုပဲ အဖော်လုပ်နေတော့တာပဲ"

"ဩော် ... သက်မှာလည်း သူရှိလို့ အဖော်ရနေတာ မောင်ရဲ့၊ မဟုတ်ရင် သက် တစ်ယောက်တည်း အပြင်ကို မထွက်ရဘူး"

သနပ်ခါးရနံ့ ပျပျကို ရှိုက်ရင်း သက်ကို သူ နောက်ပြန် မော့ကြည့်မိသည်။ ရေချိုးပြီးစ သူ့ဇနီး မေသက်ပန်သည် သနပ်ခါးပါးကွက်ပါးပါးနှင့် အိမ်နေဘာလောက်စ်ပွပွကို ဝတ်လို့။ ဆံပင်ကိုတော့ နောက်ဘက်မှာ သပ်သပ်ရပ်ရပ် ထုံးနှောင်ထားသည်။

"အဲတော့ မောင်က လိုက်ပို့ရမယ်ပေါ့"

"အင်းပေါ့ ... မောင်ရယ်"



"မောင်လည်း ဈေးထဲ လိုက်ခဲ့မယ်လေ"

"ဟာ ... မောင်က ဘာလုပ်ဖို့ လိုက်မှာလဲ"

"ကောင်မလေးတွေ လိုက်ရှိတ်မယ်လေ"

"မောင်နော်"

သက်က လက်နှစ်ဖက်ကို ဆတ်ခနဲရုပ်ပြီး လှည့်ထွက်သွားတော့သည်။ သူ ပျာပျာသလဲ ထ,ပြီး သက်ကို အတင်းပြေးလိုက် လက်ဆွဲထားရ၏။ သက်က မကျေမနပ် မျက်စောင်းထိုးရင်း ဆောင့်ရုန်းသည်။

"အလကား ပြောတာပါ သက်ရာ၊ မောင်က သက်ကို စိတ်မချလို့၊ သက်နောက် ဘယ်ကောင်တွေ လိုက်လာသလဲလို့ ချောင်းမလို့"

"သွားပါ ... အပိုတွေ"

စိတ်မကောက်နဲ့နော် သက်၊ မောင်ဈေးလိုက်ပို့မယ်၊ ပြီးတော့ မောင်က ဆေးသုတေသနဘက် ခဏသွားမယ်၊ ပြီးတော့မှ သက်တို့ကို ပြန်လာစောင့်မယ်၊ ဖြစ်တယ် မဟုတ်လား"

သက်က ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ...

"ဖြစ်တယ် ... ဖြစ်တယ်"

ဟု ပြောသည်။

"ဆေးသုတေသန ဆိုပြီး ဦးတည်ရာကိုလည်း တည့်တည့်သွားဦးနော်"

"သက်ရယ်"

သူ့သက်ပြင်းရှိုက်သံ ကြားတော့ သက်က ရယ်ချင်ချင် မျက်နှာဖြင့် လှည့်ကြည့်ပြီး ...

"ဘယ်လို ဖြစ်ရပြန်တာလဲ"

ဟု မေးသည်။

"သြော် ... စိတ်မကောင်း ဖြစ်သွားတာပါ၊ သက် မောင့်ကို လုံးဝမယုံတော့ဘူး ထင်တယ်နော်"

"ကဲပါ မောင်ရယ်၊ လာချွဲမနေစမ်းပါနဲ့၊ သိလျက်သားနဲ့၊ မယုံမှတော့ မောင့်နောက်ကို သက် တကောက်ကောက် လိုက်နေမှာပေါ့"

သက်၏လက်ခုံကို ဖျတ်ခနဲ ဆွဲယူနမ်းလိုက်တော့ သက်က နှုတ်ခမ်းစူရင်း ...

"ခုထိ ချွဲချင်တုန်း"

ဟု အစ်မကြီး တစ်ယောက် လေသံဖြင့် ပြော၏။

"သားနဲ့ သမီးကိုရော"

"ထုံးစံအတိုင်းပေါ့၊ မေမေတို့အိမ် ဝင်ပို့ခဲ့မယ်လေ"

ဟု သက်ပြောသည်။

"မေမေတို့က စိတ်မကောင်း ဖြစ်နေဦးမယ်၊ သူ့မြေးတွေလာလို့"

သက်က ရယ်မောရင်း သူ့ခါးကိုဖက်၊ သူ့ပခုံးကို ခေါင်းမှီသည်။ သားကြီးက အိမ်အပေါ်ထပ်မှ ဝုန်းဒိုင်းကြဲ ပြေးဆင်းလာရင်း ...

"သားတို့ပါ လိုက်မှာနော် မေမေ"

ဟု နားစွန်နားဖျား စကားဖြင့်ပြောသည်။

"အေး ... အေး ... လိုက်ရမယ်"

"မီးရော"



"အေး ... သမီးလည်း လိုက်ရမှာပေါ့၊ ဘွားဘွားတို့အိမ်ကို"

"ဟေး ..."

"ကဲ ... သွား၊ အဝတ်အစား သွားလဲကြ"

သက်က သူ့လက်မောင်းကို လက်သီးဆုပ်ဖြင့် ထုပြီး သားနှင့်သမီးကို လက်ဆွဲလျက် အိမ်ပေါ်တက်သွားတော့သည်။ ကြည်နူးပျော်ရွှင်နေကြသည့် သားအမိတစ်တွေကို ကြည့်ရင်း တစိမ့်စိမ့်ပီတိဖြင့် ငြိမ်းချမ်းရပြန်သည်။

ဘဝဆိုတာ သည်လိုပါပဲလေ ...

ကြမ္မာဆိုး ဆိုတာလည်း ကြိုမြင်နိုင်သည်မှမဟုတ်တာပဲ။

♥ ❋ ♥

“သက်”

ကားသော့ကိုဖြုတ်ပြီး ကားတံခါးကို ပိတ်သည်။ အိမ်ပေါ်မှ အပြေးအလွှား ဆင်းလာသံကြား၏။ လက်ပတ်နာရီကို ဘယ်နှကြိမ်မြောက်မှန်းမသိ ငုံ့ကြည့်မိပြန်သည်။ တံခါးရှေ့လာရပ်သော အရိပ်ကို ဖျတ်ခနဲ မော့ကြည့်သည်။

“သူဇာ”

“ဟဲ့ … ထင်လင်း”

“စောင့်လိုက်ရတာ၊ နင်တို့က ဘယ်လိုလုပ်ပြီး အိမ်ပြန်ရောက်နေရတာလဲ၊ ငါ့မှာတော့ ရှာလိုက်ရတာ၊ တစ်ဈေးလုံးလည်း နှံ့လို့”

“ဟဲ့ … ဘာဖြစ်လာတယ် ဆိုတာ အရင်မေးဦး”

“ဟင် … သက် … သက် ဘာဖြစ်လဲ”

“ဟင်း … ခုမှ …”

သူဇာ့ မျက်နှာဘက် အဲတော့မှ သေချာ အကဲခတ်ကြည့်မိသည်။ သက်ကို ခုထိ မမြင်ရသေး။ ခုတလောမှာ ရှင်မောရခြင်းက မိတ်ဆွေရင်းချာလို ဖြစ်နေပြီ။

“သက် ဘာဖြစ်လို့လဲ သူဇာ”

လှေကားဆီ အပြေးတစ်ပိုင်းသွားရင်း မေးမိသည်။



“နင့် ပြဿနာလေ”

“ဘာ”

“နင့်ကောင်မ ပြဿနာပေါ့”

နားတွေအူပြီး နားထင်ကြောတွေ ပူရှိန်းသွားသည်။ နောက်ထပ် တစ်ကြိမ်၊ ဒုတိယအကြိမ်။

♥ ❋ ♥

"သူ့ကို မတူမတန်သလို ပြောလို့တဲ့လေ၊ မေသက်ကို ပြောလိုက်တာများ ရစရာမရှိအောင်ပဲ၊ တို့လည်း အစက တော့ ကြောင်နေတာပေါ့၊ ဘလိုင်းကြီး လာချဲနေတာကိုး၊ မေသက်ကို အသုံးမကျဘူးတဲ့၊ လင်တစ်ယောက်ကိုတောင် အထိန်းအသိမ်း မတတ်လို့ သူ့ဆီရောက်လာတာပေါ့၊ ပြောတဲ့စကားတွေက ကြားရတဲ့သူ ရှက်ဖို့ကောင်းလိုက် တာ၊ သူကတော့ လုံးဝ အရှက်မရှိတဲ့အစားထဲကပဲ ...

"သူ့ဘက်တော့ အမြဲအဆင်သင့်ပဲတဲ့၊ နင့်ကိုလည်း ချစ်လွန်းလို့ သူက ရအောင်ကို ယူဦးမှာတဲ့၊ မယားငယ် ပဲဖြစ်ဖြစ်တဲ့၊ ဘယ်လိုမိန်းမလဲ၊ ထင်လင်းရယ် ... နင် ဒီလောက် အောက်တန်းကျတဲ့ မိန်းမနဲ့များ ပတ်သက်ရ တယ်လို့ ငါ အံ့ဩလိုက်တာ ...

"ငါလည်း ပက်ပက်စက်စက် ပြန်ပြောပစ်ခဲ့တယ် လေ၊ မေသက်ကတော့ ကြောင်ပြီး ဘာမှမပြောနိုင်ဘူး၊ မျက်ရည်တွေလည်လို့၊ သက်သက် အစော်ကားခံရတာ၊ တမင်သက်သက်ကို သူ့ကိုယ်သူ မိတ်ဆက်ပြီးတော့မှ အရှက်တကွဲဖြစ်အောင်လုပ်တာ၊ ဒါကြို့တင်ကြံစည်ပြီးတော့ လုပ်တာ၊ ငါ တရားစွဲမယ် အဲဒီကောင်မကို"



"တော်ပါတော့ သူဇာရယ်"

"ဘယ့်နှယ်တော်ရမှာလည်း မေသက်ရယ်၊ နင်က ဒါကိုများ တနုံ့နုံ့နဲ့ ငိုယိုနေသေးတယ်၊ နင့်နောက် ပြေးလိုက်ရလို့၊ မဟုတ်ရင် အဲဒီဟာမကို ငါ ပါးဆွဲရိုက်ပစ်ခဲ့တယ်"

"ကိုယ့်လူက သွားပတ်သက်နေတာကိုး"

သူ ဆတ်ခနဲ ခေါင်းထောင်သွားသည်။ သက် စကား ကို သူ ဘယ်လိုမှ မတုံ့ပြန်နိုင်ပါ။ ဒါ အမှန်ပဲလေ။ သည်မိန်းမ ကိုမှ ပတ်သက်ခဲ့မိသည်။

မျက်ရည်ကြောင့် နွမ်းနယ်နေသော သက် မျက်နှာကို မဝံ့မရဲ ကြည့်မိသည်။

ဘယ်လောက် စိတ်ဆင်းရဲရှာမလဲ ...

ဘယ်လောက် အရှက်ရလေမလဲ ...

ရက်စက်နိုင်ပါလား ဟာန်နီရယ်။ သည်စကားရပ်တွေ က သူမအတွက် မတန်တော့ဘူး ထင်ပါရဲ့။

"မေသက်ပန်က သိပ်သဘောထားကြီးတဲ့ မိန်းမပေါ့နော်"

အပြစ်မဲ့သည့် သူ့ဇနီးသည်ကိုမှ တမင်ရွေးပြီး အကြီးအကျယ် စိတ်ဒုက္ခပေးခဲ့သည့်မိန်းမ ...

သူတို့မိသားစုကို ကစဉ့်ကလျားဖြစ်အောင် သွေးတိုး လှုံ့ဆော်ခဲ့သည့်မိန်းမ ...

သူတို့နှစ်ဦး၏ ပျော်ရွှင်ကြည်နူးဖွယ် အချိန်များကို မျက်ရည်များနှင့် ပြွမ်းတီးအောင် ပြုစားခဲ့သည့်မိန်းမ ...

သူ့အပေါ် ချစ်သူ၏ ယုံကြည်မှုတွေ တစ်သက်တာ ပြယ်လွင့်သွားအောင် ဖြားယောင်း သွေးဆောင်ခဲ့သည့်မိန်းမ ...

နောက်ထပ်လည်း ဒုက္ခတွေအမျိုးမျိုးကို ရွေးချယ်ပြီး လက်ဆောင်ပေးနေဦးမှာပဲ။

နင်ဟာ တို့မိသားစုအတွက် မိစ္ဆာတစ်ယောက်ပဲ။

နင်ဟာ လောကကြီးထဲမှာ ရှိနေဖို့ မကောင်းတော့ဘူး ဟန်နီ။

"တောက် ..."

ဝုန်းခနဲ ထရပ်သည်။ အိပ်ခန်းတံခါးကို ဆွဲအဖွင့် ...

"မောင် "

နူးညံ့သော ချစ်သူ၏ ခေါ်သံအောက်မှာ လောင်မြိုက်နေသော ဒေါသ၊ မောဟ၊ သောက အငွေ့တွေ တစ်စစီပါးလျက် ပြိုကွဲသွားရတော့သည်။

♥ ❀ ♥



"မောင် ဘယ်မှ မသွားရဘူး၊ ဒီအချိန်မှာ ဘာကိုမှ မဆုံးဖြတ်ပါနဲ့ မောင်ရယ်၊ သက်ကို ချစ်တယ်ဆိုရင် သနားတယ်ဆိုရင် သက်အနားမှာပဲ နေပါနော်၊ သက် နားလည်တယ်"

"သက်ရယ် ... မောင့်ရင်တွေ ကွဲလိမ့်မယ်၊ သက် ဘာဖြစ်လို့ မောင့်ကို ဒီလောက် ချစ်ရတာလဲ၊ မောင့်အမှားတွေပါ သက်ရယ်၊ တကယ်တော့ မောင်က အလကားကောင်၊ စိတ်ဓာတ်မခိုင်မာတဲ့ကောင်၊ သစ္စာမရှိတဲ့ကောင်"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ဒါ တမင်သက်သက် အငြိုးကြီးကြီးနဲ့ လက်စားချေနေတာ မောင်ရဲ့၊ မောင်နဲ့ သက်ရဲ့ကြားထဲကို ရည်ရွယ်ချက်တစ်ခုနဲ့ တမင်နှောင့်အယှက်ပေးနေတာ၊ အဲတော့ မောင်ဘက်က နောက်ထပ် ခြေလှမ်းမမှားအောင်နေတော့"

သက်ကို သူ အထိတ်တလန့် မော့ကြည့်မိသည်။ သက်လို အခြေအနေတစ်ခုမျိုးကို ကျိုးကြောင်းဆက်စပ်နားလည်နိုင်သည့် ဇနီးတစ်ယောက် ရခဲ့ခြင်းအတွက် သူ ကံကောင်းခဲ့သော်လည်း ဟန်နီ့လို အငြိုးအတေးကြီးတတ်သူ၊ ဦးနှောက်မဲ့သူမိန်းမတစ်ယောက်နှင့် ဆုံခဲ့ရခြင်းအတွက် သူ ကံဆိုးသည်။

"ဟုတ်တယ် သက်၊ မောင် သူ့ကို လျှော့တွက်ခဲ့တာများ တာပဲ"

"သူက မောင့်ကို ရအောင်ယူဦးမှာတဲ့ မောင်ရဲ့၊ သက်က မောင့်ဇနီး ဖြစ်နေတာကို သူ မကြည်ဖြူဘူးလေ"

"အဲဒီမိန်းမ ဦးနှောက်မှ ကောင်းသေးရဲ့လား ထင်လင်း ရယ်"

သူဇာ့ အမေးက အရေးတကြီး စဉ်းစားစရာပင် ဖြစ်သည်။

"သူ ရူးရိုးဆစ်များ ဖြစ်နေသလားမသိဘူး"

ဘယ်လိုပဲလှည့်တွေးတွေး ထိုမိန်းမအပေါ် မုန်းတီး နာကြည်းစိတ်တွေကတော့ ပျောက်ပျယ်မသွားနိုင်ပါ၊ ခုချိန် ထိုမိန်းမ နှင့် မျက်နှာချင်းဆိုင်မိလျှင်တော့ သတ်ပစ်မိမှာပဲ။ သည်မိန်းမ က သေခြင်းတရားနှင့် ထိုက်တန်သူလေ။ လောကကြီးထဲမှာ သူမ ရှိနေခြင်းအတွက် ဘယ်လိုကောင်းကျိုးတရားတွေ ဖြစ်မလာ နိုင်ပါ။

"မောင် သားတို့ကို သွားခေါ်လိုက်ဦးမယ်"

"ဟင့်အင်း ... မောင် မသွားနဲ့"

သက်က သူ့လက်မောင်းကို အတင်းဆွဲထားသည်။ သူဇာက သူ့တို့နှစ်ဦးထံ စိတ်မသက်မသာ လှမ်းကြည့်ရင်း ...

"ကဲ ... ငါ သွားခေါ်လိုက်ပါ့မယ်"

ဟု ပြော၏။

"ပေး ... ကားသော့"

"ကျေးဇူးပါပဲ သူဇာရယ်"



"မလိုပါဘူး၊ ဒါဟာ သင်ခန်းစာပဲ ထင်တယ်၊ နင်တို့ ယောကျ်ားတွေက တစ်ခုဝလုံးကို ခဏတာ သာယာမှု လေးတွေနဲ့ လဲယူချင်တာကိုး၊ အဲဒါက နင်တို့ရဲ့ အားနည်း ချက်ပဲ၊ ကဲ ... ခုတော့ ကိုယ့်မိသားစုထဲမှာ စိတ်မချမ်း သာစရာတွေ ကြုံရပြီမဟုတ်လား၊ နင်တို့အတွက် သာယာ ခဲ့ရတာက အဲဒီနေရာမှာတင် ခဏနဲ့ ပြီးပြီးပျောက်ပျောက် ဖြစ်သွားတာ၊ စိတ်ဆင်းရဲစရာတွေကသာ နင်တို့နောက် ကို ထက်ကြပ်လိုက်လာတာ၊ ခုဆို နင်တစ်ယောက်တင် မကဘူး၊ မေသက်ပါ နင့်ရဲ့ ဆိုးကျိုးကို မျှခံနေရပြီ ...

"တဒင်္ဂသာယာမှုကို မမြင်ပါနဲ့ ထင်လင်းရယ်၊ ဘဝတစ်ခုလုံးရဲ့ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုဆိုတာကို ထည့်တွက်ပါ၊ ငါ ယောကျ်ားပဲ၊ ငါ့အတွက် သဘာဝတရား ကြီးက အခွင့်အရေးပေးထားတာပဲ ဆိုပြီး ရသမျှ အခွင့် အရေးကို လက်လွှတ်စပယ် မယူချင်ပါနဲ့၊ ယောကျ်ား ဆိုတာ ယောကျ်ားပီသရတယ်၊ အိမ်ထောင်တစ်ခုမှာ စံပြ ဖြစ်နေရမယ်၊ ကိုယ့်ဘက်က အပြစ်ကင်းစင်မှ ကိုယ့်ရဲ့ ဇနီးဖြစ်သူက ကိုယ့်ကို လေးစားမယ်၊ သားသမီးတွေကို လည်း လိပ်ပြာသန့်သန့်နဲ့ ဆုံးမနိုင်တာပေါ့ ...

"မေသက်ကတော့ နင့်ကိုချစ်ဖို့၊ အလိုလိုက်ဖို့ပဲသိ တယ်၊ နင့်ကို ဒီစကားတွေ ပြောချင်မှာမဟုတ်ဘူး၊ အဲဒါ ကြောင့် ငါက ဝင်ပြောပေးရတာ၊ ငါ့ကို စိတ်ဆိုးချင်လည်း ဆိုး"

အခန်းတံခါးဝမှာ ရပ်နေသည့် သူဇာ့ကို သက်က မျက်ရည်ဝေ့သီသော မျက်ဝန်းများဖြင့် ငေးကြည့်နေသည်။ ရင်ထဲနာကျင်လိုက်သည့်ဖြစ်ခြင်း။

"ငါ စိတ်မဆိုးပါဘူး သူဇာ၊ နင့်ကို ငါ ကျေးဇူးတင်ပါတယ်၊ နင်ပြောတဲ့ စကားတွေက သိပ်ပြီး အဖိုးတန်ပါတယ်၊ နောက် ဘယ်တော့မှ ဒီလိုအမှားအယွင်းမျိုး မဖြစ်စေရဘူး ဆိုတာ နင့်ရှေ့မှာ တိုင်တည်ပြီး သက်ကို ငါ သစ္စာဆိုပါတယ်"

"အေးဟယ် ... ငါ ဝမ်းသာပါတယ်"

သူဇာ လှစ်ခနဲ ပျောက်သွားသည်။ သက်က မျှော်လင့်ခြင်း၊ ကြည်နူးခြင်းတွေ ပြည့်လျှံနေသော မျက်ဝန်းအစုံဖြင့် သူ့ကို စိုက်ကြည့်နေ၏။ သက်၏ ဘယ်လက် လက်ဖဝါးကို ဆွဲယူပြီး စိတ်လှုပ်ရှားစွာ ဆုပ်နယ်နေမိသည်။ ရင်ခုန်သံတွေက ပြင်ဦးလွင်မှာ သက်နှင့် စပြီး မျက်လုံးချင်းဆုံရစဉ်ကလိုပါပဲ။

"သက်"

"မောင်ရယ်"

သက် ပါးပြင်မှာ မျက်ရည်တွေ လိမ့်ဆင်းလာသည်။ သူ့ပခုံးစွန်းမှာ ခေါင်းမှီလျက် သက်က ဝမ်းနည်းဝမ်းသာ ငိုရှိုက်နေတော့သည်။

"တိတ်ပါတော့ သက်ရယ်၊ နောက်ဆို မောင်တို့ မိသားစုလေးထဲမှာ ခုလို စိတ်ဆင်းရဲစရာတွေ လုံးဝဝင်မလာစေရတော့ပါဘူး၊ မောင် ကတိပေးတယ်နော် သက်"

သက်က မျက်နှာမဖော်ဘဲ ခေါင်းညိတ်သည်။



"နောက်ပြီးတော့လေ၊ သက်ကို မောင် အသိမပေးရသေးဘူး၊ မောင် နယ်ဆေးရုံကို ထရန်စဖာ တင်ထားတာ ရပြီ"

"ဟင် ... ဘယ်မှာလဲ"

"တရုတ်ပြည်နယ်စပ် မူဆယ်မှာ"

"ဘယ်လိုဖြစ်လို့လဲ မောင်ရယ်"

"ရန်ကုန်မှာ အလုပ်လုပ်ရတာ ငြီးငွေ့ စိတ်ကုန်လာလို့ မောင် ထရန်စဖာတင်ဖို့ စဉ်းစားနေတာကြာပြီ၊ ဒီမိန်းမ အမျိုးမျိုး နှောင့်ယှက်နေတော့ မောင်လည်း စိတ်ညစ်ပြီး မြန်မြန်တင်ဖြစ်သွားတာပဲ၊ သက်ကို မတိုင်ပင်မိတာ စိတ်မဆိုးပါနဲ့ သက်ရယ်၊ မောင် ကမန်းကတန်း စီစဉ်လိုက်တာမို့ပါ"

"သက်တို့က ..."

"ဟာ ... သက်တို့ပါ လိုက်ရမှာပေါ့၊ မောင်က သက်တို့သားအမိတွေကို ထားခဲ့ရမှာလား၊ သက်နဲ့မောင် ခွဲမနေနိုင်ပါဘူး၊ သားတို့ သမီးတို့နဲ့လည်း မောင် ခွဲမနေနိုင်ဘူး"

သူ့အင်္ကျီရင်ဘတ်မှာ ကြယ်သီးတွေကို လက်ချောင်းများဖြင့် လှည့်ကစားနေရင်း ...

"မောင့်သဘောပါပဲ"

ဟု သက် ပြောသည်။

"မောင်တို့ ကလေးတွေလည်း မွေးပြီးကတည်းက ရန်ကုန်မှာကြီးရတာ အပြောင်းအလဲ ဖြစ်သွားတာပေါ့၊ ဟိုမှာဆို အနှောင့်အယှက် ကင်းကင်းနဲ့ မောင်တို့ ပျော်စရာကောင်းမှာပါ"

"အဲတာ မောင့်အပေါ်မှာ မူတည်တာပါနော်"

သက်က မျက်စောင်းဖြင့် ချစ်စဖွယ်ပြောသည်။

"ဟုတ်ပါတယ် သက်ရယ်၊ မောင် အကြိမ်ကြိမ်အခါခါ သတိပေးပါတယ်၊ သက် မယုံရင် စောင့်ကြည့်ပေါ့"

သက်ပြင်းရှိုက်သံကြားရသည်။ သက် မျက်နှာညှိုးသည်ကိုမြင်တော့ ရင်ထဲ နင့်ခနဲ ကြေကွဲရပြန်သည်။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်စကားတွေ အခါခါဆိုရင်း ...

ထိုမိန်းမကိုလည်း ...။

♥ ❋ ♥



ဆောင်းကုန်ခါနီး ရက်တစ်ရက်ဖြစ်သည်။ ရန်ကုန်မှာတော့ ဆောင်းနှောင်းကာလဆို အနည်းငယ် ပိုအေးသလိုရှိ၏။ နံနက်ခင်းကို နှင်းငွေ့တွေ ဝေနေတာကို မြင်ရတတ်ပြီး နေရောင်ခြည်လာသည်နှင့် နှင်းကွဲသွားတာပါပဲ။ အလုပ်ပြောင်းရခါနီးရက်မို့ အိမ်ထဲကအိမ်ပြင် မထွက်ဘဲ ပစ္စည်းပစ္စယတွေ သိမ်းဆည်းပြင်ဆင်နေရင်းပဲ အချိန်ကုန်သည်။

သူ တာဝန်ကျသည့် မူဆယ်ဆေးရုံကို သူက အလျင်သတင်းပို့သွားမည်။ နေရာထိုင်ခင်း အခြေအနေကြည့်ပြီး မိသားစုနေထိုင်စားသောက်ရေး အဆင်ပြေအောင် စီစဉ်မည်။ ပြီးတော့မှ သက်နှင့် သားသမီးတွေကို ရန်ကုန် တစ်ခေါက် ပြန်လာခေါ်မည်။

မေမေတို့ကတော့ မြေးတွေကိုလွမ်းနေမှာပဲ။ သို့ပေမဲ့ သားကြီး၏ ပညာရေးကလည်း ရှိသေးသည်။ နယ်မှာ အခြေအနေမဟန်လျှင်တော့ ရန်ကုန်မှာ သူ့အဘိုးအဘွားနှင့်ထားပြီး ကျောင်းတက်စေရမှာပဲ။ သည်လိုဆိုလျှင်လည်း သားကြီးက အဖေအမေနှင့် သူ့ညီမလေးကို ခွဲနိုင်မှာမဟုတ်ပြန်။

စိမ့်စိမ့်အေးအေးရာသီမို့ အိပ်ရာထဲ ဇိမ်ယူနှပ်နေသော ထင်လင်းကို တယ်လီဖုန်းသံက နိုးထစေခဲ့သည်။ သား

နှင့် သမီးက သူ့နံဘေးမှာ အိပ်မောကျနေတုန်း။ သက်ကတော့ နံနက်စောစောမှာ ချမ်းချမ်းစီးစီးနှင့် ဈေးသွားပြီထင်သည်။ ညဘက် ဆို အိပ်ခန်းထဲ ရွှေ့ထားတတ်သည့် တယ်လီဖုန်းဆီ လက်လှမ်း ယူသည်။

"ဟဲလို ... ထင်လင်းပါ"

"ကိုကို ..."

"ဟင် ..."

နားထဲ သံရည်ပူနှင့် လောင်းချလိုက်သလို ...

"ဟိတ် ... ဖုန်းမချနဲ့နော်၊ ပလပ်လည်း ဖြုတ်မထားနဲ့ဦး၊ အရေးတကြီး ပြောစရာရှိလို့ ကိုကို မှုဆယ်ကိုပြောင်းမလို့ ဆို၊ မနက်ဖြန် မနက်စောစောကြီး ရထားနဲ့ သွားမှာ မဟုတ်လား ဟန်နီလည်း လိုက်ချင်တယ် ကိုကိုရာ၊ လိုက်ခဲ့မယ်နော်၊ ဟန်နီ ရထားလက်မှတ်လည်း ဝယ်ထား ပြီးပြီ၊ အထက်တန်းတွဲ(၂)မှာပဲလေ၊ ထိုင်ခုံနံပါတ်က ဆယ့်ကိုး ..."

"ဂလောက် ..."

မေးကြောတွေတင်းပြီး နာကျင်လာသည်အထိ အံ ကြိတ်ထားမိသည်။ ဒါဟာ သူ့ကို လှောင်ပြောင်ခြင်းလား၊ ဒါမှ မဟုတ် သူတို့မိသားစု ပြိုကွဲဖို့အထိ နှောက်ဆုံးထိုးနက်ချက် လား ...

ဟန်နီ ...

တိရစ္ဆာန်မ ...

စုန်းမ ...



မုန်းတီးရွံရှာစက်ဆုပ်ခြင်းတွေ ရင်ထဲမှာ ဗလောင် ဆူလျက် ...

နင် သေသွားရင်ကောင်းမှာ ...

နင် အမြန်ဆုံးသေသွားရင် ...။

♥ ❋ ♥

## အခန်း(၆)

ရထားအရှိန် တဖြည်းဖြည်းလျော့လာသည်။ ဘူတာရုံတစ်ခုလုံး မီးရောင်တွေနှင့် လင်းချင်းလျက်။

ဖန်စပ်နေသော မျက်လုံးများကို အနိုင်နိုင် အားယူဖွင့်သည်။ မျက်နှာတစ်ပြင်လုံးကို ရေအေးမျက်နှာသုတ်ပဝါအဝတ်ဖြင့် ပွတ်လိုက်၏။ ရထားဘီးနှင့် သံလမ်းပွတ်ကြိတ်သံ အဆက်မပြတ် ပေါ်ထွက်နေသည်။

ဘူတာရုံထဲ ရှိနေသူတွေလည်း ဟိုပြေး သည်လွှား၊ ရထားစီး ခရီးသည်တွေလည်း အထုပ်အပိုးချသူချ၊ ကြိုမည့်သူကို ရှာသူရှာ၊ ရထားတဲမှာ ရှုပ်ယှက်ခတ်နေသည်။ သူကတော့ ရထားတွဲမီးများ မှိတ်သွားချိန်အထိ အေးအေးဆေးဆေးပင်။ နောက်ဆုံးမှ ရထားပေါ်က ဆင်းသည်။

လာကြိုသူမရှိ။ မီးရောင်တွေကြားက ဘူတာအပြင်ဘက် ကွက်ကွက်သာမြင်ရသည့် ရန်ကုန်မြို့တော်၏ ညကို ငေးကြည့်ရင်း ရင်ထဲမှာတော့ ဟာလာဟင်းလင်း အေးစက်လို့။

"ဟဲ့ ... ထင်လင်း"

"ဟာ ... သူဇာ၊ သက် ... သက်ရော"



"ဟိုမှာ နင့်ကို စောင့်နေတယ်"

"ဘယ်မှာလဲ"

"လာ ... လာ ... ကားပေါ်တက်၊ တို့ သွားကြရအောင်"

ရင်းနှီးခဲ့သော နံ့သာရောင် အက်စ်အီးဝမ်းပွိုင့်အိပ်(န)နံပါတ်ကားကလေး ...

သူဇာက ကားမောင်းသူနေရာမှာ ဝင်ထိုင်သည်။ ကားစက်နှိုးပြီး ဘူတာရှေ့ ပန်းခြံကိုပတ်လျက် ထွက်ပေါက်ဆီ ဦးတည်သွား၏။

အောင်ဆန်းကွင်းဘေး အထက်ပန်းဆိုးတန်း လမ်းမကြီးပေါ် ရောက်လာသည်။

"ထင်လင်း"

ဘယ်နှလိပ်မြောက်မှန်း မသိတော့သော စီးကရက်ကို သူ မီးညှိသည်။ မီးခြစ်မှ မီးတောက်အရောင်ဖြင့် တည်ငြိမ်နေသော သူဇာ့မျက်နှာကို မြင်ရသည်။

"မေသက်ကို သူတို့ ဖွဲ့ချက်တင်တော့မယ်"

"ဘာအတွက်လဲ"

"လူသတ်မှုလေ၊ ကြိုတင်ကြံစည် သေကြောင်းကြံမှု ပုဒ်မ ၃၀၂၊ ၁(ခ)"

သူ မခိုးမခန့်ရယ်တော့ သူဇာက သူ့ကိုမျက်မှောင်ကြုတ်ရင်း လှည့်ကြည့်သည်။

"သူတို့မှာ ဘာခိုင်လုံတဲ့ အထောက်အထားရှိလို့ ဖွဲ့ချက်တင်မှာလဲ"

"ခိုင်လုံတဲ့ အထောက်အထားတွေ သူတို့ ရထားလို့နေမှာပေါ့၊ ပိုဆိုးတာက မေသက်"

"သက်"

"မေသက်က ဟန်နီ့ကို သူ သတ်တာပါလို့ ပြောနေတယ်"

"ဘာ"

♥ ❋ ♥





## အခန်း(၁)

ရန်မိုးက ငါးသုံးလုံး စီးကရက်ဘူးကို စားပွဲပေါ် ပစ်တင်လိုက်ရင်း ...

"ထိုင်ပါ အစ်ကို"

ဟု ဒေါက်တာထင်လင်းကို ပြောသည်။

"အစ်ကို့ကို ကျွန်တော်တို့ စောင့်နေတာ"

သူက သောက်လက်စ မယ်လ်ဘိုရို စီးကရက်ကို စားပွဲပေါ်ရှိ ဆေးလိပ်ခွက်ထဲ ထိုးခြေလိုက်ပြီး ကြိမ်ကုလားထိုင်မှာ သက်သောင့်သက်သာ ဝင်ထိုင်သည်။ သူ့မျက်ဝန်းတွေက ပြင်းပြင်းထန်ထန် ပင်ပန်းနာကျင်နေသည့် ဝေဒနာတွေကို ဖော်ပြနေသလိုရှိပြီး အရာအားကို စိတ်အေးလက်အေး ရင်ဆိုင်နိုင်မည်ဟု ဆုံးဖြတ်ချက် တစ်ခုလည်း ပေါ်လွင်နေသည်။ တကယ်တော့ ဒေါက်တာထင်လင်းသည် မိန်းကလေးတွေ အရူးအမူး စွဲလမ်းရလောက်အောင် သန့်ပြန့်ချောမောပြီး သူ့စတိုင်လ်ကတော့ သပ်ရပ်သန့်ပြန့်နေမြဲပါပဲ။

"ကျွန်တော့်ဇနီးနဲ့ ကျွန်တော် တွေ့ချင်ပါတယ်"



"ဟုတ်ကဲ့ ခင်ဗျာ၊ ခဏလေးစောင့်ပါ ကျွန်တော်တို့ ခေါ်ခိုင်းထားပါတယ်၊ ဒေါ်မေသက်ပန်က ဟန်နီ့ကို သူ သတ်ပါတယ်လို့ ..."

"အဲဒါ လုံးဝမဟုတ်ဘူး၊ သူ လိမ်ပြောနေတာ"

"ခင်ဗျာ"

"ဟန်နီ့ကို သတ်တာ ကျွန်တော်ပဲ၊ သူ့ကိုသတ်ဖို့ တစ်နေ့လုံး ကြံစည်စဉ်းစားပြီးမှ သေချာအကွက်ချပြီး မသေမချင်း သတ်ခဲ့တာ၊ သက်က လူတစ်ယောက် အသက်ကို မပြောနဲ့ ပုရွက်ဆိတ်တစ်ကောင်ကိုတောင် သက်ရက်တဲ့ မိန်းကလေး မဟုတ်ပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာထင်လင်း"

ရန်မိုးက ဘသော်ကို လှမ်းကြည့်သည်။ ဘသော် ဟင်းခနဲ သက်ပြင်းရှိုက်၏။ သည်အဖြေကို အစောကြီးကတည်းက သူတို့ သိထားပြီးပြီ။ သို့ပေမဲ့ သက်သေခံ အထောက်အထား မခိုင်လုံလျှင် တရားခွင်ရောက်မှ တရားခံလွတ်မြောက်သွားနိုင်သေးသည်။ သေချာမှုတစ်ခု သူတို့ဆီမှာ လိုအပ်သည်။

တရားခံကိုယ်တိုင်က ဖြောင့်ချက်ပေး ဝန်ခံဖို့ ...

"ကျွန်တော့်ဇနီးမှာ အပြစ်မရှိပါဘူး၊ ကျွန်တော့်ဇနီးနဲ့ ဘာမှ မဆိုင်ပါဘူးဗျာ၊ သူ့ကို လွှတ်ပေးပါ"

ဒေါက်တာထင်လင်းက ရန်မိုးနဲ့ ဘသော်ကို အင်အားချည့်နဲ့ ဖျော့တော့သော မျက်ဝန်းအစုံဖြင့် မော့ကြည့်လေသည်။....

"ဟုတ်ကဲ့ ... ဒေါက်တာရဲ့ဇနီး မေသက်ပန် အနေနဲ့လည်း တရားခံ ဘယ်သူဆိုတာကို သိနေလောက်ပါပြီ၊ အဲဒါကြောင့်ပဲ အစ်ကိုအတွက် ကာကွယ်တဲ့အနေနဲ့ အစ်ကို့အပေါ် သံသယတွေ လျော့သွားအောင် သူ သတ်တာပါလို့ လိမ်ပြီးထွက်ဆိုတာ ဖြစ်နိုင်ပါတယ်"

"သက်ရယ်"

ကြေကွဲထိက်စွာ ညည်းညူသံ။ ဒေါက်တာထင်လင်း မျက်ဝန်းတွေ နီရဲစိုစွတ်လာသည်။

"ဒါပေမဲ့ ကျွန်တော်တို့က သူ သတ်တယ်ပြောတိုင်း သူ့ တရားခံပါလို့ လက်လွတ်စပယ် စွပ်စွဲလို့ ရတာမျိုးမဟုတ်တော့ သူ့ရဲ့ထွက်ချက်တွေ၊ သက်သေခံပစ္စည်းတွေနဲ့တိုက်ပြီး စစ်ဆေးကြည့်ရပါတယ်၊ ချင့်ချိန်ရပါတယ်၊ အခင်းဖြစ်တဲ့ညက ဒေါ်မေသက်ပန် အိမ်မှာရှိနေပါတယ်၊ အစ်ကိုကတော့ အပေါင်းအသင်းတွေနဲ့ ညစာစားပွဲ သွားမယ်လို့ပြောတယ်၊ တကယ်လည်း သွားခဲ့ပါတယ်၊ ဒါပေမဲ့ အစ်ကို ရက်စဥတောရင့်ကို ရောက်တဲ့အချိန်မှာ ဟန်နီ့ကို သတ်ပြီးနေပြီ၊ နောက်ဆုံး သက်သေတစ်ခုကတော့ အစ်ကို ဝတ်သွားတဲ့ သိုးမွေးအင်္ကျီပါပဲ"

ရန်မိုးကို ဒေါက်တာထင်လင်းက ပြုံးစစနှင့် မော့ကြည့်ပြီး ခေါင်းဆတ်ပြသည်။ သူ့သွေးအေးခြင်းနှင့် ခံနိုင်ရည်ကို ဘသော် စိတ်ထဲက အတော်ဖြုံသွား၏။ ပညာတတ်တစ်ယောက်၊ သွေးအေးသူ တစ်ယောက်မို့လည်း အကွက်စေ့အောင် ကြိုတင်ကြံစည်နိုင်ခဲ့သည် ထင်၏။



"အစ်ကို အဲဒီညက သိုးမွေးအင်္ကျီအဖြူ ဝတ်လာတယ်လို့ အစ်ကို့အပေါင်းအသင်းတွေက ပြောတယ်၊ ဟန်နီရဲ့အိပ်ရာပတ်ဝန်းကျင်မှာ အဲဒီသိုးမွေးအင်္ကျီက ချည်ခင်စလေးတွေကို တွေ့ရပါတယ်၊ သူက ကြောက်ကြောက်လန့်လန့် ကုတ်ဆွဲခဲ့တော့ သူ့ရဲ့လက်သည်းရှည်တွေထဲမှာလည်း အဲဒီ သိုးမွေးအမျှင်လေးတွေက ငြိပါနေသေးတယ် ခင်ဗျ ...

"နောက်ပြီး မူးယစ်ဆေး သွေးကြောထဲ ထိုးသွင်းရင်း သေဆုံးတယ်လို့ ထင်ရအောင် အစ်ကိုက ပြင်ဆင်ခဲ့ပေမဲ့ သူက နဂိုက မူးယစ်ဆေးသုံးတဲ့သူ တစ်ယောက်မဟုတ်တဲ့အပြင် ဆေးထိုးအပ်မှာလည်း သူ့လက်ဗွေရာကို မတွေ့ရဘူး၊ နောက်ပြီး အစ်ကိုက စိတ်လောပြီး သူ့ညာဘက်က် သွေးကြောထဲမှာ အပ်ကို သေသေသပ်သပ်စိုက်သွင်းခဲ့သေးတယ်၊ သူက ဘယ်သန်တစ်ယောက် မဟုတ်ဘူးဆိုတာ အစ်ကို မတွေးမိခဲ့ဘူး ထင်တယ်၊ အပ်သွင်းထားတဲ့ပုံစံကို ကြည့်ရုံနဲ့တင် ဒါဟာ အမြဲလုပ်ကိုင်ပြီး ကျွမ်းကျင်နေတဲ့ လူတစ်ယောက်ဆိုတာ သိသာပါတယ်၊ သူ့ကို အစ်ကိုက ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တာပဲ၊ ဟုတ်တယ်နော်"

သူလေးလေးပင်ပင် ခေါင်းညိတ်သည်။

"ဧည့်ခန်းအနီးတစ်ဝိုက်မှာရှိတဲ့ ဆံပင်ချည်တွေကိုလည်း ကျွန်တော်တို့ ခေတ်ခွဲစမ်းသပ်ထားပါတယ်၊ အစ်ကို့ဆံပင်ခြည်တွေနဲ့ စမ်းသပ်တိုက်ကြည့်လိုက်ရင် သေချာတဲ့ အဖြေတစ်ခု ထွက်လာမှာပါပဲ"

"ဟုတ်ပါတယ်ဗျာ ... ဟုတ်ပါတယ်၊ ခင်ဗျားတို့ ပြောသမျှ တွေ အားလုံး အမှန်တွေချည်းပါပဲ၊ ခင်ဗျားတို့ကို ကျွန်တော် ချီးကျူးပါတယ်"

ရန်မိုးက ခေါင်းယမ်းပြီး ပြုံးသည်။ ဘသော်ကတော့ ဟက်ဟက်ပက်ပက် ရယ်မိ၏။ သူတို့ ဘယ်လောက် ဦးနှောက် ခြောက်ပြီး ဘယ်မျှအဆူအဆဲ ခံခဲ့ရသည်ဆိုတာ ဒေါက်တာထင် လင်း သိမှမသိနိုင်တာဘဲ။

"အစ်ကိုကိုလည်း ကျွန်တော်တို့က ချီးကျူးပါတယ်၊ သူ့ ဆီက အီးစီဂျီစစ်ထားတဲ့ စာရွက်တွေနဲ့ ဆေးခန်းစာအုပ် တွေသာ ရှာမတွေ့ရင် ကျွန်တော်တို့ ဒီအမှုကို လုံးဝအစ ရှာလို့ ရမှာမဟုတ်ဘူး၊ ကျွန်တော်တို့ အတော့်ကို ဦးနှောက် စားရတာ"

"ကဲ ... အစ်ကို၊ ကျွန်တော်တို့ကို တစ်ဆိတ်လောက် ဘယ်လိုအကျိုးအကြောင်းဆိုတာ ဖြောင့်ချက်ပေးပါဦး"

ဟု ရန်မိုးက စာရွက်စာတမ်းများ ပြင်ဆင်ရင်း ပြောသည်။

"ကောင်းပါပြီဗျာ ဒါနဲ့ ဒီမိန်းမ တကယ်သေတာနော်"

ရန်မိုးက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"တကယ်သေတာပါဗျာ၊ သေရှာတာမှ ခွေခွေလေး၊ သေ တော့လည်း သနားစရာ အကောင်းသားပဲ၊ ဘာလဲ ... အစ်ကို့ကို သရဲလာခြောက်လို့လား"

သူက ဟက်ခနဲ ရယ်လျက် ...

"မခြောက်ပါဘူး"



ဟု ပြန်ဖြေသည်။

"သူ ကျွန်တော့်ကို သရဲမခြောက်ပါဘူး၊ ကျွန်တော်က သူ ဘယ်ဘဝရောက်ရောက် အခါတစ်ရာ ပြန်သတ်မှာဗျာ"

ခံပြင်းနာကြည်းခြင်းက ကြောက်စရာ ကောင်းလှ ပါလား။

♥ ❋ ♥

"ကျွန်တော် ခရီးမသွားခင် တစ်ရက် မနက်အစောကြီး သူ ကျွန်တော့်ဆီ ဖုန်းဆက်လာတယ်၊ ကျွန်တော်နဲ့ သူ လိုက်မယ်တဲ့၊ ကျွန်တော် ဝယ်ထားတဲ့ ရထားလက်မှတ် ခုံနံပါတ်တွေ အားလုံး သူသိနေတယ်လေ၊ သူ တကယ် လိုက်လာမှာ ကျွန်တော်သိတယ်၊ သူက ကျွန်တော့်ကို အငြိုးအတေးနဲ့ ကျွန်တော့်မိသားစု ပြိုကွဲအောင် လုပ်နေတာ၊ အဲတော့ သူ့ကို ကျွန်တော် သတ်ပစ်ချင်လောက်အောင် မုန်းလာတယ်၊ ရွံလာတယ်၊ စိတ်ထဲမှာဗျာ သူ့ကို အော့ နှလုံးနာတာ ဘယ်လိုပြောရမှန်းတောင် မသိအောင်ပါပဲ ..."

"အဲဒါကြောင့် သူ့ကို ကျွန်တော် သတ်မယ်လို့ကို ဆုံးဖြတ်ခဲ့တာ၊ ဘယ်လိုနည်းနဲ့မဆို သတ်မှာပဲ၊ သူလိုက် လာရင်လည်း သူ့ကို ကျွန်တော် ရထားပေါ်က တွန်းချပြီး သတ်မှာပဲ"

♥ ✻ ♥



## အခန်း(၂)

"မင်းကို ငါ အေးအေးဆေးဆေး ဆွေးနွေးနေတာ ဟန်နီ"

ညစ်ခံပွဲမှ ပြန်လာဟန်တူသော သူမသည် ခရမ်း ရောင်ဝတ်စုံဖြင့် သူ့ကို ယစ်မူးစေနိုင်လောက်အောင် လှပနေ၏။ သူမက သူ့အနားမှာ လာထိုင်ပြီး သူ့လည်တိုင်ကို သိုင်းဖက် သည်။

"ဟန်နီ့ လုပ်ရပ်တွေဟာ ဘာတစ်ခုမှ အဓိပ္ပာယ် မရှိ ဘူး"

"ဟန်နီ သိပါတယ် ကိုကိုရယ် ... ဟန်နီ သိပါတယ်၊ ဒါပေမဲ့ ဟန်နီ ရှုးနေပြီ ကိုကိုရဲ့၊ ဟန်နီ ကိုကို့ကို ပိုင် ချင်တယ်၊ ကိုကိုနဲ့ အတူနေချင်တယ်၊ ဘယ်လိုဘဝမျိုးပဲ ဖြစ်ဖြစ်ပါ ကိုကိုရယ်၊ မေသက်ပန်ကို ချစ်တာရဲ့ အပုံ တစ်ရာကို တစ်ပုံလောက် ဟန်နီ့ကို ကိုကို ချစ်ရယ်ဆိုရင် တောင် ဟန်နီ ကျေနပ်ပါတယ်၊ ကိုကိုထားတဲ့ ဘဝမှာ ဟန်နီ ငြိမ်ငြိမ်သက်သက်ကလေး နေမှာပါ၊ ဒါပေမဲ့ ကိုကိုက ဟန်နီ့ကို ရက်စက်တယ်"

"မဟုတ်သေးဘူးဟန်နီ၊ ကိုယ့်မိသားစု ကိုယ့်ကြောင့်နောက်ထပ် စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး၊ ကိုယ်တာဝန်ကျေတဲ့၊ သစ္စာရှိတဲ့ ခင်ပွန်းကောင်းတစ်ယောက်ပဲ ဖြစ်ချင်တယ်"

"ဘာထူးတော့မှာမို့လဲ ကိုကိုရယ် ... ခုရော မေသက်ပန်က ကိုကို့ကို ယုံကြည်လာနိုင်မှာမို့လား"

"သက်က သိပ်နားလည်မှုရှိတဲ့ ဇနီးမယားတစ်ယောက်ပါ ဟန်နီ"

သူမက သက်ပြင်း မျှဉ်းမျှဉ်းရှိုက်သည်။

"ဟန်နီ အဝတ်လဲဦးမယ် ကိုကို၊ လာ ..."

သူ့ကို သူမက အတင်းဆွဲခေါ်သည်။ အိပ်ခန်းဝမှာ သူမသုံးနေကျ ရှိုင်ရယ်ရို့စ် ရေမွှေးရနံ့ကို ဖျော့ဖျော့ရှူမိသည်။ မရိုးနိုင်သော၊ မဆန်းပြားသော မူးယစ်ရီဝေမှုများထဲ သူမက သူ့ကို ဖြားယောင်းခေါ်ငင်ဦးတော့မည်။

"ဟန်နီ အဝတ်အစား သုံးလေးစုံပဲ ယူခဲ့မယ်"

"မင်းကို ဘယ်သူက ခေါ်မယ်ပြောလို့လဲ"

"မေသက်ပန် မသိအောင် ဟန်နီ လိုက်မှာပါ ကိုကိုရဲ့"

"မလိုချင်ဘူး၊ မင်းက ရောက်လေရာမှာ ငါ့ကိုသိက္ခာချအရှက်ခွဲဦးမလို့လား"

"အဲလို မဟုတ်ဘူး ... အဲလို မဟုတ်ဘူး ကိုကိုရယ်"

"နင့်ကို အသေသတ်ပစ်လိုက်ချင်တာ၊ နင်သေမှ အေးမှာ"



သူမက ကျားနာတစ်ကောင်၏ မီးဝင်းတောက်သော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်သည်။

"သတ်ရဲရင် သတ်လေ၊ ကိုကိုသတ်ရင် ဟန်နီ သေရဲတယ်"

"ဩော်"

နဂိုက မီးပွားတွေ တမြည့်မြည့် လောင်မြိုက်နေသော ဒေါသတရားက မီးတောက်ကြီးတစ်ခုလို ဟုန်းခနဲ ထတောက်သည်။ သူမပါးစပ်ကို လက်ဖဝါးဖြင့် အုပ်ဖိပြီး ခုတင်ပေါ် တွန်းလှဲပစ်လိုက်၏။ သူမက မအော်ပါ၊ သူ့ကို ငေးကြောင်ကြောင် မျက်ဝန်းများဖြင့် ကြည့်နေသည်။ လက်ဖဝါးကို ဖယ်ပစ်လိုက်တော့ ဆိုးဆေးရောင်တောက်တောက် နှုတ်ခမ်းများဖြင့် သူမက မွှဲရှာဖွယ် ပြုံးလေသည်။ ခုချိန်ထိ သူ့ကို ညှို့ငင်နိုင်လိမ့်မည်ဟု သူမက ထင်နေဆဲပါလား။

သူ အေးစက်စက် ပြုံးလိုက်ပြီး ကိုယ်လုံးဖြင့် သူမကို ဖိထားလိုက်သည်။ ပြီးတော့မှ ခေါင်းအုံးကို မ,ယူပြီး သူမမျက်နှာပေါ် အုပ်ချလျက် အားကုန်ဖိထားလိုက်၏။ အော်ဖို့ကြိုးစားသော်လည်း သူမ အသံမထွက်နိုင်တော့ပါ။ လွတ်နေသောလက်နှစ်ဖက်ဖြင့် လက်လှမ်းမီရာကို ကုတ်ခြစ် ရုန်းကန်သော်လည်း သူ့ကိုယ်အလေးချိန်နှင့် အားကုန်ဖိထားသည့်အတွက် သူမ ရုန်းကန်ခြင်းက အရာမထင်ပါ။ သူမ၏ လက်သည်းရှည် ဒဏ်ရာဒဏ်ချက်တွေကိုတော့ သူက တြိတ်မှိတ် သည်းခံနေလိုက်သည်။ မိနစ်ပိုင်းမျှမှာပင် သူမ သေဆုံးသွားသည်။ သူမ၏ သွေးခုန်နှုန်း

ကို စမ်းသပ်ပြီး သေချာတော့မှ အသင့်ပါလာသော ရာဘာလက်အိတ်ကိုစွပ်ပြီး သူမကို ခုတင်ပေါ်မှ ညှော်ခန်းထဲသို့ ပွေ့ယူလာသည်။ ဆက်တီအောက်မှာ တစောင်းချထားပြီး ဟီးရိုးအင်းကို ဆေးထိုးပြွန်ဖြင့် သွေးကြောထဲ ထိုးထည့်ပေးသည်။ အိပ်ရာကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်သည်။ လက်စလက်နမကျန်အောင် သေချာစစ်ဆေးသည်။

နောက်ဆုံး အခန်းထဲက မထွက်ခင် သူမပါးကို ခပ်ပြင်းပြင်း ရိုက်ပစ်ခဲ့၏။ တကယ်တော့ သူမကို အသက်ရှင်နေတုန်းမှာ နာကျင်စေချင်တာ။

သူမအပေါ် ဘယ်လောက် မုန်းတီးစက်ဆုပ်သည်ဆိုတာကို သိစေချင်တာ။

သွားပြီ ...။

ထင်လင်းနှင့် မေသက်ပန် အကြားမှာ သူမ နောက်ထပ် မနှောင့်ယှက်နိုင်တော့။ လေချွန်ပြီး သူ အုတ်လှေကားမှ စိတ်အေးလက်အေး ဆင်းလာခဲ့သည်။ အခန်းတွေအားလုံး တံခါးပိတ်ထားပြီး လှေကားမှာလည်း မီးလုံးမရှိပါ။

သော့ခတ်ထားသော ကားတံခါးကိုဖွင့်ပြီး မိတ်ဆွေများနှင့် ချိန်းထားသော အိပ်မက်ရက်စ်တောရင့်ဆီသို့ ကားကို ဦးတည်လိုက်သည်။

နက်ဖြန် သည်အချိန်ဆို မန္တလေးမှာ သူ အေးအေးဆေးဆေး အိပ်ပျော်နေလိမ့်မည်။

သန်ဘက်ခါ သည်အချိန်မှာ မူဆယ် ရောက်နေပြီ။



သူ့မိသားစုကို တစ်ပတ်အတွင်း ပြန်ခေါ်ပြီး ငြိမ်းချမ်းသော၊ ပျော်ရွှင်ဖွယ်သော၊ ကြည်နူးဖွယ်သော မိသားစုဘဝလေးကို အစက ပြန်စမည်။

သူ့စိတ်ကူးတွေက ငြိမ်းချမ်းနေခဲ့သား။

♥ ✻ ♥

## အခန်း(၃)

"မောင် ... သက်တို့မိသားစု ဘယ်လိုကျန်ခဲ့ရမှာလဲ မောင်ရယ်၊ မောင့်ကို ကယ်ကြပါဦး၊ မောင့်ကို ကယ်ကြပါ၊ သူဇာ ... မောင့်ကို ..."

"မေသက် ... မေသက်"

မသူဇာက မေသက်ပန်ကို အတင်းပွေ့ထားပြီး တတွတ်တွတ် ဖျောင်းဖျနေသည်။ ဒေါက်တာထင်လင်းက ဧနီးသည်ကို မျက်ရည်များကြားမှ ကြည့်ရင်း ...

"သက်နဲ့ ကလေးတွေကို စောင့်ရှောက်ပါ သူဇာ"

ဟု တိုးတိုးနှင့် ညင်ညင်သာသာ ပြော၏။

"နင် ဘာမှအားမငယ်နဲ့ ထင်လင်း၊ ငါ နင့်ကို အသက်သာဆုံး၊ အကောင်းဆုံးဖြစ်အောင် ကူညီပါ့မယ်ဟယ်"

"ငါလုပ်ခဲ့တာ ငါခံရပါတယ် သူဇာ၊ ဒါပေမဲ့ သက်ကို ငါ စိတ်မချဘူး"

"မောင် ... သက် ဘယ်လိုနေရမှာလဲ မောင်ရယ်"

"သက်"



မြင်ကွင်းဆီမှ အကြည့်လွှဲလိုက်သည်။ စကားသံတွေကိုတော့ ကြားနေရဆဲပင်။ ဘသော်ကတော့ သက်ပြင်းရှိုက်ရင်း ကျောခိုင်းထွက်သွားတော့သည်။

"မောင့်ကို ချစ်တယ်ဆို"

"မောင်"

"မောင့်ကိုချစ်ရင် သားနဲ့သမီးကို မောင့်ကိုယ်စား ပိုပြီး စောင့်ရှောက်ပါ သက်ရယ်၊ ဘဝဆက်တိုင်း မောင်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းမှာ အနှောင့်အယှက်တွေကင်းအောင် ဆုတောင်းပါ၊ သက်ကို မောင် သိပ်ချစ်တယ်၊ သက်ယုံတယ် မဟုတ်လား"

"မေသက် ... ဟဲ့ ... မေသက်"

"သက်"

ဆို့နင့်ကြေကွဲစွာ အော်လိုက်သံ ကြားသည်။ ပြီးတော့ လဲပြိုကျသံ၊ စိုးရိမ်တကြီး ခေါ်သံတွေ ...

သူတို့ ဘာများတတ်နိုင်ပါဦးမလဲ ...။

ကာယကံရှင်တွေ ကိုယ်တိုင် ဖန်တီးစီရင်ခဲ့သော အဆုံးသတ်အတွက် သူတို့ ဘာများတတ်နိုင်ပါဦးမလဲ၊ ကိုယ်ချင်းစာ ကြေကွဲနေရုံပါပဲလေ။

♥ ❋ ♥

"ကာလအဆက်ဆက် ချမှတ်ထားခဲ့တဲ့ ဥပဒေဆိုတာ လောကကြီးရဲ့ လူမှုရေးဥပဒေလို ကိုယ်ချင်းစာတရားနဲ့ ကူညီခံစားပြီး လျှော့ပေါ့ပစ်လို့ ရတာမျိုးမှ မဟုတ်ဘဲ ရန်မိုး၊ သူ ဖန်တီးခဲ့တဲ့ ပြစ်မှုနဲ့ညီမျှတဲ့ အစီအရင်ကို ခံရမှာပဲလေ"

"ဒါပေမဲ့ကွာ ... ကလေးတွေနဲ့ မေသက်ပန်ရဲ့ ဘဝကတော့ သနားစရာပေါ့"

"မင်းလည်း သင်ခန်းစာရဖို့ ကောင်းပြီ ရန်မိုး"

"အင်"

ရန်မိုးက ဘသော်ကို မျက်ကြောတွေရှုံ့ပြီး မျက်လုံးကျဉ်းကျဉ်းဖြင့် ကြည့်သည်။

"အခွင့်အရေးကို ရတိုင်းယူတတ်တာလေ"

ဘသော် စကားအဆုံးမှာ ရန်မိုးက ခေါင်းတဆတ်ဆတ် ညိတ်ပြီး ရယ်လေသည်။

"ဟုတ်ပါတယ်လေ၊ တကယ်တော့ အိမ်ထောင်တစ်ခုရယ်လို့ ဖြစ်လာပြီဆိုရင် တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုနဲ့ သစ္စာတရားဆိုတာ ငွေကြေးတွေ၊ ဥစ္စာပစ္စည်းတွေ ထက်ပိုပြီး အရေးကြီးပါတယ်"



"အေး ... ပြီးတော့ ယောကျ်ားတစ်ယောက်မှာ ယောကျ်ားပီသတဲ့၊ တည်ကြည်တဲ့၊ သစ္စာရှိတဲ့ ဉာဉ်ကလေးတွေ ရှိလာဖို့ မွေးယူသင့်တယ် ဆိုတာလည်း မင်း သဘောပေါက်ဦး"

"အေးပါကွာ၊ မင်းကလည်း ငါ့ကိုချည်းပဲ နှိပ်ကွပ်နေတော့တာပဲ၊ အခု ငါ ဆင်ခြင်နေပါတယ်ကွ၊ အရင်လို မရှုပ်တော့ပါဘူး"

"အချိန်မရလို့ မဟုတ်လား"

"မင်းကြီးတော်"

ရယ်သံတွေက ဆောင်းအောက်စ်မှ ထွက်လာသောသီချင်းတီးလုံးသံအောက်မှာ တိမ်မြုပ်ပျောက်ကွယ်သွား၏။ ညနေခင်းက ရီရီဝေဝေ။ သီချင်းစာသားတွေက နားစည်ထဲ ရိုက်ခတ်တိုးဝင်ပြီး နှလုံးသားဆီအထိ စိမ့်ဝင်စီးဆင်းသွားသည်။


ဩော် ...

သစ္စာတရားဖြင့် ချစ်ခြင်းတွေ အနှောင့်အယှက်ကင်းကြပါစေလေ ...။

အသွင်မတူတာတွေ ... ညှိကြရင်းနဲ့ ... အမြင်မကြည်တာ
ကို ... ဖြေရှင်းရင်းနဲ့ ... မှာနလေးများ လျှော့ချရင်းကွယ် ...
ကြည်ဖြူခဲ့တယ် ...
မဖြစ်နိုင်တာတွေ ... ခွင့်လွှတ်ခြင်းနဲ့ ... အဆင်မပြေတာ
ကို ... ဖြတ်သန်းရင်းနဲ့ ...
မလိုသူတွေကို မေ့လို့ထားတယ် ... ချစ်ခြင်းမှာ ...
ရစ်နှောင်တွယ် ...

အစဉ်နားလည်ရင်း ... ခံစားချက်ချင်း ...
ရင်မှာဝေညီနိုင်အောင် ... ထွန်းညှိတဲ့အလင်း ...
သံယောဇဉ်ချင်း ... ဖလှယ်ထပ်တူခင်း ...
မေရေ ...
အကြင်နာနှောင်ကြိုး ... တိုးဖွဲ့ချည်နှောင်ခြင်း ...။

♥ ❋ ♥



ရှား
မြို့လွင်ပြင်ကြောဆုံး
1st Febuary. 1994.
Tuesday
12:11 PM.